# ရွှေ့လျား နေသည့် နိုင်ငံ

## မြန်မာနိုင်ငံ၏ဒေသနှစ်ခုရှိ ပြည်တွင်းရွှေ့ပြောင်းမှု

၂၀၁၆

လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ
အကြောင်းအရာ
စောင့်ကြည့်လေ့လာမှု




WORLD BANK GROUP

Livelihoods and Food Security Trust Fund

မှပံ့ပိုးကူညီသည်

**အသိအမှတ်ပြုလွှာ**

ကျွန်ုပ်တို့အနေဖြင့် ဥရောပသမဂ္ဂနှင့် ဩစတေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇန်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ အစိုးရများအား မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေထိုင်သော ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းများနှင့် အစားအစာဖူလုံမှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာရန်အတွက် ၎င်းတို့၏ကရုဏာဖြင့် ထည့်ဝင်ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် Mitsubishi Corporation အား ၎င်းတို့၏ ကရုဏာဖြင့် ရန်ပုံငွေထဲသို့ ပါဝင်လှူဒါန်းခြင်း အတွက်လည်း ကျေးဇူးတင်လိုပါသည်။

**ရှင်းလင်းချက်**

ယခုအစီရင်ခံချက်သည် ကမ္ဘာ့ဘဏ်၏ တရားဝင်ထုတ်သည့် ထုတ်ဝေမှုများတွင် ပြုလုပ်လေ့ရှိသော ပြန်လည်ဆန်းစစ်ခြင်းမျိုး ဖြတ်သန်းသွားထားခြင်း မရှိပါ။ ဤတွင် ဖော်ပြထားသည့် တွေ့ရှိချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် သုံးသပ်ချက်များသည် စာရေးသူများ၏ ဖော်ထုတ်ချက်များသာဖြစ်ပြီး ကမ္ဘာ့ဘဏ်၊ ၎င်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာ့ဘဏ်၏ အလုပ်အမှုဆောင်ဒါရိုက်တာများ သို့မဟုတ် ၎င်းတို့ကိုယ်စားပြုသည့် အစိုးရများ၏ အမြင်များကို ထင်ဟပ်ခြင်း မရှိပါ။

ဤရေးသားပြုစုမှုတွင်ပါဝင်သည့် အချက်အလက်များ၏ တိကျမှန်ကန်မှုကို ကမ္ဘာ့ဘဏ်မှ အာမမခံပါ။ ဤရေးသားပြုစုမှုတွင်ပါဝင်သည့် မည်သည့်မြေပုံပေါ်တွင်မဆို ဖော်ပြထားသော နယ်နိမိတ်သတ်မှတ်မှုများ၊ အရောင်များ၊ အမျိုးအမည်သတ်မှတ်ခြင်းများနှင့် အခြားအချက်များနှင့် ပတ်သက်သည့် မည်သည့်နယ်မြေပိုင်နက်တစ်ခု၏ တရားဝင်အနေအထား (legal status) ကိုမှ ကမ္ဘာ့ဘဏ်က ဆုံးဖြတ်၊ သတ်မှတ်ခြင်းသဘော မရှိသည့်အပြင် ထိုနယ်နိမိတ်သတ်မှတ်သည့် မျဉ်းများကိုလည်း ထောက်ခံချက်ပေးခြင်း သို့မဟုတ် လက်ခံခြင်းသဘော မသက်ရောက်ပါ။

ဤရေးသားပြုစုမှုသည် ဩစတေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇန်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နိုင်ငံ နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများနှင့် Mitsubishi Corporation တို့မှ ငွေကြေးထောက်ပံ့မှုများအား ရရှိပါသည်။ ဤရေးသားပြုစုမှုတွင် ဖော်ပြထားသည့် အမြင်များသည် မည်သည့် LIFT အလှူရှင်များ၏ တရားဝင်အမြင်ကိုမှ ထင်ဟပ်ခြင်း မရှိပါ။

ဒီဇိုင်း - BRIDGE
ပုံနှိပ်သူ - Grace Media
ပုံနှိပ်သည့်နေ့စွဲ - January 2016

# မာတိကာ


မာတိကာ **အကျဉ်းချုပ်** ၈

**နိဒါန်း** ၁၉
သုတေသနမေးခွန်းများ ၂၂
နည်းစနစ် ၂၃
အကန့်အသတ်များ ၂၆
ဝေါဟာရ ၂၇

**မကွေးနှင့်ရောဝတီအတွင်း ရွှေ့ပြောင်းမှုများ၏လျှပ်တပြက်ပုံရိပ်** ၂၈
ဘယ်သူတွေက ရွှေ့ပြောင်းနေသလဲ - အသက်၊ ပညာအရည်အချင်း၊ လိင် ၃၀
၎င်းတို့က ဘယ်ကိုရွှေ့ပြောင်းသလဲနှင့် ဘာတွေလုပ်ကြသလဲ။ ၃၇

**ရွှေ့ပြောင်းပုံအမျိုးအစားများ** ၄၁
အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း ၄၄
တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း ၄၈
တုန်လှုပ်ဖွယ်အခြေအနေတစ်ခုအား တုံ့ပြန်ခြင်း ၅၂

**လူများသည် အဘယ်ကြောင့်ရွှေ့ပြောင်းကြသနည်း** ၅၇
ရွှေ့ပြောင်းမှုဖြစ်စေသည့် တွန်းအားပေးမှုများ ၅၉
ဝင်ငွေကွာဟမှုများ ၆၀
ပို့လွှတ်သည့်နေရာများရှိ အလုပ်အကိုင်အခွင့်အလမ်းများ ၆၀
အလုပ်အကိုင်အခြေအနေများနှင့် လူနေမှုဘဝများအကြား ကွာဟမှုများ ၆၂
ရွှေ့ပြောင်းခြင်းအတွက် အဟန့်အတားများ ၆၄
ဘဏ္ဍာရေးဆိုင်ရာကုန်ကျစရိတ် ၆၄
ဘေးကင်းမှု ၆၆
လူမှုရေးဆိုင်ရာဆုံးရှုံးမှုများ ၇၀
အထောက်အကူပြု အချက်အလက်များ ၇၀
လူမှုကွန်ရက်များ ၇၁
သယ်ယူပို့ဆောင်ရေး ၇၈
ဆက်သွယ်ရေးနည်းပညာ ၇၈

**ရွှေ့ပြောင်းခြင်းဆုံးဖြတ်မှုပုံစံ နမူနာဖော်ခြင်း** ၈၀
မကွေးနှင့်ရောဝတီတွင် ရွှေ့ပြောင်းမှုအား ဖြစ်ပေါ်စေသည့် သိသာထင်ရှားသော အကြောင်းရင်းများ ၈၀

အသက်မွေးဝမ်းကျောင်းအုပ်စုများအတွက် ရွှေ့ပြောင်းခြင်းဆုံးဖြတ်မှုအား
အကဲဖြတ်လေ့လာခြင်း ၈၂
အသက်မွေးဝမ်းကျောင်းအုပ်စုများအသီးသီး၌ ရွှေ့ပြောင်းမှုအားဖြစ်ပေါ်စေသည့်
သိသာထင်ရှားသောအကြောင်းရင်းများ ၈၄

**အကျဉ်းချုပ် - လူတွေ အဘယ်ကြောင့်ရွှေ့ပြောင်းကြသနည်း။** ၈၇
ပို့လွှတ်သောကျေးရွာများရှိ မိသားစုများနှင့်ရပ်ရွာလူထုများ၏အတွေ့အကြုံ ၉၁
ကျန်ရစ်ခဲ့သောအိမ်ထောင်စုများအပေါ် စီးပွားရေးဆိုင်ရာသက်ရောက်မှု ၉၂
ကျန်ရစ်ခဲ့သောအိမ်ထောင်စုများအပေါ် လူမှုရေးဆိုင်ရာသက်ရောက်မှု ၉၅
ပို့လွှတ်သောရပ်ရွာလူထုများအပေါ် စီးပွားရေးဆိုင်ရာသက်ရောက်မှု ၉၉
ပို့လွှတ်သောရပ်ရွာလူထုများအပေါ် လူမှုရေးဆိုင်ရာသက်ရောက်မှု ၁၀၃

**တွေ့ရှိချက်များနှင့်အကြံပြုချက်များ** **၁၀၆**
တွေ့ရှိချက်များ ၁၀၇
အကြံပြုချက်များ ၁၁၂

ကိုးကားချက်များ ၁၂၄

နောက်ဆက်တွဲများ ၁၂၇

ပုံများနှင့်ဇယားများ

(ပုံ ၁) - ဒေသအလိုက် လက်ရှိတွင် အိမ်၏အဝေးတွင်နေထိုင်နေသော
မိသားစုဝင်များရှိသည့် အိမ်ထောင်စုများ ၂၈

(ပုံ ၂) - ထွက်ခွာသွားသည့်နှစ် အလိုက် လက်ရှိရွှေ့ပြောင်းသူရှိသော သို့မဟုတ်
ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူရှိသော အိမ်ထောင်စုများ၏ရာခိုင်နှုန်း ၂၉

(ပုံ ၃) - ရွှေ့ပြောင်းရခြင်း၏အကြောင်းရင်းများ ၃၀

(ပုံ ၄) - အသက်နှင့်လိင်အလိုက် ရွှေ့ပြောင်းသူများတွင် ပါဝင်မှု ၃၁

(ပုံ ၅) - အသက်၊ လိင်နှင့် ပညာအရည်အချင်းအလိုက် ရွှေ့ပြောင်းသူနှင့်
မရွှေ့ပြောင်းသူ အုပ်စုများထဲတွင် ပါဝင်မှု ၃၂

(ပုံ ၆) - ရောဝတီနှင့်မကွေးအတွက် ဦးတည်သည့်နေရာများရှိ
ရေပန်းစားသည့် အလုပ်အကိုင်များ ၃၄

(ပုံ ၇) - မကွေးနှင့်ရောဝတီမှ ရွှေ့ပြောင်းသူများအတွက်
အဓိကဦးတည်သည့်နေရာများ ၃၅

ပုံ ၈ - ကဏ္ဍအမျိုးအစားနှင့်လိင်အမျိုးအစားအလိုက် ဦးတည်သည့်နေရာများရှိ အလုပ်အကိုင် ၃၆

ပုံ ၉ - ရွှေ့ပြောင်းပုံအမျိုးအစားများ ၄၄

ပုံ ၁၀ - ရွှေ့ပြောင်းရန်ဆုံးဖြတ်ခြင်းအတွက် အတွေးအခေါ်အယူအဆမူဘောင် ၅၈

ပုံ ၁၁ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုအရ ဒေသအလိုက် ရွှေ့ပြောင်းရန်ဆုံးဖြတ်ခြင်းအတွက် အကြောင်းရင်းများ ၅၉

ပုံ ၁၂ - ပို့လွှတ်သည့်နေရာမှ အိမ်ထောင်စုများ၏ ရွှေ့ပြောင်းခြင်းအတွက် အကြောင်းရင်းများအပေါ်အမြင်များ ၆၁

ပုံ ၁၃ - ပို့လွှတ်ခဲ့သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်းအတွက် အဓိကအဟန့်အတားများအပေါ်အမြင် ၆၆

ပုံ ၁၄ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်း၏ငွေကြေး ကုန်ကျမှု ၆၇

ပုံ ၁၅ - ပို့လွှတ်ခဲ့သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်းအတွက် ဘဏ္ဍာရေးရင်းမြစ်များ ၆၉

ပုံ ၁၆ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ အလုပ်အကိုင်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအတွက် အဓိကရင်းမြစ် ၇၁

ပုံ ၁၇ - မထွက်ခွာမီရရှိသည့် သတင်းအချက်အလက်အမျိုးအစားများ ၇၅

ပုံ ၁၈ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ လက်ရှိရွှေ့ပြောင်းသူများနှင့် အဓိကအဆက်အသွယ်ရပုံနည်းလမ်း ၇၉

ပုံ ၁၉ - အိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းအမျိုးအစားအလိုက် ခွဲဝေပုံ ၈၆

ပုံ ၂၀ - ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ငွေလွှဲပြောင်းပေးပို့ခြင်း နည်းလမ်း ၉၃

ပုံ ၂၁ - လွှဲပြောင်းပေးပို့သည့်ငွေများအား ပထမဦးစားပေး/ဒုတိယဦးစားပေး အသုံးပြုမှုများ ၉၆

ပုံ ၂၂ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ အိမ်ထောင်စုအတွင်း တာဝန်ဝတ္တရားများ ပြောင်းလဲသွားမှုအပေါ် အမြင်များ ၉၇

ပုံ ၂၃ - ရွှေ့ပြောင်းသူနှင့် ပို့လွှတ်သည့်အိမ်ထောင်စုအကြား
အဆက်အသွယ်ရရှိမှု ကြိမ်နှုန်း ၉၈

ပုံ ၂၄ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ အစီရင်ခံမှုများအရ ဝင်ငွေဖော်ထုတ်ရန်
အတွက် တာဝန်ဝတ္တရားများ ပြောင်းလဲသွားမှုအပေါ် အမြင်များ ၉၉

ပုံ ၂၅ - ဦးတည်သည့်နေရာများတွင် ကျပန်းအလုပ်အကိုင်များ ရရှိနိုင်ခြင်း၏
ရွှေ့ပြောင်းမှုအပေါ် သက်ရောက်မှုရှိခြင်းနှင့် ပတ်သက်သည့်အမြင်များ ၁၀၀

ပုံ ၂၆ - ဦးတည်သည့်နေရာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှိနိုင်ခြင်း၏
ရွှေ့ပြောင်းမှုအပေါ် သက်ရောက်မှုရှိခြင်းနှင့်ပတ်သက်သည့်အမြင်များ ၁၀၁

ပုံ ၂၇ - ပို့လွှတ်သည့် အိမ်ထောင်စုများ၏ ကျေးရွာအတွင်းရှိလူပ်ရှားမှုများတွင်
ပါဝင်မှုအပေါ်အမြင်များ ၁၀၂

ဇယား ၁ - ရွှေ့ပြောင်းမှုရလဒ်များ ပိုမိုကောင်းမွန်လာရန်အတွက်
ကြားဝင်ဆောင်ရွက်မှုများအား ခွဲခြားဖော်ပြခြင်း ၁၁၅

# အကျဉ်းချုပ်

အကျဉ်းချုပ်

လွန်ခဲ့သောလေးနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆီသို့ အနည်းငယ်ရွှေပြောင်းသွားသည်ကို တွေ့ရှိရသည်။ ၎င်းသည် ကျေးလက်စိုက်ပျိုးရေး အခြေပြုသည့် စီးပွားရေးမှ ပိုမိုမြို့ပြဆန်သည့် စက်မှုနှင့် ဝန်ဆောင်မှုအခြေပြုသည့် စီးပွားရေးဆီသို့ အခြေခံအဆောက်အအုံဆိုင်ရာ ပြောင်းလဲခြင်း၏ အစဟု မှတ်သားနိုင်သည်။ မြို့ပြအသွင်သို့ ကူးပြောင်းခြင်းနှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်းတို့သည် အလုပ်သမားအင်အားနှင့် ရွှေ့လျားနိုင်မှုပုံစံတို့တွင် သိသာထင်ရှားသည့် သက်ရောက်မှုရှိနိုင်ရန်အတွက် အလားအလာရှိပြီး၊ အထူးသဖြင့် ကျေးလက် စိုက်ပျိုးရေး လုပ်သားအင်အားစု၏ အများစုဖြစ်သည့် မြေယာမဲ့သူများနှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သူ အလုပ်သမားများအတွက်ဖြစ်သည်။

ပြည်တွင်းရွှေ့ပြောင်းမှုသည် တောင်ကိုရီးယား၊ တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ဒေသအတွင်းရှိ အခြားနိုင်ငံအများအပြားအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခု ဖြစ်နေခဲ့ပြီး ၎င်းသည် ဆင်းရဲနွမ်းပါးမှုအား လျော့ကျစေခဲ့သည့်အပြင် ခံနိုင်ရည်ရှိသည့် အသက်မွေးဝမ်းကျောင်းများအားလည်း ပံ့ပိုးပေးနိုင်ခဲ့သည်။ သို့သော် ထိုအခွင့်အလမ်းများ နောက်ဆီသို့ လိုက်ခြင်းသည် ရွှေ့ပြောင်းရန်ကြိုးပမ်းခြင်း မအောင်မြင်မှုမှ ဖြစ်ပေါ်လာသော တုန်လှုပ်ဖွယ်အခြေအနေများအား အများအားဖြင့် ဒဏ်ခံနိုင်စွမ်းမရှိသော ဆင်းရဲသည့် ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် သိသာထင်ရှားသည့်အန္တရာယ်များ ကျရောက်စေနိုင်သည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းများအား ပံ့ပိုးနိုင်ရန် အန္တရာယ်များအား ပိုမိုကောင်းမွန်စွာ ရင်ဆိုင်နိုင်စေပြီး ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သော အသိရှိရှိရွေးချယ်မှုများ ပြုလုပ်နိုင်ရန် အတွက် အသိပညာများအား လက်လှမ်းမီရယူနိုင်ရေး ဆောင်ရွက်ပေးခြင်းသည် အဓိကကျသည်။ ရွှေ့ပြောင်းခြင်းစီးဆင်းမှုများသည် ကျေးလက်ဒေသများတွင် ရေရှည် လူမှုရေးနှင့် စီးပွားရေးသက်ရောက်မှုများလည်း ဖြစ်ပေါ်နိုင်စေသည်။ အကြောင်းမှာ လုပ်သား အင်အားစုဝင်များ၊ အထူးသဖြင့် လူငယ်များသည် မြို့များထံသို့ ရွှေ့ပြောင်းသွားလေ့ရှိသည်။ ၎င်းတို့ထဲတွင် အဓိကကျသည့် ပြည်သူ့မူဝါဒရွေးချယ်မှုများပါဝင်ပြီး၊ ထိုအထဲတွင် နေရာဒေသဖွံ့ဖြိုးမှု၊ မြို့ပြအသွင်သို့ကူးပြောင်းခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းတို့ပါဝင်သည်။ အစိုးရအနေနှင့် မျှော်မှန်းထားသည့် ရွှေ့ပြောင်းခြင်း စီးဆင်းမှုများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိရန်လိုအပ်သည်။ ထိုမှသာလျှင် မှန်ကန်သည့် မူဝါဒရွေးချယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပြီး ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းသူများအတွက် ရွှေ့ပြောင်းသူများအတွက် အစီအစဉ်များရေးဆွဲနိုင်ကာ ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်သည်။

> မြို့ပြအသွင်သို့ ကူးပြောင်းခြင်း နှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်များဖန်တီးပေးခြင်းတို့သည် အလုပ်သမားအင်အားနှင့်ရွှေ့လျားနိုင်မှုပုံစံတို့တွင် သိသာထင်ရှားသည့်သက်ရောက်မှုရှိနိုင်ရန်အတွက် အလားအလာရှိပြီး၊ အထူးသဖြင့် ကျေးလက်စိုက်ပျိုးရေးလုပ်သားအင်အားစု၏ အများစုဖြစ်သည့် မြေယာမဲ့သူများနှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သူအလုပ်သမားများအတွက်ဖြစ်သည်။

ယခုပြောင်းလဲနေသည့် အနေအထားအောက်တွင် လုံခြုံစိတ်ချရပြီး အသိရှိရှိ နေရာရွှေ့ပြောင်းခြင်းများမှတစ်ဆင့် ဟန်ချက်ညီပြီး အားလုံးပါဝင်သည် ဖွံ့ဖြိုးမှု မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခြင်းကို ပံ့ပိုးရန်အတွက် လက်ရှိတည်ရှိနေသော ရွှေ့ပြောင်းခြင်းအလေ့အထများ၏ လှုံ့ဆော်ချက်များ၊ ပုံပန်းသဏ္ဌာန်များနှင့် ရွှေ့လျားပုံများအား နားလည်ရန် အလွန်အရေးကြီးသည်။ ဤလေ့လာမှု၏ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ အချို့သောဒေသများအတွင်းတွင် ဖြစ်ပေါ်နေသောနှင့် ထိုဒေသများမှထွက်ပေါ်လာသော ရွှေ့ပြောင်းခြင်းများသည် ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းများနှင့် ကျေးရွာများ၏ လူမှုရေးနှင့်စီးပွားရေးအခင်းအကျင်းတို့အပေါ် မည်ကဲ့သို့နှင့် မည်သည့်အတိုင်းအတာဖြင့် ထိရောက်မှုရှိသည်နှင့်ပတ်သက်ပြီး အသေးစိတ် သက်သေအထောက်အထားများ ရယူရန်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်မှုပြုလုပ်ရန်မှာ ဤလေ့လာမှု၏ အဓိကဦးတည်ချက်ဖြစ်သည်။ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်များ မည်ကဲ့သို့ချမှတ်သည်၊ ရွှေ့ပြောင်းသူများ ရင်ဆိုင်ရသည့် အဓိက အဟန့်အတားများ၊ အန္တရာယ်များနှင့် ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန် ပေါ်ထွက်လာသည့် တစ်ဦးချင်းနှင့် အိမ်ထောင်စုအလိုက် မဟာဗျူဟာများကို နားလည်ရန် ကြိုးစားထားသည်။ ထို့အပြင်ရပ်ရွာလူထုများ ရွှေ့ပြောင်းခြင်းကြောင့် အချိန်ကာလနှင့်အညီ ပိုမိုကျယ်ပြန့်သည့် ပြောင်းလဲမှုများဖြစ်လာပုံနှင့် ရွှေ့ပြောင်းသူများ ထွက်ခွာခြင်းနှင့် ပြန်လည်ဝင်ရောက်လာခြင်းတို့ကြောင့် ၎င်းတို့၏မိသားစုအတွင်းနှင့် ရပ်ရွာအတွင်းတို့အပေါ် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအားလည်း နားလည်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ပိုင်းခြားစိတ်ဖြာသည့် မူဘောင်အား အဓိကမေးခွန်း ၄ ခုအပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်သည် - ရွှေ့ပြောင်းသူတွေက ဘယ်သူတွေလဲ၊ ထိုသူတွေက ဘာဖြစ်လို့ရွှေ့ပြောင်းဖို့ ရွေးချယ်သလဲ၊ ရွှေ့ပြောင်းခြင်း မဟာဗျူဟာတွေက ဘာတွေလဲနှင့် ရွှေ့ပြောင်းခြင်းက ကျန်ခဲ့တဲ့မိသားစုတွေနဲ့ ရပ်ရွာလူထုတွေအပေါ် မည်သည့်သက်ရောက်မှုများ ရှိသလဲတို့ဖြစ်သည်။

ဤလေ့လာမှုသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများဖြစ်သော ရောဝတီနှင့် မကွေးတို့ကို အာရုံစိုက် ပြုလုပ်ထားပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ၏များစွာသော ကျေးလက်ဆင်းရဲနွမ်းပါးသူများ နေထိုင်သည့်နေရာများ ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ထုတ်မှုတို့၏ အဓိကဗဟိုအချက်အချာများဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့ကြီးများနှင့် အသီးသီးနီးစပ်သောကြောင့်ဖြစ်သည်။ ထိုဒေသများတွင် လေ့လာမှုသည် နည်းလမ်းများရောနှောပြီး အသုံးပြုသည့်ချဉ်းကပ်ပုံဖြင့် အထက်တွင်ဖော်ပြထားသော အဓိကမေးခွန်း ၄ ခုအား ချဉ်းကပ်သည်။ ရွှေ့ပြောင်းသူများနှင့် ရွှေ့ပြောင်းမှုတို့၏ ပုံရိပ်နှင့် ပုံပန်းသဏ္ဌာန်တို့အား ဖော်ထုတ်ရာတွင် အဓိကအားဖြင့် အရေအတွက် ပမာဏထားသည့် သုတေသနအား အဓိကအသုံးပြုသည်။ အရည်အသွေးပမာဏထားသည့် သုတေသနဖြင့် ပိုမိုနက်ရှိုင်းစွာနားလည်ရန် အာရုံစိုက်သည့်အရာများမှာ - (၁) ရွှေ့ပြောင်းခြင်းမဟာဗျူဟာများ၊ (၂) လူမှုကွန်ရက်များ၏ အခန်းကဏ္ဍ၊ (၃) ပို့လွှတ်သောဒေသများအပေါ် ရွှေ့ပြောင်းခြင်း၏ လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် (၄) အိမ်ထောင်စုအဆင့်တွင် ကျန်ရစ်ခဲ့သူများအပေါ် ရွှေ့ပြောင်းခြင်း၏သက်ရောက်မှုများဖြစ်သည်။ အရေအတွက်ပမာဏထားသည့် လေ့လာမှုသည် **Living Standards Measurement Survey (LSMS)** အိမ်ထောင်စုမေးခွန်းလွှာအပေါ် အခြေပြုထားပြီး၊ ထိုအထဲတွင် ဤလေ့လာမှုကလွှမ်းခြုံသည့် မကွေးနှင့်ရောဝတီရှိ အလုံးစုံရွှေ့ပြောင်းခြင်းပုံစံများကို ကိုယ်စားပြုသည့် ပုံရိပ်တစ်ခု ဖော်ထုတ်နိုင်မည့် ကျယ်ပြန့်သည့် ရွှေ့ပြောင်းခြင်းဆိုင်ရာ လေ့လာမှုအစိတ်အပိုင်းတစ်ခုလည်း ပါဝင်သည်။ ဒေသနှစ်ခုစလုံးရှိ သက်ရောက်သည့် ညွှန်းကိန်းများအတွက် ကိုယ်စားပြုခန့်မှန်းချက်များ မှန်ကန်စေရန် နမူနာအနေဖြင့် ဒေသတစ်ခုတွင် အိမ်ထောင်စု ၈၀၀ စီ သတ်မှတ်ကာ အိမ်ထောင်စု

စုစုပေါင်း ၁၆၀၀ အား နမူနာယူသည်။ ရောဝတီနှင့် မကွေးတိုင်း ဒေသကြီးများရှိ ရွှေ့ပြောင်းခြင်း၏ ယေဘုယျပုံသဏ္ဍာန်အား ဖော်ပြသည့် လေ့လာမှုရလဒ်များမှ ရရှိသည့် သရုပ်ဖော် စာရင်းအင်းများအပြင် နောက်ကြောင်းပြန် စိတ်ဖြာလေ့လာမှု **(regression analysis)** မှ ရရှိသည့် ရလဒ်များသည်လည်း ဤလေ့လာမှုတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်စရာလမ်းများအနေနှင့် ဖော်ပြထားသည့် ဦးတည်သည့်နေရာများ၏ လူဦးရေအမျိုးအစား မျိုးစုံတို့အတွက် ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ချခြင်းများနှင့် ပတ်သက်သည့် အဓိကအကြောင်းအရာများအား သိရှိနားလည်မှုအချို့ကိုလည်း ရရှိစေသည်။

ယခုနှစ်များတွင် ရွှေ့ပြောင်းမှုသည် သိသိသာသာတိုးပွားလာပြီး၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းချိန်မှစ၍ ဖြစ်သည်။

အရည်အသွေး ပဓာနထားသည့် သုတေသနအား ပို့ဆောင်သည့် ကျေးရွာ ၈ ခု နှင့် လက်ခံခဲ့သည့် မြို့ပြ ၅ နေရာတို့တွင် ပြုလုပ်ခဲ့သည်။ ကျေးရွာတစ်ခုစီတွင် အုပ်စုလိုက် ဆွေးနွေးပွဲများအား ကျေးရွာအာဏာပိုင်များ၊ လူမှုစီးပွားရေးအုပ်စု အမျိုးမျိုးမှ အိမ်ထောင်စုများနှင့် ရွှေ့ပြောင်းသူများ၏ ပုံပန်းသဏ္ဍာန်နှင့် ကိုက်ညီသော်လည်း ရွှေ့ပြောင်းခြင်း မပြုလုပ်သေးသည့် အမျိုးသားများနှင့် အမျိုးသမီးများဖြင့် ပြုလုပ်ခဲ့သည်။ သုတေသနပြုလုပ်ချိန်တွင် ရွှေ့ပြောင်းသူ အိမ်ထောင်စုဝင်တစ်ဦးရှိသူများ၊ ပြန်ရောက်လာသော ရွှေ့ပြောင်းသူ အိမ်ထောင်စုဝင်ရှိသူများနှင့် ရွှေ့ပြောင်းမှုရှိနိုင်ခြေရှိသော အိမ်ထောင်စုဝင်များနှင့်လည်း အဓိကအချက်အလက်ပေးသူနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများ ပြုလုပ်ခဲ့သည်။

၂၀၁၄-၂၀၁၅ တွင် ပြုလုပ်ခဲ့သော သုတေသန၏ တွေ့ရှိချက်များအရ ရွှေ့ပြောင်းမှုများစွာ ရှိခဲ့ကြောင်းကို ပြသပြီး ရောဝတီတွင် အိမ်ထောင်စု ၄ ခုတွင် တစ်ခု၌ ရွှေ့ပြောင်းမှုရှိပြီး၊ မကွေးတွင် အိမ်ထောင်စု ၅ ခုတွင် တစ်ခု၌ ရွှေ့ပြောင်းမှုရှိသည်။ ယခုနှစ်များတွင် ရွှေ့ပြောင်းမှုသည် သိသိသာသာတိုးပွားလာပြီး၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး အသွင်ကူးပြောင်းသည့် ၂၀၁၁ မှစ၍ ဖြစ်သည်။ ရွှေ့ပြောင်းသူများမှာ အများအားဖြင့် ငယ်ရွယ်ပြီး၊ အများစုမှာ အမျိုးသားများဖြစ်ကာ ရွှေ့ပြောင်းခြင်းမပြုလုပ်သည့် သက်တူ ရွယ်တူများထက် ပို၍ ပညာတတ်လေ့ရှိသည်။ ၎င်းတို့သည် များသောအားဖြင့် အလုပ်အကိုင်များ ရရှိရန်အတွက် မြို့ပြများထံသို့ သွားရောက်ခြင်းဖြစ်ပြီး၊ အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့သွားကာ ဆောက်လုပ်ရေး၊ စားသောက်ဆိုင်များနှင့် လက်ဘက်ရည်ဆိုင်များကဲ့သို့သော ကျပန်းလုပ်သား ဈေးကွက်တွင် အလုပ်အကိုင်များ ရှာဖွေကြသည်။ လူနည်းစုသည် ပို၍တရားဝင်ကျသော အထည်အလိပ်စက်ရုံများတွင် အလုပ်အကိုင်များရရှိကြသည်။ ရွှေ့ပြောင်းသူများသည် ထိုအလုပ်အကိုင်များအား ပိုက်ဆံပေးရသည့် ပွဲစားများမှ တစ်ဆင့်ထက် အဓိကအားဖြင့် ၎င်းတို့၏ ကျေးရွာများအတွင်းရှိ လူမှုကွန်ရက်များမှတစ်ဆင့် အဆက်အသွယ်ရရှိခြင်းဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုအကြား ရွှေ့ပြောင်းခြင်းပုံသဏ္ဍာန်များတွင် အရေးကြီးသည့်တူညီမှုများ ရှိသည်။ ဒေသနှစ်ခုစလုံးတွင် မြေယာမဲ့သူ အိမ်ထောင်စုများအနေနှင့် ကျန်လူဦးရေထက် စာလျှင် ရွှေ့ပြောင်းသည့် မိသားစုဝင်များ ရှိနိုင်ခြေပို၍များပြားသည်။ ၎င်းသည်

ထိုအိမ်ထောင်စုဝင်များအတွက် ဒေသအတွင်းတွင် တစ်နှစ်ပတ်လုံးရရှိနိုင်သည့်ဝင်ငွေ မရှိကြခြင်းကို ဖော်ပြသည်။ ထို့အပြင် ၎င်းကပြသသည်မှာ အသေးစားနှင့် အလတ်စား ပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုများအနေနှင့် မိသားစုဝင်များ၏ လုပ်အားပံ့ပိုးမှုအပေါ် မှီခိုခြင်းဖြစ်သည်။ ဒေသနှစ်ခုစလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် သိသိသာသာ ပို၍ရွှေ့ပြောင်းနိုင်ဖွယ်ရှိပြီး၊ မကွေးတွင်အမျိုးသားများသည် အမျိုးသမီးများထက် နှစ်ဆ ပို၍ရွှေ့ပြောင်းကာ ဧရာဝတီတွင် ရွှေ့ပြောင်းသူ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်သည်။ ဒေသနှစ်ခုစလုံး၏ ရွှေ့ပြောင်းသူများထဲတွင် အနည်းဆုံး သုံးပုံတစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။

ဒေသနှစ်ခုစလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် သိသိသာသာ ပို၍ ရွှေ့ပြောင်းနိုင်ဖွယ်ရှိပြီး၊ မကွေးတွင် အမျိုးသားများသည် အမျိုးသမီးများထက် နှစ်ဆပို၍ ရွှေ့ပြောင်းကာ ဧရာဝတီတွင် ရွှေ့ပြောင်းသူ ၆၀ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုအကြား သိသာထင်ရှားသည့် ကွာဟမှုများလည်းရှိသည်။ ဧရာဝတီတွင် ရွှေ့ပြောင်းမှုသည် တူညီသည့် ပထဝီအနေအထားပုံစံအတိုင်း ပို၍သွားပြီး၊ ရွှေ့ပြောင်းသူတို့၏ ၅၈ ရာခိုင်နှုန်းသည် ရန်ကုန်သို့သွားကာ ၎င်းသည် ထိုဒေသမှ ရွှေ့ပြောင်းသူများ၏ အဓိကရွေးချယ်စရာ ဦးတည်ချက်ဖြစ်သည်။ ဧရာဝတီမှ ရွှေ့ပြောင်းသူများသည်လည်း ယေဘုယျအားဖြင့် ၎င်းတို့၏ အိမ်ထောင်စုများထံမှ ထွက်ခွာချိန်တွင် လူငယ်များဖြစ်ကြပြီး မကွေးမှ ပြောင်းရွှေ့သူများနှင့် နှိုင်းယှဉ်လျှင် မူလတန်း သို့မဟုတ် အလယ်တန်းအဆင့် ပညာရေးသာ ရှိကြသည်။ ဆုံးဖြတ်ချက်မချမီ အလုပ်အကိုင်အတွက် ကြိုတင်အာမခံချက် အတည်ပြုနိုင်မှသာ လူများသည် ဧရာဝတီမှရွှေ့ပြောင်းနိုင်ခြေများသည်။ ထိုအာမခံချက် များသည် ပုံမှန်အားဖြင့် မြို့တွင် အလုပ်လုပ်ကိုင်နေသော မိသားစုဝင်တစ်ဦး သို့မဟုတ် ဆွေမျိုးတစ်ဦးထံမှ ရရှိခြင်းဖြစ်ပြီး၊ အကြောင်းမှာ ထိုကဲ့သို့သော ကွန်ရက်များအား ပိုမို စိတ်ချရသည့် အချက်အလက် ရင်းမြစ်များအနေနှင့် ရွှေ့ပြောင်းနိုင်သူများက မြင်ကြခြင်းကြောင့် ဖြစ်သည်။

ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးများမှ လူများအနေဖြင့် မည်သည့်နေရာသို့ ရွှေ့ပြောင်းသည် ဆိုသည့် ပုံစံများနှင့် ထိုရွှေ့ပြောင်းခြင်း ဦးတည်သည့်နေရာများတွင် မည်သည့် အလုပ်အကိုင်များ လုပ်ကိုင်ကြသည်တို့ကို ဖော်ထုတ်ပြီးသည့်အခါ၊ လေ့လာမှုသည် ထိုဒေသများရှိ လူများအနေဖြင့် မည်သည့်အကြောင်းကြောင့် ရွှေ့ပြောင်းရန်ရွေးချယ်သည် ဆိုသည်အချက်ကို စူးစမ်းခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ရန်အတွက် ရွှေ့ပြောင်းခြင်းကို တွန်းအားပေးသည့် အကြောင်းအရင်းမျိုးစုံတို့အား ဖော်ထုတ်ရန်လိုအပ်ပြီး၊ ၎င်းတို့မှာ - ဝင်ငွေ ကွာဟမှု၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် လုပ်ကိုင်ရသည့် အနေအထားများနှင့် လူနေမှုပုံစံများ ကွာခြားမှုတို့ ဖြစ်သည်။ ထို့အပြင် ဤလေ့လာမှုသည် အကန့်အသတ်ဖြစ်စေသည့် အကြောင်းအရာများဖြစ်သော လုံခြုံမှု၊ ငွေရေးကြေးရေးနှင့် လူမှုရေးဆိုင်ရာဆုံးရှုံးမှုတို့ကိုပါ ဖော်ထုတ်သည်။ အလားအလာရှိသည့် ရွှေ့ပြောင်းသူတစ်ဦးချင်း၏ ဆုံးဖြတ်ချက်များကို အားပေးပြီး အကန့်အသတ်များကိုကျော်လွှားစေကာ ရွှေ့ပြောင်းခြင်းကို ဦးတည်စေသည့် အကြောင်းအရာများထဲတွင် မြို့ပြအလုပ်အကိုင်များထံသို့ ပို့ဆောင်ရေးရရှိနိုင်ခြင်း၊

ဆက်သွယ်ရေးဆိုင်ရာ နည်းပညာနှင့် အရေးကြီးဆုံးဖြစ်သည့် လူမှုကွန်ရက်များပါဝင်သည်။ လူမှုကွန်ရက်များသည် လိုအပ်ချက်များစွာတို့အား ဖြည့်ဆည်းပေးနိုင်ပြီး၊ ထိုအထဲတွင် မူလကျေးရွာတွင် ရှိနေစဉ် အလုပ်အကိုင်အခွင့်အလမ်းများအား ဖော်ထုတ်ပေးခြင်း၊ သွားရောက်မည့် နေရာများတွင် နေထိုင်စရာစီစဉ်ပေးခြင်းနှင့် အသစ်ဖြစ်ပြီး စိမ်းနေသေးသည့် ပတ်ဝန်းကျင်တစ်ခုထံသို့ ရွှေ့ပြောင်းခြင်း၏ စိတ်ဖိစီးမှုတို့အား လျော့ကျစေခြင်းတို့ ပါဝင်သည်။ ထိုအကြောင်းအရာများအတွက် လူမှုကွန်ရက်များ အသုံးပြုခြင်းသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များကြားမှ မိသားစုစီးပွားရေးအတွက် လုံးပမ်းနေသည့် အိမ်ထောင်စုများစွာရှိသော မြန်မာနိုင်ငံ၏ ကျေးလက်အနေအထားအတွက် အထူးအရေးကြီးသည်။

လူများ အဘယ်ကြောင့်ရွှေ့ပြောင်းခြင်းကို ရွေးချယ်ကြသနည်းဆိုသော မေးခွန်းအား ကိုင်တွယ်သည့်အခါတွင် မှုကွဲမျိုးစုံရှိသည့် နောက်ကြောင်းပြန် စိတ်ဖြာလေ့လာမှု **(regression analysis)** နှင့် ရရှိနိုင်သည့်ပိုင်ဆိုင်မှုများ (မြေ၊ လုပ်အား၊ ပညာရေးနှင့် အရင်းအနှီး) အား ရောင်ပြန်ဟပ်သည့် ထိန်းချုပ်မှု နည်းလမ်းမျိုးစုံတို့မှတစ်ဆင့် အိမ်ထောင်စုများတွင် ရွှေ့ပြောင်းသူတစ်ဦး ရှိနိုင်ခြေကို သိရှိရန်အတွက်လည်း ပုံစံနမူနာတစ်ခုကို အသုံးပြု၍ ဤလေ့လာမှုသည် အကြောင်းရင်းများ၏ ဆက်စပ်သော အရေးပါမှုတို့အား ဆန်းစစ်သည်။ ဤပုံစံနမူနာက အတည်ပြုသည်မှာ အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့် ရွှေ့ပြောင်းအိမ်ထောင်စုများသည် လုပ်အားနှင့်အချက်အလက်ဆိုင်ရာကွန်ရက်များ ထိတွေ့မှု ရှိသည့်အခါမျိုးများတွင် ကွဲပြားပြီး ပိုမိုစိတ်ချရသည့် ဝင်ငွေရရှိနိုင်သည့် အလားအလာ ဖော်ထုတ်ရန်အတွက် ရွှေ့ပြောင်းရန်ရွေးချယ်ခြင်းဖြစ်သည်။ နောက်ကြောင်းပြန် စိတ်ဖြာလေ့လာမှု **(regression analysis)** က ထပ်မံပြသသည်မှာ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ချခြင်းသည် အစားထိုးဝင်ငွေဇာစ်မြစ်များ ရှိနေခြင်းနှင့် ပြောင်းပြန်ဆက်စပ်မှုရှိပြီး ထိုကဲ့သို့သော ဝင်ငွေ စီးဆင်းမှုမရှိသော အိမ်ထောင်စုများသည် ရွှေ့ပြောင်းမည့်အလားအလာ ပိုများသောကြောင့် အိမ်ထောင်စုအများအပြား၏ ရွှေ့ပြောင်းမှုသည် ပုံမှန်ဝင်ငွေစီးဆင်းမှုမရှိခြင်းအား တုံ့ပြန်သည့် ယန္တရားတစ်ခု ဖြစ်သည်ဆိုသော အယူအဆကို အတည်ပြုခြင်းဖြစ်သည်။ ရောဝတီတွင် ဝင်ငွေရင်းမြစ် ပို၍ များများစားစားရှိသော အိမ်ထောင်စုသည် ရွှေပြောင်းမည့်အလားအလာ ပို၍နည်းပါးကာ၊ ၎င်းကညွှန်ပြသည်မှာ ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းခြင်းအား အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုရန် မလိုအပ်ခြင်းဖြစ်သည်။ မကွေးတွင် အနည်းအကျဉ်းသာ ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုများသည် မြေယာ လုံးဝ မရှိသူများထက် ရွှေပြောင်းနှုန်း ပို၍နည်းပါးပြီး ဖြစ်နိုင်ခြေများသည့်အကြောင်းရင်းမှာ ၎င်းတို့တွင် ဝင်ငွေစီးဆင်းမှုနှစ်ခုရှိနေကာ - ကိုယ်ပိုင် စိုက်ပျိုးရေး သို့မဟုတ် လုပ်ငန်း နှင့် ကျပန်းအလုပ်သမားအနေဖြင့် သွားရောက်လုပ်ကိုင်နိုင်ခြေတို့ ဖြစ်သည်။

အားလုံးခြုံငုံပြီးကြည့်လျှင် ဤလေ့လာမှုက အတည်ပြုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းခြင်းပုံပန်းသဏ္ဌာန်များနှင့် လှုံ့ဆော်ချက်များသည် နိုင်းယှဉ်ကြည့်နိုင်သည့် နိုင်ငံတကာအဖြစ်အပျက်များနှင့် တစ်သမတ်တည်းဖြစ်သော်လည်း ရွှေ့ပြောင်းခြင်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြန်အလှန်အကျိုးပြုမှုတို့အတွက် ဆက်စပ်သည့် အချက်အလက်အချို့အား သတိပြုရန် လိုမည်။ အရည်အသွေးပဓာနထားသည့် သုတေသနက ပထမဦးဆုံးအနေဖြင့် တွေ့ရှိသည်မှာ မူလနေရာများနှင့် သွားရောက်သည့်နေရာများအကြား ဝင်ငွေကွာဟမှုသည် သိပ်မများသော်လည်း မြို့ပြအလုပ်အကိုင်များ၏ ခိုင်မာမှုနှင့် ပုံမှန်ဖြစ်မှုတို့သည် လူများအား ရွှေ့ပြောင်းရန်ဆွဲဆောင်သည့် သိသာထင်ရှားသော မက်လုံးများဖြစ်ပြီး၊ အထူးသဖြင့် အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းလိုသည့် ရွှေ့ပြောင်းသူများအတွက် ဖြစ်သည်။

ဒုတိယအနေနှင့် လူမှုကွန်ရက်များသည် ရွှေ့ပြောင်းမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးရာတွင် ပြိုင်ဘက်ကင်းသည့်အခန်းကဏ္ဍတွင်ရှိပြီး၊ အထူးသဖြင့် အန္တရာယ်များ ကိုင်တွယ်ဖြေရှင်းခြင်းတွင် ဖြစ်သည်။ လူမှုကွန်ရက်များ၏ အင်အားသည်လည်း တစ်ရွာနှင့်တစ်ရွာအကြား သိသာထင်ရှားစွာခြားနားပြီး ၎င်းသည် တစ်ရွာနှင့်တစ်ရွာအကြား ရွှေ့ပြောင်းမှုနှုန်းခြားနားမှု၏ အကြောင်းရင်းကို ရှင်းလင်းဖော်ပြပေးသည်။ တတိယအနေနှင့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းမှုအခွင့်အလမ်းများအား စူးစမ်းလေ့လာရာတွင် သတိဝိရိယကြီးစွာဖြင့် ပြုလုပ်လေ့ရှိသည်။ ၎င်းသည် အန္တရာယ် ကိုင်တွယ်ဖြေရှင်းနေသော ပိုင်ဆိုင်မှု အနည်းအကျဉ်းသာရှိသည့် အိမ်ထောင်စုများအတွက် ပို၍မှန်ကန်သည်။ နောက်ဆုံးအနေနှင့် ရွှေ့ပြောင်းမှုနှင့်ပတ်သက်သည့် ငွေကြေးကုန်ကျမှုများသည် အုပ်စုအများစုအတွက် အနည်းအကျဉ်းသာရှိပြီး ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်များချရာတွင် များသောအားဖြင့် ကိုယ်ပိုင်ထောက်ပံ့မှု သို့မဟုတ် မိသားစု၏ ငွေကြေးထောက်ပံ့မှုဖြင့် ရွှေ့ပြောင်းခြင်းဖြစ်သည်။

ဤအချက်အလက်များ၏ ဆက်နွယ်သည့်အရေးပါမှုသည် ဒေသအလိုက်၊ လူများ၏ လှုံ့ဆော်အားများအလိုက်နှင့် ရွှေ့ပြောင်းခြင်းဆိုင်ရာ မဟာဗျူဟာများအလိုက် များစွာ ကွာခြားသည်။ ၎င်းကွာဟမှုများအား ပိုင်းခြားစိတ်ဖြာရန်အတွက် မိမိတို့သည် ဥပမာအားဖြင့် ရွှေ့ပြောင်းမှုအမျိုးအစား သုံးမျိုး ခွဲခြားသတ်မှတ်ထားသည် - **အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်း၊ တုန်လှုပ်ဖွယ် အခြေအနေတစ်ရပ်အား တုံ့ပြန်ခြင်း** နှင့် **တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း** တို့ ဖြစ်သည်။

**အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း** - ဖော်ပြထားပြီးသည့်အတိုင်း ဤလေ့လာမှုအတွင်း ဥပမာယူထားသော အိမ်ထောင်စုအများအပြားသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များ ရင်ဆိုင်နေကြရပြီး၊ ဆိုလိုသည်မှာ ၎င်းတို့အနေနှင့် အခြေခံ နေ့စဉ်လိုအပ်ချက်များအား ရရှိရန် အခက်အခဲများရှိပြီး တုန်လှုပ်ဖွယ် အခြေအနေအား ကိုယ်တွယ်ဖြေရှင်းရလျှက် ရှိသည်။ ထပ်ပြီး ပိုမိုဆိုးရွားစေသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်စိုက်ပျိုးရေးဆိုင်ရာ အသက်မွေး ဝမ်းကျောင်းများတွင် အန္တရာယ်နှင့် မတည်ငြိမ်မှုတို့ အမြဲရှိနေခြင်းဖြစ်သည်။ ၎င်းကဲ့သို့သော အိမ်ထောင်စုများသည် ဝင်ငွေအား ပို၍ကြိုတင်ခန့်မှန်းနိုင်သည့် မြို့ပြ အလုပ်အကိုင်များထံသို့ အိမ်ထောင်စုလုပ်အားများ ခွဲဝေခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းခြင်းဖြစ်သည်။ ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးများမှ ရွှေ့ပြောင်းသူအများစု မဟုတ်လျှင်ပင် အများအပြားသည် ဤအမျိုးအစားထဲတွင် ပါဝင်သည်။ ထိုဒေသများတွင်ရရှိသည့် အရည်အသွေးဆိုင်ရာ သုတေသန အထောက်အထားများအရ ကျေးလက်နှင့်မြို့ပြ လစာများ သိသာထင်ရှားစွာ ကွာဟမှုမရှိသော်လည်း ရွှေ့ပြောင်းနှုန်းသည် အလွန်မြင့်မားလျှက်ရှိပြီး ၎င်းကညွှန်ပြသည်မှာ ထိုကဲ့သို့သော အိမ်ထောင်စုများသည် အဓိကအားဖြင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းခြင်းဖြစ်သည်။ ထိုသူများအနေနှင့် ရွှေ့ပြောင်းရန် ကြိုးပမ်းရာတွင် မအောင်မြင်မှု၏အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း သိပ်မရှိပါ။ ထို့ကြောင့် ၎င်းတို့သည်များသောအားဖြင့် တည်ရှိနေသော လူမှုကွန်ရက်များမှတစ်ဆင့်သာ ရွှေ့ပြောင်းလေ့ရှိပြီး ထိုအခါတွင် ၎င်းတို့၏အလုပ်အကိုင်များအား ကြိုတင် သေချာအောင် ပြုလုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အန္တရာယ်အား ရှောင်ရှား နိုင်သော်လည်း လစာနည်းသည့် အလုပ်အကိုင်များတွင် ဆက်လက်လုပ်ကိုင်နေရတတ်ပြီး ရင်းနှီးခြင်း သို့မဟုတ် စွန့်စားခြင်းတို့ကိုလည်း ရှောင်လွှဲစေနိုင်ကာ ရေရှည်တွင် ၎င်းတို့အား ပိုမိုကောင်းမွန်သွားနိုင်စေမည့် အလားအလာရှိသည်။

**တုန်လှုပ်ဖွယ် အခြေအနေတစ်ရပ်အား တုံ့ပြန်ခြင်း** - ကျွန်ုပ်တို့ ဥပမာယူထားသည့် အခြား အိမ်ထောင်စုများ၌ အထက်တွင်ဖော်ပြထားသော ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်နှင့် ကိုက်ညီသော်လည်း ၎င်းတို့သည် သိသာထင်ရှားသည့် ဆိုးရွားသော တုန်လှုပ်မှုဒဏ်အား ခံထားခဲ့ရပြီးဖြစ်ကာ ၎င်းတို့အနေဖြင့် အကန့်အသတ်များအား ကျော်လွှားနိုင်စွမ်းမရှိကြပါ။ တုန်လှုပ်ဖွယ် အခြေအနေ များထဲတွင် အိမ်ထောင်စုအဆင့်၌ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာ ရခြင်းကဲ့သို့သော တုန်လှုပ်ဖွယ် အခြေအနေများ သို့မဟုတ် စိုက်ခင်းများ ပျက်စီးသွားသည့် တုန်လှုပ်ဖွယ်အခြေအနေများ ပါဝင်ပြီး ရပ်ရွာလူထုအဆင့်၌ ရာသီဥတုဆိုင်ရာ တုန်လှုပ်ဖွယ် အခြေအနေဖြင့် ကျွန်ုပ်တို့၏လေ့လာမှုအရ ရေဝတီတွင် နာဂစ်မုန်တိုင်း၏ နောက်ဆက်တွဲဆိုးကျိုးများ ပါဝင်သည်။ ထိုအိမ်ထောင်စုများသည် တစ်နည်းအားဖြင့် မူလနေရာများမှ တွန်းထုတ်ခံကြရပြီး တုန်လှုပ်ဖွယ် အခြေအနေ၏ ဆိုးကျိုးများကြောင့် ဝမ်းရေးဖူလုံမှုအတွက် ဖြေရှင်းနိုင်စွမ်း မရှိတော့ပါ။

ရွှေ့ပြောင်းမှုနှုန်းများသည် အတော်အတန် မြင့်မားသော်လည်း ပို့လွှတ်သည့် အိမ်ထောင်စုများအပေါ် မြင်သာသည့် သိသာထင်ရှားသော စီးပွားရေးသက်ရောက်မှုများ မတွေ့ရှိရသေးပါ။

**တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း** - အသက်မွေးဝမ်းကျောင်းအတွက် ဆောင်ရွက်ရသည့် အုပ်စုမျိုးစုံတို့၏ အခြားတစ်ဘက်တွင် ဤလေ့လာမှုက တွေ့ရှိသည်မှာ အိမ်ထောင်စုအချို့မှာ မြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကြောင့် ဆင်းရဲနွမ်းပါးမှုမရှိသော်လည်း တိုးတက်မှုအတွက် ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများအနေနှင့် ရွှေ့ပြောင်းမှုအား မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးနှင့် တိုးတက်မှုတို့တွင် ပါဝင်နိုင်သည့် အခွင့်အလမ်းတစ်ခုအနေနှင့် မြင်ကြပြီး၊ အထူးသဖြင့် မြို့ပြများတွင် ပေါ်ထွက်လာသည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ ဖြစ်သည်။ ၎င်းတို့သည် ရွှေ့ပြောင်းမှုအား လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် နည်းလမ်းတစ်ခုအနေဖြင့် မြင်ကြသောကြောင့် ဤလေ့လာမှုသည် ထိုအိမ်ထောင်စုများအား တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းဟု အမျိုးအစားသတ်မှတ်သည်။ တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများသည် ထိုကဲ့သို့သော အခွင့်အလမ်းများအား ပိုမို ကောင်းမွန်သည့် တရားဝင်ပညာရေးမှ တစ်ဆင့်ရယူကြသည်။ ၎င်းတို့အနေဖြင့် ကျွမ်းကျင်မှု ဆိုင်ရာ အလုပ်အကိုင် များတွင် ယှဉ်ပြိုင်နိုင်ခြေပိုရှိကာ၊ နိုင်ငံတကာ ရွှေ့ပြောင်းမှုတွင်လည်း ပါဝင်ပြီး လတ်တလော ငွေစိုက်ထုတ်သုံးစွဲရမှု ပိုမိုများပြားသော်လည်း တရုတ်၊ ထိုင်း၊ မလေးရှားနှင့် တောင်ကိုရီးယား နိုင်ငံများတွင် လစာများပိုမိုများပြားသောကြောင့် ငွေကြေးအရ ပြန်လည်ရရှိမှုသည်လည်း များပြားသည်။ တရားဝင်ပညာရေးနှင့် နိုင်ငံတကာရွှေ့ပြောင်းမှုအတွက် ကုန်ကျစရိတ်များသည် တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများ၏ ရင်းနှီး မြှုပ်နှံမှုများ ဖြစ်သည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများအား တတ်နိုင်မှုသည် အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုများနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်။

ရွှေ့ပြောင်းမှုနှုန်းများသည် သဘောအားဖြင့် မြင့်မားသော်လည်း ပို့လွှတ်သည့် အိမ်ထောင်စုများ အပေါ် သိသာထင်ရှားသော စီးပွားရေးသက်ရောက်မှုများ မတွေ့ရှိရသေးပါ။ ၎င်းသည် အဓိကအများဆုံး ရွှေ့ပြောင်းမှုအမျိုးအစား၏ သဘာဝကို ထင်ဟပ်လျက်ရှိပြီး၊ အများစုမှာ ကျွမ်းကျင်မှုနည်းပါးသည့် အလုပ်အကိုင်များအတွက် မြို့များထံသို့ ရွှေ့ပြောင်းခြင်းဖြစ်သည်။

ဝင်ငွေကွာခြားမှုသည် သိပ်မများသောကြောင့် အဓိကအားဖြင့် အစားအစာကုန်ကျစရိတ်ကိုသာ ပံ့ပိုးပေးနိုင်ပြီး အိမ်ထောင်စု အနည်းစုသာလျှင် ထုတ်လုပ်မှုရှိသည့် ပိုင်ဆိုင်မှုများထံသို့ ဝင်ငွေအား လွှဲပြောင်းနိုင်သည်။ လူမှုရေးသက်ရောက်မှုအနေနှင့်ကြည့်လျှင် ရွှေ့ပြောင်းမှုများသည် အိမ်ထောင်စုများအပေါ် အခန်းကဏ္ဍဆိုင်ရာ သက်ရောက်မှုများဖြစ်ပေါ်စေပြီး၊ အကြောင်းမှာ ကျန်ခဲ့သော အိမ်ထောင်စုဝင်များအနေဖြင့် တာဝန်များကို ပိုယူလာကြရသောကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းသူများရှိသည့် အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံတွင် ရွှေ့ပြောင်းသူများ ထွက်ခွာသွားပြီး နောက်ကျန်ရစ်သူများအတွက် အိမ်ထောင်စုအဆင့် တာဝန်ဝတ္တရားများ ပိုမိုများပြားလာသည်။ အိမ်ထောင်စုအဆင့်တွင် ရွှေ့ပြောင်းသူများ၏ မိသားစုဝင်များသည် ရရှိသည့်ငွေများအား ဝင်ငွေဖြောင့်ဖြူးလာရန်နှင့် အကြွေးများလျော့ပါးလာရန် အသုံးပြုကြသည်။

ထိုနည်းတူ မူလကျေးရွာများအပေါ် စုပေါင်းသက်ရောက်မှုများအား ခိုင်မာစွာဖော်ထုတ်ရန် စောသေးသော်လည်း အချို့သော ပဏာမတွေ့ရှိချက်အတွက် ဆက်လက်လေ့လာမှုများ ပြုလုပ်သင့်သည်။ ပထမဦးဆုံးအနေဖြင့် ရွှေ့ပြောင်းခြင်းအား ကျေးရွာ၏သက်ဝင်မှုအတွက် အပြုသဘောဆောင်သော သက်ရောက်မှုရှိသည်ဟု ဧရာဝတီမှာထက် မကွေးတွင် ပို၍ မြင်ကြသည်။ ၎င်းသည် ရွှေ့ပြောင်းခြင်း၏ မတူညီသောသဘာဝကို ရောင်ပြန်ဟပ်ပြီး မကွေးတွင် တုန်လှုပ်ဖွယ် အခြေအနေတစ်ခုအား တုံ့ပြန်သည့်ရွှေ့ပြောင်းမှုနှင့် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းခြင်းနှင့် ပတ်သက်ဆက်နွယ်သည့် တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း နှစ်မျိုး တို့သည် အများဆုံးဖြစ်ပွားလျှက် ရှိသောကြောင့် ရလဒ်မှာ ရွှေ့ပြောင်းခြင်းသည် ငွေကြေး အခက်အခဲများအား အဖြေရှာခြင်းကို ပံ့ပိုးပေးသည်ဆိုသောအမြင် သို့မဟုတ် နိုင်ငံရပ်ခြားမှ လွှဲပို့ငွေများကို ရပ်ရွာအတွင်း ရင်းနှီးမြှုပ်နှံလျှက်ရှိသည်ဟူသော အမြင်များ ဖြစ်ပေါ်စေသည်။ ဒုတိယအနေဖြင့် တိုင်းတာရန်ခက်ခဲသော်လည်း ရွှေ့ပြောင်းခြင်းအား ဒေသတွင်း လုပ်အားဈေးကွက်အပေါ် သက်ရောက်မှုများရှိသည်ဟု မြင်ကြပြီး ရွှေ့ပြောင်းမှုနှုန်း မြင့်သော ကျေးရွာများတွင် ကျပန်းအလုပ်သမားရှာရန် စိန်ခေါ်မှုများပိုရှိသည်ဟု သတင်းများရရှိသည်။

ထိုရွှေ့ပြောင်းမှုအမျိုးအစားများအား အသုံးပြု၍ လေ့လာမှုသည် ရွှေ့ပြောင်းမှု၏ ရလဒ်များ အပေါ် သက်ရောက်မှုရှိသည့် ရွှေ့ပြောင်းမှုအဆင့်ဆင့်အတွင်းရှိ အဓိကကျသည့် အကြောင်းရင်းများအား ဖော်ထုတ်ပေးသည်။ ၎င်းတို့မှာ ရွှေ့ပြောင်းမှုမပြုလုပ်မီအဆင့်တွင် အလုပ်အကိုင်နှင့် ပတ်သက်သည့် အချက်အလက်များ လက်လှမ်းမီခြင်းနှင့် ပညာရေးနှင့် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများကဲ့သို့သော လူသားအရင်းအနှီး ပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီး ရွှေ့ပြောင်းသည့်ကာလတွင် ဝန်ဆောင်မှုများနှင့် အလုပ်ခွင်အတွင်း အသက်မွေးမှုဆိုင်ရာ သင်တန်းများ လက်လှမ်းမီခြင်းတို့ ဖြစ်သည်။ မိမိအိမ်ထံသို့ ပြန်လာသူများနှင့် နေရာအသစ် တစ်ခုတွင် အပြီးအပိုင်နေရာချလိုက်သူများ အကြားတွင် ရွှေ့ပြောင်းမှုအမျိုးအစား ကွဲပြား သကဲ့သို့ ပေါင်းစည်းမှု သို့မဟုတ် ပြန်လည်ပေါင်းစည်းမှုအဖြစ် ကွဲပြားလျှက်ရှိသည်။ ထိုအဓိကကျသည့် အဆင့်များသည် LIFT နှင့် အခြားဆောင်ရွက်သူများအတွက် ကြားဝင် ဆောင်ရွက်မှုဆိုင်ရာ အကြံပြုလိုသည့် နေရာများသတ်မှတ်ရာတွင် အခြေခံအနေဖြင့် အသုံးပြုနိုင်သည်။

ဧရာဝတီနှင့် မကွေးတို့တွင်ရှိသည့် ရွှေ့ပြောင်းသူအများစု မဟုတ်သည့်တိုင်အောင် အများအပြားသည် ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များနှင့် ပတ်သက်သည့် အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်းအတွက် ရွှေ့ပြောင်းခြင်းဖြစ်သောကြောင့် အန္တရာယ်ကိုင်တွယ်

ဖြေရှင်းခြင်းအား ပံ့ပိုးသည့် ဝင်ရောက်ဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းသည် အဓိကအကျဆုံးဖြစ်သည်ဟု တွေ့ရှိရသည်။ ရွှေ့ပြောင်းသူများ၏ အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း မဟာဗျူဟာများအား ပိုမိုကောင်းမွန်လာအောင် ပြုလုပ်ခြင်းသည် ရွှေ့ပြောင်းသူများအနေဖြင့် အန္တရာယ်များအား ပိုမိုကောင်းမွန်စွာစီစဉ်ပြီး စနစ်ကျကျကာပေါင်းစပ်ပြီး ဆောင်ရွက်သည့် နည်းလမ်းဖြင့်ကိုင်တွယ်ခြင်းအပေါ် မူတည်သည်။ ရွှေ့ပြောင်းခြင်းကြိုးပမ်းမှု မအောင်မြင်ခြင်းသည်ဝမ်းရေးဖူလုံမှုဆိုင်ရာ အကန့်အသတ်များအောက်သို့ ကျဆင်း မသွားရန်အတွက်အလားအလာရှိသည့် ရွှေ့ပြောင်းသူများအား ပံ့ပိုးမှုပေးရာတွင် အန္တရာယ် ကိုင်တွယ်ဖြေရှင်းလိုသည့် ရွှေ့ပြောင်းသူများအနေနှင့် တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းဆီသို့ဦးတည်ရန် ပညာရေးနှင့် သင်တန်းတို့တွင် ရင်းနှီးနိုင်ရန်အတွက် မှန်ကန်သည့်မက်လုံးများပေးရန်လိုအပ်သည်။ အလားအလာရှိသည့် ရွှေ့ပြောင်းသူများအနေဖြင့် ပေါ်ထွက်လာသည့်မြို့ပြအခွင့်အလမ်းများအပေါ် ဘေးကင်းစွာ အခွင့်အရေး ယူနိုင်စေခြင်းသည် ဆင်းရဲနွမ်းပါးမှုကျဆင်းမှုနှင့် ပိုမိုကျယ်ပြန့်သည့် စီးပွားရေးတိုးတက်ရေး နှစ်ခုစလုံးနှင့်ပတ်သက်၍ရွှေ့ပြောင်းမှုဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အရေးကြီးသည့် သက်ရောက်မှုများရှိသည်။



စက်ရုံလုပ်သား

# နိဒါန်း



# နိဒါန်း

ကျယ်ပြန့်သည့် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအား ၂၀၁၁ တွင် စတင်ပြုလုပ်ရန် ကြိုးပမ်းသည့်အချိန်မှစ၍ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းသည့်ကာလသို့ အရှိန်အဟုန်မြင့်စွာဖြင့် စတင်ဝင်ရောက်ခဲ့သည်။ ဆောက်လုပ်ရေးနှင့် ဆက်စပ်သည့် ရုတ်တရက်တိုးပွားမှု၊ ထုတ်လုပ်မှုကဏ္ဍတွင် တိုးတက်လာမှုနှင့် ၎င်းတို့မှဖြစ်ပေါ်လာသည့် ဝန်ဆောင်မှုကဏ္ဍတွင်း တိုးချဲ့မှုများတို့၏ တွန်းအားပေးမှုကြောင့် ဖြစ်ပေါ်လာသော လတ်တလော စီးပွားရေး ကြီးထွားမှုသည် မြို့ပြဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ သိသာထင်ရှားစွာ ဖန်တီးပေးလာနိုင်သည်။[၁] ထိုအခွင့်အလမ်းများသည် လုပ်အားနှင့်ရွှေ့ပြောင်းမှု ပုံပန်းသဏ္ဌာန်တို့တွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်သည့် အလားအလာရှိပြီး၊ အထူးသဖြင့် ကျေးလက်စိုက်ပျိုးရေး လုပ်သားအင်အားစု၏ ကြီးမားသော အစိတ်အပိုင်းဖြစ်သည့် မြေယာမဲ့နှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သည့် အလုပ်သမားများအတွက် ပို၍သက်ရောက်သည်။ ကျေးလက်မှ မြို့ပြထံသို့ လုပ်အားများရွှေ့ပြောင်းခြင်းမှ ပေါ်ထွက်လာသည့် ထုတ်လုပ်မှုသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုအား အထောက်အကူပေးပြီး စီးပွားရေး ကြီးထွားနှုန်းကို ပံ့ပိုးပေးနိုင်သည်။ ပြည်တွင်း ရွှေ့ပြောင်းမှုသည် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းဆိုင်ရာ ကြိုးပမ်းမှုများတွင်လည်း အင်အားကောင်းသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်သည်။ ၎င်းသည် တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အပါအဝင် အခြား ပိုမိုကျယ်ပြန့်သည့် ဒေသများရှိ နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းတွင် အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အလားတူပင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရွှေ့ပြောင်းသူများ၏ အိမ်ထောင်စုများ အတွက် သုံးစွဲနိုင်မှု သိသာစွာမြင့်တက်လာသည်။[၂] ဆင်းရဲနွမ်းပါးမှု ထိရောက်စွာလျှော့ချနိုင်ရန်အတွက် မြန်မာနိုင်ငံအနေနှင့် စိုက်ပျိုးရေးထုတ်လုပ်မှုအား ပိုမိုကောင်းမွန်အောင် ပြုလုပ်ရန် လိုအပ်ရုံသာမကဘဲ မတူညီသည့် အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်မှ မြို့ပြထံသို့ ရွှေ့ပြောင်းမှုတို့အား ပံ့ပိုးမှုပေးရန်လည်း လိုအပ်သည်။

သို့သော် ရွှေ့ပြောင်းခြင်းအတွက် အခွင့်အလမ်းများတွင် အန္တရာယ်များလည်း ပါဝင်လာသည်။ ထိုအန္တရာယ်များထဲတွင် ပါဝင်သည်မှာ မအောင်မြင်သည့် ရွှေ့ပြောင်းခြင်းကြိုးပမ်းမှု၏ လက်ငင်းသက်ရောက်မှုများအပြင် ၎င်းတို့၏ကျေးရွာများထံမှ လုပ်သားအင်အားစု၊ အထူးသဖြင့် လူငယ်များ ထွက်ခွာသွားခြင်းကြောင့် ရေရှည်လူမှုရေးနှင့် စီးပွားရေးအကျိုးဆက်များ ဖြစ်ပေါ်နိုင်ခြင်းပင် ဖြစ်သည်။ ဤလျင်မြန်စွာပြောင်းလဲနေသည့် အနေအထားတွင် အလားအလာ ရှိသည့် ရွှေ့ပြောင်းသူများအနေဖြင့် အန္တရာယ်များအား ရင်ဆိုင်နိုင်စွမ်း တိုးတက်လာအောင် ပြုလုပ်ခြင်းသည် ရေတိုနှင့်ရေရှည်ရလဒ်များ ပိုကောင်းမွန်လာရန်အတွက်

[၁] World Bank. 2015. "Myanmar: Empowering People for Inclusive Growth; Myanmar Country Partnership Framework for the Period 2015-2017." https://www.worldbank.org/content/dam/Worldbank/Publications/eap/myanmar-2015-2017-country-partnership-framework.pdf

[၂] **Beegle et al. "Migration and economic mobility in Tanzania."** အား ဥပမာအနေနှင့်ကြည့်ရန်။ တွေ့ရှိချက်မှာ **Tanzania** ပြည်တွင်းရွှေ့ပြောင်းသူများအတွက် ပျမ်းမျှသုံးစွဲမှုတွင် ပြောင်းလဲခြင်းသည် တစ်ရွာထဲရှိမရွှေ့ပြောင်းသည့်လူများထက် ၄ ဆပိုများသည်။ ထိုနည်းတူ ၁၃ နှစ်ကာလအတွင်းတွင် ရွှေ့ပြောင်းသူများအတွက် ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၃ ရာခိုင်နှုန်းကျဆင်းလာသော်လည်း ရွှေ့ပြောင်းခြင်းမပြုလုပ်သူများတွင် ၄ ရာခိုင်နှုန်းသာ လျော့ကျသွားသည်။

ပြည်တွင်းရွှေ့ပြောင်းမှုသည် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းဆိုင်ရာ ကြိုးပမ်းမှုများတွင်လည်း အင်အားကောင်းသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ပြီး ၎င်းသည် တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် အခြားပိုမိုကျယ်ပြန့်သည့်ဒေသများရှိ နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းတွင် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အလားတူပင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရွှေ့ပြောင်းသူများ၏ အိမ်ထောင်စုများအတွက် သုံးစွဲနိုင်မှု သိသာစွာမြင့်တက်လာသည်။၂

အလွန်အရေးကြီးသည်။ ဤအစီရင်ခံစာသည် လူများ အဘယ်ကြောင့်ရွှေ့ပြောင်းသည်ကို နားလည်နိုင်ရန် အာရုံစိုက်ထားသည်။ ထို့အပြင် အလားအလာကောင်းသည့် ရွှေ့ပြောင်းသူများ ပိုမိုကောင်းမွန်ပြီး သတင်းအချက်အလက်ပြည့်စုံသည့် ရွေးချယ်မှုများ မည်ကဲ့သို့ပြုလုပ်နိုင်မည် ဆိုခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှု အသိအမြင်ရှိလာရန်အတွက် ၎င်းတို့ မည်ကဲ့သို့ ရွှေ့ပြောင်းသည်ကိုပါ လေ့လာခြင်းလည်းဖြစ်သည်။

ရောဝတီနှင့်မကွေးအတွင်းနှင့် ထိုဒေသများမှထွက်ခွာသွားသော ပြည်တွင်းရွှေ့ပြောင်းသူများ အတွက် ပုံပန်းသဏ္ဌာန်များ၊ သက်ဝင်မှုများနှင့် လှုံ့ဆော်မှုများအား ပိုမိုနက်ရှိုင်းစွာနားလည်နိုင်ရန် ဤလေ့လာမှုကကြိုးပမ်းသည်။ ထို့အပြင် ရွှေ့ပြောင်းမှု၏ ဒေသခံလုပ်အားဈေးကွက်နှင့် ကျေးရွာအတွင်း လူမှုဆက်ဆံရေးများအား မည်ကဲ့သို့ သက်ရောက်မှုရှိသည်နှင့် ပတ်သက်၍ ရပ်ရွာလူထုအသိုင်းအဝိုင်းများက မည်ကဲ့သို့ ရှုမြင်သည်ကို စုံစမ်းရန်လည်းကြိုးပမ်းသည်။ **LIFT** က ပံ့ပိုးသော တွဲဘက်သုတေသန အစီအစဉ်ဖြစ်သည့် မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းများအပေါ် လူမှုရေးနှင့်စီးပွားရေး အရည်အသွေးဆန်းစစ်လေ့လာခြင်း သုတေသနလုပ်ငန်း **(QSEM)** သည် စိုက်ပျိုးရေးဂေဟဗေဒဇုန်များအနှံ့တွင် ဖြစ်ပေါ်နေသော လုပ်အားစရိတ်မြင့်မှုနှင့် အလုပ်အများဆုံးရာသီများတွင် လုပ်အားမလုံလောက်ခြင်းတို့အား အစဉ်မပြတ် ဖော်ပြလျှက်ရှိသည်။ ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းမှာ အခြားအကြောင်းရင်းများ အပြင် ပြင်ပသို့ရွှေ့ပြောင်းမှုများ ပို၍များပြားလာခြင်းကြောင့်ဟု လယ်သမားများကမြင်ကြသည်။ တစ်ဘက်မှကြည့်လျှင် အလုပ်အများဆုံးရာသီ မဟုတ်သည့်အခါများတွင် မြေပိုင်ဆိုင်မှု မရှိသည့် အလုပ်သမားများအနေနှင့် ဝင်ငွေရရန် အခွင့်အလမ်းများနည်းပါးပြီး၊ ၎င်းသည် ရွှေ့ပြောင်းမှုများဖြစ်ပေါ်လာစေရန် တွန်းအားပေးသည်။ ယခင် **QSEM** သုတေသနမှ ရရှိသော အချက်အလက်များက အဆိုပြုသည်မှာ ရွှေ့ပြောင်းသူများပြုလုပ်သည့် **demographic** (ဒေသတစ်ခုအတွင်း၌ အပိုင်းအခြားတစ်ခုအတွင်း မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရောဂါဖြစ်ပွားခြင်းစသည်တို့အား လေ့လာမှု) ပုံပန်းသဏ္ဌာန်များနှင့် ၎င်းတို့ ရွှေ့ပြောင်းသည့်နေရာများအကြား ထူးခြားသည့်ဒေသတွင်း ကွာဟမှုများရှိသည်။ ၎င်းတို့အား ထိုဒေသ၏ လူမှုစီးပွားရေးအခြေအနေများ၊ ရွှေ့ပြောင်းခြင်း ဦးတည်သည့် နေရာများနှင့် ပထဝီအနေအထားအရထိစပ်မှု၊ ထိုဒေသ၏အလုပ်အကိုင်ဈေးကွက်နှင့် အခြားအကြောင်းရင်းများက လွှမ်းမိုးသည်။

ထိုကိစ္စရပ်များအား ထည့်သွင်းစဉ်းစား၍ ဤလေ့လာမှုအနေဖြင့် အောက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ LIFT မဟာဗျူဟာနှင့်အစီအစဉ်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ အသိဉာဏ်များ ဖော်ထုတ်ရန် လက်တွေ့အထောက်အထားများအပေါ် ရယူသုံးသပ်သည် -

- မြေယာမဲ့နှင့်မြေအနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုနှစ်မျိုးစလုံးအကြား အိမ်ထောင်စု၏အသက်မွေးဝမ်းကြောင်းအတွက် ရွှေ့ပြောင်းခြင်း၏အခန်းကဏ္ဍနှင့် အရေးပါမှု၊
- ဆင်းရဲနွမ်းပါးခြင်းထံမှလွတ်မြောက်ရန် အခြားနည်းလမ်းအနည်းငယ်သာရှိသည့် မြေယာမဲ့နှင့်မြေအနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအား မည်ကဲ့သို့ အကောင်းဆုံး ထောက်ပံ့မည်နှင့်
- ရွှေ့ပြောင်းခြင်းနှင့် မူလကျေးရွာများအတွင်းရှိ လူမှုရေးနှင့် စီးပွားရေးသက်ဝင်မှုများအကြား အချိတ်အဆက်များ။

**သုတေသနမေးခွန်းများ**

သုတေသန၏အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံ၏ သီးခြားဒေသများအတွင်းနှင့် ထိုဒေသများထံမှ ရွှေ့ပြောင်းခြင်းများသည် ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းများနှင့် ကျေးရွာများ၏ လူမှုရေးနှင့် စီးပွားရေးအခင်းအကျင်းတို့အပေါ် မည်ကဲ့သို့နှင့် မည်သည့်အတိုင်းအတာဖြင့် သက်ရောက်မှုရှိသည်ကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်မှုပြုလုပ်နိုင်ရန်အတွက် အသေးစိတ်အထောက်အထားများ စုစည်းရန်ဖြစ်သည်။ ရွှေ့ပြောင်းမှုအတွက် ဆုံးဖြတ်ချက်များ မည်ကဲ့သို့ဖြစ်လာသည်၊ ရွှေ့ပြောင်းသူများကြုံတွေ့ရသည့် အဓိကအဟန့်အတားများနှင့် အန္တရာယ်များနှင့် ၎င်းတို့အားစီမံခန့်ခွဲမည့် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အိမ်ထောင်စုအလိုက် မဟာဗျူဟာများအား နားလည်ရန်ကြိုးပမ်းသည်။ ထို့အပြင် ရွှေ့ပြောင်းသူများ အချိန်ကာလနှင့်အညီ ထွက်ခွာသွားခြင်းနှင့် ပြန်လည်ရောက်ရှိလာခြင်းတို့၏ သက်ရောက်မှုကို ခံရသော ရပ်ရွာလူထုအသိုင်းအဝိုင်းများနှင့် အိမ်ထောင်စုများ၏ လူမှုရေးနှင့် စီးပွားရေးသက်ဝင်မှုတို့တွင် ဖြစ်ပေါ်သော ပြောင်းလဲမှုများကိုလည်း နားလည်ရန် ကြိုးပမ်းသည်။

ပိုင်းခြားစိတ်ဖြာမှုဆိုင်ရာ မူဘောင်သည် ယေဘုယျကျသည့်မေးခွန်း ၄ ခုအား အခြေပြုပြီး ဖွဲ့စည်းထားသည် -

- **မည်သူက ရွှေ့ပြောင်းသနည်း** - မည်သည့်ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ ကိုယ်ပိုင်လက္ခဏာများက ရွှေ့ပြောင်းခြင်းအဆင့်များနှင့် အမျိုးအစားများအား နားလည်အောင်ရှင်းပြရာတွင် အထောက်အကူပြုသနည်း။ စူးစမ်းရမည့် အဓိကအကြောင်းရင်းများထဲတွင် ပါဝင်သည်မှာ - အသက်၊ လိင်၊ ပညာအရည်အချင်းနှင့် မိသားစုများနှင့် မူလရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ လူမှုစီးပွားရေးပုံရိပ်လက္ခဏာ။
- **ထိုသူများသည် အဘယ်ကြောင့် ရွှေ့ပြောင်းရန်ရွေးချယ်ကြသနည်း** - ရွှေ့ပြောင်းရန်အတွက် မည်သည့်အရာက လှုံ့ဆော်သနည်းနှင့် ထိုလှုံ့ဆော်မှုများသည် လူမှုစီးပွားရေးအုပ်စုများအလိုက် မည်ကဲ့သို့ကွာခြားသနည်း။ မည်သည့်တွန်းအားနှင့် ဆွဲအားအကြောင်းရင်းများသည် အိမ်ထောင်စုများအား ရွှေ့ပြောင်းခြင်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ

ချမှတ်စေသနည်း။ ရွှေ့ပြောင်းခြင်းနှင့် စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှုထံမှ လွတ်မြောက်ရန် နည်းလမ်းတစ်ခု ဖြစ်ပါသလား၊ သို့မဟုတ် အခြားရွေးချယ်စရာ လမ်းများမရှိသည့်အခါတွင် ဖြေရှင်းသည့်နည်းလမ်းဖြစ်ပါသလား။ အိမ်ထောင်စုအတွင်း ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သည့် အဓိကဆုံးဖြတ်ချက်များအား မည်ကဲ့သို့ပြုလုပ်သနည်း။

- **ရွှေ့ပြောင်းခြင်းဆိုင်ရာမဟာဗျူဟာများက အဘယ်နည်း** - ရွှေ့ပြောင်းသူများသည် မည်ကဲ့သို့သော အလုပ်အကိုင်များ လုပ်ကိုင်ကြသနည်း။ ပုဂ္ဂိုလ်များနှင့် မိသားစုများ အနေဖြင့် ရွှေ့ပြောင်းသည့်အခါ ဦးတည်ရာနေရာရွေးချယ်ခြင်း၊ ထိုနေရာတွင် အလုပ်အကိုင် ရရှိအောင်ပြုလုပ်ခြင်း၊ ဆက်နွယ်သည့် အန္တရာယ်များနှင့် ငွေကြေးကုန်ကျစရိတ်များအား စီမံခန့်ခွဲခြင်းတို့နှင့် ပတ်သက်၍ မည်သည့်နည်းဗျူဟာများ အသုံးပြုသနည်း။ အလုပ်အကိုင်များ ရှာဖွေခြင်းနှင့် ပံ့ပိုးခြင်းတို့တွင် တရားဝင်မဟုတ်သည့် ကွန်ရက်များ၏ အခန်းကဏ္ဍက မည်ကဲ့သို့ရှိသနည်းနှင့် ထိုကွန်ရက်များအား လက်လှမ်းမီခြင်းကို မည်သည့်အရာက ဆုံးဖြတ်ချက်ပေးသနည်း။ ရွှေ့ပြောင်းသူများ ပို့လွှတ်ရာနှင့် လက်ခံရာ ဒေသများအကြား မည်သည့်အချိတ်အဆက်များ ရှိသနည်း။

- **ရွှေ့ပြောင်းသူများနှင့် ကျန်ရစ်ခဲ့သူများအနေဖြင့် ရွှေ့ပြောင်းခြင်းအပေါ် မည်ကဲ့သို့ တွေ့ကြုံခံစားကြရသနည်း** - မူလ ရပ်ရွာလူထု အသိုင်းအဝိုင်းတွင်ရှိသော အိမ်ထောင်စုနှင့် ကျေးရွာအသက်မွေးဝမ်းကျောင်းများအပေါ် ရွှေ့ပြောင်းခြင်းသည် မည်ကဲ့သို့ သက်ရောက်မှုရှိသနည်း။ အလုပ်သမားများ ထွက်ခွာသွားခြင်း (အများစုမှာ လူငယ်များ) နှင့် လွှဲပြောင်းပေးငွေများ ဝင်ရောက်လာခြင်းတို့၏ လူမှုရေးနှင့် စီးပွားရေးသက်ရောက်မှုများက မည်ကဲ့သို့ရှိသနည်း။ ထိုသက်ရောက်မှုများသည် ရွှေ့ပြောင်းခြင်း အမျိုးအစားအလိုက် မည်ကဲ့သို့ကွာခြားသနည်း။

**နည်းစနစ်** ဤလေ့လာမှု၏ အဓိကရည်ရွယ်ချက်မှာ ရွှေ့ပြောင်းသူများ၏ပုံရိပ်များ၊ လှုံ့ဆော်မှုများနှင့် ရွှေ့ပြောင်းခြင်းနည်းဗျူဟာများအပြင် ကျန်ရစ်ခဲ့သူများအား ပိုမိုနားလည်လာရန်အတွက် လက်တွေ့အခြေပြုမှုတစ်ခုအား တည်ဆောက်ရန်ဖြစ်သည်။ ဤလေ့လာမှုသည် နည်းစနစ်များ ပေါင်းစပ်ပြီး အသုံးပြုသည့် ချဉ်းကပ်ပုံဖြစ်သည်။ အရေအတွက်အား ဆန်းစစ်လေ့လာသည့် သုတေသနအား အဓိကအားဖြင့် ရွှေ့ပြောင်းသူများနှင့် ရွှေ့ပြောင်းခြင်းတို့၏ အချက်အလက်များနှင့် ပုံပန်းသဏ္ဌာန်များအား ဖော်ထုတ်ရန် အသုံးပြုသည်။

အရည်အသွေးအား ဆန်းစစ်လေ့လာသည့် သုတေသနသည် အဓိကအားဖြင့် (၁) ရွှေ့ပြောင်းခြင်း နည်းဗျူဟာများ၊ (၂) လူမှုကွန်ရက်များ၏အခန်းကဏ္ဍ၊ (၃) နေရပ်ရင်းဒေသများအပေါ် ရွှေ့ပြောင်းခြင်း၏ လူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် (၄) အိမ်ထောင်စုအဆင့်တွင် ကျန်ရစ်ခဲ့သူများအပေါ် ရွှေ့ပြောင်းခြင်း၏သက်ရောက်မှုများအား ပိုမိုနက်ရှိုင်းစွာနားလည်ရန် အာရုံစိုက်သည်။ သုတေသန နည်းလမ်းများအား နောက်ဆက်တွဲတွင် ဖော်ပြထားသည်။ လေ့လာမှုပြုရန်ဒေသများအား **QSEM** မှတစ်ဆင့်ပြုလုပ်ထားသော ဒေါင်လိုက်သုတေသနအရ ရွေးချယ်ခြင်းဖြစ်ပြီး ၎င်းသုတေသနသနက ၂၀၁၃ မှစ၍ရာဝတီနှင့်မကွေး နှစ်နေရာစလုံးတွင်

ပြည်တွင်း ရွှေ့ပြောင်းမှုများ၏အဆင့်သည် ပို၍ မြင့်တက်လာကြောင်း ဒေသခံရွာသားများ၏ အမြင်များကို ဖော်ထုတ်ပေးထားသည်။ ထိုဒေသများသည် ရွှေ့ပြောင်းမှုနှင့်ကျေးလက် ဆင်းရဲနွမ်းပါးမှုတို့အား နားလည်ရန်အတွက်လည်း အရေးကြီးပြီး၊ အကြောင်းမှာ မြန်မာနိုင်ငံ၏ ကျေးလက်ဆင်းရဲနွမ်းပါးမှု အများစုရှိသည့်နေရာ (ဧရာဝတီသည် မြန်မာနိုင်ငံတွင်အများဆုံး ဖြစ်သည်)[၃] ဖြစ်သည့်အပြင် အဓိကတိုးတက်မှုဇုံများဖြစ်သည့် ရန်ကုန်နှင့် မန္တလေးတို့အနီးတွင် တည်ရှိသောကြောင့်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြားဒေသများ၊ အထူးသဖြင့် နယ်စပ် ဒေသများဖြစ်သော ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၏ အစိတ်အပိုင်းအချို့တို့အား နိုင်ငံတကာ ရွှေ့ပြောင်းခြင်းအနေဖြင့် သတ်မှတ်ထားပြီး ပိုင်းခြားစိတ်ဖြာမှုဆိုင်ရာ အာရုံစိုက်မှု ပို၍ ရရှိထား ကြသည်။[၄] ဤသုတေသနက ရည်ရွယ်သည်မှာ ပြည်တွင်းရွှေ့ပြောင်းမှု၏ သဘာဝကို စူးစမ်းလေ့လာရန်နှင့် အထူးသဖြင့် မြို့ပြသို့ရွှေ့ပြောင်းခြင်း၏ ကျေးလက်ရပ်ရွာလူထု အသိုင်းအဝိုင်းများအပေါ် သက်ရောက်မှုများကို စူးစမ်းလေ့လာရန်ဖြစ်သည်။ ရွှေ့ပြောင်းခြင်း အဆင့်မျိုးစုံတို့အပြင် ကွန်ရက်တို့တွေ့ရှိရန် မျှော်လင့်သည်မှာ ရွှေ့ပြောင်းခြင်း၏ ရာသီအလိုက်နှင့် ပုံသေ သွင်ပြင်လက္ခဏာများဖြစ်သည်။ ဤကွာခြားမှုများအား စူးစမ်းလေ့လာခြင်းသည် ရွှေ့ပြောင်းမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအား ပုဂ္ဂိုလ်များနှင့် အိမ်ထောင်စုများ ပြုလုပ်ပုံအပြင် မူလရပ်ရွာလူထုအသိုင်းအဝိုင်းများအပေါ် ရွှေ့ပြောင်းမှုအဆင့်မျိုးစုံနှင့် အမျိုးအစားမျိုးစုံတို့၏ ခြားနားသည့် သက်ရောက်မှုများအား နားလည်ရန်အတွက် လိုအပ်သည်။

အရေအတွက်အား ဆန်းစစ်လေ့လာသည့် ပိုင်းခြားစိတ်ဖြာမှုအတွက် အသုံးပြုသည့်ချဉ်းကပ်ပုံမှာ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေများစစ်တမ်း **(MPLCS)** အစား ၎င်းနှင့် ဆင်သည့် လူနေမှုအဆင့်အတန်း တိုင်းတာခြင်းဆိုင်ရာလေ့လာမှု **(LSMS)** မေးခွန်းလွှာ အား အသုံးပြုပြီး၊ ထိုအထဲတွင် သက်ရောက်သည့်ဒေသများ (မကွေးနှင့် ဧရာဝတီ) အတွင်းရှိ အလုံးစုံရွှေ့ပြောင်းခြင်း ပုံပန်းသဏ္ဌာန်၏ ကိုယ်စားပြုပုံအား ဖော်ပေးသည့် တိုးချဲ့ထားသော ရွှေ့ပြောင်းမှုဆိုင်ရာ မော်ဂျူးအား အသုံးပြုသည်။ အရေအတွက်အား ဆန်းစစ်လေ့လာသည့် နည်းလမ်းအား ကျေးရွာ၏ အထွေထွေနောက်ခံ အချက်အလက်များအတွက် ထိုကျေးရွာ၏ အာဏာပိုင်များမှတစ်ဆင့် အိမ်ထောင်စုစစ်တမ်းတစ်ခုနှင့် ကျေးရွာအချက်အလက်စစ်တမ်းတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သက်ဆိုင်သည့်ညွှန်းကိန်းများအတွက် ကိုယ်စားပြုခန့်မှန်းခြေများ ရရှိနိုင်ရန် ဒေသတစ်ခုတွင် အိမ်ထောင်စုပေါင်း ၈၀၀ အားပစ်မှတ်ထားခဲ့ပြီး စုစုပေါင်း အိမ်ထောင်စု ၁,၆၀၀ ဖြင့် ပြုလုပ်ခဲ့သည်။ ဒေသတစ်ခုတွင် ကျေးရွာ ၄၀ အား ရွေးချယ်ခဲ့ပြီး ကျေးရွာတစ်ခုချင်းစီတွင်အိမ်ထောင်စု ၂၀ စီ ရွေးချယ်ခဲ့သည်။ ကျေးရွာများနှင့် အိမ်ထောင်စုများ ရွေးချယ်ရာတွင် ကျပန်းနည်းနှင့်ရွေးချယ်ခြင်းဖြစ်သည်။ ဒေသတစ်ခုချင်းစီတွင် ပြုလုပ်သည့် ကျေးရွာရွေးချယ်မှုအား ခရိုင်များအနှံ့တွင် အလွှာလိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မကွေးရှိခရိုင် ၅ ခုမှ တစ်ခုချင်းစီတွင် ကျေးရွာ ၈ ခုအား ကျပန်းရွေးချယ်ခဲ့သည်။ ခရိုင် ၆ ခုရှိသည့် ဧရာဝတီတွင် လူဦးရေအနည်းဆုံးရှိသော ခရိုင်နှစ်ခုမှ တစ်ခုချင်းစီအတွက် ကျေးရွာ ၆ ခုအား ကျပန်းရွေးချယ်ခဲ့ပြီး၊ လူဦးရေ အများဆုံးရှိသော ခရိုင် ၄ ခု အတွက် ကျေးရွာ ၇ ခုစီ ရွေးချယ်ခဲ့သည်။ ဒေသတစ်ခုစီတွင်ရရှိသည့် စံနမူနာအိမ်ထောင်စု ၈၀၀ သည် မကွေးနှင့်ဧရာဝတီနှစ်ခုစလုံးအတွက် တိုင်းဒေသကြီးအဆင့်အားကိုယ်စားပြုသည်။[၅]

---

[၃] ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ **"Integrated Household Living Conditions Assessment" (IHCLA-II)** အပေါ် ကမ္ဘာ့ဘဏ်မှဝန်ထမ်းများ၏ ၂၀၁၄ ဆန်းစစ်လေ့လာမှု။

[၄] **International Organization for Migration (IOM). 2014. "Migration, Livelihoods, and the Impacts on Myanmar: Analysis of Assessment Findings." Draft presentation, 14 February 2014** အား ဥပမာအနေနှင့်ကြည့်ရန်။

ရောဝတီနှင့်မကွေးရှိ အထွေထွေရွှေ့ပြောင်းမှု ပုံပန်းသဏ္ဌာန်များအားဖော်ပြသည့် စစ်တမ်း၏ ရလဒ်မှ ရရှိသော သရုပ်ဖော်စာရင်းအင်းများအပြင် နောက်ကြောင်းပြန် ပိုင်းခြားစိတ်ဖြာမှုမှ ရရှိသော ရလဒ်များသည်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်မှုများအပေါ် ပြုလုပ်သည့် ဂျဲလေ့လာမှုတွင် သတ်မှတ်ထားသည့် ပို့လွှတ်ရာဒေသများရှိ လူဦးရေအမျိုးအစား မျိုးစုံတို့အတွက် ရွှေ့ပြောင်းခြင်း ဆုံးဖြတ်ချက်နှင့်ဆက်နွယ်သည့် အဓိကအကြောင်းရင်းများအား ပိုမိုသိရှိ နားလည်စေသည်။[6]

ရွှေ့ပြောင်းခြင်းဆိုင်ရာ ပုံပန်းသဏ္ဌာန်များ၊ နည်းဗျူဟာများနှင့် ရလဒ်များ၏ အလားအလာရှိသည့် ကွာခြားမှုများအား စစ်ဆေးရန်အတွက် ဦးတည်ချက်ကျကျ ဥပမာရွေးချယ်ခြင်း မဟာဗျူဟာအား အရည်အသွေးကို ဆန်းစစ်လေ့လာသည့် သုတေသနက အသုံးပြုသည်။ တိုင်းဒေသကြီးအတွင်း ပထဝီအနေအထားအရ ကွာခြားမှုများအား ပုံဖော်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းဒေသကြီး တစ်ခုချင်းစီတွင် ပို့လွှတ်ရာဒေသများအဖြစ် ပိုင်းခြားစိတ်ဖြာရန်အတွက် မြို့နယ်နှစ်ခုအား ရွေးချယ်သည်။ မြို့နယ်တစ်ခုချင်းစီတွင် ကျေးရွာ (သီးခြားကျေးရွာအုပ်စုများမှ ရွေးချယ်သည်) နှစ်ခုအား အမျိုးအစားခွဲခြားမှုအား ထည့်သွင်းစဉ်းစား၍ တမင်ရွေးချယ်ထားသည် - ၁) သယ်ယူ ပို့ဆောင်မှု ရရှိနိုင်ခြင်း၊ ၂) စိုက်ပျိုးရေးအလားအလာ (မကွေးတွင် ဆည်မြောင်းစနစ်ဖြင့် တိုင်းတာပြီး ရောဝတီတွင် ရေချို သို့မဟုတ် ရေငန်ဖြင့် တိုင်းတာသည်)။ ထို့ကြောင့် ပိုင်းခြား စိတ်ဖြာမှုသည် တိုင်းဒေသကြီးတစ်ခုစီတွင် **LIFT** ကလုပ်ရှားဆောင်ရွက်သည့် ကျေးရွာ ၄ ခုအား လွှမ်းခြုံသည်။ ကျေးရွာတစ်ခုချင်းစီတွင် ကျေးရွာအာဏာပိုင်များ၊ လူမှုစီးပွားရေးအုပ်စုမျိုးစုံမှ အိမ်ထောင်စုများနှင့် ရွှေ့ပြောင်းရန်အလားအလာရှိသည့် ပုံရိပ်များနှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များဖြင့် (**QSEM** မှ သတ်မှတ်သည့် - လူငယ်၊ လူလွတ်နှင့် ပိုမိုဆင်းရဲသည့် အိမ်ထောင်စုများမှလာခြင်း) အုပ်စုလိုက် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်သည်။ အဓိကအချက် အလက်ပေးသူနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများအား သုတေသနပြုလုပ်သည့် အချိန်တွင် မိသားစုဝင်အတွင်းမှ ရွှေ့ပြောင်းသူ တစ်ဦးရှိသည့် သို့မဟုတ် ရွှေ့ပြောင်းသူတစ်ဦးပြန်လာရန် ဖြစ်နိုင်ခြေများသည်ဟု သတ်မှတ်ထား သည့် အိမ်ထောင်စုမျိုးဖြင့် ပြုလုပ်သည်။

လက်ရှိရွှေ့ပြောင်းသူများ၏ အမြင်များအား နားလည်ရန်အတွက် မြို့ပြဗဟိုကျသည့်နေရာများတွင် အရည်အသွေးအား ဆန်းစစ်လေ့လာသည့် သုတေသနအား အရေအတွက်အနည်းငယ်ဖြင့် ပြုလုပ်ခဲ့သည်။ မြို့ပြ ဗဟိုကျသည့်နေရာများတွင် ပြုလုပ်သည့်သုတေသနသည် ကနဦးကျေးရွာ အဆင့်မှ တိုးတက်လာခြင်းဖြစ်ပြီး အဆက်အသွယ်အချက်အလက်များအား မြို့ပြဗဟိုကျသည့် နေရာများတွင် ရွှေ့ပြောင်းသူများနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများအား ပံ့ပိုးရန်အတွက်

[5] ၂၀၁၄ လူဦးရေစစ်တမ်း၏အချက်အလက်အားအသုံးပြု၍ အိမ်ထောင်စုတစ်စုအား ရွေးချယ်သည့်ဖြစ်နိုင်ခြေအပေါ်မူတည်၍ ဥပမာဒီဇိုင်း၏သက်ရောက်မှုကို သုံးသပ်ရန်အတွက် ရလဒ်များအား နှိုင်းယှဉ်ထားသည်။ အုပ်ချုပ်မှုဒေသတစ်ခုချင်းတွင် ကျပန်းဥပမာအရွယ်အစား အိမ်ထောင်စု ၃၆၃ စုအား အောက်ဖော်ပြပါကန့်သတ်ချက်ဘောင်များအား အခြေပြု၍ခန့်မှန်းထားခြင်းဖြစ်သည် - **Confidence interval** - ၉၅ ရာခိုင်နှုန်း၊ **Level of significance** - ၀.၀၅၊ **Expected proportion in the population having a migrant member** - ၃၀၊ **Population size** - ~၁,၀၀၀,၀၀၀ (အိမ်ထောင်စု)။ ဥပမာအရွယ်အစားခန့်မှန်းခြေအတွက် **input** ကန့်သတ်ချက်ဘောင်များ သတ်မှတ်ခြင်းတွင် ပါဝင်သည့်အချက်အလက်များနှင့်ယူဆချက်များ မရှိသည့်အတွက် အိမ်ထောင်စု ၃၆၃ ဥပမာအရွယ်အစားအား ၄၀၀ အထိ မြှင့်တင်ပြီးချိန်ညှိခဲ့သည်။ ဒီဇိုင်းသက်ရောက်မှု ၂.၀ အား မြန်မာနိုင်ငံတွင် ကြီးမားသည့်အိမ်ထောင်စုစစ်တမ်းများအတွက် အသုံးပြုလေ့ရှိသည့်ပုံမှန်စံနှုန်းနှင့်အညီ ရွေးချယ်ခြင်းဖြစ်ပြီး ကျေးရွာအဆင့်အုပ်စုများအား ထည့်သွင်းစဉ်းစား၍ပြုလုပ်ခြင်းဖြစ်သည် (**LIFT QSEM** စစ်တမ်းများနှင့် **IHLCA** ၁ နှင့် ၂)။ ဒီဇိုင်းသက်ရောက်မှု ၂.၀ အပေါ်အခြေပြု၍ ကျေးရွာများအသုံးပြုကာ အုပ်ချုပ်မှုဒေသတစ်ခုချင်းစီအတွက် စုစုပေါင်းဥပမာအရွယ်အစား။

[6] နောက်ဆက်တွဲ ၄ သည် တွေ့ရှိချက်များ၏ချဉ်းကပ်ပုံနှင့်အကျဉ်းချုပ်တို့အား အသေးစိတ်ဖော်ပြထားသည်။

စုဆောင်းပေးသည်။ ပထမအဆင့်တွင် သွားလေ့ရှိသည့် ဦးတည်ရာနေရာများထဲတွင် ရန်ကုန်နှင့် မန္တလေးပါဝင်သည်။ မကွေးတွင် ဥပမာယူသည့်ကျေးရွာများ၌ မကွေးမြို့သည်လည်း ရာသီအလိုက် ရွှေ့ပြောင်းသူများအတွက် ရေပန်းစားသည့် ဦးတည်ရာနေရာတစ်ခု ဖြစ်သည်။ ရွှေ့ပြောင်းမှု ပုံပန်း သဏ္ဌာန်များအပေါ် နာဂစ်မုန်တိုင်း၏ ရေရှည်သက်ရောက်မှုအား နားလည်နိုင်ရန်အတွက် ဒုတိယအဆင့်တွင် ဘိုကလေးမြို့အား စတုတ္ထသုတေသနပြုလုပ်မည့်နေရာဟု သတ်မှတ်ခဲ့သည်။ ထိုနေရာများတွင် ပထမအဆင့်၌ ဖော်ထုတ်ထားသည့် လက်ရှိရွှေ့ပြောင်းသူများအား အဓိက အချက်အလက်ပေးသူနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများအတွက် ဆက်သွယ်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုအား ပိုမိုကျယ်ပြန့်စွာ ပြုလုပ်နိုင်ရန်အတွက် လက်ရှိရွှေ့ပြောင်းသူများအား ၎င်းတို့နှင့်တူညီသည့် နေရပ်ရင်းမှလာသော လုပ်ဖော်ကိုင်ဘက်များအား ဖော်ထုတ်စေသည်။

အရည်အသွေးအား ဆန်းစစ်လေ့လာသည့် သုတေသနလုပ်ငန်းအတွင်း ကွင်းဆင်းလေ့လာမှုအား နေရာ ၁၂ ခုတွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှဧပြီလအတွင်း ပြုလုပ်ခဲ့သည်။ ရွှေ့ပြောင်းသူများ ဖြစ်ထွန်းသည့် ကျေးလက်ဒေသများကို အာရုံစိုက်သည့် ပထမအဆင့်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများတွင် ပြုလုပ်ခဲ့ပြီး အဓိကအချက်အလက်ပေးသူနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲ ၁၂၀ နှင့် အုပ်စုလိုက်တွေ့ဆုံဆွေးနွေးပွဲ ၄၀ တို့အား ပါဝင်မေးမြန်းခံသူ စုစုပေါင်း ၃၄၅ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ ဒုတိယအဆင့်တွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၌ အဓိကအချက်အလက်ပေးသူနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲ ၁၀၃ ခုအား ပြုလုပ်ခဲ့သည်။

**အကန့်အသတ်များ**

ထိုဒေသနစ်ခုသည် များပြားသည့်လူဦးရေရှိပြီး မြန်မာနိုင်ငံ၏ကြီးထွားမှုနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချခြင်းတို့အတွက် အရေးကြီးသော်လည်း ဤလေ့လာမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်ခြင်းမဟုတ်သောကြောင့် ရွှေ့ပြောင်းမှုနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးအနေအထားအား ကိုယ်စားပြုသည်ဟု မပြောနိုင်သလို တွေ့ရှိချက်များသည်လည်း ဒေသအဆင့်ကိုသာ ကိုယ်စား ပြုသည်။ ၎င်းသည် နိုင်ငံ၏တောင်ပေါ်ဒေသများတွင်ရှိသော ရွှေ့ပြောင်းမှု ပုံပန်းသဏ္ဌာန်အား ပုံဖော်ခြင်းမဟုတ်ဘဲ ဥပမာအားဖြင့် ရာသီဥတု၊ ပျိုးပင်များ၊ စိုက်ပျိုးရေးအလေ့အထများ၊ အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးအား ထိတွေ့နိုင်မှုနှင့် အခြားအကြောင်းအရာများ ဆိုင်ရာ ကွာခြားမှုများသည် ရွှေ့ပြောင်းမှုအားနည်းမျိုးစုံဖြင့် လွှမ်းမိုးနိုင်သည်။ ဤလေ့လာမှု၏ ပထဝီအနေအထားအရ လွှမ်းခြုံသည့်အတိုင်းအတာတွင် မပါဝင်သည့် မြန်မာနိုင်ငံ၏နယ်စပ် ဒေသအများအပြားတွင် တိုင်းရင်းသားလူနည်းစု အုပ်စုမျိုးစုံနေထိုင်ကြပြီး ၎င်းတို့တွင် ခေတ်သစ် အုပ်ချုပ်မှုဆိုင်ရာ နယ်နိမိတ်များထက်စောသည့် ကြာမြင့်စွာကပင်ရှိခဲ့သော ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ အချိတ်အဆက်များရှိပြီး ၎င်းသည်လည်း ဤအစီရင်ခံစာတွင် လေ့လာ ထားသည်များနှင့် မတူညီသည့် ရွှေ့ပြောင်းမှုဆိုင်ရာ အလေ့အထများနှင့် သက်ဝင်မှုများရှိသည်။ ဤသုတေသနသည် ရွှေ့ပြောင်းမှု၏ အသားတင်စီးဆင်းမှုအား ဆန်းစစ်ခြင်းမဟုတ်ဘဲ ထွက်ခွာ သွားသည့် ရွှေ့ပြောင်းမှုအပေါ်သာ အာရုံစိုက်သည်။ အရေအတွက်အား ဆန်းစစ်လေ့လာသည့် စစ်တမ်းနှင့်အရည်အသွေးအား ဆန်းစစ်လေ့လာသည့် လုပ်ဆောင်မှုနှစ်ခုစလုံးတို့သည် သုတေသနပြုလုပ်သည့် ဒေသများတွင် ရွှေ့ပြောင်းလာမှုကြောင့်ဖြစ်ပေါ်သည့် သက်ရောက်မှုများ၏ အချက်အလက်များကို ဖော်ထုတ်ခြင်းမဟုတ်ပါ။ ဦးတည်သည့်နေရာများတွင် ပြုလုပ်သည့် ရွှေ့ပြောင်းမှုဆိုင်ရာ တွေ့ဆုံမေးမြန်းပွဲအချို့မှလွဲ၍ ဤသုတေသနသည် ရွှေ့ပြောင်းသူများ ဦးတည် သွားသည့် နေရာများတွင် ၎င်းတို့၏ အတွေ့အကြုံများအား ဆန်းစစ်ခြင်းမဟုတ်ပါ။ ဤသုတေသနက အာရုံစိုက်သည်မှာ မူလရပ်ရွာလူထု အသိုင်းအဝိုင်းများအပေါ် ရွှေ့ပြောင်းမှု၏ သက်ရောက်မှုအား ဆန်းစစ်ခြင်းဖြစ်သည်။ အမှန်တကယ်ရွှေ့ပြောင်းသူများ၏ အချက်အလက်များအတွက် ပြုလုပ်သည့် အရေအတွက်အား ဆန်းစစ်လေ့လာသည့်

စစ်တမ်းကောက်ရာတွင် ရွှေ့ပြောင်းသူများကို တိုက်ရိုက် တွေ့ဆုံမေးမြန်းခြင်းမဟုတ်ဘဲ အိမ်ထောင်စုဝင်များအား တွေ့ဆုံမေးမြန်းခြင်းမှတစ်ဆင့် အဓိကပြုလုပ်ခြင်းဖြစ်သည်။ အိမ်ထောင်စုဝင်များထံတွင် ရွှေ့ပြောင်းသူများ လုပ်ကိုင်နေသည့်အလုပ်များ၊ အလုပ်အကိုင် ရရှိခဲ့သည့် ကွန်ရက်များ သို့မဟုတ် လုပ်ကိုင်နေသည့် တည်နေရာတို့နှင့် ပတ်သက်၍ တိကျသည့်အချက်အလက်များ အမြဲတမ်း မရှိနိုင်ပါ။ ကျေးရွာတစ်ခုလုံးအလိုက် လူမှုရေးနှင့် စီးပွားရေးသက်ရောက်မှုများအား အရေအတွက်ဖြင့်ဆန်းစစ်ရန် ခက်ခဲသည်ဖြစ်ပြီး အကြောင်းမှာ လတ်တလော ပြည်တွင်းရွှေ့ပြောင်းမှုများ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ ၎င်းအတွက် အဓိကအသုံးပြုသည့်နည်းလမ်းမှာ မူလကျေးရွာများရှိ လူများ၏အမြင် စုစည်းသည့် မော်ဂျူးတစ်ခုအပေါ် ရယူသုံးသပ်ခြင်းဖြစ်သည်။ အမြင်များအပေါ်အခြေပြုခြင်းသည် တကယ့်အတွေ့အကြုံများအား မှတ်တမ်းတင်ခြင်းနှင့် မတူညီဘဲ ၎င်းတွင် ကိုယ်ပိုင် ကန့်သတ်ချက်များရှိသည်။

ဝေါဟာရ

**ပြည်တွင်းရွှေ့ပြောင်းခြင်း**ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မိမိဆန္ဒအလျောက်ရွှေ့ပြောင်းခြင်းကို ဆိုလိုသည်။ **ရွှေ့ပြောင်းသူများ**ဆိုသည်မှာ လွန်ခဲ့သော ၅ နှစ်အတွင်းတွင် အိမ်ထောင်စုတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ယခုအချိန်တွင် ပြည်ပသို့မဟုတ် မြန်မာနိုင်ငံရှိ အခြားနေရာတစ်နေရာတွင် သွားရောက်နေထိုင်သူ မည်သူမဆိုအား ဆိုလိုခြင်းဖြစ်သည်။ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းသူများ ဆိုသည်မှာ လွန်ခဲ့သော ၅ နှစ်အတွင်းတွင် ကျေးရွာအုပ်စု ပြင်ပ၌ အနည်းဆုံးတစ်လ သွားရောက်နေထိုင်ခဲ့သူ သို့မဟုတ် လုပ်ကိုင်ခဲ့သူကို ဆိုလိုသည်။ **ကျပန်းအလုပ်**ဆိုသည်မှာ အခြေအနေအရအများအားဖြင့် ယာယီ သို့မဟုတ် အချိန်ပိုင်း အလုပ်အကိုင်ကို ဆိုလိုသည်။ အလုပ်သမားများအား ငှားရမ်းပြီး ပုံမှန်အားဖြင့် နာရီပိုင်း သို့မဟုတ် နေ့စားသို့မဟုတ် တစ်ပတ်တစ်ခါ လုပ်အားခကို ပေးသည်။ **အသေးစားမြေပိုင်ဆိုင်သော လယ်သမားများ** ဆိုသည်မှာ ဧကငါးဧက သို့မဟုတ် ၎င်းထက်နည်းသော လယ်မြေအား ပိုင်ဆိုင်သော လယ်သမားကိုဆိုလိုသည်။[၇] **မြေယာမဲ့**ဆိုသည်မှာ စိုက်ပျိုးရန် မြေအား လက်လှမ်းမီ အသုံးပြုနိုင်ခြင်း သို့မဟုတ် ပိုင်ဆိုင်ခြင်း မရှိသူကို ဆိုလိုသည်။ **ရာသီအလိုက်ရွှေ့ပြောင်းခြင်း**သည် မူလကျေးရွာများတွင် သီးနှံရိတ်သိမ်းသည့် အချိန်အလွန်နှင့် စိုက်ပျိုးသည့် ကာလများအတွင်း အနီးအနားရှိကျေးရွာများ သို့မဟုတ် အနီးအနားရှိ မြို့များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာသည့် အခါတွင်ဖြစ်လေ့ရှိသည်။ရွှေ့ပြောင်းသူများသည် ရွှေ့ပြောင်းမှု ပုံပန်းသဏ္ဌာန်၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ရာသီအလိုက် ပြက္ခဒိန်အပေါ် အခြေပြု၍ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးမဟုတ်သည့် ကျပန်းအလုပ်များအား လုပ်ကိုင်ခြင်းဖြစ်သည်။ အပြီးအပိုင်ရွှေ့ပြောင်းခြင်းဆိုသည်မှာ ကာလအကန့်အသတ်တစ်ခုတွင် မူလကျေးရွာထံပြန်လာရန် စီစဉ်ထားခြင်းမဟုတ်ဘဲ အပြီးအပိုင်အနေနှင့်ရည်ရွယ်ပြီး ကျေးလက်မှမြို့ပြထံသို့ ရွှေ့ပြောင်းခြင်းကို ဆိုလိုသည်။

---


[၇] ဤလေ့လာမှုတွင်ပြုလုပ်သည့် အရည်အသွေးအားဆန်းစစ်လေ့လာမှုနှင့် QSEM သုတေသနအပါအဝင် ကမ္ဘာ့ဘဏ်၏ သုတေသနမှရရှိသော တွေ့ရှိချက်များအရ ဤမြေအရွယ်အစားအား ပိုင်ဆိုင်ခြင်းသည် သီးနှံနှစ်မျိုးအားစိုက်ပျိုးခြင်းကို ပတ်ဝန်းကျင်များကခွင့်ပြုသည့်တိုင်အောင် အိမ်ထောင်စု၏စားသုံးမှုဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လုံလောက်ခြင်းမရှိပါ။ စိုက်ပျိုးသူများအနေနှင့် ၎င်းတို့စိုက်ပျိုးသည့်သီးနှံများအား ရောင်းချခြင်းမှရရှိသည့် အမြတ်ငွေများသည် အိမ်ထောင်စုသုံးစွဲမှုအတွက် လိုအပ်သည့်ပမာဏအား များသောအားဖြင့် မဖြည့်ဆည်းပေးနိုင်ပါ။ ဧကငါးဧကနှင့် ၎င်းထက် နည်းသောလယ်မြေများတွင် စိုက်ပျိုးသည့်အိမ်ထောင်စုအများအပြားမှာ အကြွေးသံသရာတွင် ပိတ်မိနေပြီး အကြွေးများအား မည်သည့်အခါမှ အပြည့်အဝပြန်ဆပ်နိုင်ခြင်းမရှိဘဲ လက်ရှိအကြွေးများအား ပြန်ဆပ်နိုင်ရန်အတွက် အကြွေးအသစ်များ ယူရလေ့ရှိသည်။ အတိုးနှုန်းများသည် ထပ်ဆင့်ပွားလာ သို့မဟုတ် တိုးမြင့်လာပြီး အကြွေးများ ပြန်ဆပ်နိုင်စွမ်းမရှိတော့ပါ။ ဇူလိုင်လ ၂၀၁၄ MPLCS အတွက် ပြင်ဆင်သည့်အစိတ်အပိုင်းတစ်ခုအနေနှင့် ခြောက်သွေ့ဇုန်နှင့်မြစ်ဝကျွန်းပေါ်တို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဘဏ်၏အရည်အသွေးဆန်းစစ်လေ့လာသည့်ကွင်းဆင်းသုတေသနအား ကြည့်ရန်။

## မကွေးနှင့် ရေဝတီအတွင်း ရွှေ့ပြောင်းမှုများ၏ လျှပ်တစ်ပျက်ပုံရိပ်

ရွှေ့ပြောင်းခြင်းအား နားလည်ခြင်းသည် မည်သူရွှေ့ပြောင်းသည်ကိုဖော်ထုတ်ခြင်းဖြင့် စတင်သည်။ ဤအခန်းသည် ရေဝတီနှင့်မကွေးအတွင်းရှိ ရွှေ့ပြောင်းသူများ၏ အခြေခံပုံရိပ်များအား ပုံဖော်ပေးပြီး ထိုအထဲတွင် ရွှေ့ပြောင်းသူများအား ပို့လွှတ်နိုင်သည့် အိမ်ထောင်စုအမျိုးအစားများ၊ အိမ်ထောင်စုများအတွင်း မည်သူကဖြစ်နိုင်ခြေရှိသည်နှင့် မည်သည့်နေရာကိုရွှေ့ပြောင်းမည်တို့ပါဝင်သည်။

ရွှေ့ပြောင်းမှုအဆင့်သည် ရေဝတီနှင့်မကွေး နှစ်နေရာစလုံးတွင် မြင့်မားပြီးပြည်တွင်းရွှေ့ပြောင်းမှုသည်နိုင်ငံတကာရွှေ့ပြောင်းမှုထက်ပို၍ပျံ့နှံ့လျက်ရှိသည်။[၈] ရေဝတီတွင် အိမ်ထောင်စု ၅ ခုထဲမှ တစ်ခုနှင့် မကွေးတွင် အိမ်ထောင်စု ၄ ခု မှ တစ်ခု၌ မိသားစုဝင်တစ်ဦးသည် လက်ရှိ


(ပုံ ၁) ဒေသအလိုက် အိမ်၏အဝေးတွင် လက်ရှိ နေထိုင်နေသောမိသားစုဝင်များရှိသည့် အိမ်ထောင်စုများ [၉] ပြည်တွင်းရွှေ့ပြောင်းမှုသည် ရေဝတီနှင့်မကွေးအနှံ့တွင် ဖြစ်ပွားလျက်ရှိသည်။




[၈] ဖော်ပြထားသည့်အချက်အလက်များသည် ရေဝတီနှင့်မကွေးရှိ ထွက်ခွာသွားသောရွှေ့ပြောင်းမှုများကို ဆိုလိုသည်။ ဤသုတေသနသည် ၎င်းရပ်ရွာလူထုများအတွင်းသို့ ရွှေ့ပြောင်းလာမှု၏အဆင့်အား ဆန်းစစ်ခြင်းမဟုတ်သည့်အပြင် ကိန်းဂဏန်းများသည် အသားတင်ရွှေ့ပြောင်းမှုအား ကိုယ်စားမပြုပါ။

[၉] ဥပမာအုပ်စုခွဲတစ်ခုချင်းစီအတွက် လေ့လာမှုအရေအတွက်အား ရှင်းလင်းမှုအတွက် ဇယားများရှိ အဓိကစာပိုဒ်တွင် ထည့်သွင်းရေးသားထားခြင်းမရှိပါ။ တောင်းဆိုပါက ရရှိမည်။

ပုံ ၂ - ထွက်ခွာသွားသည့်နှစ်[၁၀]အလိုက် လက်ရှိရွှေ့ပြောင်းသူရှိသော သို့မဟုတ် ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူရှိသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း ပြည်တွင်းရွှေ့ပြောင်းမှုသည် ရေဝတီနှင့်မကွေးအနှံ့တွင် ဖြစ်ပွားလျက်ရှိသည်။




အချိန်တွင် ရွှေ့ပြောင်းနေသည်ဟု သိရှိရသည်။ ရေဝတီတွင် ၉ ရာခိုင်နှုန်းနှင့် မကွေးတွင် ၂၂ ရာခိုင်နှုန်းတို့သာ နယ်စပ်များဖြတ်ကျော်၍ အခြားနိုင်ငံများထံသို့ ရွှေ့ပြောင်းသွားကြသည်။

ရေဝတီနှင့်မကွေးတိုင်းဒေသကြီးများရှိ ကျေးရွာများထံမှ ရွှေ့ပြောင်းခြင်းသည် လတ်တလော နှစ်များတွင် လျင်မြန်စွာ တိုးမြင့်လာသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးမှ လက်ရှိရွှေ့ပြောင်းသူများနှင့် ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းသူများ၏ ထွက်ခွာသည့်နှစ်အား ဆန်းစစ်ခြင်းဖြင့် တွေ့ရှိရသည်မှာ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ကျေးရွာများထံမှ ထွက်ခွာသွားသည့်နှုန်းသည် နှစ်စဉ်ပို၍အနည်းငယ်မြင့်တက်လာပြီး ၂၀၁၄ ခုနှစ်တွင် သိသာထင်ရှားစွာမြင့်တက်လာကာ ရွှေ့ပြောင်းသူများ၏သုံးပုံတစ်ပုံမှာ ထိုနှစ်တွင် ၎င်းတို့၏ကျေးရွာများမှ ထွက်ခွာသွားခြင်းဖြစ်သည်။

ရွှေ့ပြောင်းသူအများစု၏ ရွှေ့ပြောင်းရခြင်းအကြောင်းမှာ မိသားစုကိစ္စများ သို့မဟုတ် ပညာရေးကြောင့် မဟုတ်ဘဲ စီးပွားရေးအကြောင်းများကြောင့်ဖြစ်သည်။ ရေဝတီမှ အိမ်ထောင်စု ၂ ရာခိုင်နှုန်းသာ မိသားစုအကြောင်းများကြောင့် (ဥပမာ - အခြားမိသားစုဝင်တစ်ဦးနှင့် သွားရောက်နေထိုင်ရန် သို့မဟုတ် အိမ်ထောင်ကျခြင်း သို့မဟုတ် လင်မယားကွာရှင်းခြင်း) သို့မဟုတ် ပညာရာရန်အတွက် ၎င်းတို့၏အိမ်ထောင်စုဝင်များ ရွှေ့ပြောင်းသည်ဟု ဆိုသည်။ ၎င်းသည် အချိုးအစားအားဖြင့် မကွေးထက်များပြီး မကွေးတွင် အိမ်ထောင်စုများ၏ ၁၁ ရာခိုင်နှုန်းသည် မိသားစုကိစ္စ သို့မဟုတ် ပညာရေးအတွက် ရွှေ့ပြောင်းကြသည်။ တိုင်းဒေသကြီး နှစ်ခုစလုံးမှ ရွှေ့ပြောင်းသူများစွာတို့သည် (ရေဝတီတွင် ၇၄ ရာခိုင်နှုန်းနှင့်  မကွေးတွင် ၇၁


[၁၀] မိသားစုဝင်များ လက်ရှိအချိန်တွင် ရွှေ့ပြောင်းနေခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းမှပြန်ရောက်လာခြင်းတို့အား သတင်းပို့သည့်အိမ်ထောင်စုများထံမှရရှိသော ထွက်ခွာသွားသည့်နှစ်။

ရာခိုင်နှုန်း) အလုပ်အကိုင်တစ်ခုအတွက် သို့မဟုတ် အလုပ်အကိုင်ရှာဖွေရန်အတွက် ရွှေ့ပြောင်းကြပြီး ထိုတိုင်းဒေသကြီးနှစ်ခုစလုံးမှ နောက်ထပ် ၂၀ ရာခိုင်နှုန်းသည် သူတို့၏မိသားစုများရင်ဆိုင်ရသည့် စီးပွားရေးဂယက်များကြောင့် ရွှေ့ပြောင်းကြရခြင်း ဖြစ်သည်။

ရောဝတီတွင် အိမ်ထောင်စု ၅ ခုထဲမှ တစ်ခုနှင့် မကွေးတွင် အိမ်ထောင်စု ၄ ခုမှ တစ်ခု၌ မိသားစုဝင် တစ်ဦးသည် လက်ရှိအချိန်တွင် ရွှေ့ပြောင်းနေသည်ဟု သိရှိရသည်။

(ပုံ ၃) ရွှေ့ပြောင်းရခြင်း၏အကြောင်းရင်းများ

ရောဝတီနှင့်မကွေးတွင် ရွှေ့ပြောင်းသူများသည် အလုပ်အကိုင်အတွက် ပမာဏများစွာရွှေ့ပြောင်းကြသည်။




ဘယ်သူတွေကရွှေ့ပြောင်းနေသလဲ
အသက်၊ ပညာအရည်အချင်း၊ လိင်

အမျိုးသားများသည် အမျိုးသမီးများထက် ရွှေ့ပြောင်းမှုနှုန်းများသော်လည်း အမျိုးသမီးများ၏ ရွှေ့ပြောင်းမှုနှုန်းသည် သိသာထင်ရှားသည်။ မကွေးတွင် ရွှေ့ပြောင်းသူများ၏အချို့ ၆၆ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြပြီး ရောဝတီတွင် ၆၀ ရာခိုင်နှုန်းရှိသည်။

တိုင်းဒေသကြီးနှစ်ခုစလုံးတွင် လက်ရှိရွှေ့ပြောင်းနေသူများနှင့် ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူ များ၏ အများစုမှာ သူတို့၏ မူလကျေးရွာများထံမှ ပထမဦးဆုံးအကြိမ် ထွက်ခွာချိန်တွင် အသက်အရွယ်အားဖြင့် ဆယ်ကျော်သက် အလယ်ပိုင်းမှ အသက်နှစ်ဆယ်ကျော်အထိ အရွယ်များ ရှိကြသည်။ တိုင်းဒေသကြီးတစ်ခုချင်းစီ၏ ရွှေ့ပြောင်းသူ ၈၀ ရာခိုင်နှုန်းမှာ အသက်အပိုင်းအခြား ၁၁ နှစ်မှ ၃၀ နှစ်အတွင်းတွင် ရှိကြပြီး အများစုမှာ ဆယ်ကျော်သက် နှောင်းပိုင်းမှ အသက် နှစ်ဆယ်ကျော်စွန်းစ အရွယ်များအထိ ဖြစ်ကြသည်။ ဖြစ်ရပ်ပေါင်း ၁၃ ခုတွင်သာ ရွှေ့ပြောင်းသူများ၏အသက်သည် ၁၅ နှစ်အောက်ဖြစ်သည်ဟု မှတ်တမ်း တင်ထားသည်။

(ပုံ ၄) အသက်နှင့်လိင်အလိုက် ရွှေ့ပြောင်းသူများတွင် ပါဝင်မှု

■ ရောဝတီ ■ မကွေး




ရောဝတီတွင် အမျိုးသမီးရွှေ့ပြောင်းသူများအနေနှင့် ၎င်းတို့၏မူလကျေးရွာများထံမှ ပထမဦးဆုံး အကြိမ်ရွှေ့ပြောင်းသည့် အချိန်တွင် အမျိုးသားရွှေ့ပြောင်းသူများထက် အသက်အရွယ်အားဖြင့် အနည်းငယ်ပို၍ငယ်ကြပြီး မကွေးတွင် အနည်းငယ်ပို၍ အသက်ကြီးကြသည် (ပုံ ၄)။

ရွှေ့ပြောင်းသူအများစုသည် ပထမဦးဆုံးအကြိမ် ထွက်ခွာသည့်အခါတွင် ပျမ်းမျှအားဖြင့် အသက်အရွယ်ငယ်သူများဖြစ်ကြပြီး ထိုအချိန်တွင် အများအပြားမှာ အိမ်ထောင်မရှိကြသေးပါ။ ရောဝတီတွင် ရွှေ့ပြောင်းသူများ၏ ၇၅ ရာခိုင်နှုန်းသည် အိမ်ထောင်မရှိကြကာ ၎င်းနှင့်ယှဉ်၍ မကွေးတွင် ၇၁ ရာခိုင်နှုန်းသည် အိမ်ထောင်မရှိကြပါ။ အရည်အသွေးအား ဆန်းစစ်လေ့လာသည့် သုတေသနက မီးမောင်းထိုးပြသည်မှာ အိမ်ထောင်သည်ရွှေ့ပြောင်းသူများမှာ ပုံမှန်အားဖြင့် အိမ်ထောင်ဦးစီးများဖြစ်ကြပြီး အများအားဖြင့် ရာသီအလိုက်အလုပ်များတွင် ဝင်ရောက် လုပ်ကိုင်ကြသည်။ ၎င်းသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိ ကျေးရွာတစ်ခုအတွက် ပို၍မှန်ကန်ပြီး ၎င်းတို့သည် ဖားကန့်ကျောက်စိမ်းမိုင်းတွင်းများတွင် သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်သည်။ ဤလေ့လာချက်မှတွေ့ရှိချက်အရ ပို၍ရှားပါးသည့်ဖြစ်ရပ်မှာ ဘိုကလေးမြို့နယ် ကဲ့သို့သော ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသောနေရာများတွင် အိမ်ထောင်စုတစ်ခုလုံး အလိုက် ရွှေ့ပြောင်းမှုများရှိသည်။

(ပုံ ၅) အသက်၊ လိင်နှင့် ပညာအရည်အချင်းအလိုက် ရွှေ့ပြောင်းသူနှင့် မရွှေ့ပြောင်းသူအုပ်စုများထဲတွင် ပါဝင်မှု
ရွှေ့ပြောင်းသူများသည် ရွှေ့ပြောင်းခြင်းမပြုလုပ်သူများနှင့်ယှဉ်လျှင် ယေဘုယျအားဖြင့် ငယ်ပြီး ပို၍ပညာတတ်ကြသည်။



ထို့အပြင် ရွှေ့ပြောင်းသူများသည် ရွှေ့ပြောင်းခြင်းမပြုလုပ်သူများထက် ပညာအရည်အချင်း ပို၍ကောင်းတတ်သည်။ ရွှေ့ပြောင်းသူအများစုမှ အသက် ၁၁ နှစ်မှ ၅၀ အတွင်း ဖြစ်ကြသောကြောင့် ပိုင်းခြားစိတ်ဖြာမှုအနေဖြင့် ဤအသက်အပိုင်းအခြားအတွင်းရှိ ရွှေ့ပြောင်းသူများနှင့် ရွှေ့ပြောင်းခြင်းမပြုလုပ်သူများ၏ ပညာအရည်အချင်းကို နှိုင်းယှဉ်ပြုလုပ်ခြင်းဖြစ်သည်။ မကွေးတွင် ရွှေ့ပြောင်းသူများ၏ ၆၀ ရာခိုင်နှုန်းမှာ မူလတန်းပညာရေးထက်မြင့်သော ပညာအရည်အချင်းများ ရှိကြပြီး ထိုဒေသရှိ ရွှေ့ပြောင်းခြင်း မပြုလုပ်သူများထဲတွင် ၄၀ ရာခိုင်နှုန်းသာ မူလတန်း ပညာရေးထက် မြင့်သည်။ ဧရာဝတီတွင် မကွေးနှင့် တူညီသော်လည်း မကွေးလောက် သိသာထင်ရှားမှုမရှိဘဲ ရွှေ့ပြောင်းသူများနှင့် ရွှေ့ပြောင်းခြင်း မပြုလုပ်သူများအကြား ကွာဟမှုမှာ ၅၆ ရာခိုင်နှုန်း နှင့် ၄၉ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။

ရွှေ့ပြောင်းသူအိမ်ထောင်စုများ၏ပုံရိပ်တွင် သိသာသည့် ဒေသအလိုက်မတူညီမှုများရှိသည်။ ဧရာဝတီတွင် မြေယာမဲ့အိမ်ထောင်စုများသည် ရွှေ့ပြောင်းနိုင်ခြေပိုများသော်လည်း မကွေးရှိ အသက်မွေးဝမ်းကျောင်းအုပ်စုများနှင့် အနည်းငယ်ကွာခြားသည်။

ပုံ ၅ က ပြသသည်မှာ ဧရာဝတီနှင့် မကွေးရှိ ရွှေ့ပြောင်းမှုများသည် ယေဘုယျအားဖြင့် ပို၍ ငယ်ရွယ်ပြီး ပို၍ပညာတတ်ကြကာ အမျိုးသားများဖြစ်နိုင်ခြေများသည်။ ဧရာဝတီရှိ ကျပန်းအလုပ်သမားများ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍများအတွင်းရှိ ကျပန်းလယ်အလုပ်သမားများသည် အခြားသူများထက် ရွှေ့ပြောင်းနိုင်ခြေ ပို၍များသည်။ သို့သော် မကွေးတွင် လယ်များ၊ ရေလုပ်ငန်းများနှင့်/သို့မဟုတ် မွေးမြူရေးလုပ်ငန်းများအား ပိုင်ဆိုင်သူများသည် ရွှေ့ပြောင်းသူများတွင် ပိုမိုကြီးမားသည့် အချိုးအဖြစ်ပါဝင်သည်။ ၎င်းသည် တိုင်းဒေသကြီးများ အကြား ကွာခြားမှုများအား ထင်ဟပ်စေပြီး - ဧရာဝတီမြေယာမဲ့မှုသည် သိသာထင်ရှားစွာ ပို၍ များပြားသကဲ့သို့ ထို့ကြောင့် ကျပန်းအလုပ်သမားနှုန်းသည်လည်း ပို၍များပြားသည်။[၁၁]

ရွှေ့ပြောင်းအလုပ်သမားများ၏ ဖူလုံမှုဆိုင်ရာပုံရိပ်တွင် သိသာသည့်ဒေသအလိုက် မတူညီမှုများ ရှိသည်။ ဧရာဝတီတွင် မြေယာမဲ့အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးမှုမရှိသည့် အိမ်ထောင်စုများထက် ပို၍ရွှေ့ပြောင်းနိုင်ခြေများသည်။ ထိုဒေသတွင် ဆင်းရဲနွမ်းပါးသည့် မြေယာမဲ့အိမ်ထောင်စုများ၏ ၂၅ ရာခိုင်နှုန်းသည် ၎င်း၏ အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးရွှေ့ပြောင်းသည်ဟု သတင်းပို့ပြီး၊ ၎င်းနှင့်ယှဉ်လျှင် မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများသို့မဟုတ် ပို၍အခြေအနေကောင်းသည်ဟု သတ်မှတ်ခံထားရသော အိမ်ထောင်စုများအတွက် ၁၈ ရာခိုင်နှုန်းအောက်သာ ထိုကဲ့သို့သတင်းပို့သည်။ ၎င်းနှင့်နှိုင်းယှဉ်၍ မကွေးတွင် အသက်မွေးဝမ်းကျောင်း အမျိုးအစားအလိုက် အိမ်ထောင်စုအတွင်း ရွှေ့ပြောင်းမှုနှုန်းသည် သိသာသည့် ကွာခြားမှုမရှိပါ။ သို့သော် အလယ်တန်းသို့မဟုတ် အထက်တန်းပညာရေးအဆင့် ရှိသောမိသားစုဝင်များရှိသည့် အိမ်ထောင်စုများအနေဖြင့် ရွှေ့ပြောင်းသူတစ်ဦးရှိနိုင်နှုန်းသည် ပို၍များကာ ၃၀ ရာခိုင်နှုန်းရှိ၍ ၎င်းနှင့်နှိုင်းယှဉ်လျှင် အလယ်တန်းအောက် သို့မဟုတ်

---


[၁၁] LIFT။ ၂၀၁၂။ Baseline စစ်တမ်းရလဒ်များ။ LIFT - ရန်ကုန်။ http://lift-fund.org/lift-in-action/content/lift baseline-survey-results - 2012

## (ပုံ ၆) ရေဝတီနှင့်မကွေးအတွက် ဦးတည်သည့်နေရာများရှိ ရေပန်းစားသည့် အလုပ်အကိုင်များ

ရေဝတီမှရွှေ့ပြောင်းသူများသည် ရန်ကုန်ရှိ တရားဝင်မဟုတ်သည့်ကဏ္ဍတွင် စုစည်းလျက်ရှိပြီး မကွေးမှရွှေ့ပြောင်းသူများအတွက် ဦးတည်ရာ နေရာများနှင့် အလုပ်အကိုင်အမျိုးအစားများသည် ပို၍ကွဲပြားခြားနားသည်။




(ပုံ ၇) မကွေးနှင့်ရေဝတီမှ ရွှေ့ပြောင်းသူများအတွက် အဓိကဦးတည်သည့်နေရာများ
ရန်ကုန်သည် ရေဝတီမှရွှေ့ပြောင်းသူများအတွက် အဓိကဦးတည်ရာနေရာဖြစ်သော်လည်း မကွေးမှလာသူများ၏ဦးတည် ရာနေရာများသည် ပို၍ကွဲပြားခြားနားသည်။




မူလတန်းပညာအရည်အချင်းရှိသော အိမ်ထောင်စုများတွင် ၂၂ ရာခိုင်နှုန်းသာရှိသည်။ ရေဝတီတိုင်းမှရွှေ့ပြောင်းခြင်း၏ ထူးခြားသော အခြားအချက်တစ်ခုမှာ ကြာမြင့်ချိန်ဖြစ်ပြီး ရွှေ့ပြောင်းသူများပို့သည့် အိမ်ထောင်စုများ၏ စစ်တမ်းအပေါ် ဖြေကြားချက်များအရ အလုပ်အကိုင်များ၏ ၆၉ ရာခိုင်နှုန်းမှာ အပြီးအပိုင် အမြဲတမ်း အလုပ်များဖြစ်ပြီး နှိုင်းယှဉ်လျှင် မကွေးတွင် ၄၄.၉ ရာခိုင်နှုန်းသာရှိသည်။

(ပုံ ၈) ကျားအမျိုးအစားနှင့်လိင်အမျိုးအစားအလိုက် ဦးတည်သည့်နေရာများရှိ အလုပ်အကိုင်



ရန်ကုန်သည် အမျိုးသားနှင့်အမျိုးသမီးရွှေ့ ပြောင်းသူများအတွက် ရေပန်းအစားဆုံး ဦးတည်ရာနေရာဖြစ်ပြီး အထူးသဖြင့် ရောဝတီမှလာသူများအတွက် ဖြစ်သည်။ ရောဝတီမှလာသော ရွှေ့ပြောင်းသူများ၏ ၅၈ ရာခိုင်နှုန်းသည် ရန်ကုန်သို့ရွှေ့ပြောင်းကြပြီး နှိုင်းယှဉ်လျှင် မကွေးမှလာသူများ၏ ၂၄ ရာခိုင်နှုန်းသာ ရန်ကုန်သို့ရွှေ့ပြောင်းကြသည်။

## ၎င်းတို့က ဘယ်ကိုရွှေ့ပြောင်းသလဲနှင့် ဘာတွေလုပ်ကြသလဲ။

ရွှေ့ပြောင်းမှုများဦးတည်သည့်နေရာများနှင့်၊ အနည်းအကျဉ်းအားဖြင့် ထိုနေရာများတွင် ရွှေ့ပြောင်းသူများ လုပ်ကိုင်ဆောင်ရွက်သည့် အလုပ်အကိုင်အမျိုးအစားများနှင့်ပတ်သက်ပြီး ထိုတိုင်းဒေသကြီးနှစ်ခုအကြားတွင် မြင်သာသည့်ကွာ ခြားမှုများရှိသည်။ ပုံ ၇ တွင် ပြသသည့်အတိုင်း ရန်ကုန်သည် ရွှေ့ပြောင်းသူအမျိုးသမီးရော၊ အမျိုးသားပါ နှစ်မျိုးစလုံး၏ ရေပန်းအစားဆုံး ဦးတည်ရာနေရာဖြစ်ပြီး အဓိကအားဖြင့် ရောဝတီမှရွှေ့ပြောင်းသူများဖြစ်ကာ ရွှေ့ပြောင်းသူများ၏ ၅၈ ရာခိုင်နှုန်းသည် ရန်ကုန်သို့ဦးတည်ကြပြီး ၎င်းနှင့်ယှဉ်လျှင် မကွေးမှ ရွှေ့ပြောင်းသူများ၏ ၂၄ ရာခိုင်နှုန်းသာ ရန်ကုန်သို့ ဦးတည်သည်။ ရန်ကုန်အပြင် ရွှေ့ပြောင်းခြင်းအတွက် ဦးတည်ချက်မျိုးစုံရှိသည်။ မန္တလေးသည် ဒုတိယရေပန်းအစားဆုံး ဦးတည်ရာနေရာဖြစ်ပြီး မကွေးမှရွှေ့ပြောင်းသူ ၁၀ ရာခိုင်နှုန်းနှင့် ရောဝတီမှ ၄ ရာခိုင်နှုန်း အသီးသီးရှိသည်။ ထို့အပြင် ရွှေ့ပြောင်းသူများ၏ ငါးပုံ တစ်ပုံသည် မိမိ၏ဒေသအတွင်း ရွှေ့ပြောင်းကြပြီး ထိုအထဲမှအများအပြားမှာ ၎င်းတို့၏မြို့နယ်အတွင်း ရွှေ့ပြောင်းကြခြင်းဖြစ်သည်။

ရန်ကုန်သည် ရောဝတီမှ အမျိုးသမီးရွှေ့ပြောင်းသူများအတွက် အထူးရေပန်းစားပြီး အမျိုးသမီးများ၏ သုံးပုံနှစ်ပုံသည် ၎င်းထံသို့သွားရန် ရွေးချယ်ကြသည်။ ရန်ကုန်တွင် ရောဝတီမှ လာသော ရွှေ့ပြောင်းသူအများစုမှာ ကျပန်းအလုပ်နှင့် ကုန်ထုတ်လုပ်သောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ အရည်အသွေးအား ဆန်းစစ်လေ့လာသည့် သုတေသနက ပြသသည်မှာ မြို့ပြဒေသများရှိ ကျပန်းအလုပ်သမားများသည် စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေးနှင့် အခြား စိုက်ပျိုးရေးမဟုတ်သည့် ကျွမ်းကျင်မှုနည်းပါးသော ကျပန်း အလုပ်အကိုင်များတွင် လုပ်ကိုင်ကြသည်။ ထို့အပြင် ရန်ကုန်အတွင်းသို့ ရွှေ့ပြောင်းလာသူများသည် အထည်အလိပ်လုပ်ငန်းတွင် စက်ရုံလုပ်သားများအနေနှင့် ဝင်ရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးရွှေ့ပြောင်းသူများ၏ ၅၅ ရာခိုင်နှုန်းသည် ကုန်ထုတ် လုပ်သော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ အရည်အသွေးအား ဆန်းစစ် လေ့လာသည့် သုတေသနအား အခြေပြု၍ အထည်ချုပ်စက်ရုံ အလုပ်တွင် များစွာ ဝင်ရောက်လုပ်ကိုင်လိုကြပြီး အကြောင်းမှာ ၎င်းသည် လုပ်အားခ ပိုကောင်းမွန်စွာ ပေး၍ ကျပန်းအလုပ်များနှင့်ယှဉ်လျှင် ပို၍ပုံမှန်ဖြစ်ပြီး ရေရှည်လုပ်ကိုင်၍ရသော အလုပ်ဖြစ်သည်။[၁၂]

[၁၂] အလုပ်သမားများအား ထိတွေ့နိုင်မှုအကန့်အသက်သာရှိသောကြောင့် အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်အခြေအနေနှင့် ပတ်သက်သည့် သီးခြားအချက်အလက်များ ရရှိနိုင်ခြင်းတွင် အကန့်အသတ်ရှိပြီး ၎င်းကပြသသည်မှာ ထိုအလုပ်အကိုင်သည် အလားအလာရှိသည့်ရွှေ့ပြောင်းသူများနှင့်လက်ရှိရွှေ့ပြောင်းသူများအတွက် ဦးစားပေးဖြစ်သော်လည်း ထိုအလုပ်အကိုင်သည် အလုပ်ချိန်များစွာနှင့်အားထုတ်မှုများစွာ တောင်းဆိုသည်။ ရန်ကုန်တွင် လက်ရှိရွှေ့ပြောင်းသူ ၁၂၀ တို့သည် အထည်ချုပ်စက်ရုံ များတွင် လုပ်ကိုင်နေကြသည်ဟုဖော်ထုတ်ထားသော်လည်း သုတေသီများအနေနှင့် နှစ်ဦးနှင့်သာ ပြောဆိုခွင့်ရပြီး အကြောင်းမှာ စက်ရုံပိုင်ရှင်များအနေနှင့် အလုပ်သမားများ၏ကြာမြင့်သည့်အလုပ်ချိန်အတွင်း ဝင်ရောက်ပြီးတွေ့ဆုံမေးမြန်းရန် ခွင့်မပြုကြပါ။

မကွေးမှရွှေ့ပြောင်းသူများသည် ရောဝတီမှရွှေ့ပြောင်းသူများထက်စာလျှင် ပြည်ပသို့ ရွှေ့ပြောင်းနိုင်ခြေ ပို၍များသည်။

အမျိုးသားများ၏ လေးပုံတစ်ပုံသည် ဆောက်လုပ်ရေးစီမံကိန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြပြီး များသောအားဖြင့် ကျပန်းအလုပ်သမားအနေဖြင့် လုပ်ကိုင်ကြသည်။ ရောဝတီမှရွှေ့ပြောင်းသူ ၉ ရာခိုင်နှုန်းသာ နိုင်ငံတကာသို့ရွှေ့ပြောင်းသွားကြပြီး အများစုမှာ အမျိုးသားများ ဖြစ်သည်။ မလေးရှား၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သည် ရောဝတီမှ နိုင်ငံတကာရွှေ့ပြောင်းမှုများအတွက် အဓိကဦးတည်ရာနေရာများဖြစ်သည်။

အားလုံးခြုံငုံ၍ကြည့်လျှင် မကွေးမှရွှေ့ပြောင်းသူများအတွက် ရွှေ့ပြောင်းမှု ဦးတည်ရာနေရာများသည် ပို၍အမျိုးအစားကွဲပြားခြားနားပြီး ၎င်းတို့အနေနှင့် ၎င်းတို့၏မူလဇာတိ သို့မဟုတ် ရန်ကုန်မှလွဲ၍ မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသများထံသို့ ရွှေ့ပြောင်းနိုင်ခြေများသည်။ ဦးတည်ရာနေရာများတွင် စစ်ကိုင်း (၈ ရာခိုင်နှုန်း)၊ နေပြည်တော် (၇ ရာခိုင်နှုန်း)၊ မကွေးမြို့နယ်များ (၄ ရာခိုင်နှုန်း) နှင့် ကချင်ပြည်နယ် (၃ ရာခိုင်နှုန်း) တို့ ပါဝင်သည်။ ထို့အပြင် မကွေးမှရွှေ့ပြောင်းမှုများက ပြသသည်မှာ နိုင်ငံတကာရွှေ့ပြောင်းမှုသည်လည်း မြင်သာစွာ ဆက်လက်ဖြစ်ပေါ်နေပြီး အထူးသဖြင့် အမျိုးသားများအတွက်ဖြစ်ကာ မကွေးမှရွှေ့ပြောင်းသည့်အမျိုးသားများ၏ သုံးပုံတစ်ပုံသည် နိုင်ငံတကာသို့ ရွှေ့ပြောင်းခြင်းဖြစ်ပြီး အများစုမှာ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ ရွှေ့ပြောင်းခြင်းဖြစ်သည်။ အရေအတွက်မှာ အမျိုးသမီးများအတွက် ပို၍ နည်းပါးပြီး မကွေးမှအမျိုးသမီးရွှေ့ပြောင်းသူ ၉ ရာခိုင်နှုန်းသာလျှင် ပြည်ပသို့ရွှေ့ပြောင်းသည်။

ခြုံငုံ၍ တွက်ဆထားသည့် မိသားစုဝင်များ၏ ရွှေ့ပြောင်းမှုဆိုင်ရာ အဖြစ်အပျက်များ၊ ကြာရှည်သည့်ကာလနှင့် တွက်ဆထားသည့် ဦးတည်ရာနေရာများရှိ အလုပ်အကိုင်များ၏ အနေအထားတို့အကြား သိသာထင်ရှားသည့် ကွာဟမှုများရှိသည်။ အထူးသဖြင့် ရောဝတီတွင် ဖြေဆိုသူ ၆၉ ရာခိုင်နှုန်း၏ အဆိုအရ ၎င်းတို့၏ မိသားစုဝင် ရွှေ့ပြောင်းသူများသည် အပြီးအပိုင် ရွှေ့ပြောင်းသွားသည်ဟု ဆိုသော်လည်း ၇၉ ရာခိုင်နှုန်း၏ အဆိုအရ ထိုရွှေ့ပြောင်းသူများ၏ အလုပ်အကိုင်များမှာ ကျပန်းအလုပ်များသာဖြစ်သည်။ ဤကွာဟမှုအား မကွေးတွင်တွေ့ရှိရခြင်း သိပ်မရှိပဲ ၄၅ ရာခိုင်နှုန်းကသာ အပြီးအပိုင် ရွှေ့ပြောင်းသည်ဟု မြင်ကြပြီး ၇၀ ရာခိုင်နှုန်း သာ ကျပန်းအလုပ်သမားများအနေဖြင့် ဝင်ရောက်လုပ်ကိုင်ကြသည်။ ၎င်းအချက်က ယာယီ သဘောသာဖြစ်သည့် မကွေးရှိ ရာသီအလိုက်ရွှေ့ပြောင်းမှုနှုန်း မြင့်မားခြင်းနှင့် သတ်မှတ် ထားသည့် အချိန်ကာလများနှင့် အလုပ်အကိုင်လုံခြုံမှု ပိုရှိသည့် ရွှေ့ပြောင်းမှုဖြစ်သော နိုင်ငံတကာရွှေ့ပြောင်းမှု အရေအတွက်များ ပိုမိုမြင့်လာခြင်းတို့ကို ထင်ဟပ်ပြသလျက် ရှိသည်။



အထည်ချုပ်လုပ်သား



# ရွှေပြောင်းပုံအမျိုးအစားများ

လှုံ့ဆော်မှုအမျိုးမျိုး၊ အဟန့်အတားအမျိုးမျိုးနှင့် နည်းဗျူဟာအမျိုးမျိုးတို့ဖြင့် မတူညီသည့် ရွှေ့ပြောင်းသူအုပ်စုအမျိုးမျိုး ရှိသည်။ ဤအခန်းသည် ညွှန်ပြသည့် အုပ်စုအမျိုးအစားသုံးခုအား ဖော်ပြသည်။ ဤအုပ်စုများသည် နောက်လာမည့် အခန်းများထဲတွင် ရွှေ့ပြောင်းခြင်း၏ အတွေ့အကြုံအမျိုးမျိုးတို့အား ဆန်းစစ်ရန်အတွက် မူဘောင်တစ်ခုအနေဖြင့် ပါဝင်သည်။

ဤလေ့လာမှုကဖော်ပြသည်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အုပ်စုများအရ ရွှေ့ပြောင်းခြင်းအတွက် လှုံ့ဆော်မှုမျိုးစုံရှိသည်။ တစ်ခါတစ်ရံ အပြိုင်ဖြစ်နေတတ်သော အဖြစ်အပျက်အနည်းငယ်ကပင် ၎င်းထဲမှ အများအပြားအား ဖော်ပြပြီး လူများအနေနှင့် မည်သည့်အကြောင်းများကြောင့် ရွှေ့ပြောင်းသည်နှင့် ၎င်းသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အုပ်စုမျိုးစုံတို့အပေါ် မူတည်၍ မည်ကဲ့သို့ကွာခြားသည်ကို ပြသသည်။

- ပို၍ဆင်းရဲနွမ်းပါးသည့် ကျပန်းအလုပ်သမားများနှင့် အသေးစားမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများအနေဖြင့် ကျေးရွာပြင်ပရှိ ရာသီအလိုက် သို့မဟုတ် အမြဲတမ်း စိုက်ပျိုးရေးမဟုတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများဖြင့် ၎င်းတို့၏ လက်ငင်း လိုအပ်ချက်များအား ဖြေရှင်းရန် သို့မဟုတ် ၎င်းတို့၏ကြွေးမြီများအား လျှော့ချရန်။

- အိမ်ထောင်စုများသည် အန္တရာယ်အားဖြေရှင်းသည့် နည်းလမ်းတစ်ခုအနေနှင့် သူတို့၏ ကျေးလက်စိုက်ပျိုးရေးမှရရှိသော ဝင်ငွေရင်းမြစ်နှင့် ကွဲပြားသည့် အခြားရင်းမြစ်များထံမှ ဝင်ငွေရှာဖွေရန်။ ထိုကဲ့သို့သော ရွှေ့ပြောင်းခြင်းအမျိုးအစားအား ထပ်မံ၍ ခွဲခြားပြသ နိုင်သည်။

    အိမ်ထောင်စုများသည် ကလေးများ၊ အများအားဖြင့် အကြီးဆုံးကလေးများအား တစ်နှစ်ပတ်လုံး ပုံမှန်ဝင် ငွေစီးဆင်းမှု ဖော်ထုတ်ရန်အတွက် မြို့ပြဒေသများထံသို့ စေလွှတ်ခြင်း။

    ထို့အပြင် အိမ်ထောင်စုများအနေနှင့် စိုက်ပျိုးရေးရာသီကျဆင်းသည့် အချိန်များတွင် ထိုကာလအတွင်း ကြွေးမြီအဆင့်အား လျှော့ချရန်အတွက် မြို့ပြဒေသများတွင် အရွယ်ရောက်ပြီး အိမ်ထောင်စုဝင်များအား သွားရောက်၍ လုပ်ကိုင်စေခြင်း။

- လယ်ကွင်းထဲတွင် နေပူအောက်နှင့်ရွှံ့များထဲတွင် ပင်ပန်းစွာဖြင့်လုပ်ကိုင်ရခြင်းထက် ပို၍သက်သာသည့် အခြားအစားထိုး အသက်မွေးဝမ်းကျောင်းများအား ရှာဖွေလိုသည့် ကျပန်းအလုပ်သမားများ။

- ပိုမိုကောင်းမွန်သည့် ပညာရေးအခွင့်အလမ်းများနှင့် ရှေ့ရေးအလားအလာများအား ရှာဖွေနေသည့် လူငယ်များ။

မကွေးနှင့်ရောဝတီရှိလူများ အဘယ်ကြောင့်ရွှေ့ပြောင်းရသည်ဆိုသည့် တစ်ခုတည်းသော အကြောင်းရင်း မရှိပါ။ ဥပမာအားဖြင့် လူအချို့အနေဖြင့် အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန် လူမှုရေးရာ ဦးစားပေးမှုများနှင့် ကျွမ်းကျင်မှုများ ဖော်ထုတ်ရန်တို့အတွက် မျှော်လင့်ထားသည့် အခွင့်အလမ်းများ အစရှိသော ပေါင်းစပ်ထားသည့် အကြောင်းရင်းများ ပြောမည့်အစား ပိုမြင့်သည့်လခများ လိုချင်၍သာသွားသည်ဟု ဆိုကြသည်။

ကြီးစိုးသည့် လှုံ့ဆော်မှုအကြောင်းရင်းများအား အဓိကအုပ်စုသုံးခုဖြင့် ခွဲထုတ်၍ ဤအခန်းတွင် အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်း၊ တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်းနှင့် တုန်လှုပ်ဖွယ်အခြေအနေ တစ်ခုအား တုံ့ပြန်ခြင်းဟူသော ရွှေ့ပြောင်းခြင်းအမျိုးအစား သုံးခုအနေဖြင့် ဖော်ပြထားသည်။ ရွှေ့ပြောင်းခြင်းအမျိုးအစား တစ်ခုချင်းစီသည် ရွှေ့ပြောင်းသူတစ်ဦး၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်နှင့် ရွှေ့ပြောင်းခြင်း ပုံပန်းသဏ္ဍာန်တို့အား လှုံ့ဆော်သည့် အလွှမ်းမိုးဆုံး တွန်းအားပေးမှုများနှင့် အဟန့်အတားများကို ကိုယ်စားပြုသည်။ ဖော်ပြသည့် ပုံစံများအနေဖြင့် ဤအကြောင်းရင်းများသည် တကယ့်ဖြစ်ရပ်တွင် ရှင်းလင်းပြီးပြည့်စုံရန် အလွန်ဖြစ်ခဲသည်။ အမျိုးအစားများ အပြန်အလှန်ထပ်သွားခြင်းကို မျှော်လင့်ထားရမည်။ သို့သော် အဓိက လှုံ့ဆော်မှုများအား ဖော်ထုတ်ခြင်းဖြင့် ထိုအမျိုးအစားများသည် ရောဝတီနှင့်မကွေးတွင် လူများ အဘယ်ကြောင့်ရွှေ့ပြောင်းသည်ကို ဖော်ထုတ်နိုင်ပြီး အကြောင်းရင်းမျိုးစုံသည် ၎င်းတို့၏ နည်းဗျူဟာများကို မည်ကဲ့သို့ သက်ရောက်မှုရှိသည်ကိုလည်း တွေ့ရှိနိုင်မည်။

[၁၃] ဥပမာအားဖြင့်ကြည့်ရန် - Halliday, Timothy. 2010. “Intra-Household Labor Supply, Migration, and Subsistence Constraints in a Risky Environment: Evidence from Rural El Salvador.” IZA DP No. 4903. Or, Scott, James. 1976. The Moral Economy of the Peasant. New Haven, CT: YUP/

(ပုံ ၉) ရွှေ့ပြောင်းပုံအမျိုးအစားများ

**အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း**

ဝင်ငွေမရေရာမှုအား ရင်ဆိုင်ရန်အတွက် ရွှေ့ပြောင်းသူနှင့်အိမ်ထောင်စုအကြား အပြန်အလှန်အာမခံပေးခြင်း။ ဝင်ငွေကွာခြားမှုသည် သိပ်မများသည့်တိုင်အောင် ဆက်လက်ရွှေ့ပြောင်းမည်။

**တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း**

အဓိကလှုံ့ဆော်မှုများမှာ ပိုမိုများပြားသည့် ဝင်ငွေ၊ ပိုမိုလိုလားသည့်အလုပ်အကိုင်အနေအထားနှင့် လူနေမှုဘဝတို့ဖြစ်သည်။ နိုင်ငံတကာရွှေ့ပြောင်းခြင်း ပို၍ဖြစ်နိုင်ခြေရှိသည်။

**တုန်လှုပ်မှုတစ်ခုအားတုံ့ပြန်ခြင်း**

ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားတုန်လှုပ်မှုတစ်ခုကြောင့် ရွှေ့ပြောင်းခြင်း။ ရာသီအလိုက်ရွှေ့ပြောင်းခြင်း ပို၍ ဖြစ်နိုင်ခြေရှိသည်။

## အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း

ရောဂါဝတီနှင့် မကွေးတို့တွင်ရှိသော အိမ်ထောင်စုအများအပြားအတွက် ရွှေ့ပြောင်းခြင်းအား အဓိကအားဖြင့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းတစ်ခုအနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများသည် စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများလုပ်ကိုင်ခြင်း၊ အိမ်ထောင်စု၏ လုပ်အားကို မူရင်းဒေသ စိုက်ပျိုးရေးအလုပ်အကိုင်သာမက ဦးတည်သည့်နေရာတွင် စိုက်ပျိုးရေးမဟုတ်သည့်အလုပ်အကိုင်များ သွားရောက်လုပ်ကိုင်ခြင်းတို့ဖြင့် ဝင်ငွေရင်းမြစ်အား ပုံစံပြောင်းရန် ကြိုးပမ်းကြသည်။ ဖွံ့ဖြိုးမှုဆိုင်ရာမှတ်တမ်းများသည် အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိမ်ထောင်စုများက မည်ကဲ့သို့ပုံမှန်ဆောင်ရွက်လေ့ရှိသည်ကို မှတ်တမ်းတင်ထားသည်။ ထို "ဈေးကွက်မဟုတ်သည့်ယန္တရားများ" ၏ ဥပမာများထဲတွင် -ကျေးရွာအတွင်း သို့မဟုတ် မိသားစုအတွင်း ထောက်ပံ့ငွေများလွှဲပြောင်းခြင်း၊ ပိုင်ဆိုင်မှုများလျော့ကျလာခြင်း၊ လုပ်အားပံ့ပိုးမှုတိုးမြင့်လာခြင်း၊ အိမ်ထောင်စုဝင်များတိုးလာခြင်းနှင့် ရွှေ့ပြောင်းခြင်းတို့ ပါဝင်သည်။

ရပ်တည်မှုဆိုင်ရာ အဟန့်အတားများအား ရင်ဆိုင်နေရသော အိမ်ထောင်စုများအတွက် အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းခြင်းသည် အရေးကြီးသည်။ လက်ရှိတွင် ရှင်သန်ရပ်တည်မှုအတွက် လုပ်ကိုင်နေရသော အခြေအနေနီးပါးသို့ ရောက်ရှိနေသည့် အိမ်ထောင်စုများအနေဖြင့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန်အတွက် အဓိက ပုံဖော်ထားသည့် ဆုံးဖြတ်ချက်ချမှတ်ရေး မူဘောင်အား အသုံးပြုနိုင်ဖွယ်ရှိပြီးအကြောင်းမှာ စိုက်ပျိုးရေးမအောင်မြင်မှု သို့မဟုတ် အိမ်ထောင်စုအတွင်း သေဆုံးခြင်း သို့မဟုတ် ဖျားနာခြင်းစသည့် တုန်လှုပ်ဖွယ် အခြေအနေတို့သည် ဆိုးရွားသည့်အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်သည့်အတွက်ဖြစ်သည်။[၁၃] ဤအနေအထားအောက်တွင် ဤသုတေသနမှရရှိသည့် အချက်အလက်များက ညွှန်ပြသည်မှာ အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းခြင်းသည် ဤလေ့လာမှုတွင် လွှမ်းခြုံသည့် ဒေသများ အတွင်းရှိ အလားအလာရှိသည့် ရွှေ့ပြောင်းမှုများနှင့် လက်ရှိရွှေ့ပြောင်းမှုများ အားလုံးအတွက် မဟုတ်သည့်တိုင်အောင် အများ၏ ရွှေ့ပြောင်းခြင်း ဆုံးဖြတ်ချက်များအပေါ် လှုံ့ဆော်မှုများပေးပြီး အနေအထားများ ဖန်တီးပေးသည်။ ၎င်းအားတွေ့ရှိနိုင်သည့် ဥပမာတစ်ခုမှာ မြန်မာနိုင်ငံ၏ လူဦးရေအစိတ်အပိုင်းအများ အပြားသည် ဆင်းရဲနွမ်းပါးမှုအဆင့်နားတွင်ရှိပြီး အထွေထွေလူဦးရေအတွင်းရှိ အိမ်ထောင်စုအများစုသည် ဆင်းရဲနွမ်းပါးခြင်းဆီသို့ ကျရောက်သွားရန် တုန်လှုပ်ဖွယ် အဖြစ်အပျက်တစ်ခုသာ လိုအပ်တော့သည်။

[၁၄] ကမ္ဘာ့ဘဏ်၊ ၂၀၁၄၊ - "Myanmar Systematic Country Diagnostic." World Bank, Myanmar

## ၁ အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်း

ၶင်းတို့ ဘာကြောင့် ရွှေ့ပြောင်းကြသလဲ။

ရပ်တည်မှုအတွက် အခက်အခဲများရင်ဆိုင်နေရသည့်အခါ အိမ်ထောင်စုအများအပြားသည် ပိုမိုယုံကြည်စိတ်ချရသည့် ဝင်ငွေရရှိနိုင်သော စိုက်ပျိုးရေးမဟုတ်သည့်အလုပ်များ လုပ်ကိုင်ခြင်းဖြင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် အိမ်ထောင်စုအများအပြားသည် ရွှေ့ပြောင်းကြသည်။ အချိုးအစားအများစု မဟုတ်သည့် တိုင်အောင် ဧရာဝတီနှင့်မကွေးတိုင်းဒေသကြီးများမှ ရွှေ့ပြောင်းသူများသည် ဤအုပ်စုနှင့်ကိုက်ညီသည်။

ၶင်းတို့ ဘယ်လိုရွှေ့ပြောင်းကြသလဲ။

ထိုကဲ့သို့သော အိမ်ထောင်စုများမှ အိမ်ထောင်စုဝင်များသည် တည်ရှိနေသော လူမှုကွန်ရက်များမှတစ်ဆင့်သာ အားလုံးနီးပါး ရွှေ့ပြောင်းကြပြီး ၎င်းသည် ဦးတည်သည့်နေရာများတွင် ကြာမြင့်စွာအလုပ်အကိုင်ရှာနေရခြင်း သို့မဟုတ် အလုပ်အကိုင်မရခြင်းကဲ့သို့သော ရွှေ့ပြောင်းခြင်းဆိုင်ရာ အန္တရာယ်အချို့အားလျော့ပါးစေရန် အထောက်အကူပြုသည်။

၎င်းတို့ ဘာအလုပ် လုပ်ကိုင်ကြသလဲ။

လူမှုကွန်ရက်များအပေါ်တွင်သာ လုံးဝအားကိုးခြင်းသည် ထိုကဲ့သို့သော ရွှေ့ပြောင်းသူများအတွက်ဆောက်လုပ်ရေး ကဲ့သို့သော လစာနည်းပြီးကျွမ်းကျင်မှု ရှိရန်မလိုသည့် အလုပ်များတွင်သာ ဆက်၍လုပ်ကိုင်သွားစေသည်။

### ဇယားကွက် ၁ - အန္တရာယ်ကိုင်တွယ်ဖြေရှင်းသူ - ရာသီများအလိုက်သွားခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်ရှိ ဤရွာတွင်ရှိသော အခြားမြေယာမဲ့အိမ်ထောင်စုများ နည်းတူ ဤမျိုးဆက်သုံးခု ဖြတ်သန်းလာသော အိမ်ထောင်စုအနေနှင့် ၎င်းတို့၏အခြေခံစားသုံးမှု လိုအပ်ချက်များအတွက် လုံလောက်သည်ဆိုရုံမျှဖြစ်သည့် ၎င်းတို့၏ အဓိကဝင်ငွေကို ဖြည့်စွက် ပေးရန်အတွက် စိုက်ပျိုးရေးကျ ဆင်းသည့်ရာသီများတွင် အလုပ်အကိုင်များ ရှာဖွေကြသည်မှာ ကြာမြင့်ပြီဖြစ်သည်။ အိမ်ထောင်စုသည် အသက် ၃၀ကျော် ပတ်ဝန်းကျင်ရှိ အိမ်ထောင်မရှိသော အမျိုးသမီးနှင့် သူမ၏ အသက် ၂၀ ကျော် မောင်တို့ နှစ်ဦးထံမှ ရရှိသည့်ဝင်ငွေကို အားကိုးရသည်။ ၎င်းတို့၏မိဘများသည် အလုပ်လုပ်ကိုင်ရန်အတွက် အသက်အရွယ်ကြီးရင့်လွန်း နေပြီဖြစ်ပြီး အမျိုးသမီး၏ ဆယ်ကျော်သက်သမီးသည်လည်း ကျောင်းတက်နေဆဲ ဖြစ်သည်။ ၎င်းတို့၏အဓိကဝင်ငွေသည် ၎င်းတို့မြို့ရှိလယ်များတွင် ကျပန်းလုပ်ကိုင်ခြင်းမှရရှိသည် ဖြစ်သော်လည်း ထိုစိုက်ပျိုးခြင်းနှင့် ရိပ်သိမ်းခြင်းအလုပ်အကိုင်များဖြင့် ဝင်ငွေအား တစ်နှစ်လျှင် ငါးလထက်နည်း၍သာ ရှာနိုင်သည်။ အိမ်ထောင်စုအနေနှင့် ဒုတိယဝင်ငွေရရှိရန်ကြိုးပမ်းရပြီး ၎င်းမှာများသောအားဖြင့် ပုံမှန်မရှိသည့်ဝင်ငွေရင်းမြစ်များမှ ရရှိခြင်းဖြစ်သည်။ အကျိုးဆက် အနေနှင့် မိသားစုသည် အတိုးနှုန်းမြင့်သော ချေးငွေများအပေါ် များသောအားဖြင့်မှီခိုရသည်။ မြေမရှိသောကြောင့် အိမ်ထောင်စုအနေနှင့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ် (MADB) မှ ထုတ်ပေးသည့် အတိုးနှုန်းနည်းသော စိုက်ပျိုးရေးချေးငွေများအား မရရှိနိုင်ဘဲ ရွာထဲရှိပုဂ္ဂလိက ငွေချေးသူများထံမှ ၂၀ ရာခိုင်နှုန်းထက်ကျော်သည့် အတိုးဖြင့် မဖြစ်မနေချေးယူရတော့သည်။

ထိုကဲ့သို့သောအခြေအနေသည် မကွေးတွင် ကျေးလက်အိမ်ထောင်စု စီးပွားရေးများအတွက် သမားရိုးကျဖြစ်သော်လည်း လွန်ခဲ့သောသုံး၊ လေးနှစ်ခန့်က ဤကျေးရွာမှလူတစ်ဦးသည်

မကွေးမြို့သို့ရွှေ့ပြောင်းခဲ့ပြီး ထိုနေရာတွင် ကြိတ်စက်လုပ်ငန်း စတင်ထူထောင်ခဲ့သည့်အခါတွင် ဤကျေးရွာအတွက် အခြေအနေများပြောင်းလဲသွားခဲ့သည်။ စက်ရုံအတွက် အလုပ်သမားများ ခန့်အပ်သည့်အခါတွင် ပိုင်ရှင်သည် သူ၏မူလကျေးရွာထံမှ ခေါ်ယူသည်။ ကျေးရွာအတွင်း အလုပ်ရှာဖွေရေးကွန်ရက်တစ်ခု ချက်ချင်းပေါ်ပေါက်လာပြီး ဒေသခံကန်ထရိုက်တစ်ဦးသည် ရွှေ့ပြောင်းမှုများ စီစဉ်ပေးရန်အတွက် အဓိကကျလာကာ စက်ရုံတွင် အလုပ်အကိုင်နေရာ ရရှိခြင်းအပြင် နေထိုင်စရာအခင်းအကျင်းများလည်း စီစဉ်ပေးသည်။ ထိုအစီအစဉ်များသည် ကျေးရွာမှထွက်ခွာသည့် ရွှေ့ပြောင်းသူပထမအသုတ်အတွက် အရေးကြီးပြီး၊ အကြောင်းမှာ အလုပ်အကိုင် သို့မဟုတ် နေထိုင်စရာအတွက် အာမခံချက်မရှိဘဲ ရွှေ့ပြောင်းရလျှင် အန္တရာယ်သည် အလွန်ကြီးမားမည်ဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဤဖြစ်စဉ်လေ့လာမှုက အာရုံစိုက်နေသော အိမ်ထောင်စု၏ အဖွဲ့ဝင်တစ်ဦးက တွေ့ဆုံမေးမြန်းပွဲတစ်ခုတွင် ရှင်းပြသည်မှာ မြို့ပေါ်တွင် အလုပ်လုပ်ကိုင်ရန် ကမ်းလှမ်းချက်အား သူတို့သိသောသူထံမှ လာသည်မဟုတ်လျှင် သူတို့အနေနှင့် ယုံကြည်ခဲ့မည်မဟုတ်ပါ။

မကွေးမြို့ရှိကြိတ်စက်တွင် လူအများစုသည် ရွှေ့ပြောင်း၍ သွားရောက်လုပ်ကိုင်ခြင်းမှ ထိုရွာတွင် ဖြစ်ပေါ်လာသည့် ရွှေ့ပြောင်းခြင်းပုံစံသည် ရာသီအလိုက်အလွန်ဆန်ပြီး အကြောင်းမှာ ရွှေ့ပြောင်းသူများသည် ကျေးရွာထံမှ ဇွန်လနှင့်ဇူလိုင်လတို့တွင် ထွက်ခွာကြကာ ဇန်နဝါရီလတွင် ပြန်လာကြသည်။ ထိုကာလသည် နှမ်းနှင့်ပဲတို့ ရိတ်သိမ်းချိန်ဖြစ်သည့်အပြင် မကွေးမြို့ရှိစက်ရုံများ သည်လည်း ထိုရိတ်သိမ်းသည့် သီးနှံများအားကြိတ်ရန်အတွက် လုပ်အားလိုသောအချိန်ဖြစ်သည်။ ထိုနည်းဖြင့် ဤကျေးရွာမှ ကျပန်းအလုပ်သမားအများအပြားသည် တန်ဖိုးကွင်းဆက်အတွင်းတွင် လစ်လပ်နေသော လုပ်အားများအား ထိရောက်စွာဖြည့်ဆည်းပေးနိုင်ပြီး နှမ်းစေ့များအား စိုက်ပျိုးရေး ရာသီမြင့်သည့်အချိန်များတွင် စိုက်ပျိုးပြီး သူတို့၏ထုတ်ကုန်များ မြို့ထဲရှိစက်ရုံများတွင် ကြိတ်ရန် အချိန်ရောက်သည့်အခါ သူတို့သည် မြို့ရှိရာသို့ လေးလမှငါးလ သွားရောက်လုပ်ကိုင်ကြသည်။ ဤသံသရာသည် နှစ်စဉ်ဆက်ကာဖြစ်သွားသည်။

ဤဖြစ်စဉ်လေ့လာမှုတွင် ရွှေ့ပြောင်းသည့် အိမ်ထောင်စု၏မိခင်က သတင်းပို့သည်မှာမကွေးမြို့ဆီသို့ ရွှေ့ပြောင်းပြီး ကြိတ်စက်တွင် သွားရောက်လုပ်ကိုင်ခြင်းသည် စိုက်ပျိုးရေးမှရရှိသည့်အဓိကဝင်ငွေ၏ ပုံမှန်မဟုတ်ခြင်းနှင့် ဆက်စပ်သည့်စိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် အလွန် အရေးကြီးသည်။ “ယခုအချိန်တွင် ကျွန်ုပ်တို့ အစားအစာများဝယ်ယူနိုင်ပြီး . . . ” ဟု အိမ်ထောင်စုအတွင်းရှိ သက်ကြီးရွယ်အို စုံတွဲနှစ်ဦးက ထပ်မံဖြည့်စွက်ပြီး - “ပြီးတော့ ကျွန်ုပ်တို့အကြွေးလည်းယူဖို့ မလိုတော့ဘူး” ဟု ပြောသည်။

စက်ရုံတွင် အလုပ်များလုပ်ကိုင်ခြင်းသည် ဝင်ငွေကိုပုံမှန်ရရှိရန်အတွက် ဤကျေးရွာရှိအိမ်ထောင်စု များအား အခွင့်အလမ်းပေးသော်လည်း ကြိတ်စက်တွင် လုပ်ကိုင်ရသည့်အလုပ်မှာ နည်းပညာ အားဖြင့်နိမ့်ကျသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ အိမ်ထောင်စုအများအပြားသည် ထိုအချက်အား အကောင်းမြင်ကြကာ အကြောင်းမှာ တရားဝင်ပညာရေးတတ်မြောက်ရန် မလိုအပ်သောကြောင့်ဖြစ်သည်။ သို့သော် အနာဂတ်လုပ်ငန်းဆိုင်ရာတိုးတက်မှု သို့မဟုတ် ကျွမ်းကျင်မှုများ ပိုမိုရရှိလာစေခြင်းတို့အတွက် မည်သည့်အခွင့်အလမ်းမှမပေးပါ။

ဝင်ငွေဇာစ်မြစ်များအား နည်းလမ်းမျိုးစုံမှရရှိရန်နှင့်ပုံ မှန်ရရှိရန်ကြိုးပမ်းမှုတွင် ရွှေ့ပြောင်းခြင်း စကားအရ ဤအိမ်ထောင်စု၏ အတွေ့အကြုံမှာ အောင်မြင်သည်ဟု ဆိုရမည်ဖြစ်သော်လည်း

၎င်းသည် မကွေးမြို့နယ် ရှိကျေးရွာတစ်ခုတည်းတွင်သာ ထူးခြားစွာဖြစ်ပွားခြင်းမဟုတ်ပါ။ ယနေ့တွင် မှန်းခြေအားဖြင့် အိမ်ထောင်စုအားလုံး၏ သုံးပုံတစ်ပုံသည် ရွှေ့ပြောင်းသူ အိမ်ထောင်စုဝင်တစ်ဦးစီရှိကြပြီး ရွှေ့ပြောင်းမှုနှုန်းများသည် လွန်ခဲ့သောသုံးနှစ်အတွင်းတွင် တိုးမြင့်လာပြီး အားလုံးနီးပါးသည် မကွေးမြို့ရှိ ကြိတ်စက်တွင် လုပ်ကိုင်ရန်သွားကြခြင်းဖြစ်သည်။ ကျေးရွာခေါင်းဆောင်များက သတင်းပို့သည်မှာ ထိုရွှေ့ပြောင်းသူများ၏အများစုသည် ဆင်းရဲသည့်အိမ်ထောင်စုများမှ လာသည်ဖြစ်သော်လည်း အဆင်းရဲဆုံးထဲမှမဟုတ်ကာ ၎င်းသည် အန္တရာယ်စီမံခန့်ခွဲရန် ရွှေ့ပြောင်းသည့်အမျိုးအစားနှင့် ကိုက်ညီသည်။

ထိုအုပ်စုအတွင်းရှိ အိမ်ထောင်စုဝင်များသည် ၎င်းတို့၏ အဓိကဝင်ငွေရင်းမြစ်တွင် မတည်ငြိမ်မှုနှင့် မရေရာမှုများ ရင်ဆိုင်နေကြရသည်။ ၎င်းထဲတွင် ကျပန်းလုပ်သားအများဆုံးပါဝင်သည့် အိမ်ထောင်စုများအပြင် မြေအနည်းငယ်သာပိုင်ဆိုင်သည့် လယ်သမားများလည်းပါဝင်သည်။ ဤရွှေ့ပြောင်းခြင်းအမျိုးအစားတွင် မြေပိုင်ဆိုင်မှုသည် တစ်ခုတည်းသော ဆုံးဖြတ်ချက်ပေးသည့် အကြောင်းရင်းမဟုတ်သော်လည်း အစောပိုင်းကပြသခဲ့သည့်အတိုင်း အိမ်ထောင်စုတစ်စု၏ မြေပိုင်ဆိုင်မှုသည် ငါးကေသို့ ရောက်ရှိသည့်အခါတွင် ဆိုးရွားစွာတုန်လှုပ်စေသည့် အတွေ့အကြုံများ၏ဒဏ်ခံနိုင်စွမ်းပို၍ရှိလာသည်။ အချို့သော အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ဆက်စပ်သည့် ရွှေ့ပြောင်းခြင်းများသည် အခြေခံအားဖြင့် အိမ်ထောင်စုတစ်ခု၏ နည်းဗျူဟာဖြစ်ပြီး ထိုအမျိုးအစား အောက်တွင်ပြုလုပ်သည့် ရွှေ့ပြောင်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီထက် အိမ်ထောင်စုက ပြုလုပ်သွားဖွယ်ရှိသည်။

"လူများသည် အဘယ်ကြောင့်ရွှေ့ပြောင်းကြသနည်း" ခေါင်းစဉ်အောက်ရှိအခန်းတွင် ပို၍ အသေးစိတ် ဆွေးနွေးထားသကဲ့သို့ မူလနေရာနှင့် ဦးတည်သည့်နေရာများတွင် ရရှိသည့် လုပ်အားခများအပေါ် ပြုလုပ်သည့် အရည်အသွေးအား ဆန်းစစ်လေ့လာမှုမှ ရရှိသည့်အချက်အလက်များအရ နေရပ်ရင်းနှင့် ဦးတည်သည့်နေရာတို့အကြား ကျပန်း လုပ်အားခများတွင် ကွာခြားမှုသိပ်မရှိပါ။ လုပ်အားခတွင် သိသာသည့်ကွာခြားမှုမရှိသော်လည်း ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းခြင်းများ ရှိနေခြင်းသည် ထိုအုပ်စုများအတွက် အဓိက လှုံ့ဆော်မှုမှာ ဝင်ငွေ၏ တည်ငြိမ်မှုဖြစ်သည်ဆိုသော အယူအဆအား ထောက်ခံရာ ရောက်ပြီး မြို့ပြဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းမှာ တစ်နှစ်ပတ်လုံးရှိ၍ စိုက်ပျိုးရေးဒေသများတွင် ကျပန်းအလုပ်သည် အကန့်အသတ်ရှိပြီး ပုံမှန်မဟုတ်ပါ။ မြေယာမဲ့ အိမ်ထောင်စုများ၏ အများစုမှာ ရွှေ့ပြောင်းခြင်းအား အန္တရာယ်ကိုင်တွယ် ဖြေရှင်းရေး နည်းဗျူဟာအဖြစ် အသုံးပြုပြီး အလုပ်အကိုင်အခွင့်အလမ်းများ အရှိနိုင်ဆုံးဖြစ်သည့် ရန်ကုန်သို့ ရွှေ့ပြောင်းရန် အားသန်နေခြင်း၏ အကြောင်းရင်းကို ၎င်းအချက်က ရှင်းလင်း ဖော်ပြသည်။ ဧရာဝတီတွင် မြေယာမဲ့ အိမ်ထောင်စုများ၏ ၂၅ ရာခိုင်နှုန်းကျော်တွင် ရွှေ့ပြောင်းသည့် မိသားစုဝင်တစ်ဦးရှိပြီး ၎င်းနှင့်နှိုင်းယှဉ်ကြည့်လျှင် တိုင်းဒေသကြီး နှစ်ခုစလုံး အတွက် အလုံးစုံ ပျမ်းမျှ ရွှေ့ပြောင်းခြင်းမှာ ၂၀ ရာခိုင်နှုန်းဖြစ်ကာ ထိုအိမ်ထောင်စုအများစု၏ ရွှေ့ပြောင်းသူ ၆၀ ရာခိုင်နှုန်းနီးပါးသည် ရန်ကုန်သို့ ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ မကွေးတွင် ရှိသည့် မြေယာမဲ့အိမ်ထောင်စုများမှ ရွှေ့ပြောင်းသူများသည် အခြားမြေပိုင်ဆိုင်မှု အမျိုးအစားများမှ လာသော ရွှေ့ပြောင်းသူများနှင့်ယှဉ်လျှင် ရန်ကုန်သို့ ပို၍သွားနိုင်ခြေများသည်။

အိမ်ထောင်စုအတွင်း အလုပ်သမားရှိခြင်းသည် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အဓိကဆုံးဖြတ်ပေးသည့် အကြောင်းရင်းတစ်ခုဖြစ်သည်။ ရွှေ့ပြောင်းခြင်းတွင် အရင်းအမြစ်များထည့်ပြီးသုံး ရန်ဆုံးဖြတ်ချက်သည် ရွှေ့ပြောင်းမည့်သူကြောင့် ဆုံးရှုံးမည့်လုပ်အားကို အိမ်ထောင်စုအတွင်း ပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ရွှေ့ပြောင်းသူ ထံမှပြန်ပို့သည့် ငွေများမရရှိမချင်း လက်ရှိဝင်ငွေစီးဆင်းမှုအား ဖြည့်ဆည်းပေးနိုင်စွမ်းရှိခြင်းနှင့် နီးကပ်စွာဆက်စပ်လျှက်ရှိသည်။ ရောဝတီနှင့်မကွေးနှစ်ခုစလုံးတွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသော အိမ်ထောင်စုဝင်များ၊ အထူးသဖြင့် အမျိုးသားများ၏အချိုးသည် စုစုပေါင်း အိမ်ထောင်စုဝင်များ၏ အချိုးနှင့်ယှဉ်၍ မြင့်တက်လာပါက ရွှေ့ပြောင်းမှုနှုန်းသည်လည်း မြင့်တက်လာသည်။

ဤအမျိုးအစားအောက်ရှိ ရွှေ့ပြောင်းခြင်းသည် အလုပ်အကိုင်များ အများဆုံးရနိုင်ခြေရှိသည်ဟု အမြင်ခံရသည့် ရန်ကုန်နှင့်မန္တလေးတို့ကဲ့သို့သော အဓိကမြို့ကြီးများအား အာရုံစိုက်သည်။ ထိုအမျိုးအစားတွင်ပါဝင်သည့် ရွှေ့ပြောင်းသူများသည် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် လက်ဘက်ရည်ဆိုင်များကဲ့သို့သော ကျပန်းအလုပ်အကိုင်များအား မြို့ပြဒေသများတွင် တစ်နှစ်ပတ်လုံး လုပ်ကိုင်လေ့ရှိပြီး မူလကျေးရွာ သို့မဟုတ် အနီးအနားရှိ ကျေးရွာမှရွှေ့ပြောင်းသူများဖြင့် ငွေများပို့ပေးခြင်း သို့မဟုတ် အားလပ်ရက်များတွင် ကိုယ်တိုင် မိမိကျေးရွာထံပြန်လာ၍ ငွေအားသယ်ဆောင်လာကြသည်။ သို့သော် ထိုအလုပ်အကိုင် အမျိုးအစားအောက်ရှိ အချို့သော ကျပန်းအလုပ်သမားများသည် စိုက်ပျိုးရေးရာသီ ကျဆင်းချိန် များတွင်သာ ရွှေ့ပြောင်းပြီး စိုက်ပျိုးရေးအားကောင်းသည့် ရာသီများတွင် မြင့်မားသည့်ဝင်ငွေ ရနိုင်သည့် အခွင့်အရေးကို ရယူရန်အတွက် မိမိတို့၏ရွာများသို့ ပြန်လာတတ်ကြပြီး ၎င်းအား အောက်ဖော်ပြပါ ဇယားကွက် ၁ တွင် တွေ့ရှိနိုင်သည်။

အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းခြင်းသည် ရွာမှမထွက်ခွာမီ အလုပ်အကိုင် များနှင့် ဦးတည်သည့်နေရာတို့နှင့် ပတ်သက်သည့်အချက်အလက်များ ရှာဖွေရန်အတွက် လူမှုကွန်ရက်များအား အသုံးပြုခြင်းအပေါ် များစွာမှီခိုလျှက်ရှိသည်။ လူမှုကွန်ရက်များသည် ရွှေပြောင်းသူအားလုံးအတွက် အရေးကြီးသော်လည်း ဤအမျိုးအစားအောက်ရှိ အလားအလာ ရှိသော ရွှေ့ပြောင်းသူများနှင့် ၎င်းတို့၏အိမ်ထောင်စုများသည် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အန္တရာယ်အားရှောင်ရှားခြင်းနှင့် ပို၍သက်ရောက်မှုရှိသောကြောင့် မထွက်ခွာမီ အလုပ်အကိုင် များနှင့် နေထိုင်စရာတို့နှင့် ပတ်သက်၍ အာမခံချက်ရရှိခြင်းကို လိုလားသည်။

## တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း

တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းဆိုသည်မှာ မြို့ပြဒေသများ သို့မဟုတ် ပြည်ပနိုင်ငံများတွင် ပိုမိုမြင့်မားသည့် လုပ်အားခများ ရရှိနိုင်ခြင်းဆိုသည့် အခွင့်အရေးကိုရရှိရန်အပြင် လူမှုဘဝဆိုင်ရာ ဦးစားပေးမှု နှစ်သက်မှုများကိုလည်း ရရှိရန် ဦးတည်သည် ရွှေ့ပြောင်းခြင်းကို ဆိုလိုသည်။ တုန်လှုပ်မှုတစ်ခုအား တုံ့ပြန်သည့်ရွှေ့ပြောင်းခြင်း သို့မဟုတ် အန္တရာယ်အား ကိုင်တွယ် ဖြေရှင်းရန် ရွှေ့ပြောင်းခြင်းတို့နှင့် နှိုင်းယှဉ်သည့်အခါ တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းခြင်းအား ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသည့် အန္တရာယ်များအား ရှောင်ရှားရန်အတွက် ယန္တရားတစ်ခုအနေနှင့်မမြင်ဘဲ မြန်မာနိုင်ငံ၏ စျေးကွက်စီးပွားရေးနှင့် ၎င်းကဖန်တီးသည့် မြို့ပြတွင်ပေါ်ထွက်လာသည့် အခွင့်အလမ်းများတွင် ပါဝင်နိုင်သည့်

## တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း

### ၎င်းတို့ ဘာကြောင့် ရွှေ့ပြောင်းကြသလဲ။

မြေနှင့်အခြားပိုင်ဆိုင်မှုများ ပိုင်ဆိုင်ခြင်းဖြင့် ထိုအိမ်ထောင်စုများသည် မြန်မာနိုင်ငံ၏စျေးကွက်စီးပွားရေးစနစ်နှင့် ၎င်းနှင့်အတူပေါ်ထွက်လာသည့် အများအားဖြင့် မြို့ပြအခွင့်အလမ်းများတွင် ပါဝင်ခြင်းဖြင့် အဆင်မြှင့်ရန်နှင့် ဆင်းရဲနွမ်းပါးမှု မှရုန်းထွက်ရန်အတွက် ရွှေ့ပြောင်းခြင်းအား အသုံးပြုနိုင်စွမ်းရှိသည်။

### ၎င်းတို့ ဘယ်လိုရွှေ့ပြောင်းကြသလဲ။

ပိုမိုမြင့်သည့် ပညာရေးရှိခြင်းဖြင့် ထိုရွှေ့ပြောင်းသူများသည် မြို့ပြဒေသများတွင် ပိုမိုတရားဝင်ဖြစ်သည့် အလုပ်အကိုင်များအတွက်ယှဉ်ပြိုင်နိုင်ခွင့်ပေးသည်။ ထိုနည်းတူ ပိုင်ဆိုင်မှုပို၍များသောကြောင့် ထိုအိမ်ထောင်စုများသည် နိုင်ငံတကာရွှေ့ပြောင်းမှုအတွက် ငွေကြေးအရထောက်ပံ့နိုင်ပြီး ပြည်ပရှိပိုမိုမြင့်သည့် လုပ်အားခများကို ရရှိစေနိုင်သည်။

### ၎င်းတို့ ဘာအလုပ် လုပ်ကိုင်ကြသလဲ။

အချို့သောရွှေ့ပြောင်းသူများသည် အထည်ချုပ်စက်ရုံအလုပ်များကဲ့သို့သော ပုံမှန်လစာရပြီး သတ်မှတ်ထားသည့်အလုပ် ခန့်ကာလရှိသည့် ပိုမိုတရားဝင်ပြီး ကျွမ်းကျင်မှုအနည်းငယ်သာ လိုအပ်သည့် အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြေရှိသည်။

အခွင့်အရေးအဖြစ် မြင်သည်။ တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း၏ ထိုထူးခြားသည့် ပုံသဏ္ဍာန်သည် ရွှေ့ပြောင်းခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်းဆိုင်ရာ မိုက်ကရိုအဆင့် သီအိုရီများအတွက် အရေးကြီးသည့်အပြင် ရွှေ့ပြောင်းခြင်းအား ထုတ်လုပ်မှု အားနည်းသည့်နေရာမှ အားများသည့်နေရာများသို့ လုပ်အားရွှေ့လျားမှုဟုမြင်သော သီအိုရီအပေါ်အခြေခံသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းမှု၏ အဆောက်အအုံဆိုင်ရာ ကူးပြောင်းမှုတွင် ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းခြင်း၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် မက်ကရိုအဆင့် သီအိုရီများအတွက်လည်း အရေးကြီးသည်။

ထိုအမျိုးအစားအောက်ရှိ ရွှေ့ပြောင်းသူများသည် မြေကဲ့သို့သော အရင်းအနှီး သို့မဟုတ် ပိုင်ဆိုင်မှုများ ရှိသည့်အိမ်ထောင်စုများမှ လာနိုင်ခြေများသည်။ ၎င်းတို့သည် ထိုပိုင်ဆိုင်မှုများအား ချေးငှား၍ ပဏာမရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်အတွက် အရင်းအနှီးမတည်သည်။ ပညာရေး သို့မဟုတ် ခရီးသွားရန်အတွက် ကုန်ကျစရိတ်ကဲ့သို့သော ဤရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့အား မြို့ပြဒေသများ သို့မဟုတ် ပြည်ပနိုင်ငံများတွင် လုပ်အားခများသည့် အလုပ်အကိုင်များ ရရှိစေသည်။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရွှေ့ပြောင်းသူများအား မြို့ပြဒေသများတွင် လခများပြီး တည်ငြိမ်သည့် အလုပ်အကိုင်များ ရရှိစေသည်။ ဥပမာအားဖြင့် အလယ်တန်းပညာအရည်အချင်း ရှိသည့် မိန်းကလေးတစ်ဦးသည် အထည်ချုပ်စက်ရုံတစ်ခုတွင် ကျပန်းအလုပ်ရရှိနိုင်သော်လည်း တက္ကသိုလ်ပညာရရှိထားသော အမျိုးသမီးသည် ပုံမှန် စာရေးစာချီအလုပ်အကိုင်အား ရရှိနိုင်သည်။

ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုအား တတ်နိုင်ခြင်းသည် အိမ်ထောင်စု၏ ပိုင်ဆိုင်မှုများရှိခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေပြီး အလယ်အလတ် မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများ (၅-၁၂ ဧက) မှ ရွှေ့ပြောင်းသူ ၄၀ ရာခိုင်နှုန်းသည် အလယ်တန်းပညာရေး အနည်းဆုံးရှိကြပြီး ၎င်းသည် အသေးစားမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများမှ ရွှေ့ပြောင်းသူများထက် နှစ်ဆများသည်။ မဆင်းရဲသည့် အိမ်ထောင်စုများ (၁၂ ဧကအထက်နှင့်/သို့မဟုတ် ဒေသအတွင်း သုံးစွဲမှု၏ ထိပ်ဆုံး ၁၀ ရာခိုင်နှုန်းတွင်ပါဝင်သည့်) အနက် ရွှေ့ပြောင်းသူများ၏ ၃၅ ရာခိုင်နှုန်းသည် တက္ကသိုလ်ဒီဂရီရရှိကြပြီး ၎င်းနှင့် နှိုင်းယှဉ်၍ မြေအနည်းငယ်သာပိုင်ဆိုင်သည့် အိမ်ထောင်စုများနှင့် မြေယာမဲ့အိမ်ထောင်စုများတွင် ၄ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။

ခရီးသွားစရိတ်များကို အကုန်အကျခံနိုင်ခြင်းသည် ထိုအမျိုးအစားအောက်တွင် နိုင်ငံတကာ ရွှေ့ပြောင်းမှု အလေ့အထနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ နိုင်ငံတကာရွှေ့ပြောင်းမှုတွင် ခရီးသွား ကုန်ကျစရိတ်များရုံသာမကဘဲ တရားဝင်နှင့် တရားဝင်မဟုတ်သည့် လူဝင်မှု ကြီးကြပ်ရေး ဆိုင်ရာ အစီအစဉ်များလည်းပါဝင်သည်။ ဤနေရာတွင်လည်း မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတွင် ထိုရင်းနှီးမြှုပ်နှံမှုများအား တတ်နိုင်ခြင်းသည် မြေ သို့မဟုတ် ထုတ်လုပ်မှုအားကောင်းသည့် ပိုင်ဆိုင်မှုများရှိခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ ရွှေ့ပြောင်းခြင်း၏ ဦးတည်သည့်နေရာများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အုပ်စုများအကြား ခိုင်မာသည့် ဆက်နွယ်မှုမရှိသော်လည်း မကွေးတွင် မြေအနည်းငယ်သာ ပိုင်ဆိုင်သည့် လယ်သမားများသည် မြေယာမဲ့အိမ်ထောင်စုများမှ လူများထက် နိုင်ငံတကာသို့ ရွှေ့ပြောင်းနိုင်ခြေ နှစ်ဆရှိသည်။ မြေအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ ဆယ်ဦးအနက် တစ်ဦးက ပြောကြားသည်မှာ ထိုင်းနိုင်ငံ၊ တရုတ်နှင့် မလေးရှားနိုင်ငံ တို့တွင် သူတို့၏ မိသားစုဝင်တစ်ဦး ရွှေ့ပြောင်းနေသည်ဟူ၍ ဖြစ်သည်။

တုန်လှုပ်ဖွယ်ရာ အတွေ့အကြုံများမှ မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်းသည် လုပ်အားခ ပိုမို ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရန်အပြင် ကျွမ်းကျင်မှုများမြှင့်တင်နိုင်မှုနှင့် ဘဝ အတွေ့အကြုံ ရရှိလိုမှုများက ရွှေ့ပြောင်းခြင်းအတွက် အဓိကလှုံ့ဆော်မှုများအနေနှင့် တိုးတက်မှုအတွက်ရွှေ့ပြောင်းသည့် ရွှေ့ပြောင်းသူများက ဖော်ပြသည်။ ဥပမာအားဖြင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းခြင်းနှင့် ကွာခြားသည်မှာ ၎င်းတွင် ရွှေ့ပြောင်းသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ မတတ်နိုင်သည့်အတွက် အဓိက စိတ်ဝင်စားသည်မှာ တစ်နှစ်ပတ်လုံး အလုပ်အကိုင်များ ရရှိနိုင်ရန်ဖြစ်သည်။

### ဇယားကွက် ၂ - တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း - အနာဂတ်အတွက်ကြီးမားသည့် အစီအစဉ်များ

အသက် ၁၉ နှစ်ပြည့်ခါစ ယောကျ်ားလေးတစ်ဦးအနေနှင့် ကြီးမားသည့်အိပ်မက်များမက်နိုင်သည်။ မြေပိုင်ဆိုင်မှု အလယ်အလတ်ရှိသည့် မိသားစုထံမှလာ၍ သူ၏မိသားစုသည် ရပ်တည်မှုဆိုင်ရာ အခက်အခဲများကို ရင်မဆိုင်ရပါ။ သူ၏မိသားစုသည် မချမ်းသာသော်လည်း မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကျေးရွာရှိအများစုထက်တော့ သာသေးသည်။ အိမ်ထောင်စုအနေနှင့် သူတို့၏

လယ်များအား ထွန်ယက်ရန်အတွက် ကျပန်းအလုပ်သမားများ ငှားရမ်းနိုင်သောကြောင့် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ရန် မလိုအပ်ပါ။ သူသည် ပညာရေးအား အထက်တန်းအထိ ဆက်လက်သင်ကြားခွင့်ရပြီး သူ၏သက်တူရွယ်တူအများစုမှာ ၎င်းအားလက်လှမ်းမမီနိုင်ကြပါ။ သူ့အား မြို့ပေါ်ရှိလူနေမှုဘဝက ဆွဲဆောင်နိုင်သလို ကျေးရွာဘဝကိုလည်း သူမကျေနပ်ပါ။ သူ၏ရွာတွင် လျှပ်စစ်ဓာတ်အားမရှိခြင်းနှင့် အင်တာနက်လိုင်းမရှိခြင်းတို့အတွက် သူစိတ်ပျက်လျှက်ရှိသည်။ သတင်းစာများနှင့်မဂ္ဂဇင်းများမရရှိနိုင်ခြင်းအတွက် နောက်ဆုံးပေါ် သတင်းများလည်း သူမရရှိနိုင်ပါ။ အရေးကြီးဆုံးမှာ သူသည် လယ်သမားတစ်ဦးမဖြစ်ချင်ပါ။ သူ့ကိုယ်သူဘာဖြစ်ချင်တယ် ဆိုတာကို သူသိသည် - နိုင်ငံခြားဧည့်သည်များအတွက် ဧည့်လမ်းညွှန်တစ်ဦး ဖြစ်ချင်သည်။ လွန်ခဲ့သောတစ်နှစ်က သူသည် အထက်တန်းကျောင်းမှနုတ်ထွက်ခဲ့ပြီး သူ၏ရည်ရွယ်ချက် ဖြစ်မြောက်ရန်အတွက် မန္တလေးသို့သွား၍ အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုနေရာတွင် နေနှင့်နေသော သူ၏အစ်မသည် မြို့အတွင်း၌ စားသောက်ဆိုင်ငယ်လေးတစ်ခုဖွင့်ထားသော သူမ၏ငယ်သူငယ်ချင်းနှင့်သူ့အား ဆက်သွယ်ပေးသည်။ စားသောက်ဆိုင်ပိုင်ရှင်သည် အရက်ဖျော်စပ်သူတစ်ဦးအလိုရှိကြောင်းနှင့် ပခုက္ကူမြို့နယ်မှလူအား ပို၍ခန့်လိုသည်ဟုဆိုသည်။ အထက်တန်းအောင်သည့်လက်မှတ် မလိုအပ်သော်လည်း အထက်တန်းပညာရေးအနည်းငယ်ရှိခြင်းကို လိုလားသည်။ လူငယ်မှာ ဆယ်တန်းအောင်ပြီးသည့်အတွက်အကျုံးဝင်သည်။

သူသည် ဧည့်လမ်းညွှန်တစ်ဦးမဖြစ်မီ အရက်ဖျော်စပ်သူတစ်ဦးအနေနှင့် လုပ်အားခကောင်းကောင်းရသည့်အပြင် နေရာထိုင်ခင်းတို့ကိုလည်း အလကားရသည်။ သို့သော်သူ့အား တကယ်ဆွဲဆောင်သည်မှာ သူတို့သည် နိုင်ငံခြားမှလာသည့် ဧည့်သည်များအားအဓိကအားဖြင့် ဧည့်ခံရသောကြောင့် စားသောက်ဆိုင်ဝန်ထမ်းများအား အခမဲ့သင်ပေးနေသောပုဂ္ဂလိက အင်္ဂလိပ်ဘာသာစကား သင်ပေးသည့်ဆရာနှင့် ထိတွေ့ခွင့်ရခြင်းဖြစ်သည်။ သူသည်ထိုအစီအစဉ်အား အလွန်သဘောကျပြီး အကြောင်းမှာ သူ့အနေနှင့် အင်္ဂလိပ်ဘာသာစကားအားသင်ယူရန်အတွက် ကုန်ကျစရိတ်ရော၊ အချိန်ကိုပါ မတတ်နိုင်သည့်အတွက် ဖြစ်သည်။ ဝင်ငွေကောင်းသည့်အပြင်၊ နိုင်ငံခြားသားများကိုလည်း ထိတွေ့ခွင့်ရပြီး အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုများအားလည်း တိုးတက်အောင်ပြုလုပ်ရန် အခွင့်အလမ်းရရှိသောကြောင့်စားသောက်ဆိုင်တွင် လုပ်ကိုင်ခြင်းသည် သူ၏ရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်သည့်ပြီးပြည့်စုံသောခြေလှမ်းဖြစ်သည်။ ယခုအချိန်တွင် သူသည် အချိန်ပြည့်အရက်ဖျော်စပ်သူတစ်ဦးအနေနှင့် လုပ်ကိုင်ခဲ့သည်မှာ ရှစ်လနီးပါးရှိပြီး တစ်လလျှင် ကျပ် ၆၀,၀၀၀ ရရှိသည်။ သူသည် စားသောက်စရိတ်နှင့် နေထိုင်စရိတ် မကုန်သည့်အတွက် သူ၏ဝင်ငွေအများစုအားစုထားနိုင်သည်။ သူသည် ပိုက်ဆံများအား အိမ်ရှိသူ၏မိဘများထံပြန်ပို့ပြီး သူတို့သည် သူတို့၏ရပ်တည်ချက်အတွက် ထိုပိုက်ဆံအား မလိုအပ်သော်လည်း စုဆောင်းပြီး ရင်းနှီးမြှုပ်နှံနိုင်သည်။

၎င်းလူငယ်ရွှေ့ပြောင်းသူကပြောသည်မှာ သူ့အနေနှင့် မန္တလေးတွင် လုပ်ကိုင်ရသည်မှာပျော်ရွှင်ပြီး သူ၏ရွာသို့ပြန်သွားရန် အစီအစဉ်မရှိပါ။ သူသည် မနီးမဝေးသည့်ကာလတွင်ဧည့်လမ်းညွှန်တစ်ဦးဖြစ်ရန် လိုလားသေးသော်လည်း အနာဂတ်အတွက် တစ်ဆင့်တိုး၍လည်းစတင်စဉ်းစားစပြုလာကာ ပိုက်ဆံစု၍ ကျောင်းပြန်တက်ပြီး ဘွဲ့ယူကာ မန္တလေး သို့မဟုတ်ရန်ကုန်မြို့များရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်တစ်ခု ရရှိရန်ဖြစ်သည်။ ဤလူငယ်အတွက်တော့ အနာဂတ်သည် အတော် စိတ်ဝင်စားစရာ ကောင်းသည်။

## တုန်လှုပ်မှုတစ်ခုအား တုံ့ပြန်ခြင်း

၄င်းတို့ ဘာကြောင့် ရွှေ့ပြောင်းကြသလဲ။

မမာမကျန်းဖြစ်မှု သို့မဟုတ် သီးနှံများပျက်စီးခြင်းကဲ့သို့သော အဓိကအသက်မွေးဝမ်းကျောင်းအား ပြတ်တောက်စေသည့် ဆိုးရွားသည့် တုန်လှုပ်ခြောက်ခြားစေသော အတွေ့အကြုံတစ်ခုအား ရရှိခဲ့သည့် ဆင်းရဲနွမ်းပါးပြီး အထူးသဖြင့် မြေယာမဲ့ အိမ်ထောင်စုများအတွက် ရွှေ့ပြောင်းခြင်းသည် ရပ်တည်မှုအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်သည့် ယန္တရားဖြစ်သည်။

၄င်းတို့ ဘယ်လိုရွှေ့ပြောင်းကြသလဲ။

ဆိုးရွားသည့်တုန်လှုပ်မှု၏သက်ရောက်မှုများသည် ထိုရွှေ့ပြောင်းသူများ၏ ရွှေ့ပြောင်းမှုအတွက် ကြိုတင်အစီအစဉ်အား ပြင်ဆင်ရေးဆွဲခွင့် မရရှိစေသောကြောင့် ၄င်းတို့အနေနှင့် အနီးအနား ကျေးလက်ဒေသများရှိ လက်ငင်းရရှိနိုင်သော အခွင့်အလမ်းများကို ရှာဖွေနိုင်ခြေများသည်။

၄င်းတို့ ဘာအလုပ် လုပ်ကိုင်ကြသလဲ။

ထိုကဲ့သို့သောအိမ်ထောင်စုများသည် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ၌ ကျပန်းလယ်ယာအလုပ်သမားများအနေနှင့် လုပ်ကိုင်နိုင်ခြေများသည်။

### တုန်လှုပ်ဖွယ် အခြေအနေတစ်ခုအား တုံ့ပြန်ခြင်း

တုန်လှုပ်ဖွယ် အခြေအနေတစ်ခုအားတုံ့ပြန်မှုအနေဖြင့် ရွှေ့ပြောင်းခြင်းကို ထိခိုက်အနာတရ ဖြစ်ခြင်း သို့မဟုတ် နာမကျန်းဖြစ်ခြင်းမှတစ်ဆင့် အိမ်ထောင်စုအတွင်း လုပ်အားဆုံးရှုံးခြင်း၊ စိုက်ခင်းများပျက်စီးခြင်း သို့မဟုတ် ရာသီဥတုအဖြစ်အပျက်တစ်ခုကြောင့် အိမ်ထောင်စု သို့မဟုတ် ရပ်ရွာလူထု အသိုင်းအဝိုင်းအနေဖြင့် ဆိုးရွားသည့် တုန်လှုပ်ခြောက်ခြားဖွယ်ရာတစ်ခု တွေ့ကြုံပြီးနောက် ရှင်သန်ရပ်တည်မှုလိုအပ်ချက်များကို လက်ငင်းဖြေရှင်းရန် အဓိကအားဖြင့် အသုံးပြုသည်။ ထိုကဲ့သို့သော ရွှေ့ပြောင်းခြင်းသည် ဆင်းရဲနွမ်းပါးဆုံးဖြစ်ပြီး စုဆောင်းငွေ အနည်းငယ်သာရှိ သို့မဟုတ် လုံးဝမရှိကာ အသက်မွေးဝမ်းကျောင်းအတွက် အခြားရွေးချယ်စရာ လမ်းမရှိဘဲ အဓိကအသက်မွေးဝမ်းကျောင်းအား ဆက်လုပ်ကိုင်၍ လုံးဝမရတော့ သည့်အခါမျိုးတွင် ရွှေ့ပြောင်းခြင်းသည် ရွေးချယ်စရာတစ်ခုတည်းသောလမ်း ဖြစ်သည်။ အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းခြင်းမျိုးနှင့် နှိုင်းယှဉ်လျှင် တုန်လှုပ်ဖွယ် အခြေအနေတစ်ခုအား တုံ့ပြန်ခြင်းအတွက် ပြုလုပ်သည့် ရွှေ့ပြောင်းခြင်းသည်ထိ ရောက်သည့် ရွှေ့ပြောင်းခြင်း နည်းဗျူဟာများချ ရေးဆွဲခြင်းမပြုလုပ်နိုင်ပါ။

ဤလေ့လာမှုတွင်ပါဝင်သည့် တုန်လှုပ်ခြောက်ခြားစေသော အတွေ့အကြုံများထဲတွင် ပုဂ္ဂိုလ် တစ်ဦးချင်းအတွက် တုန်လှုပ်ဖွယ်အခြေအနေများနှင့် လူတစ်စုအတွက် တုန်လှုပ်ဖွယ် အခြေအနေများ ပါဝင်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် တုန်လှုပ်ဖွယ် အခြေအနေများတွင် အများအားဖြင့် နာမကျန်းဖြစ်ခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း သို့မဟုတ် စိုက်ခင်းများ ပျက်စီးခြင်းကြောင့် ဖြစ်သည်ဟုဆိုပြီး များသောအားဖြင့် အိမ်ထောင်စုအစားအစာဖူလုံခြင်းမရှိမှု ဖြစ်စေသည်။ ရွှေပြောင်းခြင်းကို အစားအစာဖူလုံမှု မရှိခြင်းနှင့် စိုက်ပျိုးရေးမှ မဟုတ်သည့် ဝင်ငွေများ အရေးတကြီး လိုအပ်နေမှုတို့အပေါ် တိုက်ရိုက်တုံ့ပြန်မှုဟု မြင်နိုင်သည်။

လူတစ်စုအတွက် တုန်လှုပ်ဖွယ် အခြေအနေများသည် များသောအားဖြင့် ရာသီဥတုနှင့် ဆက်နွယ်သည်ဟု မြင်ကြပြီး အကျိုးဆက်မှာ သီးနှံထွက်နှုန်း လျော့ကျခြင်းဖြစ်သည်။ ထိုတုန်လှုပ်ဖွယ် အခြေအနေများအား အစုလိုက်ခံစားကြရသော်လည်း အိမ်ထောင်စုတစ်ခုချင်း တုံ့ပြန်နိုင်စွမ်း မတူညီကြပါ။ သို့သော် ၂၀၀၈ ဆိုင်ကလုန်းနာဂစ်ကဲ့သို့သော ဆိုးရွားစွာ တုန်လှုပ်စေသည့် ဖြစ်ရပ်မျိုးတွင် ရပ်ရွာလူထုတစ်စုလုံး ရွှေ့ပြောင်းမှုများ ဆက်လက်ဖြစ်ပွားပြီး ရေရှည်တည်တံ့ခြင်းမရှိသည့် သီးနှံထွက်နှုန်းများကို အကြောင်းပြုကြသည်။ ပြင်ပအကြောင်းရင်းများကြောင့် ဖြစ်ပေါ်သည့် အစုလိုက်တုန်လှုပ်ဖွယ် အခြေအနေများအား ကျွန်ုပ်တို့၏ဥပမာတွင် ရောဝတီ၌ တွေ့ရှိရပြီး အထူးသဖြင့် ရွှေ့ပြောင်းမိသားစုများသည် ဘိုကလေးမြို့ဆီသို့ သွားရောက်ကြခြင်း ဖြစ်သည်။

ယခင်ဖော်ပြခဲ့သည့်အတိုင်း တုန်လှုပ်ဖွယ် အခြေအနေများ၏ဒဏ်ကို ခံနိုင်သည့်စွမ်းဆောင်ရည်နှင့် အိမ်ထောင်စုများ၊ ၎င်းတို့အားတုံ့ပြန်ရန်အတွက် အသုံးပြုသည့် သီးခြားကိုင်တွယ်ဖြေရှင်းရေး နည်းဗျူဟာများသည် အိမ်ထောင်စု၏ လုပ်အားနှင့်မြေပိုင်ဆိုင်မှု အပါအဝင် အိမ်ထောင်စု ပိုင်ဆိုင်မှုများနှင့် တိုက်ရိုက် ဆက်နွယ်မှုရှိသည်။ ထိုကဲ့သို့ကြည့်လျှင် ရွှေပြောင်းခြင်းသည် တုန်လှုပ်မှုအား အခြားနည်းဖြင့် တုံ့ပြန်နိုင်စွမ်းမရှိသည့်အတွက် အသုံးပြုသည့် ကိုင်တွယ် ဖြေရှင်းရေး နည်းဗျူဟာဖြစ်သည်ဟု ယူဆနိုင်သည်။ အကျိုးဆက်တစ်ခုအနေဖြင့် မြေယာမဲ့ အိမ်ထောင်စုများသည် စိုက်ပျိုးမြေပိုင်ဆိုင်သော အိမ်ထောင်စုများထက် ရွှေ့ပြောင်းခြင်းဖြင့် တုန်လှုပ်ဖွယ် အခြေအနေအားတုံ့ပြန်နိုင်ခြေ ပို၍များသည်။ ၎င်းအား အစားအစာဖူလုံမှုမရှိ၍ ရွှေ့ပြောင်းရခြင်းများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပြီး၊ ဆိုလိုသည်မှာ အစားအစာ လုံလောက်မှု မရှိသည့်အခါ သို့မဟုတ် မရေရာသည့်အခါများတွင် ဖြစ်သည်။ ဥပမာအားဖြင့် ရောဝတီတွင် အစားအစာမဖူလုံမှုအား တွေ့ကြုံနေရသောအိမ်ထောင်စုများ၏ ၄၂ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းခြင်းအား တုံ့ပြန်မှုအနေနှင့်အသုံးပြုသည်။ ထို့အပြင် အစားအစာမဖူလုံမှုသည် မြေယာမဲ့ အိမ်ထောင်စု များတွင် အများဆုံးဖြစ်တတ်ပြီး အစားအစာမဖူလုံမှုဒဏ်အား ခံနေရသော အိမ်ထောင်စုများသည် မြေပိုင်ဆိုင်မှုမရှိခဲ့လျှင် ရွှေ့ပြောင်းနိုင်ခြေပို၍များသည်။ အခြား အသက်မွေးဝမ်းကျောင်း အုပ်စုများ၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား မြေပိုင်ဆိုင်သူများသည် အစားအစာ ဖူလုံခြင်းမရှိသည့် အခါမျိုးတွင် ရွှေ့ပြောင်းနိုင်ခြေပို၍နည်းပြီး ၎င်းက ပြသသည်မှာ ၎င်းတို့ အနေဖြင့်တုန်လှုပ်ဖွယ် အခြေအနေအား ပို၍ ကိုင်တွယ်ဖြေရှင်း နိုင်ခြင်းဖြစ်သည်။

တုန်လှုပ်ဖွယ် အခြေအနေအားတုံ့ပြန်ရန် ရွှေ့ပြောင်းခြင်းသည် အဓိကအားဖြင့် တူညီသည့် ဒေသအတွင်းတွင် ဖြစ်ပွားသည်။ ထိုကဲ့သို့သော ရွှေ့ပြောင်းခြင်းမျိုးအား ဆိုးရွားသည့် ဖြစ်ရပ်၏ ကြိုတင်ခန့်မှန်း၍ မရသည့်သဘာဝနှင့် ရလဒ်များအား အရေးပေါ် လိုအပ် နေသောကြောင့် ကောင်းမွန်စွာ အစီအစဉ်ရေးဆွဲနိုင်ခြင်း မရှိသည့် ပုံစံလက္ခဏာရှိသည်။ ဤအကြောင်းကြောင့် နှင့် ၎င်းတို့သည် အဆင်းရဲဆုံး ရွှေ့ပြောင်းသူများ ဖြစ်တတ်သောကြောင့် တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ရန်အတွက် ရွှေပြောင်းခြင်းသည် အဓိကအားဖြင့် ဒေသခံအဆင့်တွင် ဖြစ်ပွားသည်။ အိမ်ထောင်စု စစ်တမ်းများမှ ရရှိသည့်တွေ့ရှိချက် များသည် ဤပုံသဏ္ဍာန်အား အတည်ပြု၍ တိုင်းဒေသကြီးနှစ်ခုစလုံးတွင် အစားအစာမဖူလုံသည့် အနေအထားအား ရင်ဆိုင်နေရသည့်အိမ်ထောင်စုများ၏ ရေပန်းစားသော ဦးတည်ရာနေရာသည် တိုင်းဒေသကြီးအတွင်းတွင်ပင် ဖြစ်သည်။

ထိုကဲ့သို့သောရွှေ့ပြောင်းခြင်းအမျိုးအစားထဲတွင် အထက်တွင်ဆွေးနွေးထားသကဲ့သို့ ဒေသတစ်ခုအတွင်း အစားအစာ ဖူလုံမှုမရှိခြင်းအားတုံ့ပြန်သည့် ရာသီအလိုက် ရွှေ့ပြောင်းမှုများပါဝင်သော်လည်း ဧရာဝတီတွင်ဖြစ်ပွားခဲ့သော ဆိုင်ကလုန်း နာဂစ်ကဲ့သို့သော ကျယ်ပြန့်သည့်အတိုင်းအတာဖြင့် ဖြစ်ပွားသည့်စုပေါင်းတုန်လှုပ်ဖွယ် အခြေအနေများတွင် အခြေခံအားဖြင့် ဒေသခံ အသက်မွေးဝမ်းကျောင်းပုံသဏ္ဍာန်တို့အား ပျက်စီးစေပြီး တုန်လှုပ်ဖွယ် အခြေအနေအားတုံ့ပြန်ရန်ပြုလုပ်သည့်ရွှေ့ပြောင်းမှုသည်လည်း အပြီးအပိုင်ရွှေ့ပြောင်းမှု ဖြစ်သွားနိုင်သည်။

### ဇယားကွက် ၃ - တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ခြင်း

ရွာမှထွက်ခွာရန် သူမ တစ်ခါမှမစီစဉ်ခဲ့ပါ။ အသက် ၂၉ နှစ်အရွယ်ရှိသောအမျိုးသမီးက ပြောသည်မှာ ပြီးခဲ့သောခြောက်နှစ်အတွင်း အလုပ်များလုပ်ကိုင်ခဲ့ပြီးသည့်တိုင်အောင် သူမသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်ရှိ သူမ၏ကျေးရွာတွင် တည်ရှိသော အိမ်လေးအား သတိရနေဆဲဖြစ်သည်။ သူမ၏ မိသားစုသည် မည်သည့်စိုက်ပျိုးမြေကိုမှ ပိုင်ဆိုင်ခြင်းမရှိသည့်အပြင် သူမသည် မထွက်ခွာမီကပင် သူမအိမ်ထောင်စု၏ အဓိကဝင်ငွေရှာဖွေသူဖြစ်ခဲ့သည်။ ထိုအချိန်တုန်းက သူမသည် ရွာအတွင်း၌ မုန့်ဟင်းခါးအား အဓိကထား၍ရောင်းခဲ့သည်။ သူမသည် သူမ၏မိဘများနှင့်အတူနေထိုင်၍ ၎င်းတို့သည် အနီးအနားရှိချောင်းလေးတွင် ငါးဖမ်းခြင်းဖြင့် တစ်ဘက်တစ်လမ်းက ဝင်ငွေကူရှာပေးသည်။ သူတို့ရောင်းရန်အတွက် ငါးလုံလောက်စွာဖမ်းမိသည့်အခါ သူတို့သည် အများအားဖြင့် ၅,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အထိ ရှာဖွေနိုင်ခဲ့သည်။ သို့သော်အများအားဖြင့် တကောင်မျှဖမ်းမိလေ့မရှိပါ။ သူတို့၏ စုစုပေါင်းဝင်ငွေသည် အိမ်ထောင်စုအားပံ့ပိုးပေးရန် လုံလောက်ရုံသာရှိသော်လည်း သူတို့ဖြစ်အောင်နေနိုင်ခဲ့ကြသည်။

သို့သော် ၂၀၀၈ တွင် ဆိုင်ကလုန်းနာဂစ်တိုက်ခတ်သည့်အခါ သူတို့အားဝင်ငွေရှာဖွေပေးနေသော လုပ်ငန်းများ ရပ်တန့်သွားပြီး အိမ်ထောင်စုရပ်တည်ရန်အတွက် လိုအပ်ချက်များအား လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်တော့ပါ။ သူမနှင့် ကျန်ရှိသည့်အိမ်ထောင်စုဝင်များအနေနှင့် နာဂစ်အလွန်အခင်းအကျင်းတွင် မျှော်လင့်သည်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ယခင်ကကဲ့သို့ ဆက်လက်ပြုလုပ်သွားနိုင်ရန် ဖြစ်သော်လည်း ထိုကျေးရွာရှိလူများ၏ဘဝသည် ယခင်ကကဲ့သို့ အမှန်တကယ်ပြန်မရောက် နိုင်ကြတော့ပါ။ ကျေးရွာ၏ စီးပွားရေးကျဆင်း သွားပြီးနောက် အစားအစာနှင့်ငါးများရောင်းခြင်းသည် အလားအလာရှိသည့်ရွေးချယ်မှုများ မဟုတ်တော့ပါ။ သိပ်မကြာမီတွင် သူတို့သည် ကြွေးမြီများအောက် သို့ရောက်ရှိသွားပြီး အကြွေးများအားလည်း ပြန်ဆပ်နိုင်စွမ်းမရှိကြတော့ပါ။ သူမ ဆုံးဖြတ်ချက်ချသည်မှာ သူမ၏ မိသားစုအတွက် ရပ်တည်ဖို့အကောင်းဆုံးမျှော်လင့်ချက်မှာ သူမအနေနှင့် ရန်ကုန်သို့သွားပြီး လိုအပ်သည့် ဝင်ငွေများရရှိရန်အတွက် အလုပ်လုပ်ရန်ဖြစ်သည်။ သူမ၏မိသားစုသည် ထိုအကြံအစည်အား ဆန့်ကျင်ပြီး အမျိုးသမီးငယ်လေး တစ်ယောက်အနေနှင့် မြို့သို့ တစ်ယောက်တည်းသွားရန် အန္တရာယ်ရှိသည်ဟုပြောသော်လည်း သူမတို့မှာ အခြားရွေးချယ်စရာ လမ်းမရှိဟု သူမကပြန်လည်ပြီး မလျှော့တမ်းပြောခဲ့သည်။

ဆိုင်ကလုန်းတိုက်ခတ်ပြီးသည့်နောက်ပိုင်း ဤကျေးရွာမှ ရွှေ့ပြောင်းရန်လိုအပ်သည်မှာ သူမ တစ်ဦးတည်းမဟုတ်ပါ။ အခြားသူအများအပြားသည်လည်း ကျေးရွာမှ စတင်ထွက်ခွာသွားကြပြီး

အများစုမှာ ရန်ကုန်သို့သွားခြင်း ဖြစ်သည်။ သူမနည်းတူ သူမ၏ရွာမှရွာသားအများစုသည် အလယ်တန်းပညာရေးရရှိထားကြပြီး ကျွမ်းကျင်မှုမလိုအပ်သည့် အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်ရန် ရှာဖွေကြသည်။ ထုံးစံအတိုင်း ရန်ကုန်တွင် သူတို့တွေ့ရှိရသည့် အလုပ်များသည် အမျိုးသားများအတွက် ဆောက်လုပ်ရေးကဏ္ဍတွင်ဖြစ်ပြီး အမျိုးသမီးများအတွက် အထည်ချုပ်စက်ရုံများတွင်ဖြစ်သည်။

ရွှေ့ပြောင်းရန်ဆုံးဖြတ်ချက်အပေါ် သဘောတူညီမှုရပြီးနောက် သူမသည် မြို့ရှိလက်ဘက်ရည်ဆိုင်တွင် အလုပ်လုပ်နေနှင့်ပြီးဖြစ်သော သူငယ်ချင်းတစ်ဦးထံ ဆက်သွယ်ခဲ့သည်။ ရွာတွင် အစားအစာ ရောင်းသူတစ်ဦးအဖြစ် သူမ၏လုပ်ငန်းအတွေ့အကြုံရှိခဲ့သည့်နောက် သူမ၏ သူငယ်ချင်းသည် သူမအား ဟင်းချက်တစ်ဦးအဖြစ် အလုပ်ရရှိစေခဲ့သည်။ သူမသူငယ်ချင်းသည် လိုလားစွာဖြင့် သူမနေထိုင်နေသည့်နေရာတွင် မျှဝေနေထိုင်ခွင့်ပေးကာ ကုန်ကျစရိတ်အား နှစ်ဦးအတူမျှခံကြပြီး သူမမိသားစု၏စိုးရိမ်မှုဖြစ်သော သူမတစ်ဦးတည်းနေထိုင်ရမည့်အဖြစ်ကိုလည်း ဖြေသိမ့်ပေးသည်။

စုဆောင်းထားသည့်ငွေမရှိသည့်အတွက် သူမ၏ပထမဆုံးလုပ်အားခမရရှိမီ ခရီးစရိတ်နှင့် အခြားပဏာမကုန်ကျစရိတ်များအတွက် မလွဲမရှောင်သာဖြင့် ထိုဒေသရှိ ပိုက်ဆံချေးငှားသူ တစ်ဦးထံမှ ပိုက်ဆံအချို့ကို ချေးယူခဲ့ရသည်။ သူမသည် လစဉ်အတိုးနှုန်း ၂၀ ရာခိုင်နှုန်းဖြင့် ချေးငွေ ၂၀,၀၀၀ အား ချေးယူခဲ့ပြီး တစ်လပြည့်လျှင် ထိုငွေအားပြန်ဆပ်ရန်ရည်ရွယ်ခဲ့သည်။ သူမကပြောသည်မှာ သူမအလုပ်အကိုင်နှင့် ယာယီနေရာထိုင်ခင်း မရရှိသေးပါက သူမသည် ထိုကဲ့သို့စွန့်စားမည် မဟုတ်ပါ။

ထိုရင်းနှီးမှုသည် အောင်မြင်ခဲ့ကာ - တစ်လပြည့်ပြီး သူမ လစာ ၅၀,၀၀၀ ကျပ်ရရှိပြီးနောက် ချေးငွေအား အကျေဆပ်ခဲ့သည်။ လွန်ခဲ့သော ခြောက်နှစ်ကျော်ခန့်က သူမသည် ရန်ကုန်ရှိ အစားအစာလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ပြီး သူမသည် ဟင်းချက်တစ်ဦးအနေဖြင့် သူမ၏ ကျွမ်းကျင်မှုများအား တိုးတက်စေရန်စီမံခဲ့ကာ ပိုမိုကောင်းမွန်သည့်အလုပ်များ တစ်ခုပြီးတစ်ခု ရရှိနိုင်ခဲ့သည်။ သူမသည် စားသောက်ဆိုင်လေးခုတွင် လုပ်ကိုင်ခဲ့ပြီး အကြိမ်တိုင်းတွင် ပိုမြင့်သည့် လစာအား တောင်းဆိုနိုင်ခဲ့သည်။ ယခုအချိန်တွင် သူမသည် ရန်ကုန်၊ တောင်ဥက္ကလာပရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် လုပ်ကိုင်နေပြီး လစဉ်လုပ်အားခ ၁၀၀,၀၀၀ ကျပ် ဝင်ငွေ ရရှိလျှက်ရှိသည်။ သူမသည် သုံးလလျှင်တစ်ကြိမ်ခန့် အိမ်သို့ ၁၅၀,၀၀၀ ကျပ် ပြန်ပို့ပေးပြီး ငွေအား အလည်လာသော ရွာသားတစ်ဦးမှတစ်ဆင့် ပေးပို့ခြင်း သို့မဟုတ် ကိုယ်တိုင်သွားရောက်ပြီးပေးခဲ့သည်။

သူမသည် သူမ၏ကလေးအား ရန်ကုန်သို့ခေါ်ရန် ရည်ရွယ်မထားပါ၊ အကြောင်းမှာ မြို့တွင် မြင့်မားသည့် နေထိုင်စရိတ်အား သူမ မတတ်နိုင်ရုံသာမက တစ်နေ့တွင် သူမရွာသို့အပြီးပြန်ရန် မျှော်လင့်ချက်များ ခိုအောင်းနေသေးသောကြောင့်လည်း ဖြစ်သည်။ ရွာတွင် အစားအစာ ရောင်းချသည့်ဆိုင်ငယ်လေး ပြန်ဖွင့်ရန်အတွက် လုံလောက်သည့် အရင်းအနှီးမတည်နိုင်အောင် ယခုအချိန်တွင် သူမသည် ငွေစုရန်ကြိုးစားနေသည်။ ထိုအချိန်မတိုင်မီအထိတော့ ရန်ကုန်အား သူမ၏အိမ်ဟု ခေါ်နေရဦးမည်ဖြစ်သည်။



အထည်ချုပ်လုပ်သား

# လူများသည် အဘယ်ကြောင့် ရွှေ့ပြောင်းကြသနည်း



## လူများသည် အဘယ်ကြောင့် ရွှေ့ပြောင်းကြသနည်း

ဤအခန်းသည် "အဘယ်ကြောင့် ရွှေ့ပြောင်းမှုဖြစ်ပွားသနည်း" ဆိုသည့်မေးခွန်းထက် "လူများအဘယ်ကြောင့် ရွှေ့ပြောင်းကြသနည်း" ဆိုသည့်မေးခွန်းဆီသို့ သွားမည်ဖြစ်သည်။


လှုံ့ဆော်ပေးသည့်အကြောင်းရင်းများသည် အဟန့်အတားများထက် ပိုအားသာသည့် အချိန်တွင် လူများသည် ရွှေ့ပြောင်းရန်ဆုံးဖြတ်ကြသည်။ တွန်းအားပေးမှုများ၊ အဟန့်အတားများနှင့် ဖြစ်မြောက်စေသည့်အကြောင်းရင်းများ၏ အပြန်အလှန်သက်ရောက်မှုများဖြင့် ၎င်းအားတွန်းပို့သည် -

- တွန်းအားပေးမှုများ
  အလုပ်အကိုင်ရရှိနိုင်မှု၊ ကျေးလက်ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများ မလုံလောက်ခြင်း သို့မဟုတ် အားကိုးလို့မရခြင်းနှင့် အခြားသောကဏ္ဍများတွင် မျှော်မှန်းထားသည့် ဝင်ငွေမတူညီမှုများကဲ့သို့သော တွန်းအားပေးမှုများက ရွှေ့ပြောင်းခြင်း ပြုလုပ်ရန် လှုံ့ဆော်ပေးသည်။ နောက်အကြောင်းရင်းတစ်ခုမှာ အချို့သောဖြစ်စဉ်များတွင် လူများသည် မြို့ပြ၏အဆင်ပြေမှုများနှင့် လူ့အဖွဲ့အစည်းတို့အား ပို၍နှစ်သက်ကြပြီး ကာယအလုပ်များ မလုပ်ချင်ကြတော့သောကြောင့် ဖြစ်သည်။

- အဟန့်အတားများ
  တစ်ချိန်တည်းမှာပင် အလားအလာရှိသည့် ရွှေ့ပြောင်းသူများသည် ဘဏ္ဍာရေးနှင့် လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် အလုပ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် လုံခြုံမှုမရှိခြင်းတို့ကဲ့သို့သော အဟန့်အတားများ ရင်ဆိုင်ကြရသည်။

- ဖြစ်မြောက်စေသည့် အကြောင်းရင်းများ
  သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနည်းပညာနှင့် သတင်းအချက်အလက်တို့အပါအဝင် ဖြစ်မြောက်စေသည့်အကြောင်းရင်းများအား ပိုမိုကောင်းမွန်စွာရရှိနိုင်ခြင်းသည်

(ပုံ ၁၀) ရွှေ့ပြောင်းရန်ဆုံးဖြတ်ချက်များအတွက် အတွေးအခေါ်အယူအဆမူဘောင်
ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံး ဖြတ်ချက်များအား တွန်းအားပေးမှုများ၊ အဟန့်အတားများနှင့် ဖြစ်မြောက်စေသည့်အကြောင်း ရင်းများက လွှမ်းမိုးသည်။




လူများ၏ရွှေ့ပြောင်းရန်ဆုံးဖြတ်ချက်များအား လွှမ်းမိုးစေနိုင်သည့်အလားအလာရှိသည်။ အောက်တွင်ဆွေးနွေးထားသကဲ့သို့ သုတေသနက ဖော်ထုတ်ထားသော အဓိက ဖြစ်မြောက်စေသည့် အကြောင်းရင်းများသည် လူမှုရေးဆိုင်ရာကွန်ရက်များ၏ အတိုင်းအတာနှင့် ခွန်အားများ ဖြစ်ပြီး ၎င်းသည် ဦးတည်ရာနေရာများအတွက် မျှော်လင့်ထားသည့်အလုပ်အကိုင်များ၊ အိမ်ရာ နှင့် လုံခြုံရေးတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား ဖြည့်ဆည်းပေးသည်။

### ရွှေ့ပြောင်းမှုဖြစ်စေသည့်တွန်းအားပေးမှုများ

ရွှေ့ပြောင်းမှုဖြစ်စေသည့် တွန်းအားပေးမှုများသည် ရွှေ့ပြောင်းရန်အတွက် ဖိအားများကို ဖန်တီးပေးသည့်အကြောင်းရင်းများဖြစ်သည်။ မကွေးနှင့်ရောဝတီတို့တွင် ရွှေ့ပြောင်းရန်အတွက် အဓိကတွန်းအားပေးမှု သုံးခုရှိသည် - ဝင်ငွေကွာဟမှုများ၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် နေမှုထိုင်မှုနှင့်အလုပ်အကိုင်အခြေအနေများတွင် ကွာဟချက်တို့ဖြစ်သည်။ ရှေ့အခန်းတွင် ဖော်ပြခဲ့သကဲ့သို့ လှုံ့ဆော်သည့် အကြောင်းရင်းများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် များစွာဆက်နွယ်နေသည်။

(ပုံ ၁၁) ပို့လွှတ်သည့်ခဲ့သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုအရ ဒေသအလိုက်ရွှေ့ပြောင်းရန်ဆုံးဖြတ်ခြင်းအတွက် အကြောင်းရင်းများ



## ဝင်ငွေကွာဟမှုများ

ရွှေ့ပြောင်းခြင်းဆိုင်ရာ စာပေတွင် ရေပန်းစားနေသည့်အယူအဆမှာ လုပ်သားရွှေ့ပြောင်းမှုအတွက် အဓိကတွန်းအားပေးမှုများထဲမှတစ်ခုမှာ မျော်မှန်းထားသည့်ဝင်ငွေတွင် ကွာဟခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ ဒေသများအကြား ဝင်ငွေကွာဟမှုမြင့်မားသည်နှင့်အမျှ ပုဂ္ဂိုလ်များအတွက် ရွှေ့ပြောင်းရန်ဖိအားသည်လည်း မြင့်မားမည်ဖြစ်သည်။ ဥပမာအားဖြင့် "ကျွမ်းကျင်မှုမလိုအပ်သည့် လုပ်အားခများအကြား ကွာဟမှုများ" သည် သမိုင်းတွင်မကြုံဘူးသေးသည့် နိုင်ငံ၏ နယ်နိမိတ်အား ဖြတ်ကျော်သည့် လုပ်အားများအတွက် ဖိအားများအား ဖန်တီးသည့် ငြင်းဆန်ရန် ခက်သော တွန်းအားငါးခုမှ တစ်ခုဖြစ်သည်ဟု Lant Pritchett က ဆိုသည်။[၁၅]

ထိုအချိန်တွင် မြန်မာနိုင်ငံ၌ ဦးတည်ရာနေရာရှိ လုပ်အားခများနှင့်ပတ်သက်သည့် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ထားသည့် ယုံကြည်အားထားရသော စနစ်ကျသည့် အချက်အလက်များမရှိပါ။ သို့သော် ရာသီကျဆင်းသည့်အချိန်တွင် ပြုလုပ်ထားသည့် ကွင်းဆင်းစစ်တမ်းယူခြင်းမှ ရရှိသည့် လုပ်အားခများ၏ ရင်းမြစ်နှင့် ဦးတည်သည့်နေရာများနှင့်ပတ်သက်သည့် အရည်အသွေးဆန်းစစ်လေ့လာမှုဆိုင်ရာ အချက်အလက်များက ပြသသည်မှာ မူလနေရာနှင့် ဦးတည်သည့်နေရာတို့အကြားတွင် ကျပန်းအလုပ်သမားများ၏ လုပ်အားခသည် ကွာဟမှုသိပ်မရှိပါ။ ဦးတည်သည့်နေရာမှလုပ်အားခများ ရရှိနိုင်မည်ဆိုပါက ၎င်းအား လူများသည် အဓိကအားဖြင့် အလုပ်အကိုင်အတွက် ရွှေ့ပြောင်းသည်ဆိုသော ကျွန်ုပ်တို့၏တွေ့ရှိချက်နှင့် ပေါင်းစပ်ကြည့်ပါက ပိုမိုမြင့်မားသည့်လုပ်အားခများ ရရှိရန်ဆိုသည့် ဦးတည်ချက်များအပြင် အခြားဦးတည်ချက်များသည် ရွှေ့ပြောင်းမှုအား လှုံ့ဆော်နိုင်ပြီး၊ အထူးသဖြင့် အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အကြောင်းမျိုးများ ပါဝင်နိုင်သည်။ ဝမ်းစာအတွက် အဟန့်အတားများကြားတွင် လုပ်ကိုင်နေရသည့် ထိုအိမ်ထောင်စုများအတွက် ၎င်းထဲတွင်ရှင်သန်ရပ်တည်မှုအတွက် လိုအပ်ချက်များအားရရှိရန် ကြိုးပမ်းမှု မအောင်မြင်သည့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ပိုင်ဆိုင်မှုများအား မျိုးစုံပြောင်းလဲထုတ်လုပ်ရန် ကြိုးပမ်းမှုပါဝင်နိုင်ပြီး ဤဖြစ်ရပ်တွင် ကျေးလက်၊ စိုက်ပျိုးရေးအလုပ်အကိုင်နှင့် မြို့ပြ၊ စိုက်ပျိုးရေးမဟုတ်သည့် အလုပ်အကိုင် အသီးသီးတို့အကြား အိမ်ထောင်စု၏ လုပ်အားကို ခွဲဝေခြင်းဖြစ်သည်။

ကျေးလက်ရှိ ပို့လွှတ်သည့်နေရာများတွင် စိုက်ပျိုးရေးကျဆင်းသည့်ရာသီများ၌ အာမခံချက်ရှိပြီး လုံလောက်သည့် အလုပ်အကိုင်ရရှိရန် ခက်ခဲသည်ဟု ကျပန်းအလုပ်သမားများကဆိုကာ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအနေနှင့် သီးနှံရိတ်သိမ်းမှုနှင့် စိုက်ပျိုးမှုအမြင့်ဆုံးအချိန်များတွင် လုပ်အားရှားပါးသောကြောင့် လုပ်အားခများပိုမိုရရှိသော်လည်း ယခုအချိန်တွင် လုံလောက်သည့် ဝင်ငွေဖော်ထုတ်နိုင်ခြင်းမရှိပါ။


## ပို့လွှတ်သည့်နေရာများရှိ အလုပ်အကိုင်အခွင့်အလမ်းများ


ကျေးလက်ရှိ ပို့လွှတ်ရာနေရာများတွင် စိုက်ပျိုးရေးကျဆင်းသည့်ရာသီများ၌ အာမခံချက်ရှိပြီး လုံလောက်သည့် အလုပ်အကိုင်ရရှိရန် ခက်ခဲသည်ဟု ကျပန်းအလုပ်သမားများကဆိုကာ

[၁၅] Pritchett, Lant. 2006. Let Their People Come: Breaking the Gridlock on Global Labor Mobility. Washington, DC: Center for Global Development.

(ပုံ ၁၂) ပို့လွှတ်သည့်နေရာမှ အိမ်ထောင်စုများ၏ ရွှေ့ပြောင်းခြင်းအတွက် အကြောင်းရင်းများအပေါ် အမြင်များ

■ ဧရာဝတီ ■ မကွေး




ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအနေဖြင့် သီးနှံရိတ်သိမ်းမှုနှင့် စိုက်ပျိုးမှုအမြင့်ဆုံးအချိန်များတွင် လုပ်အားရှားပါးသောကြောင့် လုပ်အားခများ ပိုမိုရရှိသော်လည်း ယခုအချိန်တွင် လုံလောက်သည့် ဝင်ငွေဖော်ထုတ်နိုင်ခြင်းမရှိပါ။ ၂၀၁၂ **LIFT** အခြေခံဆန်းစစ်လေ့လာချက်တွင် ရေးသားပြုစု ထားသကဲ့သို့ စိုက်ပျိုးရေးလုပ်သားတစ်ဦး လုပ်ကိုင်ရမည့် ပျမ်းမျှနေ့များအား မျှော်လင့်ရသည်မှာ - မုတ်သုံရာသီတွင် အမျိုးသားများအတွက် ၄၉ ရက်နှင့် အမျိုးသမီးများအတွက် ၄၂ ရက် အသီးသီးဖြစ်ပြီး စိုက်ပျိုးရေးကျဆင်းသည့် ရာသီတွင် ၁၂ ရက်နှင့် ၁၆ ရက် အသီးသီးဖြစ်သည်။ [၁၆]

[၁၆] တိုင်းဒေသကြီးများတစ်ခုနှင့်တစ်ခုကြားနှင့် တိုင်းဒေသကြီးများအတွင်းတွင်ပင် ၎င်းသည် သိသာထင်ရှားစွာကွာခြားမှုများအား မှတ်သားသင့်သည်။

အလားတူပင် **QSEM** ၏လေးကြိမ်မြောက်လုပ်ငန်းစဉ်က အစီရင်ခံသည်မှာ “ကျပန်းလုပ်သားများ အနေနှင့် တည်ငြိမ်သည့် အလုပ်အကိုင်များ မရှိသောကြောင့် သူတို့၏ အသက်မွေးဝမ်းကျောင်းများအား တည်တံ့စေရန် အခြားရွေးချယ်စရာများအား ရှာဖွေကြသည်”။[၁၇] လပ္ပတ္တာမြို့နယ်မှ အမျိုးသား ကျပန်းအလုပ်သမားတစ်ဦးက သတင်းပို့သည်မှာ - “ကျပန်းအလုပ်သမားတွေအတွက် အလုပ်ကရှားတယ်။ မြေပိုင်ရှင်တွေက အခြားရွာတွေက အလုပ်သမားတွေကိုငှားတယ်၊ ပြီးတော့ ကျဆင်းတဲ့အချိန်မှာ ၎င်းတို့ဆီမှာငွေချေးခဲ့တဲ့သူတွေကို အမြင့်ဆုံးရာသီမှာ လုပ်အားခသက်သာစွာ ဖြင့်ပြန်ပြီးတော့ ငှားတယ်”။

အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန်နှင့် တုံ့ပြန်ရန် ရွှေ့ပြောင်းခြင်းကို အသုံးပြုသူများအတွက် ဤတွန်းအားပေးမှုများသည် လွှမ်းမိုးမှုအရှိဆုံးဖြစ်သည်ဟု မျှော်လင့်ရသည် - ကျဆင်းသည့် ရာသီအတွင်း အလုပ်အကိုင်များ အကန့်အသတ်ဖြင့်သာရှိသောကြောင့် ပိုင်ဆိုင်မှု အနည်းအကျဉ်းသာ ရှိသည့် အိမ်ထောင်စုများအား အန္တရာယ်သို့တွန်းပို့ရန် အလားအလာရှိပြီး ထိုအိမ်ထောင်စုများ သည်ပင် ရွှေ့ပြောင်းခြင်းမဟုတ်သည့် နည်းလမ်းများဖြင့် တုန်လှုပ်ဖွယ် အခြေအနေများအား ဖြေရှင်းနိုင်သည့် စွမ်းအားမရှိသူများဖြစ်သည်။ မြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ၊ စိုက်ပျိုးရေးမဟုတ်သည့် အလုပ်အကိုင်များ ဘဏ္ဍာရေးအရင်းအမြစ်များသည် ဝင်ငွေစီးဆင်းမှုအား နည်းမျိုးစုံဖြင့်ပြောင်းပြီး ပြုလုပ်နိုင်ရန် အနေအထား ပိုကောင်းပြီး ထိုကဲ့သို့သော ပိုင်ဆိုင်မှုများမရှိသည့် အိမ်ထောင်စုများအနေနှင့် ဝင်ငွေစီးဆင်းမှုပုံစံ ပြောင်းရန် ရွှေ့ပြောင်းခြင်းကိုသာ အသုံးပြုကြရသည်။

အလယ်တန်း ပညာရေးအဆင့်ရှိနိုင်ခြေများသော တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းပုံစံများအတွက် လိုလားသည့် အလုပ်အကိုင်များရရှိနိုင်မှုသည်လည်း ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးနိုင်သည်။ မူလကျေးရွာများ အနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများအား အသုံးချရန် အလုပ်အကိုင် အခွင့်အလမ်းများ မပေးနိုင်သည့်အခါမျိုးတွင် ပို၍ဖြစ်တတ်သည်။

စစ်တမ်းများ၏ ရလဒ်များကပြသသည်မှာ ရွှေ့ပြောင်းမှုနှင့် ပို့လွှတ်သည့်ဒေသများရှိ အလုပ်အကိုင်များ အကြား ဆက်စပ်မှုများတွင် တိုင်းဒေသကြီးများအကြားရှိ မတူညီမှုများကို ပြသသည်။ ဧရာဝတီတွင် ဥပမာအနေနှင့် ကောက်ယူထားသည့် လူဦးရေများထဲမှ သဘောထားများက ဖော်ပြသည်မှာ ဖြေဆိုသူတစ်ဝက်ကျော်အနေဖြင့် ထိုရွှေ့ပြောင်းသူများသည် အလုပ်အကိုင်များ ရှာဖွေရန်ထွက်ခွာသည်ဟု ယုံကြည်ကြသည်။ ဧရာဝတီတွင် ပို့လွှတ်သည့် ဒေသများ၌ ရွှေ့ပြောင်းမှု နှင့်အလုပ်အကိုင်တို့သည် ပိုမိုနီးကပ်စွာ ချိတ်ဆက်နေခြင်းနှင့် လူများထွက်ခွာနေခြင်းမှာ အလုပ်အကိုင်ရှားပါးမှုကြောင့် ဖြစ်ခြင်းတို့က ညွှန်ပြသည်မှာ ဒေသတွင်း လုပ်သားဈေးကွက်များ၏ရွှေ့ပြောင်းမှုအပေါ် သက်ရောက်မှုသည် မကွေးထက် ပို၍များပြီး အကြောင်းမှာ မကွေးတွင် ရွှေ့ပြောင်းမှုသည် တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ခြင်းကြောင့် ဖြစ်သည်ဟု ပို၍တွေ့ရှိကြသည်။

### အလုပ်အကိုင်အခြေအနေများနှင့်လူနေမှုဘဝများအကြား ကွာဟမှုများ

ရွှေ့ပြောင်းမှုအား လူနေမှုပုံစံဆိုင်ရာ ဦးစားပေးမှုများကလည်း လှုံ့ဆော်သည်။ အထူးသဖြင့် လူငယ်များသည် ကာယလုပ် အားတောင်းဆိုမှုများသည်ဟု ရှုမြင်ရသည့် လယ်လုပ်သားများ အဖြစ်မှ လွတ်မြောက်လိုသည့်ဆန္ဒအား မကြာခဏဖော်ထုတ်ကြသည်။ မြို့ပြအလုပ်သည်

[၁၇] World Bank. “Qualitative Social and Economic Monitoring Round 4.” Word Bank, Myanmar.

ပိုပြီးလွယ်ကူသည်ဟု မြင်ကြသည် - "ရွာထဲမှာ အလုပ်ကအမြဲတမ်းမရှိနိုင်ဘူး၊ ပြီးတော့ ကျွန်တော့်သမီးတွေက နေပူထဲမှာ လယ်အလုပ်ကို မလုပ်ချင်ကြဘူး" ဟု မကွေးမြို့နယ်၊ ကျေးရွာတစ်ရွာရှိ လက်ရှိရွှေ့ပြောင်းသူတစ်ဦး၏ ဖခင်က ပြောကြားသည်။

စီးပွားရေးဆိုင်ရာထည့်သွင်းစဉ်းစားမှုများ အလွန်တွင် အထူးသဖြင့်လူငယ်များကြားတွင် မြို့ပြ၏ အဆင်ပြေမှုများနှင့် ယဉ်ကျေးမှုများသည် ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။ ယခု မန္တလေးတွင် ရောက်ရှိနေသည့် ပခုက္ကူမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အသက် ၂၁ နှစ်အောက်ရှိ ကျပန်း လုပ်သားတစ်ဦးက ဖော်ပြသည်မှာ - "အခုလို မန္တလေးကို ရွှေ့ပြောင်းတာကို ကျွန်တော် အားကျခဲ့တယ်။ အဲဒီမှာ လုပ်ရင် နေပူထဲမှာ ကျွန်တော်အလုပ်လုပ်ဖို့ မလိုဘူးဆိုတာနဲ့ ကျွန်တော့်ရွာမှာလို ပင်ပန်းမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိခဲ့တယ်။ ပြီးတော့ ကျွဲ၊ နွားတွေကို ထိန်းကျောင်းလို့ရတဲ့ လစာဝင်ငွေက အစားအစာဆိုင်တွေမှာ ပန်းကန်ဆေးလို့ရတဲ့ပမာဏနဲ့ အတူတူလောက်ရှိတယ်။" မကွေးနှင့် ရောဝတီရှိ ကျေးရွာလူကြီးသူမများနှင့် ပြုလုပ်သည့် အုပ်စုဖွဲ့ဆွေးနွေးပွဲများအရ ကျေးလက်ဒေသများအတွင်း မြို့ပြလူနေမှုပုံစံများနှင့် ပတ်သက်သည့် အမြင်များ ပျံ့နှံ့ခြင်းသည် တစ်စိတ်တစ်ပိုင်းအနေဖြင့် လက်ကိုင်ဖုန်းများနှင့် ရုပ်မြင်သံကြားစက်များ ပို၍လက်လှမ်းမီလာ သောကြောင့်ဖြစ်သည်။

### ဇယားကွက် ၄ - အတွေ့အကြုံအသစ်များအတွက် ရွှေ့ပြောင်းမှု

အထူးသဖြင့် လူငယ်များနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုအချို့တွင် လူမှုရေးဆိုင်ရာ ဦးစားပေးနှစ်သက်မှုများနှင့် ရိုးရာကျေးလက်နေထိုင်မှုဘဝ၏ဘောင်များပြင်ပရှိ အတွေ့အကြုံ အသစ်များရရှိလိုမှုကို ရွှေ့ပြောင်းမှုအတွက် လှုံ့ဆော်မှုများကို ဖော်ပြကြသည်။ မကွေးမြို့နယ်ရှိ ဤကျေးရွာတွင် သူမ၏ ပထမဆုံးရွှေ့ပြောင်းမှုအတွေ့အကြုံမှ သူမ၏အိမ်သို့ လတ်တလောတွင် ပြန်လည်ရောက်ရှိလာသည့် (၁၈) နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦး၏ ဖြစ်စဉ်က ထိုသို့သောလိုလားမှုများအား ကောင်းစွာဖော်ပြသည်။ သူမသည် ကျေးရွာမှ ၁၅ နှစ် အရွယ်တွင် ပထမဆုံးထွက်ခွာခဲ့ပြီး ပိုကောင်းသည့် လုပ်အားခများရှာဖွေရန်အတွက် မဟုတ်ဘဲ ကျေးလက်လူနေမှုဘဝအား သူမ မကျေနပ်သောကြောင့်  လက်ရှိရွှေ့ပြောင်းသူများနှင့် ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူများက သူမအား ပြောပြခဲ့သည့် မြို့ပြလူနေမှုဘဝပုံစံအား တွေ့ကြုံလိုသောကြောင့်ဖြစ်သည်။ တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းကို ကိုယ်စားပြုသည့် သူမ၏လှုံ့ဆော်မှုသည် ဝင်ငွေစီးဆင်းမှုများအား စီမံခန့်ခွဲရန် အိမ်ထောင်စု၏နည်းဗျူဟာတစ်ခု အနေနှင့်ထက် ကွဲပြားပြီးပိုမိုကောင်းမွန်သည့်ဘဝအား ရှာဖွေရန်အဓိကဖြစ်ခဲ့သည်။

၎င်းသည် ရွှေ့ပြောင်းရန် သူမဆုံးဖြတ်ချက်ချသည့်အချိန်တွင် သူမ၏မိသားစုနှင့်ပိုမိုကျယ်ပြန့်သည့် လူမှုကွန်ရက်တို့၏ ဆွေးနွေးတိုင်ပင်မှုနှင့် အထောက်အပံ့များကို မှီခိုခဲ့ခြင်းမရှိဟု ပြောလိုခြင်း မဟုတ်ပါ - သူမ အိမ်နီးချင်းများ၏အကူအညီဖြင့် ဟင်းသီးဟင်းရွက်များအား ဆေးကြောသည့် အလုပ်နေရာတစ်ခုနှင့် ပတ်သက်ပြီး မကွေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ပိုင်ရှင်နှင့် သူမ အဆက်အသွယ်ရခဲ့သည်။ လုပ်အားခများနှင့် နေရာထိုင်ခင်းများပါဝင်သည့် အလုပ်ခန့်အပ်ခြင်း အစီအစဉ်များအား ဆွေးနွေးပြီးသည်နှင့် ထိုအစီအစဉ်များအား စုံစမ်းရန်နှင့် သင့်တော်ခြင်းရှိ၊ မရှိတို့ကို အတည်ပြုရန် သူမသည် မကွေးရှိ သူမ၏ဆွေးမျိုးများနှင့် သူငယ်ချင်းများကို အားကိုး ခဲ့သည်။ ဤကဲ့သို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးသည့်နောက်မှသာလျှင် သူမသည် အလုပ်အား လက်ခံပြီး ရွှေ့ပြောင်းခဲ့သည်။

နှစ်နှစ်ကြာပြီးနောက်တွင် သူမသည် စားပွဲထိုးရာထူး တိုးမြင့်ခြင်းခံခဲ့ရသော်လည်း သူမအနေနှင့် စားသောက် ဆိုင်တွင်လုပ်ကိုင်ရသည့်အလုပ်အား မကျေနပ်တော့သောကြောင့် သူမသည် သူမ၏ရွာသို့ ပြန်လာခဲ့သည်။ ၎င်းသည် သူမ၏မျှော်မှန်းချက်များအား ဖြည့်ဆည်းမပေးသော်လည်း သူမ၏ပဏာမရွှေ့ပြောင်းမှု အတွေ့အကြုံအား မအောင်မြင်မှုတစ်ခုအနေနှင့် မယူဆခဲ့ပါ။ သို့သော် မြို့ပြလူနေမှုဘဝ အတွေ့အကြုံရှိသော သူမအတွက် ယခုအချိန်တွင် သူမသည် ကျေးရွာ၌ နေထိုင်လိုခြင်းမရှိသည်မှာ အသေအချာပင်ဖြစ်သည်။ သိပ်မဝေးတော့သည့် အနာဂတ်တွင် နောက်တစ်ကြိမ်ရွှေ့ပြောင်းရန် သူမစီစဉ်လျှက်ရှိပြီး ရန်ကုန်ရှိ သူငယ်ချင်းများနှင့် စုံစမ်းမှုများ ပြုလုပ်လျှက်ရှိသည်။ နောက်ဆုံးတွင် ရန်ကုန်၌ သူမ အမြဲတမ်းနေထိုင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပထမဆုံးကြိုးပမ်းမှုတွင် သူမသင်ယူခဲ့သည့်အရာများအား အနာဂတ်တွင် အသုံးချသွားမည်ဟု သူမက ရှင်းပြခဲ့သည်။

### ရွှေ့ပြောင်းခြင်းအတွက်အဟန့်အတားများ

ရွှေ့ပြောင်းမှုအတွက် တွန်းအားပေးမှုများသည် ပုဂ္ဂိုလ်များအတွက် ၎င်းတို့၏ ဇာတိဒေသများ ပြင်ပတွင် အလုပ်ရှာရန် ဖိအားများဖြစ်စေသော်လည်း ရွှေ့ပြောင်းနိုင်မှုကို အကြောင်းရင်းမျိုးစုံ တို့သည် အဟန့်အတားဖြစ်စေနိုင်သည်။ အထင်ရှားဆုံး အဟန့်အတားများတွင် ပါဝင်သည်မှာ - ဘဏ္ဍာရေးနှင့် လူမှုရေးဆိုင်ရာကုန်ကျစရိတ်များနှင့် ဆုံးရှုံးမှုများ၊ လုပ်အားဆုံး ရှုံးမှုအတွက် အစားထိုးရန် အိမ်ထောင်စု၏ လုပ်နိုင်စွမ်းရည်၊ လိင်သတ်မှတ်ချက်များနှင့် ဘေးအန္တရာယ် ကင်းမှုဆိုင်ရာ စိုးရိမ်မှုများဖြစ်ကြသည်။ ထိုအဟန့်အတားများစွာတို့၏ ဆက်စပ်သည့် အရေးပါမှုသည် ဒေသအလိုက်အပြောင်းအလဲများ သိပ်မရှိပါ။ ဘာသာစကားကျွမ်းကျင်မှုနှင့် တရားဝင်အထောက်အထား စာရွက်စာတမ်းများအား အဟန့်အတားများအနေဖြင့် သတ်မှတ်၍ မရပါ၊ အကြောင်းမှာ တစ်စိတ်တစ်ပိုင်းအနေဖြင့် လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသတွင် များသော အားဖြင့် လူမျိုးစုတစ်မျိုးတည်းသာ နေထိုင်ကြသည်။

> အထင်ရှားဆုံးအဟန့်အတားများတွင် ပါဝင်သည်မှာ - ဘဏ္ဍာရေးနှင့်လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များ နှင့်ဆုံးရှုံးမှုများ၊ လုပ်အားဆုံးရှုံးမှုအတွက် အစားထိုးရန် အိမ်ထောင်စု၏လုပ်နိုင်စွမ်းရည်၊ လိင်သတ်မှတ်ချက် များနှင့် ဘေးအန္တရာယ်ကင်းမှုဆိုင်ရာ စိုးရိမ်မှုများ ဖြစ်ကြသည်။

#### ဘဏ္ဍာရေးဆိုင်ရာကုန်ကျစရိတ်

အမျိုးသားများအတွက် ရွှေ့ပြောင်းရာတွင် အဓိကအဟန့်အတားများမှာ ငွေကြေးဆိုင်ရာ ကုန်ကျစရိတ်များဖြစ်သည်ဟု ဖြေဆိုသူများက မြင်ကြသည်။ ရွှေ့ပြောင်းမှုအတွက် ငွေကြေးဆိုင်ရာ ကုန်ကျစရိတ်အများစုမှာ အစပိုင်းတွင်ဖြစ်ပေါ်ပြီး၊ ၎င်းတွင် ကျေးရွာမှဦးတည်ရာနေရာသို့ သယ်ယူပို့ဆောင်မှု၊ အစပိုင်းတွင်လိုအပ်သည့် နေရာထိုင်ခင်းနှင့် ကနဦးအလုပ်ရှာဖွေရာတွင် လိုအပ်ချက်တို့ ပါဝင်သည်။


လေ့လာမှုကတွေ့ရှိရသည်မှာ ရွှေ့ပြောင်းမှုနှင့်ဆက်စပ်သည့် ထိုကြိုတင်ကုန်ကျစရိတ်များမှာ အလွန်နည်းသည်။ ရွှေ့ပြောင်းသူများနှင့် အိမ်ထောင်စုထက်ဝက်ကျော်က ခန့်မှန်းသည်မှာ

မိသားစုဝင်တစ်ဦးအားပို့ခြင်း၏ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၄၀,၀၀၀ ထက်နည်းသည်။ ပြည်တွင်းရွှေ့ပြောင်းမှုကိုသာလျှင် စဉ်းစားမည်ဆိုပါက စစ်တမ်းကောက်ထားသည့် အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံကျော်က ယင်းသို့ဖြေသည်။ ရွှေ့ပြောင်းမှုနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များသည် ရောဝတီနှင့်မကွေး နှစ်ခုစလုံးတို့တွင် ယေဘုယျအားဖြင့် တူညီသော်လည်း ကျပ် ၁၀၀,၀၀၀ ထက် ပို၍သုံးစွဲသည့် မိသားစုအချိုးအစားမှာ မကွေးတွင် ပို၍များသည်။ ၎င်းသည် မကွေးမှ နိုင်ငံတကာသို့ ရွှေ့ပြောင်းသူများ၏ အရေအတွက်သည် သိသာထင်ရှားစွာ ပို၍များနေသည်ကို ပြသသည်။

လေ့လာမှုကတွေ့ရှိရသည်မှာ ရွှေ့ပြောင်းမှုနှင့်ဆက်စပ်သည့် ထိုကြိုတင်ကုန်ကျစရိတ်များမှာ အလွန်နည်းသည်။ ရွှေ့ပြောင်းသူများနှင့်အိမ်ထောင်စု ထက်ဝက်ကျော်က ခန့်မှန်းသည်မှာ မိသားစုဝင်တစ်ဦးအား ပို့ခြင်း၏ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၄၀,၀၀၀ ထက်နည်းသည်။

ထိုကဲ့သို့သောနည်းပါးသည့်ကုန်ကျစရိတ်များနှင့် တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ရွှေ့ပြောင်းသူများ၏ အများစုသည် ၎င်းတို့၏ ရွှေ့ပြောင်းမှုဖြစ်ရပ်များတွင် ၎င်းတို့ကိုယ်တိုင် စုဆောင်းမှုများ (ရောဝတီတွင် ၄၃ ရာခိုင်နှုန်းနှင့် မကွေးတွင် ၃၃ ရာခိုင် နှုန်း) မှတစ်ဆင့်၊ သို့မဟုတ် မိသားစု သို့မဟုတ် ဆွေးမျိုးများထံမှယူခြင်း (၂၈ ရာခိုင်နှုန်း နှင့် ၁၉ ရာခိုင်နှုန်း) အားဖြင့် ငွေကြေးမတည်ကြသည်။ လေ့လာမှုက တွေ့ရှိရသည်မှာ ဘဏ္ဍာရေးဆိုင်ရာ အတားအဆီးအား အများအားဖြင့် လျော့ပါးစေရန် ပြုလုပ်ရာတွင် ရွှေ့ပြောင်းခြင်းမပြုလုပ်မီ အလုပ်အကိုင်နှင့်နေရာထိုင်ခင်းများ ရယူထားခြင်း မဟုတ်သည့်တိုင်အောင် ကြိုတင်ရှာထားခြင်း နည်းဗျူဟာအား အသုံးပြုသည်။ အောက်ပါအခန်းတွင် ဆွေးနွေးထားသကဲ့သို့ မထွက်ခွာမီ အလုပ်အကိုင်အခွင့်အလမ်းများအား ဖော်ထုတ်ရန်အတွက် လူမှုကွန်ရက်များအပေါ် အားထားခြင်းဖြင့် ရောက်ရှိသွားသည့်အခါတွင် လိုအပ်မည့်ငွေကြေး ကုန်ကျစရိတ်များအား လျော့ကျစေသည်။

(ပုံ ၁၃) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်းအတွက် အဓိကအဟန့်အတားများ အပေါ်အမြင် အမျိုးသားအများစုအနေဖြင့် ငွေသည် အဓိကအဟန့်အတားဖြစ်သည်ဟု မြင်ကြသည်။ အမျိုးသမီးများအတွက် ထင်မြင်သည့် အဟန့်အတားများမှာ မိသားစုတာဝန်များနှင့်ဘေးကင်းမှုဆိုင်ရာစိုးရိမ်မှုများ ဖြစ်သည်။





## ဘေးကင်းမှု

ဘေးကင်းမှုနှင့် လူမှုရေးဆိုင်ရာစံနှုန်းများသည် အမျိုးသမီးများအတွက် ရွှေ့ပြောင်းမှုအပေါ် အဓိကအဟန့်အတားများ ဖြစ်ကြသည်။ ပုံ ၁၃ တွင် အကြမ်းဖျင်းဖော်ပြထားသည့် စစ်တမ်းမှ တုံ့ပြန်မှုများနှင့် ကိုက်ညီသည်မှာ ပို့လွှတ်သည့်ရွာများမှ မရွှေ့ပြောင်းသူဖြေဆိုသူများက မကြာခဏ ဆိုသလိုအခိုင်အမာပြောဆိုကြသည်မှာ ငယ်ရွယ်သောအမျိုးသမီးများနှင့် မိန်းကလေးများရွှေ့ပြောင်း

ဘေးကင်းမှုနှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များသည် အမျိုးသမီးများအတွက် ရွှေ့ပြောင်းရာတွင် အဓိက အဟန့်အတားများဖြစ်ကြသည်

(ပုံ ၁၄) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်း၏ငွေကြေးကုန်ကျမှု (မြန်မာကျပ်)




ခြင်းသည် မသင့်တော်ရုံသာမကဘဲ အဆိုးဆုံးအနေအထားနှင့်ဆိုလျှင် အန္တရာယ်ပါရှိနိုင်သည်။ တစ်ခါတစ်ရံတွင်အချက်အလက်များစုံလင်စွာမရရှိနိုင်သည့်အခါများတွင် ရွှေ့ပြောင်းခြင်းပုံသဏ္ဍာန်အား ယေဘုယျအားဖြင့်သာပြုလုပ်နိုင်ပြီး ဥပမာအနေနှင့် ရောဝတီ၊ ကျောင်းကုန်းမြို့နယ်ရှိ


ကျေးရွာတစ်ရွာတွင်ပြောသည်မှာ - “မိဘတွေက သူတို့ရဲ့သမီးပျိုတွေကို မြို့တွေမှာရှိတဲ့အလုပ်ကို မလွှတ်ချင်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့လုံခြုံမှုကို စိုးရိမ်တာကြောင့်ဖြစ်တယ်”။ ထိုကဲ့သို့သော သိမ်းကျုံးပြီး တဖတ်သတ်ပြောခြင်းသည် ရွှေ့ပြောင်းလိုသည့် အမျိုးသမီးငယ်များအပေါ် အဟန့် အတားများဖြစ်စေသည်။ ရောဝတီ၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အမျိုးသမီးငယ် တစ်ဦးက - “ကျွန်မရွှေ့ပြောင်းချင်ပေမယ့် ကျွန်မရဲ့မိဘတွေက ကျွန်မကိုခွင့်မပြုကြဘူး” ဟူ၍ပြောသည်။

တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ပွဲစားတစ်ဦး၏လိမ်ညာခြင်းကို ခံရနိုင်သည့် အန္တရာယ်ရှိကြောင်းကို သိထားကြပြီး၊ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူ သုံးပုံနှစ်ပုံကျော်သည် လူကုန်ကူးခြင်းနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများအား ဖော်ပြကြသည်။

ထိုကျေးရွာတွင်ပင် ရရှိသည့် ဖြေရှင်းချက်တစ်ခုအား အကြမ်းဖျင်းဖော်ပြထားသည်မှာ - “မိဘတွေက အသက် ၁၈ နှစ်အောက်မိန်းကလေးတွေကို ရွှေ့ပြောင်းခွင့်မပြုကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးငယ်တွေရဲ့ လုံခြုံမှုအတွက် စိုးရိမ်တာကြောင့်ဖြစ်တယ်။ ပိုပြီးငယ်ရွယ်တဲ့ မိန်းကလေးတွေအနေနဲ့ သူတို့ကိုယ်သူတို့ ထိန်းသိမ်းဖို့နဲ့ ကာကွယ်နိုင်ဖို့ အရွယ်မရောက်ကြသေးဘူး”ဟု မိဘများက ယုံကြည်ကြသည်။ မကွေးရှိ ဖြေဆိုသူတစ်ဦးမှ စိုးရိမ်ပူပန်မှုနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း အကျဉ်းချုံးပြီးပြောသည်မှာ - “အမျိုးသမီးတွေ ရွှေ့ပြောင်းဖို့ အမျိုးသားတွေနဲ့နှိုင်းယှဉ်ရင် ခွင့်ပြုချက်ရဖို့အခွင့်အလမ်း နည်းတယ်။ မိဘတွေအနေနဲ့ သူတို့သမီးတွေ လိမ်ညာခံရမယ် ဒါမှမဟုတ် လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်တွေ ကြုံတွေ့ရမှာကို အမြဲတမ်း စိုးရိမ်ကြတယ်”။

ပို၍ယေဘုယျကျသည်မှာ ဖြေဆိုသူများသည် ကျေးရွာလူမှုရေးစနစ်အား ကျော်လွန်ပြီး ရောယှက်ရသည့်အခါမျိုးတွင် သိသိသာသာ ယုံကြည်မှုကင်းမဲ့ကြသည်ဟု ထုတ်ဖော်ပြောကြသည်။ ကွာလီတေးတစ်ဗ်သုတေသနတွင် ဖြေဆိုသူအချို့သည် လူကုန်ကူးခြင်းနှင့် အနိုင်အထက် ပြုကျင့်ခြင်းတို့နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်လျှက်ရှိသည်။ စစ်တမ်းကောက်ယူမှုတွင် ရွှေ့ပြောင်းမှုတွင်ပါဝင်သည့် အန္တရာယ်နှင့်ပတ်သက်၍လည်း စိုးရိမ်ပူပန်မှုများအား ဖော်ပြထားသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ပွဲစားတစ်ဦး၏လိမ်ညာခြင်းကိုခံရနိုင်သည့် အန္တရာယ်ရှိကြောင်းကို သိထားကြပြီး၊ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူ သုံးပုံနှစ်ပုံကျော်သည် လူကုန်ကူးခြင်းနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများအား ဖော်ပြကြသည်။ လူများသည် ဖြစ်ရပ်တစ်ခုချင်းစီအား ဖော်ထုတ်နိုင်ခြင်း မရှိသည့်အပြင် ထိုအကြောင်းအရာများနှင့် ပတ်သက်သည့် ပြဿနာများအား ရွှေ့ပြောင်းသူများက သတင်းပေးခဲ့သည်။ ရောဝတီတွင် ရွှေ့ပြောင်းသူများ၏ ၃ ရာခိုင်နှုန်းက လုပ်အားခမပေးဘဲ အတင်းအကျပ်ခိုင်းစေခြင်း သို့မဟုတ် လူကုန်ကူးခံရခြင်းတို့ ရှိသည်ဆိုပြီး၊ ထိုနေရာတွင် ပွဲစားများက ခေါင်းပုံဖြတ်သည့်ဖြစ်ရပ်များ မရှိဟုဆိုသည်။ မကွေးတွင် ဖြေဆိုသူ ၁ ရာခိုင်နှုန်းသည် ပွဲစားများက ခေါင်းပုံဖြတ်သည်ဟု သတင်းပို့သော်လည်း ထိုနေရာ၌ လုပ်အားခမပေးဘဲ အတင်းအကျပ် အလုပ်ခိုင်းစေသည့် ဖြစ်ရပ်များအား သတင်းမပို့ပါ။

(ပုံ ၁၅) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ရွှေ့ပြောင်းခြင်းအတွက် ဘဏ္ဍာရေးရင်းမြစ်များ




ထိုယုံကြည်မှုကင်းမဲ့ခြင်းအား ကျော်လွှားရန် - ရွှေ့ပြောင်းရန် အလားအလာရှိသူများ - အထူးသဖြင့် အမျိုးသမီးငယ်များသည် အလုပ်အကိုင်နှင့် အိမ်ရာအစီအစဉ်များနှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို စုစည်းကြသည်။ အောက်တွင် ဆွေးနွေးထားသည့်အတိုင်း ရွှေ့ပြောင်းသူများသည် ရွှေ့ပြောင်းမှုနှင့်ပတ်သက်သည့် အန္တရာယ်များအား လျော့ပါးစေရန် လူမှုကွန်ရက်များအပေါ် အားကိုးကြသည်။ ရွှေ့ပြောင်းသူအများအပြားသည် ၎င်းတို့၏ ရွှေ့ပြောင်းမှု အတွေ့အကြုံများမှ အစိတ်အပိုင်းများတွင် "ယုံကြည်မှု"၏ အရေးကြီးပုံအား အလေးထားကြသည်။ ၎င်းသည် မိဘများက ရွှေ့ပြောင်းရန်ခွင့်မပြုသည့် ငယ်ရွယ်ကာ အိမ်ထောင်မရှိသော အမျိုးသမီးများတွင် ပို၍ဖြစ်လေ့ရှိသည်။ ရွှေ့ပြောင်းသွားသော ထိုအမျိုးသမီးများနှင့် ပတ်သက်ပြီး အချို့က သတင်းပို့သည်မှာ ၎င်းတို့၏မိဘများသည် ၎င်းတို့၏ လုံခြုံမှု သေချာစေပြီး သူတို့၏ အသက်မွေးဝမ်း ကျောင်းမှု အခြေအနေများအား ကိုယ်တိုင်သိရှိရန်အတွက် မြို့သို့လိုက်ပို့ကြသည်။

### လူမှုရေးဆိုင်ရာဆုံးရှုံးမှုများ

ကုန်ကျစရိတ်များအား ငွေကြေးတစ်ခုတည်းကိုသာ တွက်၍မရပါ - ဖြစ်ရပ်အများအပြားတွင် မိသားစုနှင့်မိတ်ဆွေများအား ထားခဲ့ပြီး ထွက်ခွာခဲ့ရသည့် ရွှေ့ပြောင်းသူများအား ရွှေ့ပြောင်းမှုက စိတ်ဖိစီးမှုများ ဖြစ်ပေါ်စေသည်။

ဤလေ့လာမှုတွင် တွေ့ရှိရသည့် ပြည်တွင်းရွှေ့ပြောင်းမှုဆိုင်ရာ ကြိုးပမ်းမှုများတွင် ယေဘုယျအားဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းမှု၏ လက္ခဏာဖြစ်သည့် ဘာသာစကား သို့မဟုတ် လူမျိုးစုတို့နှင့် ဆက်နွယ်သည့် စိန်ခေါ်မှုများ မပါဝင်သော်လည်း ရွှေ့ပြောင်းမှုသည် မကြာခဏဆိုသလို လူတစ်ဦး သူ၏အိမ်မှ ပထမဆုံးအကြိမ်ထွက်ခွာမှုကို ကိုယ်စားပြုဖော်ပြပြီး ရလဒ်အနေဖြင့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသားမကျမှုသည် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်နိုင်သည်။ ပုံ ၁၃ တွင် ဖော်ပြခဲ့သလို မိသားစုနှင့်အတူ ဆက်လက်နေထိုင်လိုမှုသည် ရွှေ့ပြောင်းခြင်းအပေါ် များစွာ အဟန့်အတား ဖြစ်စေပြီး အမျိုးသမီး ၁၇ ရာခိုင်နှုန်းခန့်နှင့် အမျိုးသား ၁၂ ရာခိုင်နှုန်းကျော် တို့သည် မိသားစု အနှောင်အဖွဲ့အား ရွှေ့ပြောင်းရန် အတားအဆီးတစ်ခုအနေဖြင့် ဖော်ပြကြသည်။

မိသားစုများသည် အသက်နှင့်လိင်တို့အပေါ်မူတည်၍ လူမှုရေးဆိုင်ရာတာဝန်များကို အာရုံစိုက်ပြီး ထိုအုပ်စုများအပေါ် မတူညီသည့် အကန့်အသတ်မျိုးစုံချမှတ်သည်။ ထိုဆက်စပ်မှုများသည် ရွှေ့ပြောင်းမှုအပေါ် နည်းလမ်းမျိုးစုံဖြင့် လွှမ်းမိုးနိုင်ပြီး၊ ဥပမာအားဖြင့် အသက်အရွယ်ကြီးရင့် သည့် မိဘများသို့မဟုတ် ကလေးငယ်များရှိသော မိသားစုများသည် ၎င်းတို့၏ သား သို့မဟုတ် သမီး ရွှေ့ပြောင်းသွားလျှင် ကျန်ရစ်ခဲ့မည်ဖြစ်သည်။

မိသားစုလုပ်အားသည်လည်း အိမ်ထောင်စုတစ်စု၏ စီးပွားရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပြီး ရွှေ့ပြောင်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ အသေးစားနှင့်အလတ်စား မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုများအတွက် မိသားစုလုပ်အားကို မှီခိုရပြီး ခွဲဝေလုပ်ကိုင်ကြသည်။ ဤအဓိပ္ပာယ်မှာ လူသားလုပ်အားများ၏ ပံ့ပိုးမှုသည် အိမ်ထောင်စုတစ်ခု၏ အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ပြီး မလုံလောက်မှုသည် အရေးပါသည့် အဟန့်အတားဖြစ်သည်။ ဖြေဆိုသူတစ်ဦးက ရှင်းပြ သည်မှာ - "ကျွန်တော် မပြောင်းချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မိသားစုထဲမှာ ကျွန်တော်တို့ရဲ့မိသားစုလယ်ယာအလုပ်ကို လုပ်ကိုင်ဖို့ လုပ်သားအပိုမရှိဘူး" ဟူ၍ ဖြစ်သည်။

### အထောက်အကူပြုအချက်အလက်များ

ရှေ့အခန်းတွင်ဖော်ပြခဲ့သည့် အဟန့်အတားများကို အထောက်အကူပြုသည့် အချက်အလက် များက ပိုမိုလျော့ကျသွားအောင် ပြုလုပ်ပေးသည်။ ရွှေ့ပြောင်းမှုကို လွယ်ကူစေရန် ပြောင်းလဲနိုင်သောအရာများအား ဖော်ပြထားပြီး ၎င်းထဲတွင် ပါဝင်သည်မှာ လူမှုကွန်ရက်များ၊ သယ်ယူပို့ဆောင်ရန် လက်လှမ်းမီမှုနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာတို့ ဖြစ်သည်။ ဤအချက်အလက်များသည် ရွှေ့ပြောင်းမှု၏ ငွေကြေးနှင့်လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များနှင့် ဆုံးရှုံးမှုနှစ်ခုစလုံးကို ပိုမိုလျှော့ချပေးသည်။ ဤလေ့လာမှုကဖော်ပြထားသည့် အရေးအကြီးဆုံး အချက်မှာ လူမှုကွန်ရက်များမှတစ်ဆင့် အလုပ်အကိုင်နှင့်ပတ်သက်သည့် သတင်းအချက်အလက် များနှင့် နေရာထိုင်ခင်းတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း လက်လှမ်းမီမှု ဖြစ်စေသည်။ ဆန်းစစ်ထားသည့်ရွှေ့ပြောင်းမှုပုံသဏ္ဍာန်များအများစု၏ ပုံမှန်မဟုတ်သည့် သဘာဝကို ဤသတင်းအချက်အလက်အားရရှိနိုင်မှုတွင် လူမှုကွန်ရက်များ၏ အရေးပါမှုက ထင်ဟပ်သည်။ ထိုကွန်ရက်များသည် ရွှေ့ပြောင်းနိုင်ချေ ရှိသူများအား အလားအလာရှိသည့် ဝင်ငွေကွာဟမှုများ သို့မဟုတ် ဦးတည်ရာနေရာများတွင် အလုပ်အကိုင်များရရှိနိုင်မှုတို့အား ရှာဖွေရာတွင် အထောက်အကူပြုသည်။ သို့သော် ပုဂ္ဂိုလ်များနှင့်ကျေးရွာများအနှံ့တွင်


လူမှုကွန်ရက်များအား လက်လှမ်းမီမှုသည် ကွဲပြားနိုင်ပြီး - အချို့သည် ၎င်းတို့၏ လူမှုကွန်ရက်များမှတစ်ဆင့် အလုပ်အကိုင်များရှာဖွေနိုင်သော်လည်း အချို့မှာ အလုပ်များရှိနေကြောင်းကို သိရှိနိုင်ရုံသာရှိသည်။ ထိုနည်းတူ အချို့ကျေးရွာများသည် အခြားကျေးရွာများထက် အလုပ်အကိုင်ဈေးကွက်များနှင့် ပို၍ခိုင်မာသည့်အဆက်အသွယ်များ ရှိကြသည်။ ဤအခန်းတွင် လူမှုကွန်ရက်များအား အသုံးချသည့် နည်းလမ်းမျိုးစုံတို့ကို လေ့လာပြီး ထိုအထဲတွင် ရွှေ့ပြောင်းခြင်းအတွေ့အကြုံတလျှောက် ပြောင်းလဲသွားပုံများ ပါဝင်သည်။ ထို့အပြင် ဤအခန်းသည် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးနည်းပညာများက ရွှေ့ပြောင်းမှုကို မည်ကဲ့သို့ဖြစ်စေသည်ကိုလည်း လေ့လာထားသည်။

**လူမှုကွန်ယက်များ**

အလုပ်အကိုင်များအားဖော်ထုတ်ပြီး ရရှိစေနိုင်သည့် လူမှုကွန်ရက်များအား လက်လှမ်းမီခြင်းသည် ရွှေ့ပြောင်းခြင်းဖြစ်စဉ်အား အခြားအကြောင်းရင်းများအားလုံးထက် ပိုပြီးအထောက်အကူပြုသည်။ အချက်အလက်ဆိုင်ရာ အခက်အခဲများအား ကျော်လွှားရန်နှင့် အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လူမှုကွန်ရက်များသည် အရေးကြီးသည့် အထောက်အကူများဖြစ်သည်။ ကမ္ဘာပေါ်ရှိ သက်သေအထောက်အထားများစွာတို့က ပြသသည်မှာ သီးခြားဦးတည်သည့် နေရာများတွင် အဆက်အသွယ်များရှိနေခြင်းသည် ရွှေ့ပြောင်းခြင်းအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများရှိသည်။ ရွှေ့ပြောင်းသူတစ်ဦးအနေနှင့် သူ၏လူမှုကွန်ရက်သည် ပို၍ကြီးမားသည့်အခါ

(ပုံ ၁၆) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ အလုပ်အကိုင်နှင့်ပတ်သက်သည့်သတင်းအချက်အ လက်များအတွက် အဓိကရင်းမြစ်

နီးစပ်ရာအဆက်အသွယ်များသည် အဓိက အလုပ်အကိုင်သတင်းအချက်အလက်များ၏ အဓိကဇာစ်မြစ်




---

[၁၈] ဥပမာအနေနှင့်ကြည့်ရန် - Munshi, Kaivan. 2003. "Networks in the Modern Economy: Mexican Migrants in the U.S. Labor Market." The Quarterly Journal of Economics, 549–99/

အလုပ်ရနိုင်ခြေနှင့် လုပ်အားခပိုကောင်းသည့် စိုက်ပျိုးရေးမဟုတ်သောအလုပ် ရရှိနိုင်ရန်အတွက် ပိုပြီးအလားအလာကောင်းကာ တစ်နည်းအားဖြင့် ကွန်ရက်များသည် အလုပ်အကိုင်များကို ရှာဖွေပေးရုံသာမကဘဲ လုပ်အားခပိုကောင်းသည့် အလုပ်အကိုင်များအား ရရှိစေသည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက်များသည် အလုပ်အကိုင်ရှာဖွေရာတွင်နှင့်အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အရေးကြီးသည့်အခန်းကဏ္ဍကပါဝင်ကာ မကွေးမှ ဖြေဆိုသူအမျိုးသမီး တစ်ဦးက ထိုသက်ဝင်မှုအား ခြုံငုံပြောပြရာတွင် - "ကိုယ်သွားမယ့်နေရာမှာ ကိုယ်နဲ့သိတဲ့သူ တစ်ယောက် ရှိရမယ်၊ ဒါမှ အလုပ်အကိုင်တစ်ခုကို အလွယ်တကူရပြီး အောင်မြင်မှုရမှာဖြစ်တယ်"။ ရွှေ့ပြောင်းခြင်း အတွေ့အကြုံတွင် အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းရန်အတွက် လူမှုကွန်ရက်များ၏ အရေးပါမှုသည် အထက်တွင်ဖော်ပြထားသည့် ရွှေ့ပြောင်းခြင်း၏ သမားရိုးကျမဆန်သည့် သဘာဝနှင့် ဆက်နွယ်နေပြီး အကြောင်းမှာ ရွှေ့ပြောင်းသူအများစုသည် ကျေးလက်ဒေသများမှ စိုက်ပျိုးရေး မဟုတ်သည့် ကျပန်းအလုပ်အကိုင်များရှိသည့်

> လူမှုကွန်ရက်များသည် အလုပ်အကိုင်ရှာဖွေရာတွင်နှင့်အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်ကာ မကွေးမှ ဖြေဆိုသူအမျိုးသမီးတစ်ဦးက ထိုသက်ဝင်မှုအား ခြုံငုံပြောပြရာတွင် - "ကိုယ်သွားမည့်နေရာမှာ ကိုယ်နဲ့သိတဲ့သူတစ်ယောက် ရှိရမယ်၊ အဲဒါမှ အလုပ်အကိုင်တစ်ခုကို အလွယ်တကူရပြီး အောင်မြင်နိုင်မှာ"။

မြို့ပြဒေသများထံသို့ ရွှေ့ပြောင်းနေခြင်းဖြစ်သည်။ ထိုအလုပ်အကိုင်များသည် ယေဘုယျအားဖြင့် စာချုပ်စာတမ်းများမရှိသည့် အလွတ်သဘောဖြင့် ခန့်အပ်ထားခြင်းဖြစ်သည်။ လုပ်အား စျေးကွက်အနေနှင့် ပြောရလျှင် ထိုစျေးကွက်များအား အချက်အလက်များ မညီမျှစွာ ရရှိခြင်းဖြင့် ပုံဖော်ထားပြီး အလုပ်ရှင်ရော၊ ဝင်ရောက်လုပ်ကိုင်မည့် အလုပ်သမားပါ အထွေထွေ အလုပ်အကိုင်ရရှိနိုင်မှု၊ နှုန်းထားများနှင့် လုပ်အားခ ပုံမှန်ပေးနိုင်မှုနှင့် အလုပ်အကိုင် တစ်ခုတွင် ပါဝင်သည့် အလုပ်များဆိုင်ရာ အားကိုးရသည့် အချက်အလက်များ အကန့်အသတ် နှင့်သာ ရှိကြသည်။ တိုင်းဒေသကြီး နှစ်ခုစလုံးရှိ အလုပ်ရှင်များရော၊ ရွှေ့ပြောင်း အလုပ်သမားများပါ အလုပ်ရှင်များ အားကိုးရသည့် အနေအထားများအား ရွှေ့ပြောင်းသူများ၏ လူမှုကွန်ရက်များမှတစ်ဆင့် အလုပ်များခန့်အပ်ရန်အတွက် သိရှိကြရသည်။

အချက်အလက်များ ညီညီမျှမျှမရရှိခြင်းအား ကိုင်တွယ်ရန်အတွက် လူမှုကွန်ရက်များကို အားကိုးခြင်းသည် မြန်မာနိုင်ငံတွင် အထူးသဖြင့် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပြီး အကြောင်းမှာ ဝမ်းစာမလုံလောက်မှုအတွက် ရွှေ့ပြောင်းမည့်သူများအတွက် ကြီးမားသည့် အန္တရာယ်အား ရှောင်ရှားစေနိုင်ခြင်းကြောင့်သည်။ ရွှေ့ပြောင်းမှုအား ထည့်သွင်းစဉ်းစားသည့်အခါနှင့် ကျင့်သုံးသည့်အခါတို့တွင် ဤလေ့လာမှုအောက်ရှိ အိမ်ထောင်စုများသည် အလုပ်အကိုင် မရရှိနိုင်ခြင်း သို့မဟုတ် အလုပ်အကိုင်ရရှိရန် အချိန်ကာလကြာမြင့်စွာယူ၍ရှာဖွေခြင်း စသည့် မအောင်မြင်သည့် ရွှေ့ပြောင်းခြင်းအကျိုးဆက်တို့ကြောင့် ဆင်းရဲနွမ်းပါးခြင်းကိုရှောင်ရှားရန် အလွန်သတိဝီရိယထားကြသည်။ ထိုနောက်ခံအနေအထားနှင့်ကြည့်လျှင် သူတို့သွားရောက်မည့် နေရာများတွင် ဆွေမျိုးများ သို့မဟုတ် ယုံကြည်၍ရနိုင်သူများ ရှိနေခြင်းသည် အိမ်ထောင်စု အများအပြားအတွက် ရွှေ့ပြောင်းခြင်းမှ ဖြစ်ပေါ်လာနိုင်သည့် ကြီးမားသည့်အန္တရာယ်ကို ကိုင်တွယ်

ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထိုအဆက်အသွယ်များသည် အလုပ်အကိုင်များအား ဖော်ထုတ်နိုင်သည့်အပြင် ရရှိနိုင်အောင်လည်း ပံ့ပိုးပေးနိုင်သည်။ ထို့အပြင် ၎င်းတို့အနေဖြင့် အစပိုင်းလအနည်းငယ် သို့မဟုတ် ၎င်းထက်ပို၍ ရွှေ့ပြောင်းသူများအား ကိုယ်ပိုင်နေရာထိုင်ခင်းများ မရနိုင်သေးမီအထိ စီစဉ်ပေးနိုင်သည်။

လူမှုကွန်ရက်များ အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်မှုအား ထည့်တွက်၍ ဤလေ့လာမှုတွင် သိသာထင်ရှားသည့် ရွှေ့ပြောင်းသူအများစုသည် ၎င်းတို့၏မိသားစု သို့မဟုတ် သူငယ်ချင်းများရှိသည့် နေရာများသို့ ရွှေ့ပြောင်းကြသည်မှာ အံ့သြစရာမကောင်းပါ။ အကြောင်းမှာ ထိုလူများသည် သူတို့၏ အလုပ်အကိုင်များရှာဖွေရာတွင် ပံ့ပိုးပေးသူများ ဖြစ်ကြသည်။ ရန်ကုန်၊ မန္တလေးနှင့် မကွေးရှိမြို့ကြီးတွင် တွေ့ဆုံမေးမြန်းခဲ့သည့် လက်ရှိရွှေ့ပြောင်းသူ ၇၅ ဦးမှ ရွှေ့ပြောင်းသူ ၆၇ ဦးက အစီရင်ခံသည်မှာ ထိုနေရာတွင် သူငယ်ချင်းများ သို့မဟုတ် မိသားစု ရှိနေပြီးဖြစ်သည်။ ၎င်းတို့ထဲမှ ၅၂ ဦးသည် ထိုကွန်ရက်များအား ရွှေ့ပြောင်းရန်အတွက် ၎င်းတို့ ပထမဆုံး ရွေးချယ်သည့်အချိန်တွင် ၎င်းတို့၏ဦးတည်ရာနေရာရွေးချယ်ခြင်းအတွက် အဓိကအကြောင်းပြချက်အဖြစ် ဖော်ပြကြသည်။ စစ်တမ်းကတုံ့ပြန်သည်မှာ လတ်တလော ရွှေ့ပြောင်းခြင်းကြိုးပမ်းမှုတွင် အလုပ်အကိုင်ရရန် အဓိကဖြစ်သော သတင်းအချက်အလက်ရရှိမှု၏အဓိကရင်းမြစ်နှင့် ပတ်သက်သည့် မေးခွန်းအတွက် စစ်တမ်းမှပေါ်ထွက်လာသည့်အဖြေမှာ အလုပ်အကိုင်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ဖော်ထုတ်ပေးခြင်းတွင် လူမှုကွန်ရက်များက အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်ကို အတည်ပြုပေးသည် - မကွေးနှင့် ရောဝတီရှိ ထိုရွှေ့ပြောင်းသူများအဖို့ မိသားစုနှင့် သူငယ်ချင်းများသာလျှင် သိသာထင်ရှားသည့် သတင်းအချက်အလက် ရင်းမြစ်အဖြစ် အားထားရာဖြစ်သည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ရွှေ့ပြောင်းသူအားလုံးနီးပါးသည် ၎င်းတို့၏ကျေးရွာများမှ မထွက်ခွာမီ အလုပ်အကိုင် သတင်းအချက်အလက်များအား လူမှုကွန်ရက်များမှတစ်ဆင့် ရရှိသော်လည်း အလုပ်အကိုင်များရှိကြောင်း သိရုံသာသိသောသူများနှင့် အလုပ်အကိုင်ရရန် အာမခံချက်ရှိသော သူများအကြား သိသာထင်ရှားသည့်ကွဲပြားမှုရှိသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးတွင် ကြီးမားသော ပမာဏဖြစ်သည့် ၈၀ ရာခိုင်နှုန်းကျော်သည် အလုပ်အကိုင်အခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက် ရရှိသည့်အခါမှသာ ရွှေ့ပြောင်းကြသည်။ ၎င်းကညွှန်ပြသည်မှာ အထွေထွေ အလုပ်အကိုင် သတင်းအချက်အလက်များအား ပို့လွှတ်သည့် ကျေးရွာများတွင် အတော်အသင့် ရရှိနိုင်ပြီး အလားအလာရှိသည့် ရွှေ့ပြောင်းသူအများစုသည် ရန်ကုန်ကဲ့သို့သော ဦးတည်ရာ နေရာများတွင် အလုပ်အကိုင်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိနိုင်ကြသည်။

သို့သော် ဤသတင်းအချက်အလက်များက ညွှန်ပြသည်မှာ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးမှုနှင့် မထွက်ခွာမီ အလုပ်အကိုင်ရရှိရန် သေချာမှုတို့အကြား သိသာသည့် ကွဲပြားမှုဖြစ်သည်။ အလားအလာရှိသည့်အလုပ်အကိုင်အခွင့်အလမ်းများနှင့် အာမခံချက်ရှိသည့် အလုပ်ရရှိမှုများအကြား ခြားနားမှုသည် ဇယားကွက် ၅ တွင် ဖော်ပြထားသကဲ့သို့ ရွှေ့ပြောင်းသူအများအပြား ရင်ဆိုင်ရသည့်အချိန်ကြာမြင့်စွာ အလုပ်အကိုင်ရှာဖွေရခြင်းနှင့် ဆက်နွယ်သည့် အန္တရာယ် နှင့် ဆက်စပ်နေသည်။ ရောဝတီတွင် ရွှေ့ပြောင်းသူ ၅၈ ရာခိုင်နှုန်းနှင့် မကွေးတွင် သုံးပုံတစ်ပုံတို့အတွက် အမှန်တကယ် အလုပ်ရရှိမှုအား မထွက်ခွာမီ အတည်ပြုမှုရရှိကြသည်။ ၎င်းအား များသောအားဖြင့် မြို့တွင် အလုပ်လုပ်ကိုင်နေသော မိသားစုဝင်တစ်ဦး သို့မဟုတ် ဆွေးမျိုးများမှ တစ်ဆင့်ရရှိပြီး၊

နောင်လာမည့်ရွှေ့ပြောင်းသူများအတွက် သတင်းအချက်အလက် ရင်းမြစ်အများဆုံး ရရှိနိုင်သည်ဟု သိရသည်။ ဆန့်ကျင်ဘက်အနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအားရှာသားများထံမှရရှိသည်။ မကွေးရှိရွှေ့ပြောင်းသူများ (၄၃%) သည် ရောဝတီရှိရွှေ့ပြောင်းသူများ (၂၂%) ထက်ပို၍အလုပ်ရရှိနိုင်မှု အလားအလာနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရရှိမှသာလျှင် ထွက်ခွာလိုကြသည်။

အထူးသဖြင့် လူမှုကွန်ရက်များသည် အန္တရာယ်ကိုင်တွယ်ဖြေရှင်းသည့် ပုံစံအောက်ရှိ ရွှေ့ပြောင်းသူများအတွက် အဓိကပြောင်းလဲနိုင်သည့်အကြောင်းရင်း ဖြစ်ကြသည်။ ဤပုံစံအောက်ရှိ ရွှေ့ပြောင်းခြင်းအတွက် အဓိကအကြောင်းပြချက်သည် ရွှေ့ပြောင်းသူများနှင့် ၎င်းတို့၏

ရောဝတီရှိ ရွှေ့ပြောင်းသူ (၅၈) ရာခိုင်နှုန်းနှင့် မကွေးရှိရွှေ့ပြောင်းသူ ၃၃ ရာခိုင်နှုန်းတို့အတွက် မထွက်ခွာမီ အလုပ်အတွက် ကြိုတင်အာမခံချက်များရရှိကြသည်။ ၎င်းအား များသောအားဖြင့် မြို့တွင် အလုပ်လုပ်ကိုင်နေသော မိသားစုဝင် သို့မဟုတ် ဆွေမျိုးများမှ တစ်ဆင့်ရရှိခြင်းဖြစ်ပြီး ၎င်းတို့သည် အလားအလာရှိသည့် ရွှေ့ပြောင်းသူများအတွက် အားကိုး၍ အရဆုံးဖြစ်သည့် အချက်အလက် ရင်းမြစ်များအနေနှင့် တွေ့ရှိရသည်။


အိမ်ထောင်စုအကြား အတူတကွ အာမခံချက်အားဖြည့် ဆည်းပေးရန်ဖြစ်ပြီး ဤအုပ်စုသည် အခြားအုပ်စုများထက် အလုပ်ရှာမတွေ့မည့် အခြေအနေကို ပို၍ပင်မနှစ်သက်ကြပါ။ ရန်ကုန်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် လက်ရှိအလုပ်လုပ်နေသည့် ရောဝတီ၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ ၂၉ နှစ်အရွယ်ရှိသော အမျိုးသမီး ရွှေ့ပြောင်းသူတစ်ဦးက ဖော်ပြသည်မှာ “ကျွန်မအတွက် အလုပ်ရှာပေးနိုင်ပြီး ကျွန်မကို သူနဲ့အတူနေထိုင်ခွင့်ပြုတဲ့ သူငယ်ချင်းတစ်ယောက်သာမရှိခဲ့ရင် ကျွန်မတို့မှာ အမှန်တကယ် အခြားရွေးချယ်စရာ မရှိရင်တောင် ကျွန်မမိသားစုက ကျွန်မကို ရန်ကုန်ကိုသွားခွင့်ပြုမှာမဟုတ်ဘူး”။

တုန်လှုပ်မှုအားတုံ့ပြန်သည့် ရွှေ့ပြောင်းသူများအနေနှင့် သူတို့၏အစီအစဉ်ချမှတ်သည့် ကာလမှာ တိုတောင်းသည့်အတွက် လူမှုကွန်ရက်များအား အကန့်အသတ်တစ်ခုဖြင့်သာ လက်လှမ်းမီခြင်း၊ အဓိကအရင်းအမြစ်များ မရှိခြင်းတို့ကြောင့် ဦးတည်သည့်နေရာများရှိ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များကို မရရှိနိုင်ပါ။ အဓိကသတင်းပေးသူနှင့် ပြုလုပ်သည့်တွေ့ဆုံမေးမြန်းပွဲအချို့က ဖော်ပြသည်မှာ အချိန်မရှိမှု သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ရန်ရည်ရွယ်မှု သို့မဟုတ် ပိုမိုကျယ်ပြန့်သည့် လူမှုကွန်ရက်တစ်ခု၏ ခေါင်းပုံဖြတ်ခြင်းဟူသော ကြီးမားသည့် ခြိမ်းခြောက်အကျပ်ကိုင်မှုအောက်တွင် ဆုံးဖြတ်ချက် ချခြင်းများ ပြုလုပ်ကြသည်။ ဤအမျိုးအစားတွင် ပွဲစားများအား အသုံးပြုခဲ့သော်လည်း ယေဘုယျ အားဖြင့် မြေယာမဲ့အိမ်ထောင်စုများမှ ရွှေ့ပြောင်းသူများသည် ၎င်းအားအသုံးပြုလေ့ရှိသည်။

ပွဲစားများအပေါ် အားကိုးသည့် အခြားအသက်မွေးဝမ်းကျောင်းအုပ်စုမှာ ဆင်းရဲနွမ်းပါးမှု မရှိသည့် အိမ်ထောင်စုများဖြစ်သည် (ဤတွင်လည်း ဖြစ်ခဲ့သည်) ဟု ပြသသည် (ဆိုလိုသည်မှာ ချမ်းသာကြွယ်ဝမှုထိပ်ဆုံး ငါးပုံတစ်ပုံတွင် ပါဝင်သော်လည်း ကြီးမားသည့် မြေယာမပိုင်ဆိုင်သူများ)။ ထိုအိမ်ထောင်စုများတွင် တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်းပုံစံကို လက္ခဏာ တစ်ရပ်အနေဖြင့် တွေ့ရပြီး ခိုင်မာသည့် လူမှုကွန်ရက်များနှင့် လုံလောက်သည့် အစီအစဉ်ရေးဆွဲမှု

(ပုံ ၁၇) မထွက်ခွာမီ ရရှိသည့်သတင်းအချက်အလက်အမျိုးအစားများ

အလွန်များသည့်ရွှေ့ပြောင်းသူအများစုအနေဖြင့် ၎င်းတို့၏ကျေးရွာများမှ မထွက်ခွာမီ ဦးတည်ရာနေရာများရှိ အလုပ်အကိုင်များနှင့် ပတ်သက်သည့်သတင်းအချက်အလက်များအား သိရှိရန် ကြိုးပမ်းကြသည်။ ရောဝတီတွင် တစ်ဝက်ကျော်တို့သည် မထွက်ခွာမီ အလုပ်အကိုင်အတွက် အာမခံချက်အား ရှာဖွေရန်ကြိုးပမ်းကြသည်။




အခွင့်အလမ်းများ ရှိကြောင်းပြသသည်။ ဤထင်ရသည့် ဝိရောဓိသဘောသည် အမှန်အားဖြင့် လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် လှုံ့ဆော်သည့် ရွှေ့ပြောင်းမှုက ရွှေ့ပြောင်းမှု၏ သဘာဝကို သာဓကသည်။ ဤအမျိုးအစားတွင် ပါဝင်သည့် ရွှေ့ပြောင်းသူများသည် ၎င်းတို့၏ တည်ရှိနှင့်ပြီးသား လူမှုကွန်ရက်များအား ကျော်လွှက် ရွှေ့ပြောင်းရန် ကြိုးပမ်းကြသည်။ ဤအချက်က အခြားရွှေ့ပြောင်းမှုပုံစံများထက် ပိုများသည့် အန္တရာယ်ကို ဖြေရှင်းနိုင်စွမ်းနှင့် ပေါင်းစပ်၍ တိုးတက်မှုအတွက် ရွှေ့ပြောင်းသူများအနေဖြင့် အလုပ်အကိုင်အတွက် သတင်းအချက်အလက်များ ရရှိနိုင်ရန် ၎င်းတို့၏တည်ရှိနေသော လူမှုကွန်ရက်များအပေါ် အားကိုးမှု အနည်းအကျဉ်းသာ အားကိုးရခြင်းအကြောင်းရင်းကို ပြသသည်။

## ဇယားကွက် ၅ - ကျန်ရစ်ခဲ့သည့်ကျေးရွာများရှိ အလုပ်အကိုင်သတင်းအချက်အလက် - အလားအလာရှိသည့် အခွင့်အလမ်းများနှင့် အာမခံချက်ရှိသောအလုပ်များနှင့်ယှဉ်၍

လက်ရှိရွှေ့ပြောင်းသူများနှင့် ယခင်ရွှေ့ပြောင်းသူများနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများက အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ဖော်ထုတ်ခြင်းနှင့် မထွက်ခွာမီ အလုပ်အကိုင်ရရှိခြင်းတို့အကြား သိသာသည့်ကွဲပြားမှုအား မီးမောင်းထိုးပြသည်။ အလားအလာရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အာမခံချက်ရှိသော အလုပ်များအကြား ကွဲပြားမှုသည် ရွှေ့ပြောင်းသူအများအပြား၏ အချိန်ကြာမြင့်စွာ အလုပ်အကိုင် ရှာဖွေခြင်းနှင့် ဆက်နွယ်သည့် အန္တရာယ်၏ ကျဉ်းမြောင်းသောပမာဏနှင့် ဆက်စပ်နေပြီးအထူးသဖြင့် ဝမ်းရေးဖူလုံမှု အကန့်အသတ်များရှိသော ထိုအိမ်ထောင်စုများအတွက်ဖြစ်သည်။ ဥပမာအားဖြင့် ရောဝတီ၊ ကျောင်းကုန်မြို့နယ်ရှိ ဤကျေးရွာတွင် နမူနာကောက်ယူထားသော ကျန်ရစ်ခဲ့သည့် ကျေးရွာရှစ်ခုထဲမှ အဆင်းရဲဆုံးဖြစ်သည့် ၂၇နှစ်အရွယ်ရှိအိမ်ထောင်ဦးစီးကအဓိကသတင်းပေးသူနှင့် ပြုလုပ်သည့်တွေ့ဆုံမေးမြန်းပွဲတွင် သူ၏မိန်းမနှင့်သူ့ကလေးငယ်နှစ်ဦးတို့အတွက် စားဝတ်နေရေး လိုအပ်ချက်များအား ကာမိနိုင်ရန်သူ မည်ကဲ့သို့ရုန်းကန်ရသည်ကို ရှင်းပြသည်။ သူသည် ကျပန်းအလုပ်သမားတစ်ဦးအနေနှင့် စိုက်ပျိုးရေးကျဆင်းသည့်ရာသီများတွင် တစ်နေ့လျှင် ၇၀၀ ကျပ်နှင့် စိုက်ပျိုးရေး အားကောင်းသည့်ရာသီများတွင် တစ်နေ့လျှင် ၁,၅၀၀ ကျပ် ဝင်ငွေရရှိသည်။ သူ၏ မိန်းမသည်လည်း ကျပန်း လယ်ယာအလုပ်သမားတစ်ဦးအနေနှင့် လုပ်ကိုင်သည်။ ပုံမှန်အားဖြင့် သူတို့၏ စားသုံးရန် လိုအပ်ချက်များအား လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့် သူတို့၏ဝင်ငွေများအား ဖြည့်တင်းပေးရန်အတွက် စိုက်ပျိုးရေးကျဆင်းသည့် ရာသီများတွင် အနီးအနားရှိ ချောင်းထဲမှ ကဏန်းများနှင့် ငါးများဖမ်းသည်။ ထို့အပြင် လာမည့်ရာသီများတွင် စိုက်ပျိုးသည့် သို့မဟုတ် ကောက်ရိတ်သိမ်းသည့် အလုပ်များတွင် သူရရှိမည့်လုပ်အားခထဲမှ ဒေသခံလယ်ပိုင်ရှင်ထံတွင် ကြိုတင်ချေးယူလေ့ရှိကြပြီး ပုံမှန်အားဖြင့် ကြိုတင်ငွေမယူခဲ့လျှင် ရရှိနိုင်သည့် လုပ်အားခထက် ပို၍နည်းပြီး ရရှိကြသည်။

ထိုကဲ့သို့သော အခက်အခဲများကြားမှ သူသည် ရွှေ့ပြောင်းလိုသည်။ သို့သော် သူသည်ကျေးရွာမှ ထွက်ခွာခဲ့ပါက သွားရောက်မည့်နေရာတွင် သူ့အား အလုပ်အကိုင်အာမခံပေးမည့် အဆက်အသွယ်မရှိပါ။ ထိုကဲ့သို့သော အာမခံချက်မရှိသောကြောင့် သူအလုပ်ရှာဖွေနေချိန်တွင် သူ၏မိသားစု မည်ကဲ့သို့ရပ်တည်မည်ကို သူစိုးရိမ်သည် - “ကျွန်တော်သွားချင်ပေမယ့် ရန်ကုန်ကိုသွားခဲ့ရင် အလုပ်ရှာနေတဲ့အချိန်မှာ ရွာမှာကျန်ခဲ့တဲ့ ကျွန်တော့်မိသားစုအတွက် အရမ်းခက်ခဲလိမ့်မယ် (ငွေကြေးအရ)။ ပြီးတော့ ရန်ကုန်မှာ ဈေးမကြီးတဲ့နေစရာနေရာရှာဖို့လည်း ခက်ခဲမယ်။”

သူ့အနေနှင့် အလားအလာရှိသည့်လမ်းကြောင်းများအား အကြံပြုသည့် ဆွေမျိုးတစ်ဦး ရန်ကုန်တွင် ရှိသော်လည်း သူ့အား အလုပ်အကိုင်ရရှိအောင် အကူအညီမပေးနိုင်ပါ။ ဤအလားအလာရှိသည့် ရွှေ့ပြောင်းသူအတွက် မအောင်မြင်မှု၏အကျိုးဆက်များသည် ရင်ဆိုင်ရခက်မည် ဖြစ်သည်။ ထိုတွက်ချက်မှုများကြောင့် သူသည် ရွာတွင်ဆက်နေပြီး ရုန်းကန်နေရသော်လည်း ရပ်တည်နေနိုင်ဆဲဖြစ်သည်။

ကောင်းမွန်သည့် လူမှုကွန်ရက်ရှိခြင်းသည် အမျိုးသမီးများအတွက် ပို၍အရေးကြီးပြီး ထိုအယူအဆသည် အုပ်စုမျိုးစုံတို့အကြား စွဲကပ်လျက်ရှိသည်။ ဒေသမျိုးစုံနှင့် ရွှေ့ပြောင်းခြင်း မျိုးစုံတို့အကြား သုတေသနပြုသူများက တွေ့ရှိသည်မှာ အလုပ်အကိုင်အခိုင်အမာ၊ နေစရာနေရာနှင့် ၎င်းတို့အားစောင့်ရှောက်ရန် ဆွေမျိုး သို့မဟုတ် ယုံကြည်ရသည့်မိတ်ဆွေမရှိဘဲ မည်သည့် အိမ်ထောင်စုမှ ၎င်းတို့၏ အမျိုးသမီးအိမ်ထောင်စုဝင်များအား ကျေးရွာမှသွားခွင့်မပေးပါ။ ၎င်းသည် လပွတ္တာမြို့နယ်ရှိကျေးရွာမှ အမျိုးသမီးရွှေ့ပြောင်းသူများ၏ဖြစ်ရပ်တွင် ပေါ်လွင်ပြီး (ဇယားကွက် ၃ တွင် ပါသည်) သူမသည် အလွန်ဖိအားများသည့် အနေအထားများတွင်ပင် ရန်ကုန်သို့သွားရန် မိသားစုထံမှ ခွင့်ပြုချက်ရဖို့ စိန်ခေါ်မှုများစွာရှိသည်။

ကောင်းမွန်သည့် လူမှုကွန်ရက်ရှိခြင်းသည် အမျိုးသမီးများအတွက် ပို၍အရေးကြီးပြီး ထိုအယူအဆသည် အုပ်စုမျိုးစုံတို့အကြား စွဲကပ်လျက်ရှိသည်။ ဒေသမျိုးစုံနှင့် ရွှေ့ပြောင်းခြင်းမျိုးစုံတို့အကြား သုတေသီများက တွေ့ရှိသည်မှာ အလုပ်အကိုင်အခိုင်အမာ၊ နေစရာနေရာနှင့် ၎င်းတို့အားစောင့်ရှောက်ရန် ဆွေမျိုးသို့မဟုတ် ယုံကြည်ရသည့်မိတ်ဆွေမရှိဘဲ မည်သည့်အိမ်ထောင်စုမှ ၎င်းတို့၏အမျိုးသမီး အိမ်ထောင်စုဝင်များအား ကျေးရွာမှ သွားခွင့်မပေးပါ။

လူမှုကွန်ရက်များ၏ ဖွဲ့စည်းပုံနှင့်အသုံးချပုံတို့သည်လည်း အချိန်နှင့်အညီ ပြောင်းလဲသည်။ ရွှေ့ပြောင်းသူများ ရောက်ရှိလာသည်နှင့် ၎င်းတို့သည် မြို့တွင် ကြိုတင်လုပ်ကိုင်လျက်ရှိသော ဆွေမျိုးများ သို့မဟုတ် မိသားစုဝင်များနှင့် သွားရောက်နေထိုင်လေ့ရှိသည်။ ထိုသူများသည် များသောအားဖြင့် အလုပ်အကိုင်နှင့်ပတ်သက်ပြီး အချက်အလက်ပေးသူများ ဖြစ်သော်လည်း ၎င်းအချက်သည် အမြဲတမ်းမဟုတ်ပါ။ သို့သော်ကွန်ရက်များသည် ကြီးထွားလာပြီး ပြောင်းလဲလျက်ရှိကာ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များနှင့် နေစရာနေရာများ ဖော်ထုတ်ရန်အတွက် ထပ်မံအသုံးပြုနိုင်သည်။ ရန်ကုန်ရှိ အမျိုးသမီးတစ်ဦးက ရှင်းပြသည်မှာ - သူမသည် လက်ဘက်ရည်ဆိုင်တစ်ဆိုင်တွင် ပန်းကန်များဆေးရသည့်အလုပ်ကို ရရှိပြီးနောက် သူမ၏ ရန်ကုန်အိမ်နီးချင်းများထံမှ သိရှိခဲ့ရသည်မှာ စားသောက်ဆိုင်တွင် အစားအစာများ ကူပြီးပြင်ဆင်ပေးသည့် အလုပ်အကိုင်မျိုးကို ရရှိနိုင်လျှင် ဝင်ငွေပိုကောင်းမည် ဖြစ်သည်။ ကြီးထွားနေသည့် ရွှေ့ပြောင်းသူများကွန်ရက်မှတစ်ဆင့် သူမသည် ရန်ကုန်တွင် ၇ နှစ်နေသည့်ကာလအတွင်း စားသောက်ဆိုင်မျိုးစုံတွင် အလုပ်အကိုင် အခွင့်အလမ်းများနှင့် လုပ်အားခ ပိုမိုကောင်းသည့် အလုပ်အကိုင်များ ရှာဖွေနိုင်ခဲ့သည်။

ကျေးရွာတစ်ရွာအတွင်းရှိ ပုဂ္ဂိုလ်အသီးသီး၌ လူမှုကွန်ရက်များ၏ စွမ်းရည်တွင် ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်သည့်အပြင် ကျေးရွာအနှံ့တွင်လည်း သိသာထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်သည်။ လက်ရှိရွှေ့ပြောင်းသူများနှင့် ယခင်ရွှေ့ပြောင်းသူများသည် သတင်းအချက်အလက်များ၏ အဓိက ရင်းမြစ်ဖြစ်ပြီး ရွှေ့ပြောင်းမှုများသည်လည်း လူမှုကွန်ရက်များမှတစ်ဆင့် အဓိကအားဖြင့် ဖြစ်ပွားသောကြောင့် အထက်တွင်ဖော်ပြထားသကဲ့သို့ ယခင်ရွှေ့ပြောင်းသူများ၏ ဒေသများတွင် ရွှေ့ပြောင်းသူများ သိသာထင်ရှားစွာ ပို၍များသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးအတွက် အိမ်ထောင်စု တစ်စု၏ရွှေ့ပြောင်းသူတစ်ဦးရှိရန် အလားအလာသည် ကျေးရွာအတွင်းရှိလက်ရှိ ရွှေ့ပြောင်းသူများ၏ အရေအတွက်နှင့်အတူတိုးမြင့်လာသည်။ လက်ရှိတွင် တစ်ဦးချင်းရွှေ့ပြောင်းမှု တစ်ခုမှ ငါးခုကြား ရှိသော ကျေးရွာများအတွက် ရွှေ့ပြောင်းသူတစ်ဦးရှိရန် အလားအလာသည် ဧရာဝတီတွင် ၁၅ ရာခိုင်နှုန်းနှင့် မကွေးတွင် ၁၇ ရာခိုင်နှုန်းဖြစ်သည်။ လက်ရှိရွှေ့ပြောင်းသူ ငါးဦးအထက်ရှိသော

ကျေးရွာများအတွက် အိမ်ထောင်စုတစ်စု၏ ရွှေ့ပြောင်းသူတစ်ဦးရှိရန် အလားအလာသည် ၃၅ ရာခိုင်နှုန်းနှင့် ၃၉ ရာခိုင်နှုန်းအထိ အသီးသီးတိုးမြင့်လာသည်။ အောက်ဖော်ပြပါအခန်းတွင် မှတ်ချက်ပေးထားသည့်အတိုင်း ကျေးရွာတစ်ရွာတွင် အခြားရွှေ့ပြောင်းသူများ ရှိနေခြင်းသည် ရွှေ့ပြောင်းမှုဖြစ်နိုင်ခြေ သိသိသာသာတိုးမြင့်လာပြီး အထူးသဖြင့် မကွေးတွင်ဖြစ်သည်။

### သယ်ယူပို့ဆောင်ရေး

ယေဘုယျအားဖြင့် မြို့ပြဦးတည်ရာနေရာများသို့ကွဲပြားသောလက်လှမ်းမီမှုများသည်ရွှေ့ပြောင်းမှုအား ဟန့်တားခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်းအပေါ် ကြီးမားသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု မျှော်မှန်းလို့ရသည်။ အဓိကရွှေ့ပြောင်းသည့် ဦးတည်ရာနေရာများသို့ ရွှေ့ပြောင်းရန်အတွက် အနီးစပ်ဆုံး သယ်ယူပို့ဆောင်ရေး ဗဟိုချက်လည်းဖြစ်သည့် အနီးဆုံး ကျေးလက်ဒေသ ဈေးကွက် ထံသို့သွားရန် ကန့်သတ်ချက်များရှိသည့် သို့မဟုတ် သယ်ယူပို့ဆောင်စရိတ် အလွန်များသည့် ကျေးရွာများအတွက် ရွှေ့ပြောင်းရန် အတားအဆီးများသည် မျှော်လင့်ထားသည်ထက် ပို၍များသည်ဟု တွက်ဆလို့ရသည်။ သို့သော် ယေဘုယျအားဖြင့် သယ်ယူပို့ဆောင်စရိတ် နည်းနေခြင်းအား ထည့်သွင်းစဉ်းစားခြင်းဖြင့် လေ့လာမှုကတွေ့ရှိရသည်မှာ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ (ကျေးရွာမှ မြို့နယ်ဗဟိုသို့ အကွာအဝေးအား တိုင်းတာခြင်းဖြင့်) နှင့် ရွှေ့ပြောင်းမှုနှုန်းများအကြား သိသာထင်ရှားသည့် အပြန်အလှန်ဆက်နွယ်မှု မရှိခြင်းဖြစ်သည်။ အတိအကျဆိုရလျှင် သတ်မှတ်ထားသော မည်သည့်ကျေးရွာတွင်မဆို လက်ရှိရွှေ့ပြောင်းမှုနှုန်းများနှင့် ဆက်စပ်သည့် အဓိကပြောင်းလဲစေသည့်တွန်းအားမှာ ထိုကျေးရွာမှ ယခင်ရွှေ့ပြောင်းသူများ၏ အရေအတွက်ဖြစ်သည်ဟု တွေ့ရှိရပြီး ရွှေ့ပြောင်းမှုအား ပံ့ပိုးပေးရန်အတွက် လူမှုကွန်ရက်များ၏ အရေးပါမှုကိုလည်း နောက်ထပ်အတည်ပြုခြင်းဖြစ်သည်။

### ဆက်သွယ်ရေးနည်းပညာ

လူများအနေဖြင့် ၎င်းတို့၏အိမ်များမှ ထွက်ခွာရန်မလိုဘဲ အလုပ်အကိုင်အခွင့်အလမ်းများ၊ အိမ်ရာနှင့် ဘေးကင်းမှုအခြေအနေများကို စုံစမ်းစေနိုင်ခြင်းဖြင့် မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ခွင့်သည် ကျေးရွာအတွင်းရှိလူများ၏ သတင်းအချက်အလက်ဆိုင်ရာ အကန့်အသတ်များအား လျော့ပါးစေသည်။ ထို့အပြင် ၎င်းတို့သည် ရွှေ့ပြောင်းနေသော အိမ်ထောင်စုဝင်များ၏ ကောင်းမွန်စွာ နေထိုင်နေနိုင်မှုကို အိမ်ထောင်စုများအနေဖြင့် စောင့်ကြည့်ခွင့်ပေးခြင်းဖြင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများနှင့် ဘေးကင်းမှုများနှင့်ဆက်စပ်သည့် အဟန့်အတားများအား လျော့ပါးစေသည်။

တစ်နိုင်ငံနှင့်အဝှမ်း မိုဘိုင်းဖုန်းဝန်ဆောင်မှုများ မကြုံစဖူး ကျယ်ပြန့်လာသည့်အချိန်တွင် လေ့လာမှုပြုလုပ်ရာ၌ ၂၀၁၂ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့်မှ ၂၀၁၅ နှစ်လယ်ပိုင်းတွင် ၅၀ ရာခိုင်နှုန်းအထိ [၁၉] ဖြစ်ပြီး **SIM** ကဒ်ဈေးနှုန်းများ ကျဆင်းမှုမှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၀ မှ ၂၀၁၅ ခုနှစ်အစောပိုင်းတွင် အမေရိကန်ဒေါ်လာ ၁.၅ ဖြစ်သည်။[၂၀] အလားတူပင် ရွှေ့ပြောင်းသူများနှင့် ပို့လွှတ်သည့်မိသားစုများက ပြောပြသည်မှာ မိုဘိုင်းဖုန်း


---

[၁၉] ကမ္ဘာ့ဘဏ်၊ ၂၀၁၄။ **“Telecommunications Sector Reform Project.” pDrHudef;oHk;oyfcsufpmwrf;? urÇmUbPf/ 2015/ “Myanmar Country Partnership Framework.” urÇmUbPf? jrefrm/**

[၂၀] ကမ္ဘာ့ဘဏ်၊ ၂၀၁၅။

နည်းပညာအား လက်လှမ်းမီမှုသည် ရွှေ့ပြောင်းမှုဖြစ်ရပ်များကာလအတွင်း ၎င်းတို့အကြား ဆက်သွယ်မှုအကြိမ်ရေအား တိုးမြင့်စေလာသည်။ ဥပမာအားဖြင့် ရောဝတီ၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ကလေးငယ်နှစ်ဦး၏ မိခင်ဖြစ်သူက ရှင်းပြသည်မှာ သုံးနှစ်ကြာပြီးနောက် လက်ရှိတွင် ရန်ကုန်၌ ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် သူမ၏ယောက်ျားနှင့် အိမ်ထောင်စုဆုံးဖြတ်ချက်များ ဆွေးနွေးရန် လက်ကိုင်ဖုန်းသုံးစွဲခြင်းဖြင့် အပတ်စဉ် ဆက်သွယ်နိုင်သည်။ သူမရှင်းပြသည်မှာ ယခုအချိန်တွင် မကြာခဏ လာရောက်လည်ပတ်ရန် မလိုအပ်တော့သည့်အတွက် ပိုက်ဆံများ ပို၍စုဆောင်းနိုင်သည်။ သူသည် အချိန်တန်လျှင် ရွာသို့ပြန်လာရန် ရည်ရွယ်ထားသောကြောင့် တတ်နိုင်သမျှ အမြန်ဆုံးပြန်လာနိုင်ရန် သူမမျှော်လင့်ပါသည်။ ပခုက္ကူမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ရွာလူကြီးများနှင့်ပြုလုပ်သည့် အုပ်စုလိုက်တွေ့ဆုံမေးမြန်းပွဲတစ်ခု၌ မိဘများသည် မိုဘိုင်းဖုန်းများကြောင့် ရွှေ့ပြောင်းခြင်း၏လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများလျော့ကျခြင်းအကြောင်း ဆွေးနွေးကြပြီး ထိုအထဲတွင် မိမိချစ်ခင်သည့်သူများအား ထားခဲ့ရခြင်းနှင့်ပတ်သက်သည့်စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအား လျော့ကျစေခြင်းပါဝင်ကာ ဖခင်တစ်ဦးက ရှင်းပြသည်မှာ ယခုအချိန်တွင် သူသည် ပို၍နီးကပ်စွာဆက်သွယ်နိုင်သောကြောင့် သူ၏သမီး မန္တလေး သို့မဟုတ် ရန်ကုန်သို့ပြောင်းသွားလျှင်လည်း သူမ ဘေးကင်းစွာရှိနေကြောင်းကို သိနိုင်သည့်အတွက် စိတ်ပူပန်ရခြင်း မရှိတော့ပါ။

(ပုံ ၁၈) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ လက်ရှိရွှေ့ပြောင်းသူများနှင့် အဓိကအဆက်အသွယ် ရပုံနည်းလမ်း



### ရွှေ့ပြောင်းခြင်းဆုံးဖြတ်မှု ပုံစံနမူနာဖော်ခြင်း

သုတေသနအချက်အလက်များအပေါ် အခြေခံ၍ ယခင်အခန်းများသည် ရွှေ့ပြောင်းခြင်းဆုံးဖြတ်ချက်အပေါ် စုပေါင်းသက်ရောက်မှု ကျရောက်စေသည့် အကြောင်းရင်းမျိုးစုံတို့အား ခြုံငုံ၍တင်ပြခဲ့သည်။ အောက်ဖော်ပြပါ အခန်းခွဲသည် လက်ဝယ်ရှိသည့် ပိုင်ဆိုင်မှုများ (မြေ၊ လုပ်အား၊ ပညာရေးနှင့် မတည်ငွေ)အား **multivariate regression analysis** (အချက်များစွာပါဝင်သော နောက်ကြောင်းပြန် စိတ်ဖြာလေ့လာမှု) နှင့် ထိန်းချုပ်လို့ရသည့် အပြောင်းအလဲများဖြင့် ပုံစံနမူတစ်ခုအား အသုံးပြု၍ အထက်ပါ အကြောင်းရင်းများ၏ အိမ်ထောင်စုများတွင် ရွှေ့ပြောင်းသူတစ်ဦးရှိနိုင်ခြေအပေါ် သက်ရောက်မှုရှိခြင်းကို စမ်းသပ်သည်။ ဤနည်းလမ်း၏ ဦးတည်ချက်မှာ စာရင်းအင်းရှုထောင့်မှ တစ်ဆင့် ရွှေ့ပြောင်းမှုနှင့် နီးစပ်စွာဆက်နွယ်သည့် အကြောင်းရင်းများအား ဖော်ထုတ်ရန်[၂၁] နှင့် ရွှေ့ပြောင်းခြင်းဆုံးဖြတ်ချက်များအား ပုံဖော်သည့် အဓိကအကြောင်းရင်းများအား ကိုယ်စားပြုရန် ဖြစ်သည်။[၂၂] ပုံစံနမူနာသည် တွန်းအားပေးမှုများ၊ ဖြစ်စေသည့် အကြောင်းရင်းများနှင့် အဟန့်အတားများ အစရှိသည်တို့ပါဝင်သည့် အထက်တွင်ဖော်ပြခဲ့သော ပိုင်းခြားစိတ်ဖြာမှုဆိုင်ရာ မူဘောင်အား ထည့်သွင်းအသုံးပြု၍ ရွှေ့ပြောင်းခြင်းအမျိုးအစား သုံးခုအတွက် ဖော်ထုတ်ထားသည့် အကြောင်းရင်းအားလုံး ထည့်သွင်းကာ ၎င်းတို့၏ အလားအလာရှိသည့် သက်ရောက်မှုများအား သတ်မှတ်၍ ပိုင်းခြားစိတ်ဖြာမှုတွင် အသုံးပြုသည့် ပြောင်းလဲသည့်အကြောင်းရင်းများအား ဖော်ထုတ်ခြင်းဖြစ်သည်။ ၎င်းတို့အား ပုံစံနမူနာ၊ အသုံးပြုသည့် နည်းစနစ်နှင့် ရလဒ်များ၏ အသေးစိတ် ဖော်ပြချက်များနှင့်အတူ နောက်ဆက်တွဲ ၄ တွင် ဖော်ပြထားသည်။ ဤဆွေးနွေးမှုသည် ထိုတွေ့ရှိချက်များ၏ ခြုံငုံသုံးသပ်ချက်အား တင်ပြခြင်းဖြစ်သည်။

### မကွေးနှင့်ရာဝတီတွင် ရွှေ့ပြောင်းမှုအား ဖြစ်ပေါ်စေသည့် သိသာထင်ရှားသော အကြောင်းရင်းများ

**မကွေး**

မကွေးတွင် ရွှေ့ပြောင်းခြင်းတိုးမြင့်လာခြင်းနှင့် သိသာထင်ရှားသည့် ဆက်နွယ်မှုမရှိသော အိမ်ထောင်စု၏ ပိုင်ဆိုင်မှုများ (မြေ၊ ပညာရေး၊ ချမ်းသာကြွယ်ဝမှု) တို့နှင့်ဆန့်ကျင်ကာ အလုပ်အကိုင်ရရှိနိုင်မှုနှင့် လူမှုကွန်ရက်များသည် သိသာထင်ရှားသည့် အကြောင်းရင်းများဖြစ်သည်။

- အလုပ်အကိုင်ရရှိနိုင်ခြင်းသည် အဓိကအကြောင်းရင်းဖြစ်သည်။ အလုပ်လုပ်ကိုင်သည့် အရွယ်ရှိသောလူကြီးများ၏အရေအတွက်သည် ရွှေ့ပြောင်းခြင်း ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုအကြီးမားဆုံးရှိပြီး သဘောမှာ ဒေသတွင်းရှိ လုပ်ငန်းများ (ကိုယ်ပိုင်စိုက်ပျိုးရေးအသေးစားလုပ်ငန်း၊ သူများထံသွားရောက်လုပ်ကိုင်ခြင်း) တွင် အပြည့်အဝလုပ်ကိုင်နိုင်ခြင်း မရှိသည့်အတွက် ဝင်ငွေစီးဆင်းမှုအား ထပ်ဖြည့်ရန် ကြိုးပမ်းမှုတစ်ခုအနေနှင့် ရွှေ့ပြောင်းခြင်းအား အသုံးပြုခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းဗျူဟာများစွာ မရှိခြင်းက ပြသသည်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အရင်းအမြစ်များရှိသည့်အခါ ရွှေ့ပြောင်းခြင်းသည် အရေးကြီးသည့် အမျိုးအစား ကွဲပြာစုံလင်အောင် ပြုလုပ်သော နည်းဗျူဟာဖြစ်သည်။

---

[၂၁] အရေးကြီးသည်မှာ ရလဒ်များသည် ကျပန်းဆက်စပ်မှုတစ်ခုအား ဖော်ပြခြင်းမဟုတ်ဘဲ စာရင်းအင်းအရ သိသာထင်ရှားစွာ ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် သီးခြားအကြောင်းရင်းများကို သတ်မှတ်ရန်ဖြစ်သည်။

[၂၂] တိုက်ရိုက်အကျိုးဆက်တစ်ခုအနေနှင့် ပုံစံနမူနာသည် အဓိကအကြောင်းရင်းများနှင့်ဆက်နွယ်သည့် ပြောင်းလဲမှုများအား ဖြစ်ပေါ်စေသော ထိုအကြောင်းရင်းများအား ဖော်ထုတ်သော်လည်း ၎င်းတို့သည် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်များအပေါ် သီးခြားလွတ်လပ်စွာလွှမ်းမိုးခြင်းမဟုတ်ပါ။ ဥပမာအားဖြင့် မြေပိုင်ဆိုင်မှုနှင့်ဆက်နွယ်သည့် အခြားအကြောင်းရင်းများ (ပညာရေး၊ အစားအစာဖူလုံရေး၊ တုန်လှုပ်မှု၊ စားသုံးမှုအတိုင်းအတာ) ရှိသော်လည်း စာရင်းအင်းရှုထောင့်မှကြည့်လျှင် အားလုံးသည် ရွှေ့ပြောင်းခြင်းဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိချင်မှရှိမည်ဖြစ်သည်။

- တုန်လှုပ်ဖွယ် အခြေအနေများအား တုံ့ပြန်ရန် ရွှေ့ပြောင်းခြင်းသည် ဖြစ်ရပ်အမျိုးအစားအပေါ် အခြေခံ၍ ပြောင်းလဲသည်။ အစားအစာ ဖူလုံမှုမရှိခြင်းအား ကြုံတွေ့နေရသည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းနိုင်ခြေနည်းသည်။ ဖြစ်နိုင်ဖွယ် အကြောင်းမှာ မကွေးတွင် မြေပိုင်ဆိုင်မှုနှုန်း ပို၍များကာ စိုက်ပျိုးရေးလုပ်ငန်းများသည် ပုံစံတစ်မျိုးမျိုးဖြင့် အမြဲရှိနေမည်ဖြစ်သည်။ (မြေပိုင်ဆိုင်မှုနှုန်းများအတွက် ပုံ ၁၉ အား ကြည့်ရန်)။ ၎င်းနှင့်ဆန့်ကျင်၍ အကြွေးဆပ်ရန်ရှိသော အိမ်ထောင်စုများသည် ပို၍ရွှေ့ပြောင်းနိုင်ခြေများပြီး သဘောမှာ မြေပိုင်ဆိုင်မှု အနည်းအကျဉ်းသာ ရှိသူများသည် အကြွေးနှင့်ဆက်စပ်သည့် လိုအပ်ချက်များအား ကိုင်တွယ်ဖြေရှင်းရန် လုံလောက်ခြင်းမရှိကာ ရွှေ့ပြောင်းခြင်းသည် အလားအလာရှိသည့် လျော့ပါးသက်သာစေရန် အလားအလာရှိသည့်အချက် ဖြစ်နေသည်။

- ရွှေ့ပြောင်းခြင်းများ ပိုမိုဖြစ်ပေါ်စေသည့် လူမှုကွန်ရက်များ။ ကျေးရွာတစ်ခုအတွင်း ရွှေ့ပြောင်းသူများ၏ အရေအတွက်သည် အဓိက အားပေးသော အကြောင်းရင်းဖြစ်ပြီး လူမှုကွန်ရက်များသည် သတင်းအချက်အလက်များအကြား ကွာဟမှုကို လျော့ပါးစေသောကြောင့်လည်း ပါဝင်သည်။

- ပိုင်ဆိုင်မှုများသည် အဓိကတွန်းအားပေးမှုများ မဟုတ်ပါ။ မတူညီသည့် ချမ်းသာကြွယ်ဝမှု၊ ပညာရေးနှင့် မြေပိုင်ဆိုင်မှုအမျိုးအစားများ အကြားတွင် ရွှေ့ပြောင်းခြင်းနှုန်းများသည် ကွာဟမှု မရှိပါ။

**ရောဝတီ**

ရောဝတီတွင် အိမ်ထောင်စုပိုင်ဆိုင်မှုများနှင့် အခြားသော ဝင်ငွေစီးဆင်းမှုများအား ဖြစ်ပေါ်စေရန် အလားအလာတို့သည် အလုပ်အကိုင်ရရှိနိုင်မှုနှင့် သတင်းအချက်အလက်များ ရရှိနိုင်မှုနှင့်အတူတကွ လိုက်ဖက်သည့်အခန်းကဏ္ဍမှ ပါဝင်သည် ။

- ပညာရေးအဆင့်နိမ့်မှုများနှင့် မြေပိုင်ဆိုင်မှုများသည် ပိုမိုကြီးမားသည့် ရွှေ့ပြောင်းမှုဆီသို့ ဦးတည်သည်။ မြေယာပိုင်ဆိုင်မှုအနည်းငယ်သာရှိပြီး ကျောင်းနေသည့်နှစ်ပို၍နည်းသော သူများရှိသည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန် ပို၍ အလားအလာရှိကြသည်။ သို့သော် ပိုမြင့်မားသည့် ချမ်းသာကြွယ်ဝမှု/ဝင်ငွေအဆင့်ရှိသူများသည် ပိုကြီးမားသည့် ရွှေ့ပြောင်းမှု နှုန်းများနှင့် ဆက်စပ်မှုမရှိပါ။

- နိမ့်သည့် အိမ်ထောင်စုပိုင်ဆိုင်မှုအဆင့်များအား ထည့်တွက်လျှင်ပင် အစားအစာဖူလုံမှု ဖြစ်ရပ်များသည် အလေးမှုထိုက်သည်။ ထိုအစားအစာ မဖူလုံမှုဖြစ်ရပ်များအား ရင်ဆိုင်နေရသူများအတွက် ရွှေ့ပြောင်းမှုနှုန်းများ တိုးမြင့်လာခြင်းသည် မြေယာမဲ့အိမ်ထောင်စုများ၏ ရာခိုင်နှုန်းများ ရောဝတီတွင် ပိုမိုမြင့်မားလာခြင်းကြောင့် ဖြစ်နိုင်ခြေများသည် မြေယာမဲ့ အိမ်ထောင်စုများသည် တုန်လှုပ်ဖွယ်အခြေအနေအား ဆန့်ကျင်ရာတွင် သက်သာရာရစေသည့် ကြားခံ အရာများအား လက်လှမ်းမမီသောကြောင့် လိုအပ်သည့် အစားအစာမလုံလောက်မှုအား ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းမှုအတွက် တွန်းအားများအား ပိုမိုဖန်တီးပေးသည်။

- ဝင်ငွေစီးဆင်းမှု အမျိုးမျိုးဖြစ်အောင် ပို၍ကျယ်ပြန့်စွာပြုလုပ်နိုင်မှုအား လက်လှမ်းမီသည့်

အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန် အလားအလာနည်းသည်။ အခြားသူများအတွက် ကျပန်းလုပ်သားအဖြစ်လုပ်ကိုင်ခြင်းအပါအဝင် စိုက်ပျိုးရေး သို့မဟုတ် အသေးစား စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်မှုကဲ့သို့သော ကွဲပြားသည့်ရင်းမြစ်များမှ ဝင်ငွေရှာဖွေနိုင်သည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန်အလားအလာ နည်းသည်။

- အလုပ်အကိုင်ရရှိနိုင်မှုနှင့် သတင်းအချက်အလက်များအားရရှိနိုင်မှုတို့သည် အဓိကအကြောင်းရင်းများဖြစ်ကြသည်။ မကွေးနှင့်အလားတူပင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသော အိမ်ထောင်စုဝင်များသည် မူရင်းကျေးရွာများတွင် အခြားသူများထံ သွားရောက်လုပ်ကိုင်မှုအားကျော်လွန်၍ ကျေးရွာအတွင်း အခြားရွှေ့ပြောင်းသူများ၏ အတွေ့အကြုံများမှ ရရှိသည့် သတင်းအချက်အလက်များနှင့်အတူ ရွှေ့ပြောင်းမှုနှုန်း တိုးမြင့်လာသည်။

**အသက်မွေးဝမ်းကျောင်းအုပ်စုများအတွက် ရွှေ့ပြောင်းခြင်းဆုံးဖြတ်မှုအား အကဲဖြတ်လေ့လာခြင်း**

အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုအကြောင်းရင်းများ (မြေ၊ ပညာရေး၊ ချမ်းသာကြွယ်ဝမှု)၏ ရလဒ်များမှာ အထက်တွင်ဖော်ပြထားသည့်အတိုင်း ရွှေ့ပြောင်းမှုဆိုင်ရာဆုံးဖြတ်ချက်များ၏ အဓိကတွန်းအားများ အမြဲမဟုတ်ကြပါ။ ရောဝတီအတွက် မြေနှင့်ပညာရေးရှိသူများအတွက် ရွှေ့ပြောင်းရန် အလားအလာနည်းသော်လည်း မကွေးတွင် ၎င်းကဲ့သို့မဟုတ်ပါ။ တိုင်းဒေသကြီးနှစ်ခုစလုံးအတွက် အိမ်ထောင်စုဖူလုံမှု၏ အတိုင်းအတာမှာ (ဤဖြစ်ရပ်တွင် သုံးစွဲမှုဖြစ်သည်) သိသာထင်ရှားခြင်း မရှိပါ။ မတူညီသည့် ပိုင်ဆိုင်မှုအခြေခံအရ အုပ်စုခွဲများတွင် ရွှေ့ပြောင်းခြင်း မတူညီမှုများအား ကြည့်ခြင်းဖြင့် အံ့သြဖွယ်မဟုတ်သည်မှာ - မတူညီသည့် ပိုင်ဆိုင်မှုအဆင့်များ နှင့်ပုံစံများရှိသည့် အိမ်ထောင်စုများသည် မတူညီသည့်အကြောင်းပြချက်များအတွက် ရွှေ့ပြောင်းမှု နည်းဗျူဟာများအား အသုံးပြုကြသည်။ ၎င်းထဲတွင် အန္တရာယ်ဖြစ်စေသော တုန်လှုပ်မှုများနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းမရှိမှုအား တုံ့ပြန်မှုပြုလုပ်သော ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ (တုန်လှုပ်မှုအား တုံ့ပြန်ခြင်း)၊ ကျဆင်းသည့်ရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းမှ အဝေးတွင် အမျိုးမျိုး ပြောင်းလဲပြုလုပ်ရန် ကြိုးပမ်းနေသည့် ကျပန်းလုပ်သားများ (အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း)၊

> မတူညီသည့် ပိုင်ဆိုင်မှုအဆင့်များနှင့် ပုံစံများရှိသည့် အိမ်ထောင်စုများတွင် ရွှေ့ပြောင်းရန် မတူညီသည့် လှုံ့ဆော်မှုများရှိပြီး ၎င်းတို့သည် မတူညီသည့် ရွှေ့ပြောင်းမှုနည်းဗျူဟာများအား အသုံးပြုကြသည်။ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများသည် အန္တရာယ်ဖြစ်စေသည့် တုန်လှုပ်ဖွယ်အခြေအနေများနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်း ရွေးချယ်စရာများအား တုံ့ပြန်ကြသည် (တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ခြင်း)၊ ကျပန်းလုပ်သားများသည် စိုက်ပျိုးရေးကျဆင်းသည့် ရာသီတွင် ဝင်ငွေ မတည်ငြိမ်မှုအား ကိုင်တွယ်ဖြေရှင်းရန် စိုက်ပျိုးရေးလုပ်ငန်းများမှ အဝေးတွင် အမျိုးမျိုးပြောင်းလဲ ပြုလုပ်ရန် ကြိုးပမ်းကြသည် (အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း) နှင့် ကောလိပ် သို့မဟုတ် အထက်တန်းပညာရေး တတ်မြောက်ထားသော အရွယ်ရောက်လူငယ်များသည် မြို့ပြနေရာများတွင် အသက်မွေးမှု အလုပ်အကိုင်အခွင့်အလမ်းများ၏ နေထိုင်ပုံအပြောင်းအလဲများအား ရရှိရန်ကြိုးပမ်းကြသည် (တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း)။

သို့မဟုတ် မြို့ပြနေရာများတွင် နေထိုင်ပုံအပြောင်းအလဲများ သို့မဟုတ် အသက်မွေးမှုအလုပ်အကိုင် အခွင့်အလမ်းများကိုရှာဖွေနေသည့် ကောလိပ်သို့မဟုတ် အထက်တန်းပညာရေး တတ်မြောက်ထားသော အရွယ်ရောက်သူလူငယ်များ (တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း)များ စသည်တို့ပါဝင်သည်။

ဤအနေအထားတွင် ရွေ့ပြောင်းရန် ဆုံးဖြတ်ချက်များအား လှုံ့ဆော်သည့် အဓိကအကြောင်းရင်းများကို ဖော်ထုတ်ရန်အတွက် တူညီသည့် ပိုင်ဆိုင်မှုဆိုင်ရာ သွင်ပြင်လက္ခဏာများရှိသော အိမ်ထောင်စုအုပ်စုများ၊ ထိုနည်းတူ အသက်မွေးဝမ်းကျောင်းရွေးချယ်မှုများ တူညီသည့်အိမ်ထောင်စုများအနေဖြင့် ထိုအကြောင်းရင်းများအကြားတွင် ကွာခြားမှုရှိခြင်းကို ဖော်ထုတ်ရန်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ရန် အိမ်ထောင်စုများအား အသက်မွေးဝမ်းကျောင်း နည်းဗျူဟာမျိုးစုံကို အသုံးပြုနိုင်ခွင့်ပေးသည့် ပိုင်ဆိုင်မှုအတိုင်းအတာအပေါ် အခြေပြု၍ အုပ်စုလေးစုခွဲပြီး ကျပန်းအလုပ်သာ ပြုလုပ်နေသည့် မြေပိုင်ဆိုင်မှုမရှိသောအိမ်ထောင်စုများအား အခြေပြု၍ စတင်ခွဲမည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် တွေ့ရှိရသည့် အသုံးစရိတ်ညီမျှမှုတစ်သား တည်းဖြစ်နေခြင်း အခြေအနေကြောင့် အလွန်ထိပ်ဆုံးတွင်ရှိနေသည်များမှလွဲ၍ အလုံးစုံချမ်းသာကြွယ်ဝမှုကို တိုင်းတာမည့်အစား ဝင်ငွေစီးဆင်းမှုမျိုးစုံမှတစ်ဆင့် ဝင်ငွေစီးဆင်းမှုအန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းခြင်းအပေါ်တွင် အာရုံစိုက်သည်။[၂၃] အထက်တွင်ဖေါ်ပြခဲ့သကဲ့သို့ လေ့လာမှုက ပြသသည်မှာ အမှန်တကယ် အလုပ်လက်မဲ့ဖြစ်ခြင်းသည် ဖြစ်ခဲသော်လည်း ကျဆင်းသည့်ရာသီများတွင် အလုပ်အကိုင်ရရှိနိုင်မှုသည် အသက်မွေးဝမ်းကျောင်း နည်းဗျူဟာမျိုးစုံတို့အား ၎င်းတို့လက်လှမ်းမမီသည့်အတွက် သိသာထင်ရှားသည့်ဝင်ငွေစီးဆင်းမှုအန္တရာယ်အား အစပျိုးစေသည်။ အသက်မွေးဝမ်းကျောင်း နည်းဗျူဟာများသည် အကြောင်းရင်းသုံးခုအပေါ် အဓိကအားဖြင့် မူတည်သည်

- **မြေယာပိုင်ဆိုင်မှု** - မြေပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုများသည် ၎င်းတို့၏ လုပ်ကိုင်ခြင်းနှင့် အခြားသူများအတွက် ကျပန်းလုပ်သားများအနေဖြင့် လုပ်ကိုင်ခြင်းကို ရောနှောလုပ်ကိုင်နိုင်ကြသည်။ မြေယာပိုင်ဆိုင်မှုမြင့်တက်လာသောကြောင့် အိမ်ထောင်စုများသည် အခြားဝင်ငွေစီးဆင်းမှုများကို စိုက်ပျိုးရေးလုပ်ငန်းဖြင့် အထောက်အပံ့ပေးနိုင်သည့်အတွက် အခြားအလုပ်အကိုင်များအပေါ် မှီခိုရန် အလားအလာနည်းလာသည်။

- **ပညာရေး** - အထက်တန်းပညာရေး သို့မဟုတ် တက္ကသိုလ်ဘွဲ့များရှိသော အိမ်ထောင်စုဝင်များသည် စိုက်ပျိုးရေး သို့မဟုတ် ကျွမ်းကျင်မှုမလိုအပ်သည့် စိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်များအတွက် ရရှိသောပုံမှန်လုပ်အားခအဆင့်များထက် ပိုမြင့်မားသည့် လုပ်အားခ ရရှိသော အလုပ်အကိုင်များအား ရရှိကြသည်။

- **မြင့်မားသည့်သုံးစွဲမှု** - သုံးစွဲမှုခွဲဝေခြင်း၏ ထိပ်ဆုံး ၁၀ ရာခိုင်နှုန်းအတွင်းရှိ အိမ်ထောင်စုများသည် ကျန်အောက်တွင် တစ်သားတည်းရှိသော ၉၀ ရာခိုင်နှုန်းထက်ပို၍ အမျိုးအစားများပြားမှုရှိကာ တည်ရှိနေသော ချမ်းသောကြွယ်ဝမှုကြောင့် ခြားနားသည့် ဝင်ငွေစီးဆင်းမှုများအား စီမံခန့်ခွဲနိုင်သည်ဟု ယူဆရသည်။

[၂၁] ခွဲဝေမှု၏ ၈၀ ရာခိုင်နှုန်းသည် လူတစ်ဦးလျှင် တစ်လလျှင် ၇၀ယ၀၀၀ ကျပ်အောက်နည်းရကြောင်း အစီရင်ခံသည်။

ထို့ကြောင့် အိမ်ထောင်စုများအား အသက်မွေးဝမ်းကျောင်းအမျိုးအစား လေးမျိုးခွဲထားသည် -

- မြေယာမဲ့
- အသေးစားမြေယာပိုင်ဆိုင်မှု > ၅ ကေ
- အလတ်စားမြေယာပိုင်ဆိုင်မှု > ၅-၁၂ ကေ
- ဆင်းရဲနွမ်းပါးမှုမရှိ - ၁၂ ကေအထက် ပိုင်ဆိုင်သောအိမ်ထောင်စုများ၊ တက္ကသိုလ်ဘွဲ့ရရှိသည့် အိမ်ထောင်စု ဝင်တစ်ဦးနှင့် / သို့မဟုတ် ဒေသအတွင်းတွင် သုံးစွဲမှုခွဲဝေခြင်း၏ ထိပ်ဆုံး ၁၀ ရာခိုင်နှုန်းတွင်ရှိသော အိမ်ထောင်စုများ

ပုံ ၁၉ သည် အသက်မွေးဝမ်းကျောင်း ပုံစံလေးခုတွင် အိမ်ထောင်စုများ၏ ခွဲဝေခြင်းကိုဖော်ပြသည်။ မြေပိုင်ဆိုင်မှုမရှိသည့် အရေအတွက်သည် ရောဝတီထက် မကွေးတွင် ပို၍နည်းပါးပြီး အကြောင်းမှာ အလွန်သေးငယ်သည့် မြေကွက်များ ပိုင်ဆိုင်သည့် အိမ်ထောင်စုများစွာ ရှိသောကြောင့်ဖြစ်သည်။ မြေပိုင်ဆိုင်မှုပမာဏသည် ဝမ်းရေးဖူလုံမှုအတွက် စိုက်ပျိုးရေးမှတစ်ဆင့် အိမ်ထောင်စုတစ်စုအား လွတ်လပ်စွာ အားဖြည့်နိုင်ရန် မလုံလောက်မှုဖြစ်နိုင်သော်လည်း ရရှိသောဝင်ငွေစီးဆင်းမှုသည် မြေယာမရှိသူများအတွက် မရရှိနိုင်သည့် အန္တရာယ်လျော့ပါးသက်သာစေမှု၏ အတိုင်းအတာအား ဖြည့်ဆည်းပေးနေဆဲဖြစ်သည်။

### အသက်မွေးဝမ်းကျောင်းအုပ်စုသီးသီး၌ ရွှေ့ပြောင်းမှုကို ဖြစ်ပေါ်စေသည့် သိသာထင်ရှားသည့် အကြောင်းရင်းများ


မတူညီသည့် အသက်မွေးဝမ်းကျောင်းအုပ်စုများက ရရှိထားသည့် မတူညီသော ပိုင်ဆိုင်မှုအဆင့်များသည် မကွေးမှာထက် ရောဝတီတွင် ပို၍အားကောင်းသော တွန်းအားကိုဖြစ်စေသည်။ အိမ်ထောင်စုပိုင်ဆိုင်မှုများ မြင့်တက်လာသောကြောင့် အသက်မွေးဝမ်းကျောင်း အုပ်စုအသီးသီး၌ ရွှေ့ပြောင်းမှုလျော့ကျလာသည် - မြေယာမဲ့များနှင့်နှိုင်းယှဉ်ပါက အသေးစားမြေယာပိုင်ဆိုင်မှု၊ အလတ်စားမြေယာပိုင်ဆိုင်မှုနှင့် ဆင်းရဲနွမ်းပါးမှုမရှိသည့် အသက်မွေးဝမ်းကျောင်းအုပ်စုများသည် မြေ၊ ပညာရေးနှင့် ချမ်းသာကြွယ်ဝမှုပိုင်ဆိုင်မှုများအား ပိုမိုပိုင်ဆိုင်ကြမှုက ရွှေ့ပြောင်းမှုအကြိမ်ရေ လျော့နည်းခြင်းဆီသို့ ဦးတည်နေသည်။ မကွေးတွင် အသေးစားမြေယာပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုများသာလျှင် မြေယာမဲ့အိမ်ထောင်စုများထက် ရွှေ့ပြောင်းရန် အလားအလာနည်းသည်။ ထို့ကြောင့် ပိုမိုကြီးမားသည့်မြေယာပိုင်ဆိုင်မှု သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမရှိသူများ (ပညာရေး သို့မဟုတ် ချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်သည့်) သည် တူညီသည့်နှုန်းများဖြင့်ရွှေ့ပြောင်းကြသည်။ အသေးစားမြေယာပိုင်ဆိုင်သူများအား ၎င်းတို့၏ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ဆောင်မှုများမှ ဝင်ငွေတစ်ခုတည်းက လုံလောက်စွာ ထောက်ပံ့ရန် မတတ်နိုင်သော်လည်း စိုက်ပျိုးရန် ကျပန်းလုပ်သားများ ထပ်တိုးပြီးအသုံးပြုခြင်းဖြင့် ဝင်ငွေစီးဆင်းမှုများအား အမျိုးမျိုးပြောင်းလဲပြုလုပ်ရန် စွမ်းရည်သည် အန္တရာယ်အလုံးစုံများကို လျှော့ချပေးပြီး ရွှေ့ပြောင်းမှုပြုလုပ်ခြင်းများကို ဆွဲဆောင်မှုနည်းစေသည်။

ရောဝတီတွင် လုပ်သားရရှိနိုင်မှု၊ အထူးသဖြင့် အမျိုးသားလုပ်သားရ ရှိနိုင်မှုသည် အသေးစားနှင့် အလတ်စား မြေယာပိုင်ဆိုင်သူများအတွက် ပို၍အရေးကြီးသည်။ ထိုအိမ်ထောင်စုများသည် နောက်ထပ်အိမ်ထောင်စုဝင်များ သို့မဟုတ် အမျိုးသားများအား လိုအပ်ရန် အလားအလာပိုများပြီး၊ ၎င်းကညွှန်ပြသည်မှာ အိမ်ထောင်စုများသည် အိမ်တွင် လုပ်သားလိုအပ်ကြပြီး ၎င်းတို့၏

ကိုယ်ပိုင်မြေတွင် လုပ်ကိုင်ရန် သို့မဟုတ် အခြား အိမ်ထောင်စုလုပ်ငန်းများတွင် လုပ်ကိုင်ရန် လုံလောက်သည့်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသူများ ရှိပြီးမှသာလျှင် အိမ်ထောင်စုဝင်များအား ရွှေ့ပြောင်းရန်အတွက် စေလွှတ်သည်။ မြေယာမဲ့အိမ်ထောင်စုများနှင့် ဆင်းရဲနွမ်းပါးမှုမရှိသည့် အိမ်ထောင်စုများအတွက် အဖွဲ့ဝင်များသည် အိမ်ထောင်စုအတွင်းတွင် ၎င်းတို့၏ အလုပ်လုပ်ကိုင်နိုင်သည့် အသက်ရှိသောအဖွဲ့ဝင်အရေအတွက် သို့မဟုတ် အမျိုးသားများအား ဂရုမထားဘဲ ရွှေ့ပြောင်းရန် အလားအလာပိုများသည်။

ရောဝတီတွင် အစားအစာမဖူလုံသည့် ဆင်းရဲဒုက္ခဖြစ်ရပ်များ ကြုံတွေ့နေရသော အိမ်ထောင်စုများသည် ၎င်းတို့တွင်မြေယာမရှိပါက ရွှေ့ပြောင်းရန်အလားအလာ ပိုများသည်။ အခြားအသက်မွေးဝမ်းကျောင်းအုပ်စုများ၊ အထူးသဖြင့် အသေးစားနှင့် အလတ်စားမြေယာပိုင်ဆိုင်သူများသည် အစားအစာမဖူလုံမှု ဖြစ်ရပ်များအတွင်းတွင် ရွှေ့ပြောင်းရန်နည်းပြီး ၎င်းကညွှန်ပြသည်မှာ ၎င်းတို့သည် ထိုသို့သောတုန့်လှုပ်မှုများအား ပို၍ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိကြသည်။ မြေယာမဲ့အိမ်ထောင်စုများသည် အခြားအုပ်စုများထက် ရွှေ့ပြောင်းခြင်းဖြင့် တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်ရန်အလားအလာပိုများသည်။

(ပုံ ၁၉) အိမ်ထောင်စုများ အသက်မွေးဝမ်းကျောင်းအမျိုးအစားအလိုက် ခွဲဝေပုံ



## အကျဉ်းချုပ် - လူများ အဘယ်ကြောင့်ရွှေ့ပြောင်းကြသနည်း။

ရွှေ့ပြောင်းရန်ဆုံးဖြတ်ချက်သည် အခြားသော ဝင်ငွေဇာစ်မြစ်များရရှိနိုင်မှုနှင့် ပြောင်းပြန်အားဖြင့် အပြန်အလှန် ဆက်စပ်နေသည် - ထိုသို့သောဝင်ငွေစီးဆင်းမှုများအား မရရှိနိုင်သည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန် အလား အလာပိုများသည် - ၎င်းက အတည်ပြုသည်မှာ အိမ်ထောင်စုအများအပြား ရွှေ့ပြောင်းမှုသည် ပုံမှန်ဝင်ငွေစီးဆင်းမှုမရှိခြင်းကို တုံ့ပြန်ရန် ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားတစ်ခုဖြစ်သည်။

ဤအခန်းသည် ရောဝတီနှင့် မကွေးရှိကျေးရွာများမှလူများ အဘယ်ကြောင့် ရွှေ့ပြောင်းရန် ရွေးချယ်ကြသနည်းဆိုသည့် မေးခွန်းအား ဖြေရန် ကြိုးပမ်းမည်ဖြစ်သည်။ ၎င်းသည် ရွှေ့ပြောင်းမှု အတွက် တွန်းအားများအားပြုလုပ်သည့် အကြောင်းရင်းမျိုးစုံ - ဝင်ငွေရရှိမှုများတွင် ကွဲပြားမှုများ၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် အလုပ်အကိုင်အခြေအနေများနှင့် နေပုံထိုင်ပုံများတွင် ကွဲပြားမှုများအား ဖော်ထုတ်ပေးသကဲ့သို့ အကြောင်းရင်းများက ပြုလုပ်သည့်အဟန့်အတားများမှာ - ဘေးကင်းမှု၊ ဘဏ္ဍာရေးနှင့်လူမှုဆိုင်ရာကုန်ကျစရိတ်နှင့် ဆုံးရှုံးမှုများဖြစ်သည်။ အလားအလာရှိသည့် ရွှေ့ပြောင်းသူတစ်ဦးချင်းအတွက် ဆုံးဖြတ်ချက်အား လှုံ့ဆော်ခြင်းသည် ဖြစ်မြောက်စေသည့် အကြောင်းရင်းများဖြစ်ပြီး ၎င်းသည် အဟန့်အတားများအား ကျော်လွှားရန် ကူညီပေးနိုင်ပြီး ၎င်းတွင်ပါဝင်သည်မှာ မြို့ပြအလုပ်များသို့ သယ်ယူပို့ဆောင်မှုအား လက်လှမ်းမီနိုင်မှု၊ ဆက်သွယ် ရေးနည်းပညာနှင့် အရေးကြီးဆုံးဖြစ်သည့် လူမှုကွန်ရက်များဖြစ်သည်။ လူမှုကွန်ရက်များသည် ရည်ရွယ်ချက်အများအပြားအား ဖြည့်ဆည်းပေးသည် - မူလကျေးရွာတွင်ရှိနေသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ ဦးတည်ရာနေရာများတွင် နေရာထိုင်ခင်း ရရှိနိုင်မှုနှင့် မရင်းနှီးသောပတ်ဝန်းကျင်သို့ ရွှေ့ပြောင်းရာတွင် စိတ်ဓာတ်ရေးရာ ဝန်ထုပ်ဝန်ပိုး များအား လျော့ကျစေခြင်းတို့ဖြစ်သည်။

ဝမ်းရေးဖူလုံရေးအတွက် အဟန့်အတားများအား ရင်ဆိုင်ကြရသော အိမ်ထောင်စုအများအပြား ရှိသည့် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများ၏ အနေအထားတွင် ဤဖော်ပြထားသည့် လူမှုကွန်ရက် များ၏အသုံးဝင်မှုသည် အထူးသဖြင့်အရေးကြီးသည်။ ထိုအိမ်ထောင်စုများအတွက် ရွှေ့ပြောင်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ အခြားစိုက်ပျိုးရေးလုပ်ငန်းများထက် ထုတ်လုပ်မှုကဏ္ဍများတွင် သူတို့၏ အိမ်ထောင်စုဝင်ငွေအား အမျိုးမျိုး ပြောင်းလဲပြုလုပ်ခြင်းမှတစ်ဆင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ဖြစ်သည်။ ၎င်းသည် စိုက်ပျိုးရေးဆိုင်ရာ တုန်လှုပ်ဖွယ် အခြေအနေ၏ အကျိုးဆက်အား လျော့ပါးသက်သာစေရန် ကူညီပေးရုံသာမကဘဲ အထူးသဖြင့် မြေယာမဲ့ သို့မဟုတ် အသေးစားမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများအတွက် ရွှေ့ပြောင်းခြင်းသည် ရာသီအလိုက် ဝင်ငွေကွာဟမှုများအား ကူညီဖြည့်ဆည်းပေးနိုင်သည်။ အထက်ပါအခန်းတွင် ဖော်ထုတ်ခဲ့သည့် ရွှေ့ပြောင်းမှုအား အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းမှုပြုလုပ်သည့် ထိုအိမ်ထောင်စုများကပြုလုပ်သည်။

ဤအခန်းသည် တိုင်းတာရန် အချက်များစွာအပေါ် ခြေပြုသည့် နောက်ကြောင်းပြန် ပိုင်ခြားလေ့လာခြင်း (**multivariate regression analysis**) နှင့် ပိုင်ဆိုင်မှုများ (မြေ၊ အလုပ်အကိုင်၊ ပညာရေးနှင့် အရင်းအနှီး) ၏ ပြောင်းလဲမှုများကို ထိန်းချုပ်မှုပုံစံ

နမူနာတစ်ခုအားအသုံးပြု၍ အထက်တွင် ဖော်ပြထားသော အကြောင်းရင်းများ၏ အိမ်ထောင်စုများအတွင်း ရွှေ့ပြောင်းသူတစ်ဦး ရှိနိုင်ခြေအပေါ် သက်ရောက်မှုအား စူးစမ်းလေ့လာရန် ကြိုးပမ်းခြင်းဖြစ်သည်။ ပုံစံနမူနာက အတည်ပြုသည်မှာ ထိုရွှေ့ပြောင်းသူအိမ်ထောင်စုများသည် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းရာတွင် ကွဲပြားခြားနားပြီး ဖြစ်နိုင်ခြေအားဖြင့် ပိုရရှိနိုင်သော ဝင်ငွေစီးဆင်းမှုတို့အား ဖန်တီးရန်၊ အလုပ်အကိုင်နှင့် သတင်းအချက်အလက် ကွန်ရက်များ ရရှိနိုင်မှုယူဆချက်အပေါ်အခြေခံ၍ ရွှေ့ပြောင်းမှုအား ရွေးချယ်သည်။ အန္တရာယ်ကိုင်တွယ်ဖြေရှင်းသည့်ရွှေ့ပြောင်းမှုဆုံးဖြတ်ချက်များအား အကြောင်းရင်းသုံးခုက လွှမ်းမိုးသည် - ၁) ရွှေ့ပြောင်းရန်အတွက် အိမ်ထောင်စုတွင် အလုပ်အကိုင်ရရှိနိုင်မှု၊ ၂) ဝင်ငွေစီးဆင်းမှုများအား အမျိုးမျိုးပြောင်းလဲပြုလုပ်ရန် အိမ်ထောင်စုများ၏ လုပ်နိုင်စွမ်းရည်နှင့် ၃) ပို့လွှတ်သည့် နေရာများတွင် အလုပ်အကိုင်ရရှိနိုင်မှုနှင့် ဦးတည်ရာနေရာများတွင် အလုပ်အကိုင်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၏ ဆက်နွယ်မှုတို့ဖြစ်သည်။

နောက်ကြောင်းပြန် ပိုင်းခြားလေ့လာမှုက ပြသသည်မှာ ရွှေ့ပြောင်းရန်ဆုံးဖြတ်ချက်သည် အခြားသော ဝင်ငွေရင်းမြစ်များရရှိနိုင်မှုနှင့် ပြောင်းပြန်အားဖြင့် အပြန်အလှန်ဆက်စပ်နေသည် - ထိုသို့သော ဝင်ငွေစီးဆင်းမှုများအား မရရှိနိုင်သည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန် အလားအလာပိုများသည် - ၎င်းက အတည်ပြုသည်မှာ အိမ်ထောင်စုအများအပြား ရွှေ့ပြောင်းမှုအတွက် အယူအဆသည် ပုံမှန်ဝင်ငွေစီးဆင်းမှုမရှိခြင်းကို တုံ့ပြန်ရန် ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားတစ်ခုဖြစ်သည်။ ရောဝတီတွင် ဝင်ငွေရင်းမြစ်များအား ပို၍ အမျိုးမျိုးပြောင်းလဲပြုလုပ်သည့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းရန် အလားအလာနည်းပြီး၊ ၎င်းကညွှန်ပြသည်မှာ ၎င်းတို့သည် ရွှေ့ပြောင်းမှုအား အန္တရာယ်ကိုင်တွယ်ဖြေရှင်းသည့် ကိရိယာတစ်ခုအနေဖြင့် အသုံးပြုရန် မလိုအပ်ပါ။ မကွေးတွင် အသေးစား မြေယာပိုင်ဆိုင်သော အိမ်ထောင်စုများသည် မြေယာမဲ့သူများထက် ပိုနည်းသည့်နှုန်းဖြင့် ရွှေ့ပြောင်းကြပြီး ၎င်းတို့တွင် ဝင်ငွေစီးဆင်းမှု နှစ်ခုရှိသည်ဆိုသော အချက်ကြောင့် ဖြစ်နိုင်သည် - ၎င်းတို့၏ ကိုယ်ပိုင်စိုက်ပျိုးရေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့် ဒေသတွင်း ကျပန်းလုပ်သား ထောက်ပံ့ပေးရန် အလားအလာတို့ ဖြစ်သည်။

ထို့အပြင် အန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းသော အိမ်ထောင်စုများသည် တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်မှုအနေဖြင့်နှင့် အဓိကဝင်ငွေရင်းမြစ် ရုတ်တရက် ဆုံးရှုံးသွားသည့်အခါတို့တွင် ရွှေ့ပြောင်းမှုအား အသုံးပြုကြသည်။ တုန်လှုပ်မှုအားတုံ့ပြန်သည့် ရွှေ့ပြောင်းမှုအား ဆင်းရဲနွမ်းပါးသူများ၊ မြေယာမဲ့အိမ်ထောင်စုများတွင် တွေ့ရလေ့ရှိပြီး နောက်ကြောင်းပြန် ပိုင်းခြားလေ့လာမှုအရ အိမ်ထောင်စုများ အစားအစာ မဖူလုံမှုဆင်းရဲဒုက္ခအား ရင်ဆိုင်နေရသည့် အိမ်ထောင်စုများသည် ၎င်းတို့တွင် မြေယာမရှိခဲ့ပါက ရွှေ့ပြောင်းရန် အလားအလာပိုများသည်။

အသက်မွေးဝမ်းကျောင်းအုပ်စုများအပေါ် ရှုထောင့်များ၏ အခြားဘက်တွင် လေ့လာမှုက ဖော်ထုတ်သည်မှာ မြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများအား ပိုင်ဆိုင်သည့် အိမ်ထောင်စုများအား ဆင်းရဲနွမ်းပါးမှု မရှိသူများဟု သတ်မှတ်သည်။ ထိုအိမ်ထောင်စုများသည် ရွှေ့ပြောင်းမှုအား မြန်မာနိုင်ငံတွင် ပေါ်ထွက်လာသည့် ဈေးကွက်စီးပွားရေးတွင် ပါဝင်ယှဉ်ပြိုင်ရန် အခွင့်အရေး တစ်ခုအနေဖြင့် မြင်ကြပြီး မြို့ပြတွင် အများဆုံးဖြစ်ကာ ၎င်းသည် အခွင့်အလမ်း များအား ဖန်တီးပေးသည်။ ၎င်းတို့သည် လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုအတွက်

ရွှေ့ပြောင်းမှု၏ နည်းလမ်းအနေဖြင့်ရွှေ့ပြောင်းမှုအား အသုံးပြုရန် ကြိုးပမ်းကြပြီး ဤလေ့လာမှုတွင် တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် ထိုအိမ်ထောင်စုများထံမှ ရွှေ့ပြောင်းမှုအား အမျိုးအစား ခွဲထားသည်။ တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများသည် ထိုကဲ့သို့သော အခွင့်အလမ်းများအား ပိုမိုကောင်းမွန်သည့် တရားဝင်ပညာရေးမှတစ်ဆင့် သွားကြပြီး ကျွမ်းကျင်မှုဆိုင်ရာ အလုပ်အကိုင်များတွင် ယှဉ်ပြိုင်နိုင်ခြေပိုရှိကာ၊ နိုင်ငံတကာ ရွှေ့ပြောင်းမှုတွင်လည်း ပါဝင်ပြီး လတ်တလော ငွေစိုက်ထုတ် သုံးစွဲရမှု ပိုမိုများပြားသော်လည်း တရုတ်၊ ထိုင်း၊ မလေးရှားနှင့် တောင်ကိုရီးယားနိုင်ငံများတွင် လစာများ ပိုမိုများပြားသောကြောင့် ငွေကြေးအရ ပြန်လည်ရရှိမှုသည်လည်း များပြားသည်။ တရားဝင်ပညာရေးနှင့် နိုင်ငံတကာ ရွှေ့ပြောင်းမှုအတွက် ကုန်ကျစရိတ်များသည် တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများ၏ ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများအား တတ်နိုင်မှုသည် အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပိုင်ဆိုင်မှု များနှင့် တိုက်ရိုက်ဆက်နွယ်လျှက် ရှိသည်။


ထီးစက်ရုံ



# ပို့လွှတ်သော ကျေးရွာများရှိ မိသားစုများနှင့် ရပ်ရွာလူထုများ၏အတွေ့အကြုံ


ရွှေ့ပြောင်းမှုတွင် ဆင်းရဲနွမ်းပါးမှုအားလျှော့ချမှုနှင့်ပတ်သက်ပြီး ရေးကြီးသည့်သက်ရောက်မှုများရှိသည်။ ရွှေ့ပြောင်းမှုအနေဖြင့် ရရှိသည့် အကျိုးအမြတ်အား မူလအိမ်ထောင်စုများထံသို့လည်းကောင်း၊ သွယ်ဝိုက်ပြီး ရပ်ရွာလူထု အသိုင်းအဝိုင်းထံသို့လည်းကောင်း ပို့သည့် အဓိကနည်းလမ်းမှာ လွှဲပြောင်းငွေများမှတစ်ဆင့်ဖြစ်သည်။ ရွှေ့ပြောင်းမှုသည် လွှဲပြောင်းငွေများနှင့် ရွှေ့ပြောင်းသူများ ပြန်လည်ရောက်ရှိလာမှုများမှတစ်ဆင့် ပို့လွှတ်သည့် ကျေးရွာများရှိအိမ်ထောင်စုများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ လူမှုရေးနှင့်စီးပွားရေးဘဝများအပေါ် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခြင်းအား ဤအခန်းက ဆန်းစစ်မည်ဖြစ်သည်။

## ကျန်ရစ်ခဲ့သောအိမ်ထောင်စုများအပေါ် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှု

ပြည်တွင်းရွှေ့ပြောင်းမှုမှ လွှဲပြောင်းငွေများသည် မြန်မာနိုင်ငံ ကျေးလက်ဒေသများ၏ အနေအထားတွင် အရေးကြီးသည့် အရင်းအမြစ်ဖြစ်သော ဝင်ငွေရင်းမြစ်အား ပို၍တည်ငြိမ်မှုရှိရန်နှင့် ယုံကြည်စိတ်ချရရန် ဖြည့်ဆည်းပေးနိုင်သည်။ တိုးတက်မှုအတွက် ရွှေ့ပြောင်းသည့်ဖြစ်ရပ်များတွင် ရွှေ့ပြောင်းမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်ခြင်းထက် ပိုမြင့်မားသည့်ဝင်ငွေဖြည့်ဆည်းပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုအား လျှော့ချရန်လည်း ပံ့ပိုးပေးနိုင်ပြီး ဝင်ငွေလှေကားထစ်အဆင့်ဆင့်ကို တက်နိုင်ရန် အခွင့်အလမ်းများအားပေးသည်။[၂၄] ဤအကျိုးသက်ရောက်မှုများအား တစ်ကမ္ဘာလုံးအနှံ့တွင် ကောင်းစွာမှတ်တမ်းပြုစုထားသည့် ၇၁ နိုင်ငံ ပါဝင်သော လေ့လာမှုတစ်ခု၌ လွှဲပြောင်းငွေများသည် လက်ခံရရှိသူများနှင့် သူတို့၏ လူထုအသိုင်း အဝိုင်းများ၏ "ဆင်းရဲနွမ်းပါးမှု၏အဆင့်၊ အတိုင်းအတာ နှင့်အကျပ်အတည်းများကိုလျှော့ချပေးသည်" ဟူ၍ ကောက်ချက်ချသည်။[၂၅] တန်ဇန်းနီးယားနိုင်ငံတွင် ၁၉၉၁ နှင့် ၂၀၀၄ ခုနှစ်တို့အကြား ရွှေ့ပြောင်းသူများနှင့် မရွှေ့ပြောင်းသူများအား သုတေသီများက နောက်ခံလိုက်ခဲ့ကြပြီး ရွှေ့ပြောင်းသူများ၏ဆင်းရဲနွမ်းပါးမှုသည် ၂၃ ရာခိုင်နှုန်း ကျဆင်းသွားပြီးထိုကဲ့သို့ မပြုလုပ်သူများမှာ ၄ ရာခိုင်နှုန်းသာကျဆင်းသည်ကို တွေ့ရှိခဲ့ရသည်။[၂၆] ရွှေ့ပြောင်းမှုမှ အကျိုးအမြတ်ရရှိမှုများသည် အီသီယိုးပီးယားနိုင်ငံတွင်ရှိသည့် ပြည်တွင်းရွှေ့ပြောင်းသူများ အတွက်ပင် ပို၍ကြီးမားသည် - ကျေးလက်မှ-ကျေးလက်သို့ ရွှေ့ပြောင်းသူများ၏ သုံးစွဲမှု ကြီးထွားလာမှုသည် အသက်၊ ပညာရေးနှင့် မိသားစုတွင်ရှိသည့် ပိုင်ဆိုင်မှုများအတွက် ကိန်းသေဖြစ် ထိန်းချုပ်ထားလျှင် ၁၉၉၄ မှ ၂၀၀၉ ခုနှစ်အကြားတွင် မရွှေ့ပြောင်းသူများထက် ၁၀၀ ရာခိုင်နှုန်း ပို၍ကြီးမား လာသည်ဟု ခန့်မှန်းရသည်။ မြို့ပြဒေသများသို့ ရွှေ့ပြောင်းသူများအတွက် ရွှေ့ပြောင်းသူများနှင့် မရွှေ့ပြောင်း သူများကြား ကွဲပြားမှုသည် ၂၀၀ ရာခိုင်နှုန်းနီးပါး ရှိခဲ့သည်။[၂၇]

ရောဝတီနှင့်မကွေးရှိ ရွှေ့ပြောင်းသူအများစုဖြစ်သည့် ၆၉ ရာခိုင်နှုန်းနှင့် ၅၅ ရာခိုင်နှုန်းအသီးသီး တို့သည် တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သာလျှင် ငွေပြန်ပို့ကြသည်။ ထိုရွှေ့ပြောင်းသူများ ပို့ပေးသည့်ငွေပမာဏသည် ရွှေ့ပြောင်းမှု အမျိုးအစားအပေါ်မူတည်ပြီး အထက်တွင်ဖော်ပြထားသကဲ့သို့ ရွှေ့ပြောင်းသူအမျိုးအစားနှင့် ဆက်နွယ်သည်။ ၁၂ လ ကာလ အထက် လွှဲပြောင်းငွေများ၏ အလယ်မှတ်ပမာဏမှာ ကျပ် ၂၅၀,၀၀၀ ဖြစ်သော်လည်း ပျမ်းမျှပမာဏ သည် ထိုပမာဏထက်နှစ်ဆနီးပါးများသည့် ကျပ် ၄၁၅,၈၀၀ ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အရေအတွက်နည်းသော နိုင်ငံတကာ ရွှေ့ပြောင်းမှုများသည် သိသာထင်ရှားသည့် ငွေပမာဏအား လွှဲပြောင်းနေသောကြောင့် ဖြစ်သည် (ကျပ် ၁.၅ သန်းကျော်)။

(ပုံ ၂၀) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ငွေလွှဲပြောင်းပေးပို့ခြင်းနည်းလမ်း




၂၄ IMF နှင့် ကမ္ဘာ့ဘဏ်။ ၂၀၁၃။ ကမ္ဘာ့အနံ့စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ ၂၀၁၃။ IMF နှင့် ကမ္ဘာ့ဘဏ်။

၂၅ Adams, R.H., Jr., A. Cuecuecha, J. Page. 2008. “The Impact of Remittances on Poverty and Inequality in Ghana.” Policy Research Working Paper Series No. 4732, World Bank, Washington, DC.

၂၆ Beegle, K., J. de Weerdt, and S. Dercon. 2011. “Migration and Economic Mobility in Tanzania: Evidence from a Tracking Survey.” Review of Economics and Statistics, 93(3), 1010–33.

၂၇ De Brauw, A., V. Mueller, and T. Woldehanna. 2013. “Does Domestic Migration Improve Overall Well-being in Ethiopia?” IFRPI Ethiopia Strategy Support Program Working Paper No. 55, Washington, DC.

ရွှေ့ပြောင်းသူအများအပြားသည် ၎င်းတို့၏မိသားစုများထံသို့ ငွေပြန်ပို့သည့်အချိန်တွင် ပုံမှန်ဘဏ်ဝန်ဆောင်မှုများအား ရှောင်ရှားကြသည်။ ယင်းအစား ၎င်းတို့သည် ငွေယူဆောင်သွားပေးရန် ဆွေမျိုးများ သို့မဟုတ် သူငယ်ချင်းများအား အားကိုးကြသည်။ နည်းပါးသော ငွေပမာဏကမူ ၎င်းတို့ကိုယ်တိုင်ပြန်၍သွားပေးသည်။ လွှဲပြောင်းငွေများအား ပေးပို့သည့် နည်းလမ်းသည် ရွှေ့ပြောင်းမှုနှင့် ဦးတည်ရာနေရာတို့၏ပုံစံနှင့် နီးကပ်စွာ အပြန်အလှန်ဆက်နွယ်နေသည် - နိုင်ငံတကာရွှေ့ပြောင်းသူများသည် တရားဝင်ဘဏ်စနစ်ကို အလွန်အသုံးပြုကြပြီး၊ ရွှေ့ပြောင်းသည့် ဦးတည်ရာနေရာသည် နေရပ်ရင်းကျေးရွာနှင့် ပို၍နီးပါက ငွေလွှဲပြောင်းမှုနည်းလမ်းအတွက် တရားဝင်မဟုတ်ရန်အလားအလာပိုများပြီး ဒေသအတွင်းရှိ ရာသီအလိုက် ရွှေ့ပြောင်းသူများ အနေနှင့် ကိုယ်တိုင် ငွေပို့ပေးရန်အလားအလာ ပိုများသည်။ စစ်တမ်းရလဒ်များက နိုင်ငံတကာ ရွှေ့ပြောင်းသူများသည် ငွေလွှဲပို့ပေးရန် ဘဏ်များသုံးစွဲမှု ကျယ်ပြန့်လာမှုကို ညွှန်ပြပြီး၊ အထူးသဖြင့် မကွေးတွင် ၄၁ ရာခိုင်နှုန်းသည် ဘဏ်မှတစ်ဆင့် ငွေအားလွှဲပို့ပေးသည်။ ၎င်းနှင့် နှိုင်းယှဉ်ပါက ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသူများအား စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များက သာဓကပြသည်မှာ ရွှေ့ပြောင်းသူ ၁၇.၆ ရာခိုင်နှုန်း သည် လွှဲပြောင်းငွေများအား ဘဏ်မှတစ်ဆင့် ပို့သည်ဟူ၍ဖြစ်သည်။ ဤဘဏ်သုံးစွဲမှု တိုးမြင့်လာခြင်းသည် လတ်တလောနှစ်များတွင် ကျေးလက်ဒေသများ၌ လက်လှမ်းမီမှုတိုးမြင့်လာရန် ဘဏ်လုပ်ငန်းကဏ္ဍတွင် တိုးတက်မှုများ ဖြစ်ပေါ်လာခြင်းနှင့် ကိုက်ညီသည်။

> ရောဝတီနှင့်မကွေးရှိ ရွှေ့ပြောင်းသူများ၏ ၆၉ ရာခိုင်နှုန်းနှင့် ၅၅ ရာခိုင်နှုန်းအသီးသီးသည် ၎င်းတို့၏ မိသားစုများရှိရာအိမ်သို့ ဝင်ငွေများအား ပြန်ပို့ပေးကြသည်။ အများစုသည် တစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် သူငယ်ချင်းများ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် ငွေပို့ကြသည်။

လွှဲပြောင်းငွေများသည် ဝင်ငွေဖောင့်ဖြူးရန်လည်း ဖြည့်ဆည်းပေးသည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး လုပ်ငန်းတွင် လုပ်ကိုင်နေသည့် ကျေးလက်အိမ်ထောင်စုများသည် ဆန်နှင့် အခြားစိုက်ပျိုးရေး ဆိုင်ရာဈေးကွက်များတွင် မတည်ငြိမ်မှုများနှင့် ဆက်စပ်နေသည့် မသေချာ၊ မရေရာသောဝင်ငွေ စီးဆင်းမှုများနှင့် ရင်ဆိုင်ရသည်။ ရာသီဥတုနှင့်ဆက်နွယ်သည့် တုန်လှုပ်ဖွယ် အခြေအနေ များနှင့်ကား ဆိုဖွယ်မရှိပေ။ လွှဲပြောင်းငွေများမှ ရရှိသည့် ပို၍ တည်ငြိမ်သောဝင်ငွေသည် ရွှေ့ပြောင်းသူ အိမ်ထောင်စုများအား သူတို့ရရှိနိုင်သည့် ဝင်ငွေများ ဖောင့်ဖြူးစေပြီး၊ ၎င်းတို့အား ပိုကောင်းသည့် ဝင်ငွေချိန်ညှိမှုနှင့် လိုအပ်ချက်များအတွက် သုံးစွဲရန် ဖြစ်မြောက်စေသည်၊ ကျပန်းလုပ်သားများ ရှားပါးသောအချိန်တွင် စိုက်ပျိုးရေးကျဆင်းသည့် ရာသီများအတွင်း ငွေချေးယူခြင်းပြုလုပ်ရန် မလိုတော့ပါ။ ၎င်းသည် တရားဝင် ချေးငွေ ရင်းမြစ်များမှ ချေးယူရန် လိုအပ်သောအာမခံ ပစ္စည်းမရှိသောကြောင့် မြင့်မားသည့် အတိုးနှုန်းများပေးရသော ပုဂ္ဂလိက ငွေထုတ်ချေးသူများထံ အားကိုးကြရသည့် ကျပန်းလုပ်သား အိမ်ထောင်စုများအတွက် ပို၍ အရေးကြီးသည်။ လွှဲပြောင်းငွေများအား ဝင်ငွေဖောင့်ဖြူးရန် အသုံးချခြင်းသည် ရွှေ့ပြောင်းခြင်းကို နေရာမျိုးစုံမရှိရန် နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးပြုသည့် အန္တရာယ် ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ "အခုဆိုရင် အခြေအနေတွေ အများကြီးပိုကောင်းလာတယ် (လွှဲပြောင်းငွေများ ရရှိခြင်းဖြင့်)၊ အကြွေးတွေကို ပြန်ဆပ်နိုင်ပြီး စားသောက်ကုန်တွေလည်း ဝယ်နိုင်တယ်" ဟု အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း အမျိုးအစားအား

သရုပ်ခွဲပြပေးသည့် မကွေးမြို့နယ်တွင်ရှိသည့် ကျေးရွာတစ်ရွာမှ လက်ရှိရွှေ့ပြောင်းသူနှစ်ဦး၏ မိဘများက ရှင်းပြသည်။

အခြေခံသုံးစွဲမှု လိုအပ်ချက်များအတွက် လွှဲပြောင်းငွေများအား အဓိကအားဖြင့် အသုံးပြုသော်လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ လွှဲပြောင်းငွေများအား ဒုတိယအဆင့် အသုံးပြုခြင်းများနှင့် ပတ်သက်ပြီး ပြုလုပ်သည့် စစ်တမ်းများ၏ ရလဒ်များက ပြသသည်မှာ အခြေခံဝမ်းရေးဖူလုံမှုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပြီးသည့် အခါတွင် ထိုဒေသများတွင်ရှိသော ရွှေ့ပြောင်းသည့် အိမ်ထောင်စုများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ နေအိမ်အား ပြုပြင်ပြင်ဆင်ရေး သို့မဟုတ် စိုက်ပျိုးရေးကဲ့သို့သော ဝင်ငွေ ဖော်ထုတ်သည့် လုပ်ငန်းများအတွက် အသုံးပြုလေ့ရှိသည်။

### ကျန်ရစ်ခဲ့သောအိမ်ထောင်စုများအပေါ် လူမှုရေးဆိုင်ရာသက်ရောက်မှု


စစ်တမ်းရလဒ်များကညွှန်ပြသည်မှာ အိမ်ထောင်စုဝင်တစ်ဦး ရွှေ့ပြောင်းသည့်အခါတွင် ကျန်ခဲ့သူများ အနေဖြင့် တာဝန်ဝတ္တရားများ ပို၍ယူကြရသည်။ ထိုအထဲတွင်ပါဝင်သည်မှာ နေ့စဉ်ငွေကြေးသုံးဆွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းများအပြင် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များလည်း ပါဝင်သည်။ ရွှေ့ပြောင်းခြင်းကြောင့် အိမ်ထောင်စုအတွင်း လုပ်အားလျော့သွားသည့်အခါတွင် ကျန်ရှိသော မိသားစုဝင်များသည် အစားဝင်လုပ်ကိုင်ရပြီး တစ်ခါတစ်ရံ ပြင်ပအလုပ်သမားအား ငှားရသည့်အခါမျိုးလည်း ရှိသည်။

စစ်တမ်းရလဒ်များက ဖော်ပြသည်မှာ အမျိုးသမီးရွှေ့ပြောင်းသူများသည် အမျိုးသားရွှေ့ပြောင်းသူ များထက် ကျန်ခဲ့သည့် မိသားစုဝင်များအပေါ် တာဝန်ဝတ္တရားများပိုမိုကျရောက်စေသည်ဟု ရောဝတီတွင် အမြင်အယူအဆရှိသော်လည်း ကျန်ခဲ့သည့်သူများအတွက် အလုပ်အကိုင်နှင့် ပတ်သက်သည့်အမြင်များတွင် အမျိုးသားနှင့် အမျိုးသမီးရွှေ့ပြောင်းသူများအကြား သိသာထင်ရှား သည့်ကွာဟမှုများမရှိပါ။

တာဝန်ဝတ္တရားများ ခွဲဝေခြင်းအပေါ် ပြောင်းလဲမှုများသည် ရွှေ့ပြောင်းသူများနှင့် ကျန်ခဲ့သူများအကြား ဆက်သွယ်မှု၏ အကြိမ်ရေများမှုနှင့် ထိရောက်မှုတို့အပေါ် မူတည်သည်။ မိုဘိုင်းဖုန်းများ ပိုမိုအသုံးပြု လာနိုင်ခြင်းသည် ဆက်သွယ်ရေးအား ပိုမိုကောင်းမွန်လာစေသည်။ ရွှေ့ပြောင်းသူအများစုမှာ အနည်းဆုံး လစဉ်ဆက်သွယ်ကြပြီး ပျမ်းမျှအားဖြင့် ရောဝတီတွင် ၂၉ ရာခိုင်နှုန်းနှင့် မကွေးတွင် ၄၀ ရာခိုင်နှုန်းအသီးသီး အပတ်စဉ် သို့မဟုတ် နေ့စဉ်ဆက်သွယ်ကြသည်။ သို့သော်အရည်အသွေး ဆန်းစစ်လေ့လာသည့် သုတေသနတစ်ခုက ညွှန်ပြသည်မှာ ဆက်သွယ်မှုနည်းသည့်ကျေးရွာများတွင် ဆုံးဖြတ်ချက်ချခြင်းသည် ကျန်ခဲ့သော အမျိုးသမီးအိမ်ထောင်စုဝင်များထံ လွှဲပြောင်းရောက်ရှိသည်။ ဥပမာအားဖြင့် ရောဝတီတွင်ရှိသည့် ကျေးရွာတစ်ခု၌ တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးများထဲတွင် ကလေးများအပါဝင် ကျေးရွာပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် သူများအပါအဝင် အခြားအိမ်ထောင်စုဝင်များအား စေလွှတ်ခြင်းနှင့် ပတ်သက်သည့် သီးခြားဆုံးဖြတ်ချက်များအား လွတ်လပ်စွာပြုလုပ်သည့် အမျိုးသမီးများပါဝင်သည်။

(ပုံ ၂၁) လွှဲပြောင်းပေးပို့သည့်ငွေများအား ပထမနှင့်ဒုတိယဦးစားပေးအသုံးပြုမှုများ


အဓိကလွှဲပြောင်းငွေများအား အခြေခံလိုအပ်ချက်များအတွက် အဓိကအသုံးပြုပြီး အထူးသဖြင့် အစားအစာကုန်ကျ စရိတ်များအတွက် ဖြစ်သည်။ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပြီးသည်နှင့် လွှဲပြောင်းငွေများအား အဓိကအားဖြင့် ပညာရေး၊ ငွေစုဆောင်းမှုနှင့် အိမ်အသုံးစရိတ်များအတွက် အသုံးပြုသည်။



(ပုံ ၂၂) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ အိမ်ထောင်စုအတွင်း တာဝန်ဝတ္တရားများ ပြောင်းလဲ သွားမှုအပေါ် အမြင်များ

■ ရေဝတီ ■ မကွေး

သင်၏အိမ်ထောင်စုထဲမှ ရွှေ့ပြောင်းသူများ ထွက်ခွာသွားပြီးနောက် သင်၏ အိမ်ထောင်စုထဲတွင် တာဝန်ဝတ္တရားများအပေါ် ပြောင်းလဲမှုနှုန်းများအား သင်မည်ကဲ့သို့ သတ်မှတ်မည်နည်း။





အမျိုးသမီးရွှေ့ပြောင်းသူများသည် အမျိုးသားရွှေ့ပြောင်းသူများထက် ကျန်ခဲ့သည့် မိသားစုဝင်များ အပေါ် တာဝန်ဝတ္တရားများ ပိုမိုကျရောက်စေသည်ဟု ရေဝတီတွင် အမြင်အယူအဆရှိကြသည်။

တိုင်းဒေသကြီးနှစ်ခုစလုံးတွင် အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာပြောင်းလဲမှုများသည် တာဝန်ဝတ္တရားများ ပိုမိုကျရောက်လာစေခြင်းကို ဦးတည်သော်လည်း ဝင်ငွေဖော်ထုတ်ခြင်းအတွက် တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက်အနေအထားအားတွေ့ရှိရသည်။ ရွှေ့ပြောင်းခြင်းဖြစ်စဉ်ကြောင့် တာဝန်ဝတ္တရားများပိုလာသည်ဟု အိမ်ထောင်စု ၁၅ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းအကြားကဆိုကြသော်လည်း ထိုကွာဟမှုသည် ဝင်ငွေဖော်ထုတ်ခြင်းအတွက် တာဝန်များနှင့်ပတ်သက်ပြီးမေးသည့်အခါတွင် ပို၍နည်းပါးပြီး၊ ဥပမာအားဖြင့် ရေဝတီတွင် အိမ်ထောင်စု ၅ ရာခိုင်နှုန်း ကျော်ကပြောသည်မှာ ဝင်ငွေဖော်ထုတ်ခြင်းအတွက် တာဝန်ဝတ္တရားများသည်ကျဆင်းသွားပြီး ၎င်းကညွှန်ပြသည်မှာ လွှဲပြောင်းငွေများထံမှအကျိုးအမြတ်များကြောင့် ဖြစ်သည်။

(ပုံ ၂၃) ရွှေ့ပြောင်းသူနှင့်ပို့လွှတ်သည့်အိမ်ထောင်စုအကြား အဆက်အသွယ်ရရှိမှု ကြိမ်နှုန်း


ရွှေ့ပြောင်းသူအများစုမှာ မိသားစုနှင့် အနည်းဆုံး တစ်လတစ်ကြိမ် အဆက်အသွယ်ရှိကြပါသည်။



(ပုံ ၂၄) ပို့လွှတ်သည့်အိမ်ထောင်စုများ၏အစီရင်ခံမှုများအရ ဝင်ငွေဖော်ထုတ်ရန်အတွက် တာဝန်ဝတ္တရားများ ပြောင်းလဲသွားမှုအပေါ် အမြင်များ

■ ရောဝတီ ■ မကွေး

သင်၏အိမ်ထောင်စုထဲမှ ရွှေ့ပြောင်းသူများထွက်ခွာသွားပြီးနောက် သင်၏ ဝင်ငွေဖော်ထုတ်ရမည့်တာဝန်အပေါ် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများအား သင် မည်ကဲ့သို့ သတ်မှတ်မည်နည်း။




## ပို့လွှတ်သောရပ်ရွာလူထုများအပေါ် စီးပွားရေးဆိုင်ရာသက်ရောက်မှု

ပို့လွှတ်သော အိမ်ထောင်စုများအပေါ်ကျရောက်သည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများသည် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းတွင် အထောက်အကူပြုသည်ဟု မြင်ရသော်လည်း သုံးစွဲမှုများ လျှော့ချခြင်းနှင့် ကျန်ခဲ့သူများအပေါ် စုပေါင်းသက်ရောက်မှုများကဲ့သို့သော အခြားကိစ္စရပ်များတွင် ဤမျှရှင်းလင်းမှုမရှိပါ။ ယနေ့အထိ ရွှေ့ပြောင်းခြင်းလေ့လာမှုအများအပြားက အဓိက အာရုံစိုက် သည်မှာ မက်ကရိုအဆင့် **(macro-economics)** ကြီးထွားနှုန်းအပေါ် ဆက်နွယ်သည့် သက်ရောက်မှုဆိုင်ရာ မေးခွန်းအတွက်ဖြစ်ပြီး ယင်းကို ဤလေ့လာမှုက ခြုံငုံမိမည်မဟုတ်ပါ။ ရလဒ်အနေဖြင့် လုပ်အားများ လျော့သွားခြင်းကြောင့် ကျန်ခဲ့သူများအကြား

ရွှေ့ပြောင်းမှုသည် လယ်လုပ်ငန်းလုပ်ကိုင်သည့်ရာသီတွင် လုပ်သားများရှားပါးစေသည်ဆိုသော အများ အမြင်တစ်ခုရှိပြီး၊ အထူးသဖြင့် မြေပိုင်ရှင်များအကြားတွင် ဖြစ်သည်။ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ လယ်သမားများက ပြောသည်မှာ လယ်အလုပ်အကောင်းဆုံးကာလများအတွင်း၌ လုပ်သား အလုံအလောက် ရှာဖွေပြီးငှားရန် အခက်အခဲများရှိသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူ ၅၀ ရာခိုင်နှုန်းကျော်သည် ရွှေ့ပြောင်းမှု၏ ရလဒ်တစ်ခုအနေဖြင့် လုပ်သားရရှိနိုင်ရန် ပို၍ခက်ခဲသည်ဟု မြင်ကြသည်။


လုပ်အားခများနှင့် အလုပ်ရရှိနိုင်မှုတို့ တိုးမြင့်လာ စေပြီး လွှဲပြောင်းငွေများသည် လူနေမှုအဆင့်အတန်းများအား မြင့်လာစေမည်ဆိုသည်အား မှန်းဆခြင်းပြုလုပ်ခြင်းမှလွဲ၍ ရလဒ်အနေနှင့် ရွှေ့ပြောင်းခြင်း သီအိုရီသည် ရွှေ့ပြောင်းခြင်း၏ကျန်ခဲ့သည့် ဒေသများအပေါ် စီးပွားရေးအရ သက်ရောက်မှုနှင့်ပတ်သက်ပြီး များစွာဖြည့်ဆည်းပေးနိုင်စွမ်းမရှိပါ။ ရွှေ့ပြောင်းမှုသည် လယ်လုပ်ငန်းလုပ်ကိုင်သည့်ရာသီတွင် လုပ်သားများရှားပါးစေသည်ဆိုသော အများအမြင်

[20] Lucas, Robert. 2014. "Internal Migration in Developing Economies: An Overview." Draft document, 20 April 2014.

(ပုံ ၂၅) ဦးတည်သည့်နေရာများတွင် ကျပန်းအလုပ်အကိုင်များရရှိနိုင်ခြင်း၏ ရွှေ့ပြောင်းမှုအပေါ် သက်ရောက်မှုရှိခြင်းနှင့် ပတ်သက်သည့်အမြင်များ

■ ရောဝတီ ■ မကွေး

သင်၏ကျေးရွာအတွင်းရှိ ရွှေ့ပြောင်းသူများ အဝေးသို့ရွှေ့ပြောင်းသွားသည့်အခါ ကျပန်းအလုပ်သမားများ ရရှိနိုင်မှုတွင် အပြောင်းအလဲများ ရှိပါသလား။




တစ်ခုရှိပြီး၊ အထူးသဖြင့် မြေပိုင်ရှင်များအကြားတွင် ဖြစ်သည်။ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ လယ်သမားများကပြောသည်မှာ လယ်လုပ်ငန်းအကောင်းဆုံးကာလများအတွင်း၌ လုပ်သားအလုံအလောက် ရှာဖွေပြီးငှားရန် အခက်အခဲများရှိသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးရှိ ဖြေဆိုသူ ၅၀ ရာခိုင်နှုန်းကျော်သည် ရွှေ့ပြောင်းမှု၏ ရလဒ်တစ်ခုအနေဖြင့် လုပ်သားရရှိနိုင်ရန် ပို၍ခက်ခဲသည်ဟု မြင်ကြသည်။ ဤရှုထောင့်သည် ထွက်ခွာသည့် ရွှေ့ပြောင်းမှုနှုန်းများ ပို၍မြင့်မားသည့်ကျေးရွာများတွင် အထူးတလည်ပျံ့နှံ့ပြီးပြီး၊ အထူးသဖြင့် မကွေးတွင်ဖြစ်သည်။ သုတေသနအရ ဖော်ပြသည်မှာ သီးနှံထုတ်လုပ်မှုအတွက် အပြုသဘောမဆောင်သည့် ဂယက်ရိုက်မှုများ ဖြစ်ပေါ်စေသည်ဟု ဖော်ပြသည်။ ၎င်းတွင် သီးနှံထွက်နှုန်းနည်းခြင်းများပါဝင်ပြီး အချို့ဖြစ်ရပ်များတွင် သီးနှံများအား အချိန်မီမရိတ်သိမ်းနိုင်သောကြောင့် လေလွင့်ဆုံးရှုံးမှုများပင် ဖြစ်ပေါ်စေသည်။

မကွေးရှိ လယ်သမားများနှင့်ပြုလုပ်သည့် အုပ်စုလိုက်တွေ့ဆုံဆွေးနွေးပွဲတစ်ခုက ရှင်းသည်မှာ - "အလုပ်သမား ရှားပါးလို့ လယ်လုပ်ငန်းရဲ့အဆင့်အမျိုးမျိုးတွေ လုပ်တဲ့အခါ အချိန်မီ မပြီးဘူး။ ဒါကြောင့် ထွက်နှုန်းတွေကလည်း နည်းတယ်။ ဒါဟာ လယ်သမားတွေအတွက် ခက်ခဲတဲ့အနေအထားဖြစ်တယ်။ ရွှေ့ပြောင်းလုပ်သားတွေက အဆင်ပြေနေပေမယ့် ကျန်ခဲ့တဲ့ ရပ်ရွာထဲကလူတွေအတွက် ခက်ခဲတဲ့အချိန်ဖြစ်တယ်။"


မကွေးရှိ လယ်သမားများနှင့်ပြုလုပ်သည့် အုပ်စုလိုက်တွေ့ဆုံဆွေးနွေးပွဲတစ်ခုက ရှင်းသည်မှာ “အလုပ်သမားရှားတော့ လယ်လုပ်ငန်းရဲ့အဆင့်အမျိုးမျိုးကို လုပ်တဲ့အခါ အချိန်မီမပြီးဘူး။ ဒါကြောင့် ထွက်နှုန်းတွေကလည်း နည်းတယ်။ အဲဒါက လယ်သမားတွေအတွက် ခက်ခဲတဲ့အနေအထားဖြစ်တယ်။ ရွှေ့ပြောင်းလုပ်သားတွေက အဆင်ပြေနေပေမယ့် ကျန်ခဲ့တဲ့ ရပ်ရွာထဲကလူတွေအတွက်တော့ ခက်ခဲတဲ့အချိန်ပဲ။”

ဤဖြစ်စဉ်အား စိုက်ပျိုးရေးကျဆင်းသည့် အချိန်များတွင် ကျပန်းအလုပ်အကိုင် အခွင့်အလမ်းများ ရှားပါမှုက ဖြည့်စွက်ပေးပြီး ဆန်ကဲ့သို့သော အဓိကစားသုံးကုန်သီးနှံများအတွက် နှစ်တစ်နှစ်၏ အချိန်ကာလများစွာတို့အထိ သက်ရောက်သည်။ ဖြစ်ရပ်အများအပြားတွင် အချိန်ပိုင်း ကျပန်း အလုပ်သည် ထိုကျပန်းအလုပ်သမားများ၏ ဝမ်းရေးဖူလုံမှု လိုအပ်ချက်များအား ဖြည့်ဆည်းရန် မလုံလောက်သည့်အတွက် စိုက်ပျိုးရေးနှင့် အခြားဝင်ငွေရင်းမြစ်များမှ ဝင်ငွေများရရှိရန် ပြုလုပ်ကြပြီး ထိုအထဲတွင် ရွှေ့ပြောင်းခြင်းလည်း ပါဝင်သည်။

(ပုံ ၂၆) ဦးတည်သည့်နေရာများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှိနိုင်ခြင်း၏ ရွှေ့ပြောင်းမှုအပေါ် သက်ရောက်မှုရှိခြင်းနှင့် ပတ်သက်သည့်အမြင်များ

■ ရောဝတီ ■ မကွေး

သင်၏ကျေးရွာအတွင်းရှိ ရွှေ့ပြောင်းသူများ အဝေးသို့ ပြောင်းရွှေ့သွားသည့်အခါ အလုပ်အကိုင်အခွင့်အလမ်းများတွင် အပြောင်းအလဲများရှိပါသလား။





ပုံ ၂၆ တွင် ဖော်ပြထားသကဲ့သို့ ပို့လွှတ်သည့်နေရာများရှိ အလုပ်အကိုင်အခွင့်အလမ်းများသည် ရွှေ့ပြောင်းခြင်းကြောင့် ပြောင်းလဲနေသည်ဆိုသော အယူအဆသည် ဒေသတစ်ခုနှင့်တစ်ခုမတူညီပါ။ မကွေးတွင် ရွှေ့ပြောင်းမှုအား အလုပ်အကိုင်အခွင့်အလမ်းများအပေါ် သက်ရောက်မှုအနည်းငယ်သာ ရှိသည်ဟု မြင်ကြပြီး ရောဝတီတွင် ဖြေဆိုသူများ၏အချို့ နှစ်ဆနီးပါးက ရွှေ့ပြောင်းမှုသည်

ၾင်းတို့၏ကျေးရွာများရှိ အလုပ်အကိုင်အခွင့်အလမ်းများအား ပို၍ဖန်တီးပေးသည်ဟု ယူဆကြသည်။ ၎င်းသည် တစ်စိတ်တစ်ပိုင်းအနေနှင့် ထိုဒေသများအတွင်းရှိ မြေရရှိနိုင်မှုနှင့် ဆက်နွယ်သည့် ကွဲပြားမှုများကို မြင်သာစေသည်။ ၎င်းသည် တစ်နည်းအားဖြင့် ထိုဒေသများအတွင်း မြေအား လက်လှမ်းမီနိုင်မှုဆိုင်ရာ ကွာခြားမှုများကိုလည်း သိသာစေသည်။ ပို၍များပြားသည့် မြေယာမဲ့လူဦးရေရှိသည့်အတွက် ယခင်ကျပန်းအလုပ် လုပ်ကိုင်နေသူများသည် ရွှေ့ပြောင်းသူများအနေနှင့် ရောဝတီမှရွှေ့ပြောင်းကြပြီး ထို့ကြောင့် အခြားလူများအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်စေသည်။ ဆန့်ကျင်ဘက်အနေဖြင့် မကွေးရှိအိမ်ထောင်စုများသည် အသေးစား မြေပိုင်ဆိုင်မှုများမှ ရရှိသည့်ဝင်ငွေအား ဖြည့်စွက်ရန်အတွက် ကျပန်းအလုပ်အကိုင်များတွင် လုပ်ကိုင်ကြသောကြောင့် ရွှေ့ပြောင်းမှုသည် ဒေသတွင်း လုပ်သားဈေးကွက်များအပေါ် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိသည်။

(ပုံ ၂၇) ပို့လွှတ်သည့်အိမ်ထောင်စုများ၏ ကျေးရွာအတွင်းရှိလုပ်ရှားမှုများတွင် ပါဝင်မှုအပေါ်အမြင်များ

■ ရောဝတီ ■ မကွေး

သင်၏အိမ်ထောင်စုရှိ ရွှေ့ပြောင်းသူများ အဝေးသို့ ပြောင်းရွှေ့သောကြောင့် ကျေးရွာဆောင်ရွက်မှုများ တွင် သင်၏ပါဝင်မှုနှုန်းအား သင် မည်ကဲ့သို့ သတ်မှတ်မည်နည်း။




၎င်းနှင့်ဆက်နွယ်၍ ဖြေဆိုသူအချို့က ပြောပြသည်မှာ ရွှေ့ပြောင်းခြင်းနှင့် ၎င်းကြောင့် လုပ်သားရှားမှုဖြစ်စေသည်ဟူသော အမြင်သည် ကျပန်းအလုပ်သမားများအား လုပ်အားခများနှင့် လုပ်အားခပေးပုံတို့နှင့်ပတ်သက်၍ ဆွေးနွေးသည့်အခါ အစုလိုက်ညှိနှိုင်းတောင်းဆိုခြင်းအတွက် ပို၍ အင်အားရှိစေသည်။

မကွေးရှိကျပန်းလုပ်သားအုပ်စုနှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲက ဤအကြောင်းအရာအပေါ် ရှင်းပြသည်မှာ - "လယ်သမားတော်တော်များများဟာ လုပ်သားငှားရမ်းဖို့ မတတ်နိုင်ကြဘူး။ သူတို့အနေနဲ့ ကာလရှည်အတွက် လုပ်သားငှားရမ်းဖို့ ငွေအလုံအလောက်မရှိဘူး။ လယ်သမားက ပိုက်ဆံ မပေးရင် လုပ်သားတစ်ယောက်က အဲဒီလယ်သမားအတွက် အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး။ သူ့ရဲ့ကိုယ်ပိုင်ဝမ်းစာအတွက် သူအလုပ်လုပ်ရာမှာဖြစ်တယ်"။

ပို့လွှတ်သော ရပ်ရွာလုထုများအပေါ် လူမှုရေးဆိုင်ရာသက်ရောက်မှု

မကွေးနှင့်ရောဝတီရှိ ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းမှုသည် လတ်တလောမှ ဖြစ်သည့်ကိစ္စ ဖြစ်သောကြောင့် ပို့လွှတ်သည့် ကျေးရွာများအပေါ် စုပေါင်းလူမှုရေး သက်ရောက်မှုများအား အတိအကျ ခွဲခြားဖော်ထုတ်ရန် စောလွန်းနေသော်လည်း ပဏာမတွေ့ရှိချက်အချို့အရ ရှေ့ဆက်ပြီး လေ့လာမှုများပြုလုပ်သွားရန် လိုအပ်ခြင်းကို ပြသသည်။

ယေဘုယျအားဖြင့် ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် ဘာသာရေးကိစ္စများတွင် ရွှေ့ပြောင်းသူများ၏ ကူညီပံ့ပိုးပေးမှုမှစပြီး ရပ်ရွာလူထုအသိုင်းအဝိုင်းများတွင် ပြန်လာသော ရွှေ့ပြောင်းသူများ၏ အခန်းကဏ္ဍအထိကဲ့သို့သော ကိစ္စရပ်အချို့အပေါ် အမြင်များအား စစ်တမ်းကောက်ယူချက်များမှ ရရှိသည့် တွေ့ရှိချက်များအရ မကွေးတွင် ရောဝတီထက် ကျေးရွာလူမှုရေးဆိုင်ရာ သက်ဝင်မှုများ အပေါ် အပြုသဘောဆောင်သည့်သက်ရောက်မှုများ ပို၍ရှိသည်ကိုညွှန်ပြသည်။ အနည်းဆုံး အနေဖြင့် ၎င်းသည် ရွှေ့ပြောင်းခြင်းပုံစံများတွင် ဒေသအလိုက် မတူညီမှုများ၏ အကျိုးဆက် တစိတ်တဒေသဖြစ်ပြီး မကွေးတွင် တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းနှင့် ဆက်စပ်နေသည့် တုန်လှုပ်ဖွယ်အခြေအနေ တုံ့ပြန်သည့် ရွှေ့ပြောင်းခြင်းနှင့် နိုင်ငံတကာရွှေ့ပြောင်းခြင်းတို့ရှိနေပြီး ရလဒ်မှာ အခက်အခဲများအား ဖြေရှင်းရာတွင် ရွှေ့ပြောင်းခြင်းက ပံ့ပိုးပေးသည်ဆိုသည့်အယူအဆ နှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းထံသို့ ပြည်ပမှလွှဲပြောင်းငွေများ ရောက်ရှိလာခြင်း ဖြစ်သည်။

ရွှေ့ပြောင်းသူအိမ်ထောင်စုများနှင့် ကျေးရွာရှိ အခြားအိမ်ထောင်စုများအကြား ဆက်နွယ်မှုအား ရွှေ့ပြောင်းမှုကြောင့် ပြောင်းလဲမှုဖြစ်စေပေါ်စေသည်ကို ပြောရန် ယခုအဆင့်တွင် လုံလောက်သည့် သက်သေမရှိသေးပါ။ ဤတွင် စစ်တမ်းရလဒ်များကပြသသည်မှာ လက်ရှိရွှေ့ပြောင်းသူများရှိသော အိမ်ထောင်စုများအတွက် ဖြေဆိုသူများ၏ လေးပုံသုံးပုံသည် ကျေးရွာလှုပ်ရှားမှုများ၌ ၎င်းတို့ ပါဝင်ဆောင်ရွက်ရာတွင် ၎င်းတို့၏အိမ်ထောင်စုဝင်တစ်ဦး မရှိသောကြောင့် ပြောင်းလဲမှုဖြစ်သည်ဟု သူတို့မထင်ပါ။ သို့သော် သိသာထင်ရှားသည့် ဒေသအလိုက်ပြောင်းလဲမှုအချို့ရှိပြီး - မကွေးရှိ အိမ်ထောင်စု ငါးပုံတစ်ပုံနီးပါးသည် ပါဝင်ဆောင်ရွက်မှု နည်းသွားသည်ဟု ပြောကြကာ ရောဝတီရှိ ဖြေဆိုသူများအတွက် ကျေးရွာဆောင်ရွက်မှုများတွင် သူတို့ ပို၍ ပါဝင်မှုရှိလာကြောင်းကို ပြောဆိုရန် အလားအလာ နှစ်ဆရှိသည်။

သုတေသနက ပြသသည်မှာ ကျေးရွာအာဏာပိုင် အများစုသည် ရွှေ့ပြောင်းမှုအား ကြိုဆိုသည့်အပြင် တိုက်တွန်းကြပြီး အကြောင်းမှာ ပိုကောင်းပြီး ပုံမှန်ဖြစ်သည့် ဝင်ငွေရရှိနိုင်သည့် အလားအလာ ရှိသောကြောင့်ဖြစ်သည်။ သို့သော် ထိုရွှေ့ပြောင်းမှုသည် လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ရာသီတွင် ကျပန်းလုပ်သား ရှားပါးမှုများဖြစ်ပေါ်စေပြီး အကျိုးဆက်အနေဖြင့် လုပ်အားခများ တိုးမြင့်ကြောင်းကိုလည်း သူတို့အသိအမှတ်ပြုသည်။ ထို့အပြင် ၎င်းတို့သည် ရပ်ရွာလူထု အဖွဲ့အစည်းများနှင့် ကျေးရွာ၏ လူမှုရေးအဖွဲ့အစည်းများ တစ်ဆနှင့်တစ်ဆ လျော့ပါးလာမှု အတွက်လည်း ဝမ်းနည်းမိကြောင်း ဖော်ပြကြသည်။ ဤအကြောင်းအရာများအပေါ် ကျေးရွာ လူကြီးများနှင့် လေးစားရသောပုဂ္ဂိုလ်များက ပြောပြသည်မှာ ရပ်ရွာလူထုဖွံ့ဖြိုးမှုလုပ်ငန်းများ အတွက် လုပ်အားပေးမှုများ ဖြည့်ဆည်းပေးသည့်အပြင် အခြားပံ့ပိုးမှုများပေးသည့် လူငယ်များ ကိုယ်စားပြုပါဝင်ဆောင်ရွက်မှုအတွက် လူငယ်များမရှိခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်း သည်မှာ အချို့သောရွာသားများ၏အဆိုအရ ၎င်းသည်ကပင် လူမှုရေးပေါင်းစည်းညီညွတ်မှုအား မြင့်တက်စေသည်ဟုဆိုသော်လည်း ထိုအယူအဆမှာ အများလက်ခံထားသည့်အမြင် မဟုတ်ပါ - "ရွာထဲမှာ လူပိုနည်းလာတော့ လူမှုရေးကိစ္စတွေ၊ နာရေးကိစ္စတွေ စီစဉ်တဲ့အခါမှာ ပိုပြီး စည်းလုံးလာတယ်။ ဘဖြစ်လို့လဲဆိုတော့အခြားလူတွေရဲ့ အကူအညီကို လိုလာတာကိုး။" (ရောဝတီတွင် ကျေးရွာအာဏာပိုင်များနှင့် အုပ်စုလိုက် တွေ့ဆုံမေးမြန်းပွဲပြုလုပ်သည်)

ပြန်လာသည့် ရွှေ့ပြောင်းသူများသည် နှစ်ခြိုက်မှုများ၊ အမြင်ရှုထောင့်များနှင့် သဘောထားများအပြင် ကျွမ်းကျင်မှုအသစ်များနှင့် အသိပညာဗဟုသုတများ သယ်ဆောင်လာသည်ဟု အမြင်တစ်ခုရှိသည်။ လေ့လာမှုအတွင်းရှိ ရွှေ့ပြောင်းသူများသည် ပြန်လာသည့်အခါတွင် ပိုမိုယုံကြည်မှုရှိခြင်း၊ အတွေ့အကြုံကြွယ်ဝ၍ ပိုမိုရင့်ကျက်လာခြင်းနှင့် လူမှုရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာအနေအထားများတွင် အခြားသူများနှင့် ပိုမိုကောင်းမွန်စွာ ဆက်သွယ်လာနိုင်မှုတို့ကို ရရှိလာသည်ဟု ဆိုကြသည်။ တစ်ချိန်တည်းမှာပင် ရွှေ့ပြောင်းမှုမပြုလုပ်သည့် ရွာသားများက ရွှေ့ပြောင်းမှုသည် ရွှေ့ပြောင်းသူအသီးသီး၌ ၎င်းတို့ပြန်လာသည့်အချိန်တွင် အပြုသဘောဆောင်သည့် သက်ရောက်မှုများ ရှိစေသည်ဟုမြင်ကြသည်။ အုပ်စုလိုက်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲအချို့တွင် ရွာသားများက ရွှေ့ပြောင်းသူများသည် ကျေးရွာများသို့ပြန်လာသည့်အခါ ပို၍ယဉ်ကျေးလာမှု၊ ဗဟုသုတရှိလာမှုနှင့် လူမှုရေးနှင့်ဆက်သွယ်ရေးဆိုင်ရာတို့တွင် ပိုမိုကျွမ်းကျင်လာကြကြောင်း ပြောဆိုကြသည်။ မကွေးရှိ ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူ အမျိုးသားတစ်ဦးက ရှင်းပြသည်မှာ - "ရွှေ့ပြောင်းသူတွေက သူတို့ရဲ့ အလုပ်အကိုင်အတွေ့အကြုံတွေ၊ ပိုပြီး ဖော်ရွေမှုရှိတာတွေနှင့် လူအများနှင့် ကောင်းကောင်းမွန်မွန်စွာ စကားပြောနိုင်တာတွေကြောင့် ပို၍ အသိပညာ တိုးတက်လာတယ်လို့ ထင်ရတယ်။"

ရွှေ့ပြောင်းသူများသည် ၎င်းတို့၏ ရပ်ရွာလူထု အသိုင်းအဝိုင်းများတွင်ပြုလုပ်သည့် ဘာသာရေးနှင့် လူမှုရေးဆိုင်ရာလှုပ်ရှား ဆောင်ရွက်မှုများအတွက် ငွေကြေးများ ပို့ပေးကြသောကြောင့် မရွှေ့ပြောင်းသူများ၏အမြင်များတွင် ၎င်းတို့အပေါ် ပို၍အထင်ကြီးမှု မြင့်တက်လာသည်။ မကွေးတွင် ကျေးရွာအာဏာပိုင်များနှင့် ပြုလုပ်သည့် အုပ်စုလိုက် တွေ့ဆုံမေးမြန်းပွဲများအတွင်း မကွေးမှ မရွှေ့ပြောင်းသူတစ်ဦးက ဖော်ပြသည်မှာ - "ရွှေ့ပြောင်းသူတွေဟာ လူမှုရေးပွဲတွေနဲ့ ရပ်ရွာ လူ့အဖွဲ့အစည်းကလုပ်တဲ့ ပွဲတော်တွေအတွက် ငွေကြေး ကူညီထောက်ပံ့နိုင်တော့ ရွှေ့ပြောင်းတာဟာ ကောင်းပါတယ်။"

သို့သော်လည်း ပြန်ရောက်လာသည့် ရွှေ့ပြောင်းသူများအနေနှင့် ၎င်းတို့၏ ရပ်ရွာလူထုအသိုင်းအဝိုင်းများနှင့် ပြန်လည်ထိတွေ့သည့်အခါတွင် မရေရာမှုများခံစားရသည်ဟု ပြောကြသည်။ တစ်ဘက်တွင် ပိုမိုရင့်ကျက်လာပြီး အတွေ့အကြုံ ပို၍ရှိလာသည့်အတွက် ၎င်းတို့အား လေးစားခံရသလို အချို့သည် ပိုမိုချမ်းသာကြွယ်ပြီး ပြန်လာကြသည်။ သူတို့ထဲမှအများအပြားသည် ၎င်းတို့၏လွှဲပြောင်းငွေ တစ်စိတ်တစ်ပိုင်းအား လူမှုရေးနှင့် ဘာသာရေးကဏ္ဍများအတွက် နှစ်မြှုပ်ကြသောကြောင့် ၎င်းသည် ၎င်းတို့၏ ရပ်ရွာလူထုအသိုင်းအဝိုင်းများအကြား လေးစားမှုကို ရရှိနိုင်သည်။ အခြားတစ်ဘက်တွင် ရွှေ့ပြောင်းသူများအပေါ် ပြုလုပ်သည့် အရည်အသွေးလေ့လာဆန်းစစ်မှု သုတေသန၏ သီးခြားတွေ့ရှိချက်များတွင် ရွှေ့ပြောင်းသူများသည် မူးယစ်ဆေးဝါးများနှင့် အရက် သုံးစွဲမှုတို့နှင့် ဆက်နွယ်သည့် အကျင့်ဆိုးများ စွဲကပ်လာသောကြောင့် ထိုအကျင့်ဆိုးများ ကျေးရွာတွင် အစပျိုးလာမည်မှာ စိုးရိမ်ပူပန်စရာတစ်ခု ဖြစ်သည်။ ထို့အပြင် ပို၍အသက်ကြီးသော ရွှေ့ပြောင်းသူတစ်ဦးအား ကျေးရွာအတွင်းရှိ ရာထူးတစ်ခုတွင် ခန့်အပ်ခြင်းမှ ခွဲခြားပြီး ငြင်းပယ်ခံရကာ အကြောင်းမှာ ရပ်ရွာလူထုအနေနှင့် သူသည် ထပ်မံရွှေ့ပြောင်းပြီး သူ၏ရာထူးကို စွန့်ခွာမည့် အလားအလာရှိသောကြောင့် ဖြစ်သည်ဆိုသော အခြေအနေတစ်ခု ရှိခဲ့သည်။

၎င်းသည် စောင့်ကြည့်လေ့လာသင့်သည့် ဖြစ်ရပ်ဖြစ်ပြီး အကြောင်းမှာ တုန်လှုပ်ဖွယ်
အခြေအနေများနှင့် ဒုက္ခအမျိုးမျိုးတို့အား တုံ့ပြန်ရန်အတွက် လူမှုရေးအဖွဲ့အစည်းများကို
လူများကအားကိုးသည့် ရပ်ရွာလူထုအသိုင်းအဝိုင်းတစ်ခုတွင် လူမှုစီးပွားရေးအုပ်စုများအတွင်း
အဆင့်ခွဲမှုများ ပေါ်ထွက်လာခြင်းသည် ပုဂ္ဂိုလ်များနှင့်ထိုအုပ်စုများအကြား မျှော်လင့်ချက်များအပေါ်
သက်ရောက်မှုရှိနိုင်သော်လည်း ၎င်းကဲ့သို့ဆုံးဖြတ်ချက်ချရန်အတွက် စောသေးသည်။

ရွှေ့ပြောင်းသူများနှင့် မရွှေ့ပြောင်းသူ အိမ်ထောင်စုများအကြား တင်းမာမှုများထွက်ပေါ်လာခြင်း
သို့မဟုတ် အိမ်ထောင်စုများအကြား လူမှုဆက်ဆံရေးများအပေါ် လွှဲပြောင်းငွေများက
သက်ရောက်မှုရှိခြင်းတို့နှင့် ပတ်သက်ပြီး သုတေသနမှရရှိသော သက်သေအထောက်အထားမှာ
အကန့်အသတ်သာရှိပြီး လွှဲပြောင်းငွေ ပို၍များတတ်သည့် အခြားနိုင်ငံအတွင်းနှင့် နိုင်ငံတကာ
ရွှေ့ပြောင်းခြင်းတို့နှင့်မတူပါ။ ၎င်းသည် ရွှေ့ပြောင်းခြင်း၏ လတ်တလောမှုဖြစ်သည့် သဘာဝနှင့်
ဆက်စပ်နေသည့်အပြင် လွှဲပြောင်းငွေနည်းပါးမှု၊ အထူးသဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းခြင်းနှင့်
နှိုင်းယှဉ်သည့်အခါတို့ကြောင့် ဖြစ်သည်။ သို့သော် လွှဲပြောင်းငွေများ၏ ရလဒ်အနေနှင့်
ကျန်ခဲ့သည့်နေရာများတွင် မညီမျှမှုများ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများရှိသောကြောင့်
၎င်းသည် လာမည့်နှစ်များတွင် စောင့်ကြည့်ရမည့် အရေးကြီးသော ဖြစ်စဉ်ဖြစ်သည်။



ထီးစက်ရုံ

## တွေ့ရှိချက်များနှင့် အကြံပြုချက်များ

ဤလေ့လာမှုသည် မြန်မာနိုင်ငံရှိ ရောဝတီနှင့်မကွေးတိုင်းဒေသကြီးများတွင် လူများသည် အဘယ်ကြောင့် ထိုကဲ့သို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်များချသည်ကို သိရှိနားလည်ရန်ကြိုးပမ်းခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရန် ရေ့အခန်းများတွင် ရွှေ့ပြောင်းမှု၏ပုံစံများကို ပြုစုဖော်ပြပြီးနောက် ထွက်ခွာသူနှင့် ကျန်ရစ်သူနှစ်မျိုးစလုံးအတွက် ရွှေ့ပြောင်းမှု၏ ကွဲပြားသည့်အတွေ့အကြုံများအား သိရှိနားလည်ရန် အဆိုပါ အမျိုးအစားခွဲခြားမှုပုံစံအား အသုံးပြုခဲ့သည်။ ရွှေ့ပြောင်းခြင်း၏ ဖြစ်စဉ်အဆင့်ဆင့် လားရာလမ်းကြောင်းကို ပုံဖော်ပေးသည့် အရေးပါသော တင်ပြချက် အချက်များကိုလည်း ဖော်ထုတ်တင်ပြထားသည်။ ထိုလေ့လာချက်များအား အခြေခံ၍ LIFT နှင့် မြန်မာအစိုးရအပါအဝင် ပြင်ပဆောင်ရွက်သူများအနေဖြင့် အမျိုးသားအဆင့်နှင့် ၎င်းအောက်အဆင့်တို့၌ ရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်းပြီး ရွေးချယ်စရာပိုမိုရှိခြင်းနှင့် အသိရှိရှိဆုံးဖြတ်ချက်ချခြင်းတို့အပေါ် ကူညီပံ့ပိုးရန်အတွက် မည်ကဲ့သို့ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဆိုခြင်းနှင့် ပတ်သက်သည့် အကြံပြုချက်များအား ဤအခန်းက ဖော်ထုတ်ပေးသည်။

### တွေ့ရှိချက်များ

ခြုံငုံသုံးသပ်ကြည့်လျှင် ဤအစီရင်ခံစာသည် မကွေးနှင့်ရောဝတီနှစ်ခုစလုံးမှ ရွှေ့ပြောင်းမှုနှုန်း မြင့်မားမှုကို ဖော်ထုတ်ပေးသည်။ သုတေသနပြုလုပ်ချိန်၌ မကွေးတွင် အိမ်ထောင်စုလေးပုံတစ်ပုံ နီးပါး၌ ရွှေ့ပြောင်းသည့် မိသားစုအဖွဲ့ဝင် အနည်းဆုံး တစ်ဦးရှိသည်။ ငါးပုံတစ်ပုံရှိသည့်ရောဝတီတွင် ထိုကိန်းဂဏန်းထက် အနည်းငယ်နည်းသော်လည်း မြင့်နေဆဲဖြစ်သည်။ ထို့အပြင် ဤလေ့လာမှု ကအတည်ပြုသည်မှာ ရောဝတီနှင့်မကွေးတို့တွင် ရွှေ့ပြောင်းမှုနှုန်းများ တိုးမြင့်နေပြီး အထူးသဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်နေသော လတ်တလောနှစ်များတွင် ဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုစလုံးအနှံ့ရှိ ရွှေ့ပြောင်းမှုပုံသဏ္ဍာန်များတွင် အရေးကြီးသော တူညီချက်အချို့ ရှိသည်။ တိုင်းဒေသကြီး နှစ်ခုစလုံးတွင် မြေယာမဲ့အိမ်ထောင်စုများသည် လူဦးရေ၏ ကျန် အိမ်ထောင်စုများထက် ရွှေ့ပြောင်းသောမိသားစုဝင်များရှိရန် အလားအလာပိုများသည်။ ၎င်းက ထင်ဟပ်သည်မှာ ဒေသအတွင်း တစ်နှစ်ပတ်လုံး ဝင်ငွေဖော်ထုတ်နိုင်သည့် အခွင့်အလမ်းများမရှိခြင်းဖြစ်သည်။ ထို့အပြင် မြေယာပိုင်ဆိုင်မှုအသေးစားနှင့်အလတ်စားရှိသော အိမ်ထောင်စုများအနေဖြင့် မိသားစုဝင်များ၏လုပ်အားအပေါ် မှီခိုအားကိုးနေရမှုကိုလည်း ညွှန်ပြသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးအနှံ့တွင် အမျိုးသားများသည် အမျိုးသမီးများထက် ရွှေ့ပြောင်းရန် အလားအလာပိုများသည်မှာ သိသာထင်ရှားပြီး မကွေးတွင် အမျိုးသားများသည် အမျိုးသမီး များထက် နှစ်ဆပို၍ရွှေ့ပြောင်းကာ ရောဝတီတွင် ရွှေ့ပြောင်းသူ ၆၀ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြသည်။ တိုင်းဒေသကြီးနှစ်ခုစလုံးတွင် ရွှေ့ပြောင်းသူအားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံသည် အမျိုးသမီးများဖြစ်သည်။

တိုင်းဒေသကြီးနှစ်ခုအကြား သိသာထင်ရှားသည့် ကွဲပြားမှုများရှိသည်။ ရောဝတီ၏ရွှေ့ပြောင်းခြင်း သည် ပိုမိုညီညွတ်သည့် ပထဝီအနေအထားပုံသဏ္ဍာန်ရှိပြီး - ရွှေ့ပြောင်းသူ ၅၈ ရာခိုင်နှုန်းသည် ရန်ကုန်သို့ရွှေ့ပြောင်းကြကာ၊ ၎င်းသည် အဓိက ဦးတည်ရာနေရာအတွက် ရွေးချယ်မှုဖြစ်သည်။ မကွေးအတွက်လည်း ရန်ကုန်သည် ရေပန်းအစားဆုံးဦးတည်ရာနေရာဖြစ်ကာ ရွှေ့ပြောင်းသူ အားလုံး၏ လေးပုံတစ်ပုံနီးပါးသည် ထိုနေရာသို့ရွှေ့ပြောင်းကြပြီး မကွေးမှရွှေ့ပြောင်းသူများ၏

ဦးတည်ရာနေရာများမှာ ပို၍များပြားကာ ရွှေ့ပြောင်းသူများ၏ ၁၀ ရာခိုင်နှုန်းထက်ကျော်၍ ဆွဲဆောင်နိုင်သည့် တစ်ခုတည်းသော အခြားဦးတည်ရာနေရာတစ်ခု မရှိပါ။ ဤတင်ပြချက်နှင့် ဆက်နွယ်သည်မှာ နိုင်ငံတကာရွှေ့ပြောင်းခြင်းသည် မကွေးတွင် သိသာထင်ရှားစွာ ပို၍မြင့်မားပြီး ရွှေ့ပြောင်းသူအားလုံး၏ ၂၂ ရာခိုင်နှုန်းသည် ပြည်ပသို့ ရွှေ့ပြောင်းကြသည်။ နိုင်ငံတကာ ရွှေ့ပြောင်းသူအများစုမှာ အမျိုးသားများဖြစ်ကြပြီး ၎င်းအချက်သည် အသေးစား မြေပိုင်ဆိုင်သူများအကြားတွင် အထူးသဖြင့် ရေပန်းစားကာ မကွေးမှလာသည့် နိုင်ငံတကာ ရွှေ့ပြောင်းသူများ၏ ၄၀ ရာခိုင်နှုန်းသည် အသေးစားမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများမှ လာခြင်းဖြစ်သည်။ ရွှေ့ပြောင်းသူများ၏ ပုံရိပ်နှင့်ပတ်သက်၍လည်း ဒေသအလိုက်ကွဲပြားမှုများ ရှိသည် - ရောဝတီမှ ရွှေ့ပြောင်းသူများသည် ၎င်းတို့၏မိသားစုထံမှ ထွက်ခွာချိန်တွင် ယေဘုယျအားဖြင့် ပို၍အသက်ငယ်ကြပြီး မကွေးမှရွှေ့ပြောင်းသူများနှင့် နှိုင်းယှဉ်ပါက မူလတန်းသို့မဟုတ် အလယ်တန်းအဆင့် ပညာရေးများသာလျှင်ရှိရန် အလားအလာပိုများသည်။ နောက်ဆုံးအနေဖြင့် ရွှေ့ပြောင်းသောလူများအား အဟန့်အတားဖြစ်စေသည့် ဒေသဆိုင်ရာ ကွဲပြားချက်များရှိကြပြီး - ရောဝတီမှလူများသည် မထွက်ခွာမီ အလုပ်အကိုင်နှင့်ပတ်သက်သည့် အာမခံချက်များမရှိပါက ရွှေ့ပြောင်းရန် အလားအလာနည်းသည်။ ထိုအာမခံချက်များသည် မြို့ကြီးတွင် အလုပ်လုပ်နေသည့် မိသားစုဝင် သို့မဟုတ် ဆွေမျိုးများထံမှတစ်ဆင့် အများအားဖြင့်ဖြစ်ပြီး ထိုလူမှုကွန်ရက်များကို အလားအလာရှိသည့်ရွှေ့ပြောင်းသူများအတွက် ပို၍စိတ်ချရသည့် သတင်းအချက်အလက်ရင်းမြစ်များအနေနှင့် မြင်ကြသည်။

> တိုင်းဒေသကြီးနှစ်ခုစလုံးတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျန်အိမ်ထောင်စုများထက် ရွှေ့ပြောင်းသော မိသားစုဝင်များရှိရန် အလားအလာပိုများသည်။ ၎င်းက တစ်နှစ်ပတ်လုံး ဒေသအတွင်းမှ ဝင်ငွေဖော်ထုတ်ရန် အခွင့်အလမ်းမရှိခြင်းကို ထင်ဟပ်စေသည်။

တိုင်းဒေသကြီးများအတွင်းနှင့်အနှံ့တွင် ၎င်းတို့ပိုင်ဆိုင်သည့် မြေ၊ ပညာရေးနှင့် ချမ်းသာကြွယ်ဝမှု ပိုင်ဆိုင်မှုများအပေါ်အခြေခံ၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ရွေးချယ်စရာများအရ ကွဲပြားသည့် အိမ်ထောင်စုများအတွက် ရွှေ့ပြောင်းရန်အတွက်လှုံ့ဆော်မှုများနှင့်နည်းဗျူဟာများတွင် သိသာသည့် ကွဲပြားမှုများကို လေ့လာမှုကဖော်ထုတ်သည်။ အရည်အသွေး ကွင်းဆင်းလေ့လာမှု သုတေသနနှင့် တိုင်းတာသည့် အချက်များစွာပါဝင်သော နောက်ကြောင်းပြန် စိတ်ဖြာလေ့လာမှု **multivariate regression analysis** တို့အားပေါင်းစပ်၍ ဤလေ့လာမှုသည် သာဓကဖြစ်သည့် ရွှေ့ပြောင်းခြင်းပုံစံသုံးမျိုး - အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း၊ တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်ခြင်းနှင့် တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းတို့ဖြစ်ပြီး - ရောဝတီနှင့် မကွေးရှိ ကျေးလက်အိမ်ထောင်စုများ ရွှေ့ပြောင်းရန် အဘယ်ကြောင့် ရွေးချယ်သနည်းဆိုသည့် မေးခွန်းအတွက် အဖြေများ ဖြည့်ဆည်းပေးမည်ဖြစ်သည်။

**အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း**

ဤလေ့လာမှုအတွင်း အိမ်ထောင်စုအများအပြား၊ အထူးသဖြင့် အသေးစားမြေပိုင်ဆိုင်သော အိမ်ထောင်စုများနှင့် ကျပန်းလုပ်သားများသည် ဒုတိယဝင်ငွေရင်းမြစ်များအတွက် ကန့်သတ်ထားသည့် ရွေးချယ်စရာများရှိသည့် သွင်ပြင်ရှိကြပြီး ၎င်းတို့တွင် တစ်နှစ်ပတ်လုံး ၎င်းတို့အခြေခံ

သုံးစွဲမှုလိုအပ်ချက်များအား မဖြည့်ဆည်းနိုင်သည့် အန္တရာယ်ရှိကာ အထူးသဖြင့် စိုက်ပျိုးရေး အားနည်းသည့် ရာသီများအတွင်းဖြစ်သည်။ ထိုအိမ်ထောင်စုများသည် အိမ်ထောင်စုလုပ်အားများအား မြို့ပြအလုပ်အကိုင်များတွင်၊ အဓိကအားဖြင့် ရန်ကုန်တွင် ခွဲဝေလုပ်ကိုင်ခြင်းဖြင့် ဤအန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းရန်ရွေးချယ်ကြသည်။ အန္တရာယ်အား လျော့ပါး စေသည့် အကြောင်းရင်းများနှင့် ၎င်းအားဖြစ်စေသည့် အဓိကတွန်းအားမှာ တည်ငြိမ်သည့်ဝင်ငွေ ပုံမှန်ရရှိမှုနှင့် သေချာမှုတို့ဖြစ်သည်။ သိသာထင်ရှားသည့် လုပ်အားခကွဲပြားမှုမရှိသော်လည်း ကျေးလက်နှင့်မြို့ပြဒေသများအကြား ကြီးမားသည့် ရွှေ့ပြောင်းမှုများရှိကြောင်းကို အရည်အသွေး ဆန်းစစ်လေ့လာမှုမှရရှိသည့် အချက်အလက်များက အတည်ပြုသည်။ ရှိပြီးသားကွန်ရက်များကိုသာ အသုံးပြု၍ ရွှေ့ပြောင်းခြင်းအားဖြင့် ဤအမျိုးအစားရှိရွှေ့ပြောင်းသူများသည် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းမည့်အစား ထိုကဲ့သို့အန္တရာယ်များကို ရှောင်ရှားရန်ကြိုးပမ်းခြင်းဖြင့် ရွှေ့ပြောင်းမှု၏ ကုန်ကျစရိတ်များ ပိုနည်းစေရန် ကြိုးစားကြသည်။ ရလဒ်တစ်ခုအနေဖြင့် ဤပုံစံအောက်ရှိ ရွှေ့ပြောင်းသူအများအပြားသည် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများအား ဖွင့်ပေးမည့် တရားဝင်ပညာရေး သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများတွင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းကိုလည်း ရှောင်ရှားကြပြီး၊ အကျိုးအားဖြင့် လုပ်အားခနည်းသည့် အလုပ်အကိုင်များတွင် ဆက်လက်တည်မြဲနေကြသည်။

**တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်ခြင်း**

ပုံစံနမူနာထဲရှိ အခြားသော အိမ်ထောင်စုများသည် ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်သည့် ပြင်ပအကြောင်းရင်းများကြောင့် ဖြစ်ပေါ်သောတုန်လှုပ်ဖွယ်အခြေအနေများအား ရင်ဆိုင်ကြရပြီး ၎င်းသည် ဝင်ငွေပြတ်လပ်မှု ပြဿနာများနှင့် အစားအစာမလုံလောက်မှုများအား ဖြစ်ပေါ်စေသည်။ ရင်ဆိုင်ကြရသည့် တုန်လှုပ်ဖွယ်အခြေအနေများတွင် ထိုအိမ်ထောင်စုအဆင့်၌ ကျန်းမာရေးပြဿနာ သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု၊ သို့မဟုတ် သီးနှံများပျက်စီးမှုတို့ ပါဝင်သကဲ့သို့ ရပ်ရွာလူထုအသိုင်းအဝိုင်း အဆင့်တုန်လှုပ်မှုတွင် ရာသီဥတုနှင့်ဆက်နွယ်သည့် တုန်လှုပ်ဖွယ် အခြေအနေပါဝင်ပြီး၊ ကျွန်ုပ်တို့၏လေ့လာမှုတွင် ဆိုင်ကလုန်းနာဂစ်၏ ကြွင်းကျန်သော အကျိုးဆက်များဖြစ်သည်။ တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်ရန် ရွှေ့ပြောင်းသည့် အိမ်ထောင်စုများသည် အဓိကအားဖြင့် မြေယာမဲ့သူများဖြစ်ကြပြီး အခြားသော ဝင်ငွေရင်းမြစ်များအပေါ် အပြန်အလှန် ပံ့ပိုးပေးနိုင်ပြီး တုန်လှုပ်ဖွယ်အခြေအနေအား ရင်ဆိုင်နိုင်စေမည့် ကြားခံအရာများဖြစ်သော ပိုင်ဆိုင်မှုများ ၎င်းတို့တွင်မရှိကြပါ။ ၎င်းတို့သည် ၎င်းတို့၏ဒေသအတွင်း ရွှေ့ပြောင်းလေ့ရှိသည်။ ရာဝတီမှရွှေ့ပြောင်းသူများ၏ ဖြစ်ရပ်၌ ယင်းသို့ ဆိုရာတွင် ရန်ကုန်ပါဝင်သည်။

**တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း**

နောက်ဆုံးအနေဖြင့် လေ့လာမှုက မှတ်တမ်းတင်သည်မှာ ဝင်ငွေမသေချာမှုအား ကြားခံပေးသည့် မြေယာပိုင်ဆိုင်မှုနှင့်/ သို့မဟုတ် ချမ်းသာကြွယ်ဝမှုအား ပိုင်ဆိုင်သည့် ရွှေ့ပြောင်းသော အိမ်ထောင်စုများကို လေ့လာမှုက မှတ်တမ်းတင်သည်။ ထိုအိမ်ထောင်စုများသည် ပိုမြင့်မားသည့် လုပ်အားခများနှင့် တရားဝင် မြို့ပြအလုပ်အကိုင်များရရှိစေမည့် အခွင့်အလမ်းများအား အပြည့်အဝ ဖမ်းဆုပ်နိုင်ရန်အလို့ငှာ ရွှေ့ပြောင်းနိုင်ရန်အတွက် တရားဝင်ပညာရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများတွင် ရင်းနှီးမြှုပ်နှံကြသည်။ ဤအမျိုးအစားတွင်

နိုင်ငံတကာရွှေ့ပြောင်းမှုပါဝင်ပြီး၊ အထူးသဖြင့် မကွေးမှဖြစ်ကာ၊ အကြောင်းမှာ ဤရွှေ့ပြောင်းမှုအမျိုးအစားသည် ပိုမြင့်မားသည့် ကြိုတင်ကုန်ကျစရိတ်များနှင့် အခြားစွန့်စားမှုများ ရှိသော်လည်း ပိုမြင့်မားသည့်လုပ်အားခများနှင့် အကျိုးအမြတ်များ ရရှိလာစေနိုင်သည်။

သုတေသနသည် ရွှေ့ပြောင်းခြင်းဆိုင်ရာ စာပေမှတ်တမ်းများတွင် ဖော်ပြထားသည့် လူများ ရွှေ့ပြောင်းစေခြင်းကို တွန်းအားပေးသည့် အကြောင်းရင်းမျိုးစုံကို ပိုင်းခြားစိတ်ဖြာသည်။ ဤပိုင်းခြားစိတ်ဖြာမှုမှတစ်ဆင့် ရေဝတီနှင့်မကွေးရှိ ကျေးလက်အနံ့တွင် ရွှေ့ပြောင်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ဆက်စပ်နေသည့် အဓိကအကြောင်းရင်းလေးခုပေါ်ထွက်လာသည်။

ပထမဦးဆုံးအနေဖြင့် နေရာဒေသများအပေါ်မူတည်သည့် ဝင်ငွေကွာခြားမှုများမှာ ကြီးမားခြင်းမရှိဘဲ မြို့ပြအလုပ်အကိုင်များ၏ သေချာမှုနှင့် ပုံမှန်ရရှိမှုတို့သည် လူများ အထူးသဖြင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့်ရွှေ့ပြောင်းသူများအတွက် ရွှေ့ပြောင်းရန်ဆွဲယူသည့် သိသာထင်ရှားသော မက်လုံးဖြစ်ကြောင်း အရည်အသွေး ဆန်းစစ်လေ့လာသည့် သုတေသနက တွေ့ရှိသည်။

လူမှုကွန်ရက်များ၏စွမ်းရည်သည် ကျေးရွာများအကြား သိသာထင်ရှားစွာပြောင်းလဲပြီး ကျေးရွာတစ်ခုမှ ကျေးရွာတစ်ခုသို့ ရွှေ့ပြောင်းသည့်အဆင့်များတွင် များစွာကွာခြားရခြင်း၏ အကြောင်းရင်းလည်း ဖြစ်သည်။

ဒုတိယအနေနှင့် လူမှုကွန်ရက်များသည် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်များအား ပြိုင်ဘက်ကင်းစွာလွှမ်းမိုးပြီး၊ အထူးသဖြင့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ဖြစ်သည်။ တိုင်းဒေသကြီးနှစ်ခုစလုံးအနှံ့တွင် လူများသည် မိသားစု သို့မဟုတ် ၎င်းတို့၏ကျေးရွာရှိ သူငယ်ချင်းများ သို့မဟုတ် ဦးတည်ရာနေရာများတွင် ရောက်နှင့်နေပြီးသော သူငယ်ချင်းများထံမှ ၎င်းတို့ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ ရွှေ့ပြောင်းမည်၊ မရွှေ့ပြောင်းမည် ဟူသော ဆုံးဖြတ်ချက်များကို များစွာချမှတ်ကြသည်။ ကျေးရွာများအတွင်းနှင့် ကျေးရွာများ အကြားနှစ်ခုစလုံးတို့အပေါ် ထိုလူမှုကွန်ရက်များ၏ လွှမ်းမိုးမှုစွမ်းအားသည် သိသာထင်ရှားစွာ မတူညီကြပါ။ ကျေးရွာများအတွင်းတွင် အလားအလာရှိသည့် ရွှေ့ပြောင်းသူများသည် ဦးတည်ရာ နေရာများတွင် နေမှုထိုင်မှုအခြေအနေများနှင့် ပတ်သက်သည့် ယေဘုယျသတင်း အချက်အလက် များအား လက်ခံရရှိရန် ထပ်ဆင့်ကွန်ရက်များအပေါ် အားကိုးကြသည်။ သို့သော် အမှန်တကယ် အလုပ်အကိုင်အာမခံချက်များပါသည့် ပို၍တိကျသော သတင်းအချက်အလက်များအား မိသားစု သို့မဟုတ် နီးစပ်သည့် သူငယ်ချင်းများ ပါဝင်သော ပို၍စေ့စပ်သည့် လူမှုကွန်ရက်များအကြားတွင် အပေးအယူလုပ်ကြသည်။

လူမှုကွန်ရက်များ၏ စွမ်းရည်သည် ကျေးရွာများအကြားတွင်လည်း သိသာထင်ရှားစွာပြောင်းလဲပြီး ကျေးရွာတစ်ခုမှကျေး ရွာတစ်ခုသို့ ရွှေ့ပြောင်းသည့်အဆင့်များတွင် မျာစွာကွာခြားရခြင်း၏ အကြောင်းအရင်းလည်း ဖြစ်သည်။ ရွှေ့ပြောင်းမှုအဆင့်များ ဆက်လက်မြင့်တက်လာသကဲ့သို့ လူမှုကွန်ရက်များ၏ ကျယ်ပြန့်မှုကလည်း အလားတူမြင့်တက်လာသည်။ သို့သော်လည်း ကျေးရွာများအကြား ရွှေ့ပြောင်းမှုအဆင့်များတွင် ပြောင်းလဲမှုများသည် သိသာထင်ရှားသည့် သတင်းအချက်အလက်များရရှိမှု အချိုးမညီမျှခြင်းကို မီးမောင်းထိုးပြလျှက်ရှိသည်။

အချို့သောကျေးရွာများတွင် အခြားကျေးရွာများထက် ရွှေ့ပြောင်းမှုမှပေါ်ထွက်လာသည့် အခွင့်အလမ်းများမှ ပို၍ အကျိုးခံစားနိုင်မည့် အနေအထားတွင် ရှိကြသည်။

တတိယအနေနှင့် အိမ်ထောင်စုများသည် ရွှေ့ပြောင်းမှုမှ ပေါ်ထွက်လာမည့်အခွင့်အလမ်းများအား စူးစမ်းရာတွင် သတိဝိရိယကြီးစွာဖြင့် ပြုလုပ်ကြသည်။ ၎င်းသည် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန်ကြိုးပမ်းနေသော အသေးစားမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများအတွက် အထူးသဖြင့် မှန်ကန်သည်။ ရွာသားများသည် ဘေးကင်းမှုနှင့်စပ်လျဉ်းသည့် ပူပန်သောကများကိုလည်း ဖော်ပြကြသည်၊ အထူးသဖြင့် အမျိုးသမီး ရွှေ့ပြောင်းသူများနှင့် ဆက်စပ်၍ဖြစ်သည်။ အေးဂျင့် သို့မဟုတ် ပွဲစားများအား အသုံးပြုမှု အလွန်နည်းပါးခြင်းက ပြသသည်မှာ လူများအနေနှင့် နီးစပ်သည့် လူမှုကွန်ရက်ပြင်ပတွင် လူများအပေါ် ယုံကြည်စိတ်ချရန် တွန့်ဆုတ်နေခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ထိုကွန်ရက်များအား များစွာအားကိုးခြင်း၏ အကြောင်းရင်းလည်းဖြစ်သည်။ ဦးတည်ရာ နေရာများတွင် အလုပ်အကိုင်နှင့် ပတ်သက်သည့် အာမခံချက်များအား လက်ခံရရှိပြီး နောက်မှသာ ရွှေ့ပြောင်းသည့် ရွှေ့ပြောင်းသူ ထက်ဝက်ကျော်ရှိသော ရောဝတီတွင် အန္တရာယ်အား မနှစ်မြို့ကြောင်းကို ပို၍ရှင်းလင်းစွာ ဖော်ပြကြသည်။

နောက်ဆုံးအနေဖြင့် ရွှေ့ပြောင်းမှုနှင့်ဆက်နွယ်သည့် ငွေကြေးဆိုင်ရာဆုံးရှုံးမှုများသည် အုပ်စုအများစုအတွက် နည်းပြီး၊ ပြည်တွင်းနှင့်ဆိုင်သည့် ရွှေ့ပြောင်းခြင်း၏ ကုန်ကျစရိတ်အား အဟန့်အတားတစ်ခုအနေနှင့် မဖော်ပြသော်လည်း အမျိုးသားများသည် ၎င်းအားပူပန်စရာတစ်ခုအဖြစ်ဖော်ပြလိုကြသည်။ အလွန်များပြားသည့် ရွှေ့ပြောင်းသူအများစုသည် ၎င်းတို့၏ခရီးစဉ်များအတွက် ၎င်းတို့၏ ကိုယ်ပိုင်စုဆောင်းငွေများ သို့မဟုတ် သူငယ်ချင်းများ သို့မဟုတ် မိသားစုများထံမှရရှိသည့် ချေးငွေများမှတစ်ဆင့် ဖြေရှင်းသည်။ သုတေသနကတွေ့ရှိသည်မှာ ကုန်ကျစရိတ်အနည်းငယ်သာ အသုံးပြုရန် လိုအပ်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ ရရှိလျှင်ရရှိချင်း ဆုံးဖြတ်ချက်များ အလျင်အမြန်ချစေနိုင်သည်။

ရွှေ့ပြောင်းမှုနှုန်းသည် အတော်အတန် မြင့်မားလျှက်ရှိသော်လည်း ကျန်ခဲ့သည့် အိမ်ထောင်စုများအပေါ် သိသာထင်ရှားစွာ မြင်နိုင်လောက်သည့် စီးပွားရေးသက်ရောက်မှုများမရှိသေးပါ။ ၎င်းသည် အရေးပါဆုံးသော ရွှေ့ပြောင်းမှုပုံစံ၏သဘာဝကို ထင်ဟပ်စေပြီး အဓိကအားဖြင့် ကျွမ်းကျင်မှုနည်းသည့် အလုပ်အကိုင်အားလက်ခံရန် မြို့ကြီးများသို့ ရွှေ့ပြောင်းကြသည်။ ဝင်ငွေကွာဟမှုများသည် သိသာထင်ရှားမှုမရှိဘဲ၊ ရလဒ်တစ်ခုအနေဖြင့် မည်သည့်လွှဲပြောင်းငွေများကိုမဆို အစားအစာ ကုန်ကျစရိတ်များအား ဖြည့်ဆည်းရန်အတွက် အဓိကအားဖြင့်သုံးစွဲကြပြီး အိမ်ထောင်စုအနည်းစုသာလျှင် ထုတ်လုပ်နိုင်စွမ်းရှိသော ပိုင်ဆိုင်မှုများဆီသို့ ငွေများအားခွဲဝေသုံးစွဲနိုင်ကြသည်။ လူမှုရေးသက်ရောက်မှုများအရ ရွှေ့ပြောင်းမှုတွင် ကျန်ခဲ့သည့် အိမ်ထောင်စုများအတွင်း အခန်းကဏ္ဍများအပေါ် သက်ရောက်မှုရှိပုံပေါ်ပြီး ကျန်ခဲ့သူများအနေဖြင့် တာဝန်ဝတ္တရားများ ပိုမိုယူလာရသည်။ ရွှေ့ပြောင်းသူများရှိသည့်အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံအတွက် အိမ်ထောင်စုအဆင့်တွင် သူတို့ထွက်ခွာသွားသည့်အတွက် တာဝန်များတိုးလာသည်။ သို့သော် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှုများ လတ်တလောတွင် ကျယ်ပြန့်လာပြီး ပြောင်းလဲမှုအချို့မှာ ဆက်သွယ်သည့်အကြိမ်ရေ တိုးလာခြင်းအားဖြင့် အလိုအလျောက် လျော့ပါးသွားလျှက်ရှိသည်။

ရွှေ့ပြောင်းခြင်းအား ကျေးရွာ၏သက်ဝင်မှုအတွက် အပြုသဘောဆောင်သောသက်ရောက်မှုရှိသည်ဟု ရောဝတီမှာထက် မကွေးတွင် ပို၍မြင်ကြသည်။

ထိုနည်းတူ မူလကျေးရွာများအပေါ် စုပေါင်းသက်ရောက်မှုများအား ခိုင်မာစွာဖော်ထုတ်ရန် စောသေးသော်လည်း အချို့သော ပဏာမတွေ့ရှိချက်များအရ ဆက်လက်လေ့လာမှုများ ပြုလုပ်သွားသင့်သည်။ ရွှေ့ပြောင်းခြင်းအား ကျေးရွာ၏သက်ဝင်မှုအတွက် အပြုသဘောဆောင်သော သက်ရောက်မှုရှိသည်ဟု ရောဝတီမှာထက် မကွေးတွင်ပို၍မြင်ကြသည်။ ၎င်းသည်ရွှေ့ပြောင်းခြင်း၏ မတူညီသောသဘာဝကို ပြသပြီး၊ မကွေးတွင် တုန်လှုပ်ဖွယ်အခြေအနေတစ်ခုအား တုံ့ပြန်သည့် ရွှေ့ပြောင်းမှုနှင့် နိုင်ငံတကာနှင့် ပတ်သက်ဆက်နွယ်သည့် တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း နှစ်မျိုးတို့သည် အများဆုံးဖြစ်ပွားလျှက်ရှိသောကြောင့် ရလဒ်မှာ ရွှေ့ပြောင်းခြင်းသည် ငွေကြေးအခက်အခဲများအား အဖြေရှာခြင်းကို ပံ့ပိုးပေးသည်ဆိုသောအမြင် သို့မဟုတ် ရပ်ရွာလူထုထံသို့ နိုင်ငံတကာဝင်ငွေများအတွက် ရင်းနှီးခြင်းဟူ၍ အသီးသီးမြင်ကြသည်။ တိုင်းတာရန်ခက်ခဲသော်လည်း ရွှေ့ပြောင်းခြင်းအား ဒေသတွင်း လုပ်အားဈေးကွက်အပေါ် သက်ရောက်မှုများရှိသည်ဟု မြင်ကြပြီး၊ ရွှေ့ပြောင်းမှုနှုန်းမြင့်သော ကျေးရွာများတွင် ကျပန်းအလုပ်သမားရှာရန် စိန်ခေါ်မှုများ ပိုရှိသည်ဟု သတင်းများရရှိသည်။

**အကြံပြုချက်များ**

အစီရင်ခံစာက ညွှန်ပြသသည်မှာ မြို့ပြနေရာများသို့ ပြည်တွင်းရွှေ့ပြောင်းခြင်း စီးဆင်းမှုများ တိုးမြင့်လာခြင်းသည် ကျေးလက်စိုက်ပျိုးရေးအခြေပြုသည့်စီးပွားရေးမှ ပိုမိုမြို့ပြဆန်သည့်စက်မှုနှင့် ဝန်ဆောင်မှုအခြေပြုသည့် စီးပွားရေးဆီသို့ အခြေခံအဆောက်အအုံဆိုင်ရာ ပြောင်းလဲခြင်း၏ အစဟု မှတ်သားနိုင်ခြင်းဖြစ်သည်။ လွန်ခဲ့သောလေးနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆီသို့ အနည်းငယ်ရွှေ့ပြောင်းသွားသည်ကို တွေ့ရှိရသည်။ မြို့ပြအသွင်သို့ ကူးပြောင်းခြင်းနှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်းတို့သည် အလုပ်သမားအင်အားနှင့် ရွှေ့လျားနိုင်မှုပုံစံတို့တွင် သိသာထင်ရှားသည့် သက်ရောက်မှုရှိလာမည့် အလားအလာရှိသည်။ အထူးသဖြင့် ကျေးလက်စိုက်ပျိုးရေး လုပ်သားအင်အားစု၏ အများစုဖြစ်သည့် မြေယာမဲ့သူများနှင့် မြေအနည်းငယ်သာ ပိုင်ဆိုင်သူ အလုပ်သမားများအတွက် ဖြစ်သည်။ ဤအလွန်အရေးပါသည့် အနေအထားတွင် မြန်မာနိုင်ငံ သည် အရှေ့အာရှရှိ နိုင်ငံများအပါအဝင် အခြားနိုင်ငံများ၏ အတွေ့အကြုံများထံမှ အကျိုးအမြတ် ရရှိနိုင်သည်။ ပြည်တွင်းရွှေ့ပြောင်းမှုသည် တောင်ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ဒေသအတွင်းရှိ အခြားနိုင်ငံအများအပြားအတွက် အရေးကြီးသည့် အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ၎င်းသည် ဆင်းရဲနွမ်းပါးမှုအား လျော့ကျစေခဲ့ပြီး ကြံ့ကြံ့ခံနိုင်သည့် အသက်မွေး ဝမ်းကျောင်းများ ဖြစ်ထွန်းရေးအတွက်လည်း ပံ့ပိုးပေးနိုင်ခဲ့သည်။ သို့သော် ထိုအခွင့်အလမ်းများ နောက်ဆီသို့ လိုက်ခြင်းသည် ရွှေ့ပြောင်းရန်ကြိုးပမ်းခြင်း မအောင်မြင်မှုမှ ဖြစ်ပေါ်လာသော တုန်လှုပ်ဖွယ်အခြေအနေများအပေါ် အများအားဖြင့် ဒဏ်ခံနိုင်စွမ်းမရှိသော ဆင်းရဲသည့် ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် သိသာထင်ရှားသည့် အန္တရာယ်များ ကျရောက်စေနိုင်သည်။ အလားအလာရှိသော ရွှေ့ပြောင်းသူများအား အန္တရာယ်ကို ပို၍ ကောင်းစွာရင်ဆိုင်ဖြေရှင်းနိုင်ရန် နှင့် ရွှေ့ပြောင်းမှုနှင့် စပ်လျဉ်း၍ ပို၍ကောင်းမွန်ပြီး အသိအမြင်များသော ရွေးချယ်မှုများ ပြုလုပ်နိုင်စေရန် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုတစ်ဆင့် ပံ့ပိုးကူညီပေးခြင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းများအား အထောက်အပံ့ဖြစ်စေရေးအတွက် လွန်စွာအရေးပါသည်။

ရွှေ့ပြောင်းခြင်းကြောင့် ဖြစ်ပေါ်နေသည့်စိန်ခေါ်မှုများနှင့် ရွှေ့ပြောင်းခြင်းမှဖြစ်ပေါ်ခဲ့သည့် စိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းရန် အများပြည်သူဆိုင်ရာနည်းလမ်းများတွင် နေရာဖွံ့ဖြိုးမှု၊ မြို့ပြအသွင်သို့ ကူးပြောင်းခြင်း၊ ဝန်ဆောင်မှုဖြည့်ဆည်းပေးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း အစရှိသော ကဏ္ဍများနှင့်ပတ်သက်သည့် အများပြည်သူမူဝါဒဆိုင်ရာ ရွေးချယ်မှုများ ပါဝင်သည်။ အစိုးရအနေဖြင့် မျှော်မှန်းလို့ရသည့် ရွှေ့ပြောင်းသူစီးဆင်းမှုနှင့် ပတ်သက်သည့်အချက်အလက်များ ရရှိရန်လိုအပ်ပြီး ထိုမှသာလျှင် ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းသူများအတွက် ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်သည်။ ဤအစီရင်ခံစာသည် ဧရာဝတီနှင့် မကွေးတို့တွင် ဖြစ်ပေါ်နေသော ပြည်တွင်းရွှေ့ပြောင်းမှုအတွက် ပုံသဏ္ဍာန်များ၊ ကိုယ်ပိုင်လက္ခဏာများနှင့် တွန်အားများနှင့် ပတ်သက်သည့် အသိအမြင်များပေးသော်လည်း ဒေသအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်ရှိ အစိုးရအေဂျင်စီများအနေနှင့် စုံလင်သည့်အချက်အလက်များ စုဆောင်းခြင်းနှင့် အစီအစဉ်များ ရေးဆွဲခြင်းတို့အား ပိုမိုပြုလုပ်ရန်လိုအပ်ကြောင်းကိုလည်း မီးမောင်းထိုးပြသည်။ ဤအခန်းတွင် ရှင်းပြထားသည့် ပစ်မှတ်ထားပြီး ကြားဝင် ဆောင်ရွက်မှုများ ပြုလုပ်သွားရန်သင့်တော်မှသည်လည်း လေ့လာမှုများပိုမိုပြုလုပ်သွားရန် လိုအပ်သည့်ကဏ္ဍတစ်ခု ဖြစ်သည်။

ကျေးလက်နှင့်မြို့ပြဒေသများ နှစ်ခုစလုံးတွင်ရွှေ့ပြောင်းခြင်းအား စုံလင်စွာချဉ်းကပ်ရန် အရေးကြီးခြင်းကိုလည်း ဤအစီရင်ခံစာက မီးမောင်းထိုးပြသည်။ အစိုးရနှင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်နေသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် အမျိုးသားအဆင့် အစီအစဉ်များ ရေးဆွဲပြီး  စုံလင်စွာနှင့် ပုံမှန်လမ်းကြောင်းတစ်ရပ်အသွင် ဖြစ်ပေါ်လာအောင် ပြီးပြည့်စုံစွာ ဆောင်ရွက်ရန် လိုအပ်သည်။ ကျေးလက်နှင့် မြို့ပြကဏ္ဍများအနှံ့တွင် ပိုမိုကောင်းမွန်သည့် ရွှေ့ပြောင်းခြင်းရလဒ်များ ရရှိစေရန်အတွက် အထောက်အကူပြုနိုင်သည့် သီးခြားကြားဝင် ဆောင်ရွက်မှု မျိုးစုံရှိသည်။ ဦးစားပေးရန်အတွက် ကြားဝင်ဆောင်ရွက်မှု ပြုလုပ်နိုင်သည့်ကဏ္ဍများအား အောက်ပါအတိုင်း အကျဉ်းချုပ်၍ဖော်ပြနိုင်သည်။

- ဦးတည်ရာနေရာများရှိ ရွှေ့ပြောင်းသူများနှင့် ပို့လွှတ်သည့်နေရာများရှိ ၎င်းတို့၏မိသားစုများနှင့် ရပ်ရွာလူထု အသိုင်းအဝိုင်းများအကြားအချိတ်အဆက်အား ပိုမိုအားကောင်းအောင် ပြုလုပ်သင့်ပြီး ထိုမှသာလျှင် ရွှေ့ပြောင်းခြင်းသည် ကျေးလက်ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ ဖွံ့ဖြိုးမှုအတွက် အပြုသဘောဆောင်သည့် ပံ့ပိုးမှုများပေးနိုင်မည်ဖြစ်သည်။

- ပို့လွှတ်သည့် ကျေးလက်ဒေသများတွင် ကြားဝင်ဆောင်ရွက်မှုများပြုလုပ်ရာ၌ အလားအလာရှိသည့်ရွှေ့ပြောင်းသူများအား ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သည့် အသိရှိသည့် ရွေးချယ်စရာများ ဖြည့်ဆည်းပေးသင့်သည်။

- ဦးတည်ရာနေရာများထံသို့ရောက်ရှိပြီး ပေါင်းစည်းရန် ကြိုးပမ်းသည့်ကာလတွင် ရန်ကုန်ကဲ့သို့သော မြို့ပြဒေသများ၏ အစွန်ပိုင်းရှိ တရားမဝင်လူဦးရေများ လျင်မြန်စွာကျယ်ပြန့်လာခြင်းနှင့်ပတ်သက်သည့် အရည်အသွေးကောင်းသည့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီခြင်း အပါအဝင်မျှော်မှန်းလို့ရသည့် စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ပေးမည့် ကြားဝင်ဆောင်ရွက်မှုများ ရှိသင့်သည်။

[၂၉] LIFT မဟာဗျူဟာ။ ၂၀၁၅။

အန္တရာယ်ကိုင်တွယ်ဖြေရှင်းခြင်း၊ တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်း သို့မဟုတ် တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ခြင်းအစရှိသော ရွှေ့ပြောင်းခြင်းအမျိုးအစားများအလိုက် ကြားဝင်ဆောင်ရွက်မှုများသည် လည်း ခြားနားမည်ဖြစ်ပြီး ၎င်းတို့၏လိုအပ်ချက်များနှင့် ပြင်ပမှကြားဝင်ဆောင်ရွက်မှုများအား ၎င်းတို့ မည်ကဲ့သို့ တုံ့ပြန်နိုင်ခြေရှိသည်အပေါ်မူတည်သည်။ အုပ်စုများခွဲ၍ ဆောင်ရွက်ခြင်းသည် **LIFT** ၏ အသေးစားမြေပိုင်ဆိုင်သူများနှင့် မြေယာမဲ့ အိမ်ထောင်စုများအား ထောက်ပံ့သည့် မဟာဗျူဟာဖြစ်သော - "မြှင့်တင်၊ ထွက်ခွာနှင့် တောင့်ခံခြင်း" နှင့် ကိုက်ညီသည်။[၂၉] တိုးတက်မှုအတွက်ရွှေ့ပြောင်းခြင်းနှင့် အတိုင်းအတာ တစ်ခုအထိ အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းခြင်းတို့သည် ရှေ့တွင်ရှိသည့် အခွင့်အလမ်းများအား အခွင့်အရေးယူရန်အတွက် စိုက်ပျိုးရေးထံမှ "ထွက်ခွာ"ရန် ကြိုးပမ်းမှုအနေနှင့် မြင်နိုင်သည်။ "ထွက်ခွာ"ခြင်းအား အထောက် အပံ့ပေးရန် **LIFT** မဟာဗျူဟာတွင်ရှိသည့်အကြံပြုချက်များတွင် ဤအမျိုးအစားအောက်ရှိ ပြည်တွင်းရွှေ့ပြောင်းမှု အတွက် အစိတ်အပိုင်းအချို့ပါဝင်သည်။ ထိုအထဲတွင် ငွေလွှဲပြောင်းခြင်းကို ချောမွေ့လွယ်ကူစေမည့် ဘဏ်ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်ခြင်းကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းသာမက ငွေများစုဆောင်ခြင်းနှင့် လွှဲပြောင်းငွေများအား ထုတ်လုပ်အား ကောင်းစွာဖြင့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်းတို့ပါဝင်သည်။ အခြားတစ်ဘက်တွင် တုန်လှုပ်ဖွယ်အခြေအနေအားတုံ့ပြန်ရန်အတွက် ရွှေ့ပြောင်းခြင်းသည် "တောင့်ခံခြင်း" ဆိုင်ရာ မဟာဗျူဟာအားကိုယ်စားပြုပြီး ဆိုလိုသည်မှာ အစားအစာဖူလုံမှုနှင့် ပိုမိုကောင်းမွန်လာရန်နှင့် အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းရန် ရွှေ့ပြောင်းခြင်းကို အသုံးပြုခြင်းဖြစ်သည်။

ဤအစီရင်ခံစာက လွှမ်းခြုံသည့်သက်သေများက အကြံပြုသောကြားဝင်ဆောင်ရွက်မှုများအား အောက်ဖော်ပြပါဇယား ၁ တွင် အကျဉ်းချုပ်၍ဖော်ပြထားသည်။

(ဇယား ၁) ရွှေ့ပြောင်းမှုရလဒ်များ ပိုမိုကောင်းမွန်လာရန်အတွက် ကြားဝင်ဆောင်ရွက်မှုများအား ခွဲခြားဖော်ပြခြင်း[၃၀]

| | အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်း | တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်း | တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်ခြင်း |
|---|---|---|---|
| **မထွက်ခွာမီကာလ** | • မြို့ပြဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်း အချက်အလက်ဆိုင်ရာ အရင်းအမြစ်များ<br>• အသေးစား (သို့) ရာသီဉတုနှင့် ဆက်စပ်သည့် အာမခံလုပ်ငန်း ဝန်ဆောင်မှုများ<br>• ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချခြင်း<br>• ပစ်မှတ်ထားသည့်အလုပ်အကိုင် ဖော်ထုတ်ရေးအစီအစဉ်များ (အလုပ်အတွက် ငွေပေးခြင်း သို့မဟုတ် ဒေသခံအခြေခံအဆောက် အအုံ)အား ဈေးကွက်၏ အရေးကြီး သည့် ကာလများအတွင်း လုပ်အား လစ်ဟင်းမှုများကို ဖြည့်ဆည်းရန် အတွက် အစဉ်သတ်မှတ်ထားခြင်း။ | • မြို့ပြဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက် ဆိုင်ရာအရင်းအမြစ်များ<br>• ကျေးလက်ဒေသများရှိ အလယ်တန်းပညာရေး<br>• တတ်နိုင်သည့်ချေးငွေများအား လက်လှမ်းမီနိုင်မှု | • မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ရရှိနိုင်သော သတင်းအချက်အလက် ဆိုင်ရာ အရင်းအမြစ်များ<br>• ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာသင်တန်း ပို့ချခြင်း<br>• တုန်လှုပ်ဖွယ် အခြေအနေအား ခံနိုင်ရည်မရှိမှုကို လျော့ပါးစေသည့် ထိရောက်သော လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုနည်းလမ်းများ<br>• တတ်နိုင်သည့် ချေးငွေများအား လက်လှမ်းမီနိုင်မှု |
| **ရောက်ရှိခြင်းနှင့် ပေါင်းစည်းခြင်း** | • ဦးတည်ရာနေရာများတွင် ပံ့ပိုးမှု ပေးသည့် အစီအမံများ - ရန်ကုန်နှင့် နိုင်ငံတကာနှစ်ခုစလုံး - အဓိကအားဖြင့် အမျိုးသမီး ရွှေ့ပြောင်းသူများအတွက်-ဘေး ကင်းမှုကိစ္စရပ်များနှင့် ပတ်သက် သည့် တူညီသော စိုးရိမ်မှုများအရ<br>• ရောက်ရှိနေသည့်နေရာများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချခြင်း<br>• အိမ်ရှင်လူထုအသိုင်းအဝိုင်းများတွင် ဝန်ဆောင်မှုများလက်လှမ်းမီခြင်း ပေါင်းစည်းခြင်း တို့အတွက် ဥပဒေရေးရာ လမ်းကြောင်းများ | • ဦးတည်ရာနေရာများတွင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာသင်တန်း ပို့ချခြင်း<br>• လူမှုရေးဆိုင်ရာအကာအကွယ် ပေးမှု သို့မဟုတ် အာမခံလုပ်ထုံး လုပ်နည်းများ၊ အထူးသဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းသူများ အတွက်။ | • ဦးတည်ရာနေရာများတွင် အခြေခံဝန်ဆောင်မှုများအား ချက်ချင်း လက်လှမ်းမီနိုင်မှု။ |
| **မူလနေရာများနှင့် အချိတ်အဆက်များ** | • တရားဝင်ငွေလွှဲပြောင်းမှုအစီအစဉ်နှင့် မူလနေရာများတွင် ငွေကြေးအား လက်လှမ်းမီနိုင်မှု | • တရားဝင်ငွေလွှဲပြောင်းမှု အစီအစဉ်နှင့် မူလနေရာများတွင် ငွေကြေးအားလက်လှမ်းမီနိုင်မှု | |

[၃၀] ကြားဝင်ဆောင်ရွက်မှုတစ်ခုအား မည်သည့်အချိန်နှင့်မည်သည့်အုပ်စုအတွက် အထိရောက်ဆုံးပြုလုပ်နိုင်သည်ကို ဖော်ပြရန်အတွက် ဇယားတွင် အရေးကြီးသည့် ကြားဝင်ဆောင်ရွက်မှုနယ်မြေများအား ဖော်ပြထားသည်။ ထိုကြားဝင်ဆောင်ရွက်မှု တစ်ခုသည် အခြားရွှေ့ပြောင်းခြင်းအမျိုးအစားများအတွက် အပြုသဘောဆောင်သည့် သက်ရောက်မှုမရှိနိုင်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ဖော်ပြထားခဲ့သည့်အတိုင်း ထိုအမျိုးအစားများသည် တစ်ခုနှင့်တစ်ခုရောနှောနေတတ်ပြီး လက်တွေ့တွင် ရှင်းလင်းပြတ်သားစွာ ခွဲခြားနိုင်ခြင်းမရှိသော်လည်း ဤနေရာတွင် လွယ်ကူစွာဖော်ပြနိုင်ရန်အတွက် အသုံးပြုထားခြင်းဖြစ်သည်။

## ပို့လွှတ်သည့်နေရာများနှင့် အချိတ်အဆက်များ

ရွှေ့ပြောင်းသူများနှင့် ပို့လွှတ်သည့်နေရာများအကြား အချိတ်အဆက်များကို အားဖြည့်ရန် အစိုးရ၊ LIFT နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအတွက် အရေးကြီးဆုံး ကြားဝင်ဆောင်ရွက်ရမည့် ကဏ္ဍများမှာ ငွေလွှဲပြောင်းမှုဆိုင်ရာ စည်းမျဉ်းများနှင့် သက်တောင့်သက်သာဖြစ်အောင် ပြုလုပ်ခြင်းတို့အပေါ် ပံ့ပိုးခြင်းဖြစ်သည်။ ပိုမိုထိရောက်ရန်နှင့် တရားဝင်ဖြစ်ရန်အတွက် ငွေလွှဲပြောင်းမှုယန္တရားများအား ခိုင်မာအောင်ပြုလုပ်ခြင်းဖြင့် ရွှေ့ပြောင်းသူမိသားစုများ ရင်ဆိုင်နေရသည့် အရေးကြီးသော အဟန့်အတားများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည် ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် ငွေလွှဲပြောင်းမှုများအား လွယ်ကူစွာနှင့် သက်သာစွာပြုလုပ်နိုင်ခြင်းသည် ၎င်းတို့အား ပုံမှန်ပြုလုပ်နိုင်စေပြီး ကျန်ခဲ့သော မိသားစုများအနေနှင့် ၎င်းတို့၏သုံးစွဲမှု အစီအစဉ်များထဲတွင် လွှဲပြောင်းငွေများအား ပိုမိုကောင်းမွန်စွာ ထည့်သွင်းစေမည်။ ထို့မှတစ်ဆင့် ၎င်းတို့၏ဝင်ငွေဖောင့်ဖြူးမှုကို ပံ့ပိုးပေးသည့်အပြင် ပိုမိုကောင်းမွန်သည့် အိမ်ထောင်စုအစီအစဉ်များ ချမှတ်ခြင်းကိုလည်း အားပေးရာရောက်မည်။ ၎င်းအချက်သည် အရေးကြီးရသည့် အကြောင်းမှာ ဤလေ့လာမှုအတွင်းမှ ဖြေဆိုသူအများအပြားသည် ကိုယ်တိုင်သယ်ယူပို့ ဆောင်ပေးသူများမှတစ်ဆင့် ငွေများပြန်ပို့လေ့ ရှိပြီး ထိုကဲ့သို့သော အသွားအလာများသည် အမြဲတမ်းမရှိကာ ပုံမှန်မဟုတ်သောကြောင့် စီးပွားရေးအစီအစဉ်ချရန်အတွက် အခက်အခဲရှိသည်။

၎င်းနှင့်ဆက်စပ်၍ လွှဲပြောင်းငွေများအား ပို့ရန်နှင့်လက်ခံရန်အတွက် ပုဂ္ဂလိကဘဏ္ဍာရေး အဖွဲ့အစည်း(အသေးစားငွေစုငွေချေး အဖွဲ့စည်းများ၊ ပုဂ္ဂလိကဘဏ်များ) အသုံးပြုသည့် နည်းလမ်းများအား ခိုင်မာလာအောင်ပြုလုပ်ခြင်းသည် (အထူးသဖြင့်ကျေးလက်ဒေသများတွင်) မြန်မာနိုင်ငံတွင် တရားဝင်ဘဏ္ဍာရေး အင်စတီကျူးရှင်းများ ဖော်ထုတ်ခြင်းအတွက် အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အထူးသဖြင့် လွှဲပြောင်းငွေပမာဏများစွာတို့သည် ပုံမှန်မဟုတ်သည့်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းနေသောကြောင့်ဖြစ်သည်။ ငွေလွှဲပြောင်းရန်အတွက် တရားဝင်ဘဏ်ဝန်ဆောင်မှုများအား အသုံးပြုခြင်းသည် ရွှေ့ပြောင်းသူများ

> ရွှေ့ပြောင်းသူများနှင့် ပို့လွှတ်သည့်နေရာများအကြား အချိတ်အဆက်များကို အားဖြည့်ရန် အစိုးရ၊ LIFT နှင့်အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအတွက် အရေးကြီးဆုံး ကြားဝင်ဆောင်ရွက်ရမည့် ကဏ္ဍများမှာ ငွေလွှဲပြောင်းမှုဆိုင်ရာ စည်းမျဉ်းများနှင် သက်တောင့်သက်သာဖြစ်အောင် ပြုလုပ်ခြင်းတို့အပေါ် ပံ့ပိုးခြင်းဖြစ်သည်။

ပို့ပေးသည့် မိသားစုများ၏ ဘဏ်အသုံးချမှုအား ပိုမိုကောင်းမွန်လာစေပြီး တတ်နိုင်ဖွယ်ဖြစ်သည့် ဘဏ္ဍာရေးအရ လက်လှမ်းမီနိုင်ခြင်းကို ဖန်တီးပေးသည်။ ပိုမိုကျယ်ပြန့်သည့် တိုးတက်မှုအတွက် ကနဦးလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာပါဝင်ခွင့်ရရှိမှု ခိုင်မာစေရေး အားထုတ်မှုများသည် အရေးကြီးသည့်အားလျော်စွာ ငွေလွှဲပြောင်းမှုများအား တရားဝင်ဖြစ်အောင် ပြုလုပ်ခြင်းနှင့် ဘဏ္ဍာရေးအရ လက်လှမ်းမီခြင်းတို့ကြား အဆပ်အစပ်များအပေါ် ဆက်လက် စူးစမ်းလေ့လာသွားသင့်သည်။ ထိုကဲ့သို့ ပြုလုပ်ရာတွင် မြန်မာနိုင်ငံအတွင်း ကြွေးမြီပိုများပြားလာနိုင်သည့်အန္တရာယ်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး မည်သည့် ဘဏ္ဍာရေးအရ လက်လှမ်းမီစေရေးအတွက် မည်သည့်လုပ်ဆောင်ချက်မျိုးမဆို ပြီပြည့်စုံသည့် အိမ်ထောင်စုအဆင့် ကြွေးမြီဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

ထိုစိန်ခေါ်မှုအား ကိုင်တွယ်ဖြေရှင်းရန်အတွက် **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် ဘဏ်များ၊ မိုဘိုင်း-ငွေပေးချေခြင်း ဝန်ဆောင်မှုပေးသူများနှင့် အခြားအသေးစားငွေစုငွေချေးလုပ်ငန်း လုပ်ဆောင်နေသူများအား ခေါ်ယူပြီး စမ်းသပ်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းဖြင့် ရွှေ့ပြောင်းသူများအား တရားဝင် ငွေလွှဲပြောင်းခြင်းယန္တရားများ ကျင့်သုံးခြင်းကို အားပေးနိုင်မည့်အနေအထားများအား စမ်းသပ်နိုင်သည်။ ထို့အပြင် ဒေသအတွင်းရှိ ဘဏ်မျိုးစုံတို့သည် လက်ရှိအချိန်တွင် ပို့လွှတ်ရာကျေးလက်ဒေသများရှိ "နောက်ဆုံးမိုင်" အထိ လွှမ်းခြုံနိုင်ရန်အတွက် ဒေသခံဘဏ်အေးဂျင့်များနှင့် စမ်းသပ်မှုများ ပြုလုပ်လျှက်ရှိသည်။ ဤနေရာတွင် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ဖော်ကိုင်ဘက်များနှင့် အစိုးရဆောင်ရွက်သူများသည် ကျန်ရစ်ခဲ့သော အိမ်ထောင်စုများအတွက် ဖွံ့ဖြိုးမှုကို ပိုမိုဖောင်းပေးသည့် လွှဲပြောင်းငွေအသုံးချခြင်းအား ပျိုးထောင်ပေးရန်အတွက် လက်ရှိကြိုးပမ်းမှုများအား ပံ့ပိုးပေးနိုင်သည်။

ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းများနှင့် ဆက်သွယ်ရေးကွန်ရက်များအား လက်လှမ်းမီမှု အရှိန်အဟုန်မြင့်စွာဖြင့် တိုးတက်လာသောကြောင့် မိုဘိုင်းဘဏ်စနစ်အား သက်တောင့်သက်သာနှင့် ယုံကြည်အားကိုးရသည့် ငွေများလွှဲပြောင်းရာ နည်းလမ်းအနေဖြင့် ဆက်လက်လေ့လာသွားသင့်သည်။ အခိုင်အမာတည်ဆောက်ထားသည့် ဘဏ်များနှင့်နှိုင်းယှဉ်လျှင် ကုန်ကျစရိတ်များ သိသာထင်ရှားစွာလျော့နည်းသည့် အားလျော်စွာ မိုဘိုင်းဘဏ်စနစ်အား ဝန်ဆောင်မှုရရှိခြင်း အားနည်းသည့် ကျေးလက်ဒေသများထံသို့ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများကို ပစ်မှတ်ထားနိုင်မည် ဖြစ်သကဲ့သို့ ဤလူဦးရေအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ခြင်းကို ပိုမို ကောင်းမွန်လာနိုင်စေမည် ဖြစ်သည်။ လက်လှမ်းမီမှုတွင် အားလုံးပါဝင်ရေး (အထူးသဖြင့်ဝေးလံသော ဒေသများတွင်) ဆောင်ရွက်ရာတွင် စီးပွားရေးဘဏ်များနှင့် ဆက်သွယ်ရေး ကုမ္ပဏီများကဲ့သို့သော ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်သူများ၏ ကြိုးပမ်းမှုများတွင် **LIFT** နှင့် အခြား ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်မည်ဖြစ်သည်။ ကြပ်မတ်ခြင်း စနစ်တစ်ရပ် အပါအဝင် မြန်မာနိုင်ငံရှိ မိုဘိုင်းဘဏ်ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများသည် ကနဦးအဆင့်တွင်သာ ရှိနေသေးသောကြောင့် အစိုးရ၏ အရေးယူဆောင်ရွက်မှုများ လိုအပ်သည်။ အားလုံးပါဝင်မှု ဖြစ်ပေါ်စေရန်နှင့် လုံလောက်သည့် ငွေကြေးပမာဏအား လွှဲပြောင်းနိုင်ရန်အတွက် သင့်တော်သည့် ကြပ်မတ်ရေးစနစ်တစ်ခု လိုအပ်သည်ဖြစ်ပြီး ဤသုတေသနအား အခြေခံ၍ ငွေလွှဲပြောင်းခြင်း၏ ပျမ်းမျှပမာဏမှာ အိမ်ထောင်စုတစ်စုအတွက် ၁၂ လတွင် ကျပ် ၂၅၀,၀၀၀ ရှိသည်။

ပြည်တွင်းငွေလွှဲပြောင်းမှုများအား ဝင်ငွေဖြောင့်ဖြူးရန်နှင့် အခြေခံသုံးစွဲမှုလိုအပ်ချက်များအား ဖြည့်ဆည်းရန်အတွက် အသုံးပြုကြသည်ဟု ဤလေ့လာမှုက တွေ့ရှိသော်လည်း ထိုလိုအပ်ချက်များ ဖြည့်ဆည်းပြီးသည့်အခါတွင် လွှဲပြောင်းငွေများအား ထုတ်လုပ်အားကောင်းသည့် ဆောင်ရွက်မှုများတွင် ရင်းနှီးကြကြောင်းကိုပြသသည့် သက်သေအထောက်အထားများ ရရှိသည်။ အချိန်နှင့်အညီ လွှဲပြောင်းငွေများအား မည်ကဲ့သို့အသုံးချသည်ဆိုခြင်းအပေါ် ပိုမိုနားလည် နိုင်ခြင်းသည် ရွှေ့ပြောင်းခြင်း နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းအကြား အပြန်အလှန် သက်ရောက်မှုအပေါ် အရေးကြီးသည့် အသိအမြင်များ ရရှိနိုင်စေသဖြင့် လေ့လာမှုများ ထပ်မံပြုလုပ်သွားသင့်သည်။ ဤလေ့လာမှုသည် မကွေးမှ နိုင်ငံတကာရွှေ့ပြောင်းမှုများအား အဓိကထား၍ ၎င်းတို့၏ ပုံသဏ္ဌာန်များအား နားလည်အောင် ကြိုးပမ်းသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းခြင်း ပုံစံများအကြား ငွေလွှဲပြောင်းခြင်း နည်းလမ်းများနှင့်သုံးပြုပုံများ

နိုင်းယှဉ်ရန်အတွက် လလည်းကောင်း၊ လွှဲပြောင်းငွေများအား ထိရောက်စွာ ပို့ဆောင်ရန် နှင့် ထုတ်လုပ်အား ကောင်းစွာအသုံးပြုနိုင်ခြင်းတို့ကို အားဖြည့်ရန်အလို့ငှာ မူဝါဒများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်များသည် မည်ကဲ့သို့ အပြန်အလှန်ပံ့ပိုးမည်တို့အား သိရှိနိုင်ရန်တွက် လည်းကောင်း၊ သုတေသန ထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အိမ်ထောင်စုဆယ်စုတွင် တစ်စုက ပြည်ပတွင် ရွှေ့ပြောင်းသူတစ်ဦးရှိကြောင်းကို သတင်းပို့သည့် မကွေးရှိ အသေးစားမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများတွင် နိုင်ငံတကာရွှေ့ပြောင်းခြင်းများ များပြားစွာတွေ့ရှိရခြင်းကြောင့် ထိုအိမ်ထောင်စုများအတွက် သီးခြားလိုအပ်ချက်များနှင့် ရွှေ့ပြောင်းခြင်းပုံစံများအား နားလည်နိုင်ရန် အဆိုပါသုတေသနကို ထိုဒေသအပေါ် အာရုံစိုက်ပြီး ပြုလုပ်သင့်သည်။

**LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် ဈေးကွက်၏အရေးကြီးဆုံး အချိန်များတွင် အလုပ်အကိုင်ကွာဟမှုများအား ဖြည့်ဆည်းပေးရန် အစဉ်လိုက်ချမှတ်ထားသည့် အလုပ်အကိုင်အတွက် ငွေရရှိခြင်းသို့မဟုတ် ဒေသခံအခြေခံအဆောက်အအုံကဲ့သို့သော ပစ်မှတ်ထားသည့် အလုပ်အကိုင်ဖော်ထုတ်ရေး အစီအစဉ်များအား ထည့်သွင်းစဉ်းစားသင့်သည်။

### ပို့လွှတ်သည့်နေရာများတွင် မထွက်ခွာမီ အချက်အလက်များရရှိခြင်း

ပို့လွှတ်သည့် ကျေးလက်ဒေသများတွင် ရွှေ့ပြောင်းခြင်းအား ပံ့ပိုးမှုပေးရန်ရည်ရွယ်ချက်မှာ အလားအလာရှိသော ရွှေ့ပြောင်းသူများအား အသိရှိသည့် ရွေးချယ်မှုများပြုလုပ်နိုင်ရန် ဖြစ်သည်။ အလားအလာရှိသည့် ရွှေ့ပြောင်းသူများအတွက် ရရှိနိုင်သည့်ရွေးချယ်မှုများ ပိုမိုအများအပြားရှိနိုင်ရန်အတွက် ကြားဝင်ဆောင်ရွက်မှုများထဲတွင် ကျေးလက်အသက်မွေးဝမ်းကျောင်းများအတွက် ပံ့ပိုးမှုများအား ပစ်မှတ်ထား ပြုလုပ်ခြင်းများ ပါဝင်သင့်သည်။ ကျေးလက်ငွေကြေးအနေအထားနှင့် ပတ်သက်၍ ဤလေ့လာမှုအနေဖြင့် လက်ရှိအနေအထားတွင် သီးခြားလိုအပ်ချက်နှစ်ခုအား ဖော်ထုတ်ပြီး - ၎င်းတို့မှာ အန္တရာယ်အား အာမခံခြင်းနှင့် တတ်နိုင်သည့် အကြွေးယူမှုအား လက်လှမ်းမီခြင်းတို့ဖြစ်သည်။ ရွှေ့ပြောင်းသူအများအပြားအတွက် ဤသုတေသနက ညွှန်ပြသည်မှာ ရွှေ့ပြောင်းခြင်းကို အဓိကအားဖြင့် အန္တရာယ်ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျင့်သုံးခြင်းဖြစ်သည်။ အခြားနိုင်ငံများတွင် တတ်နိုင်ဖွယ်ဖြစ်ပြီး လက်လှမ်းမီသည့် တရားဝင်ဈေးကွက်အန္တရာယ်များဆိုင်ရာ အာမခံမျိုး ဖန်တီးရန်အတွက် ရည်ရွယ်ပြီးပြုလုပ်သည့် ပံ့ပိုးမှုများသည် ကျေးလက်နေ ရွာသူ၊ ရွာသားများအပေါ် အန္တရာယ်များ ကျရောက်ခြင်းကို ကန့်သတ်ရာတွင် အထောက်အကူပြုသည်။ **LIFT**အနေနှင့် ဧရာဝတီနှင့်မကွေးရှိ ကျေးလက်ကျေးရွာများ၏ အနေအထားတွင် ၎င်းကဲ့သို့သော ဝင်ရောက်ဆောင်ရွက်မှုများ၏ ဖြစ်နိုင်ခြေကို ဆက်လက် စူးစမ်းလေ့လာသွားသင့်သည်။

စိုက်ပျိုးရေးပြက္ခဒိန်၏ သီးခြားကာလများအား ပစ်မှတ်ထားပြီး အလုပ်အကိုင်ဖော်ထုတ်ရေး အစီအစဉ်များ လိုအပ်ခြင်းကိုလည်း တွေ့ရှိချက်များက ထောက်ခံသည်။ အစားထိုးဝင်ငွေရင်းမြစ်များ၊ အန္တရာယ် ကိုင်တွယ်ဖြေရှင်းခြင်းနှင့် တုန်လှုပ်ဖွယ် အခြေအနေအား တုံ့ပြန်ခြင်းများမရှိသည့် ရွှေ့ပြောင်းသူ အိမ်ထောင်စုအများအပြားက စိုက်ပျိုးရေးမှ ရရှိသော ပုံမှန်မရှိသည့် ပြောင်းသူအိမ်ထောင်စု အများအပြားက အဓိပ္ပာယ်ဖွင့်သည်မှာ စိုက်ပျိုးရေးမှရရှိသည့် ပုံမှန်ခြင်းမရှိသည့် မလုံလောက်သော အလုပ်အကိုင်များ၏ အစားထိုးမှုအနေဖြင့်

ရွှေ့ပြောင်းခြင်းအား အဓိပ္ပါယ်ဖွင့်သည်။ ထိုကွာဟမှုများအား ဖြည့်ဆည်းရန်အတွက် **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေနှင့် ဈေးကွက်၏အရေး ကြီးဆုံးအချိန်များတွင် အလုပ်အကိုင်ကွာဟမှုများအား ဖြည့်ဆည်းပေးရန် အစဉ်လိုက်ချမှတ်ထားသည့် အလုပ်အတွက် ငွေပေးခြင်း သို့မဟုတ် ဒေသခံအခြေခံအဆောက်အဦကဲ့သို့သော ပစ်မှတ်ထားသည့် အလုပ်အကိုင်ဖော်ထုတ်ရေး အစီအစဉ်များအား ထည့်သွင်း စဉ်းစားသင့်သည်။ ထိုကဲ့သို့သော အလုပ်အကိုင်ဖော်ထုတ်ရေး အစီအစဉ်များထဲတွင် ဆက်နွယ်သည့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းများလည်း ပါဝင်နိုင်သည်။ အန္တရာယ်အား ကိုင်တွယ်ဖြေရှင်းသည့် အိမ်ထောင်စုများ သို့မဟုတ် တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်သည့် အိမ်ထောင်စုများသည် အထက်တန်းပညာရေးအတွက် ရင်းနှီးမြှုပ်နှံရန် တတ်နိုင်မည်မဟုတ်သောကြောင့် အထည်ချုပ် စက်ရုံများ ကဲ့သို့သော ရေရှည်တည်တံ့သည့် အလုပ်အကိုင်များ ဖြည့်ဆည်းပေးနိုင်သည့် မြို့ပြအလုပ်ရှင်များ တောင်းဆိုသော ကျွမ်းကျင်မှုများဖော်ထုတ်နိုင်ရန်အတွက် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား ကျေးလက်ဒေသများတွင် ပို့ချပေးနိုင်သည်။ ဤလေ့လာမှုက ပြသသည့်အတိုင်း ရွှေ့ပြောင်းသူတစ်ဦးချင်းအလိုက် ဦးတည်ရာလမ်းကြောင်းတွင် အရေးကြီးဆုံးအခိုက်အတန့်မှာ အလုပ်အကိုင်များရရှိနိုင်သည့် ကျွမ်းကျင်မှုများအား တိုးတက်လာ စေရန် အခွင့်အလမ်းရှိခြင်းနှင့် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ၎င်းအချက်သည် ရေရှည်တည်တံ့ပြီး တည်ငြိမ်ကာ ဝင်ငွေကောင်းသည့် အလုပ်အကိုင်နှင့် ပုံမှန်မဟုတ်သည့် ကျပန်းအလုပ်အကိုင်များ အကြား ခြားနားမှုပင် ဖြစ်သည်။

အရေးကြီးသည်မှာ အသိရှိရှိရွေးချယ်မှုများအား ပံ့ပိုးရန်အတွက်ပြုလုပ်သည့် ကြားဝင် ဆောင်ရွက်မှုများသည် ပို့လွှတ်ရာ ကျေးလက်ဒေသများ၏ အစီအစဉ်ရေးဆွဲခြင်း မဟာဗျူဟာများ ပိုမိုကောင်းမွန်လာစေရမည်ဖြစ်ပြီး ထိုကဲ့သို့သောနေရာများတွင် ပြုလုပ်မည့် ကြားဝင် ဆောင်ရွက်မှုများသည် အန္တရာယ်အားကိုင်တွယ်ဖြေရှင်းရန်အတွက် ရွှေ့ပြောင်းခြင်း အမျိုးအစား အောက်ရှိ အိမ်ထောင်စုများအတွက် အထူးတလည်အရေးကြီးသည်။ **LIFT** နှင့် အခြားဖွံ့ဖြိုးမှု ဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် ထိုကဲ့သို့ပြုလုပ်ရန် အဓိကနည်းလမ်းမှာ ပို့လွှတ်သည့် ကျေးရွာများတွင် သတင်းအချက်အလက်ဆိုင်ရာ အရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ သို့သော်လည်း ရောဝတီနှင့်မကွေးရှိ ကျေးလက်ကျေးရွာများရှိ အလားအလာရှိသော ရွှေ့ပြောင်းသူများသည် မှတ်တမ်းတင်ထားသော အန္တရာယ်များအား ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့ စိတ်ချနိုင်သည်ဟုထင်ရသော အချက်အလက်များဖြစ်သည့် မိတ်ဆွေများနှင့် ဆွေမျိုးများ ထံမှ ရရှိသည့်အချက်အလက်များကိုသာ တုံ့ပြန်လေ့ရှိခြင်းကို ထည့်သွင်းစဉ်းစားပြီးမှသာ ထိုကြားဝင် ဆောင်ရွက်မှုများအား ဒီဇိုင်းရေးဆွဲသင့်သည်။ သတင်းအချက်အလက်များ စီးဆင်းမှု၏ တရားဝင်မဟုတ်သော သဘာဝကြောင့် ပြင်ပမှလာသည့် အရေးယူဆောင်ရွက်ချက်များသည် အလုပ်အကိုင် နှင့် နေထိုင်စရာအချက်အလက်များအတွက် တရားဝင်ဈေးကွက်များ ဖန်တီးသော်လည်း လျစ်လျူရှုခြင်း သို့မဟုတ် အသုံးမပြုခြင်းများ ခံရနိုင်ဖွယ်ရှိသည်။

ပျံ့နှံ့လျက်ရှိသည့်အန္တရာယ်ရှောင်ရှားခြင်း အနေအထားအောက်၌ အန္တရာယ်ကိုင်တွယ်ဖြေရှင်းနိုင် စွမ်းအား ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် ကြားဝင်ဆောင်ရွက်မှုများ (အထက်တွင်ဖော်ခဲ့သည့် အတိုင်း) ၏ သက်ရောက်မှုမရှိမီကာလတွင် ဤအစီရင်ခံစာကအကြံပြုသည်မှာ **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် ကျေးလက်ဒေသများတွင် သတင်း အချက်အလက် အရင်းအမြစ်များအား မျှော်လင့်ထားရမည်နှင့် ပတ်သက်သည့် လက်တွေ့ အချက်အလက်များဆီသို့ သတင်းအချက်အလက် အရင်းအမြစ်များအား ဇောင်းပေးလာစေရေး

အာရုံစိုက် ဆောင်ရွက်ပေးသင့်သည်။ လက်တွေ့မကျသည့် မျှော်လင့်ချက်များနှင့် လက်တွေ့ကျသည့် အသိတရားများ မရှိခြင်းသည် ပြန်လာသည့် ရွှေ့ပြောင်းသူများ ပြန်ပြောပြလေ့ရှိသည့် ပုံမှန်တွေ့ကြုံရတတ်သော ပြဿနာများ ဖြစ်သည်။ ကျေးရွာများထံ အဘယ်ကြောင့် ပြန်လာသည်ကို မေးသည့်အခါတွင် ဤလေ့လာမှုတွင် တွေ့ဆုံမေးမြန်းခြင်း ခံရသည့် ပြန်လာသော ရွှေ့ပြောင်းသူအများအပြားသည် အကြောင်းအရာမျိုးစုံအား ဖော်ထုတ်ပြောဆိုခဲ့ပြီး - ၎င်းတို့ ပထမဆုံးရောက်ရှိသည့်အချိန်တွင် နေသားမကျခြင်း၊ အလုပ်အကိုင်သည် မျှော်လင့်ထားသည့်အတိုင်း မဟုတ်ခြင်း၊ လူမှုရေးအရ ဘေးဖယ်ခံထားရခြင်းနှင့် ၎င်းတို့လုပ်ကိုင်ရသည့်အလုပ်သည် ၎င်းတို့၏ကာယခွန်အားကို အလွန်အကျွံတောင်းဆိုခြင်းတို့ပါဝင်သည်။

လက်ရှိတွင် ဦးတည်ရာနေရာများတွင် ရောက်ရှိနေသူများအပါအဝင် မိတ်ဆွေများ၊ ဆွေမျိုးများနှင့် ဆွေးနွေးခြင်းသည် လက်တွေ့စိန်ခေါ်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ လွယ်ကူစွာလက်လှမ်းမီအောင် ဆောင်ရွက်ပေးခြင်းနှင့် အလားအလာရှိသည့် ရွှေ့ပြောင်းသူများအား ပြင်ဆင်ပေးခြင်းတို့အပေါ် အခြေပြုနိုင်သည်။ လက်တွေ့ သတင်းအချက်အလက်များထဲတွင် ပါဝင်နိုင်သည်မှာ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို မည်ကဲ့သို့လက်လှမ်းမီ အသုံးပြုနိုင်မည်၊ ပံ့ပိုးမှုနှင့် အခက်ကြုံချိန် ကူညီမှုပေးမည့် မည်ကဲ့သို့သော ရင်းမြစ်များ ရရှိနိုင်မည် ဆိုခြင်းတို့ပါဝင်သည်။ အမှန်တကယ် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များနှင့် တွက်ဆထားသည့် အန္တရာယ်များအပြင် မြန်မာနှင့် အရှေ့တောင်အာရှတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုနှင့် ပတ်သက်သည့် စိုးရိမ်ဖွယ်ဖြစ်မှုများလည်း ရှိနေသဖြင့် ဦးတည်ရာနေရာများနှင့်ပတ်သက်သည့် အချက်အလက်များသည် နိုင်ငံတကာရွှေ့ပြောင်းခြင်းအတွက် အထူးတလည် အရေးကြီးသည်။ ထိုနည်းတူ အမျိုးသမီးရွှေ့ပြောင်းသူများအနေနှင့်လည်း လုံခြုံစိတ်ချရမှုဆိုင်ရာ ဖြစ်လေ့ရှိသည့်စိုးရိမ်မှုများအားလည်း ဆွေးနွေးရန်လိုလာကြမည်ဖြစ်သည်။ **IMO** နှင့် ILO တို့သည် လက်ရှိအချိန်တွင် ဆင်တူရိုးမှားစီမံကိန်းတစ်ခုအား ပံ့ပိုးလျှက်ရှိပြီး ဒေသအဆင့်ရင်းမြစ်ဌာန **(Local Resource Center)** များအား နိုင်ငံတကာရွှေ့ပြောင်းမှုနှုန်းမြင့်သည့်နေရာများတွင် ထားရှိလျှက်ရှိသည်။ အလားတူ ကြားဝင်ဆောင်ရွက်မှုတစ်ခုအား ဤနမူနာပုံစံဖြင့် ဖော်ထုတ်နိုင်သည်။ ၎င်းမှာ ပို့လွှတ်သည့်နေရာတွင်သာ ပြုလုပ်နိုင်သည့် တရားဝင် စာရွက်စာတမ်းများနှင့် ဦးတည်ရာနေရာတစ်ခုတွင် ရှိသည့် ပံ့ပိုးမှုပေးသည့် ဝန်ဆောင် မှုများ၏ ဆက်သွယ်ရန်အချက်အလက်များ (ဤ အစီရင်ခံစာက တွေ့ရှိထားသော ပုံစံများပေါ် အခြေခံ၍ ကျေးရွာများအလိုက် ရေပန်းစားသည့် ဦးတည်ရာနေရာများအား ဖော်ထုတ်နိုင်သည်။) ကဲ့သို့သော အရေးကြီးသည့် မထွက်ခွာမီ ထည့်သွင်းစဉ်းစားစရာများအပေါ် အကြံပြုချက်များ ပြုလုပ်ရန် ဖြစ်သည်။ ရွှေ့ပြောင်းသူများ၏ ခန့်မှန်းခြေ ၈၀ ရာခိုင်နှုန်းသည် မိုဘိုင်းဖုန်းများအား အသုံးပြုသောကြောင့် ဤအချက်အလက်များအား **ICT** မှ တစ်ဆင့် ဖြန့်ဝေခြင်းသည် အလားအလာရှိသည့် ရွှေ့ပြောင်းသူများထံ စရိတ်ကျဉ်းကျဉ်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီနိုင်သည့် နည်းလမ်းဖြစ်သည်။ မထွက်ခွာမီ အသေအချာစီစဉ်ရန် အခွင့်အလမ်း အကန့်အသတ်သာရှိသော တုန်လှုပ်ဖွယ်အခြေအနေအား တုံ့ပြန်သည့်အနေနှင့် ရွှေ့ပြောင်းသူများအတွက်၊ အထူးသဖြင့် မထွက်ခွာမီ အချက်အလက်များ ရရှိခြင်းသည် အရေးကြီးသည်။

---

[၃၁] အထည်ချုပ်စက်ရုံအလုပ်အကိုင်အား တရားမဝင်ကဏ္ဍ၏အစိတ်အပိုင်းတစ်ခုအနေနှင့် သတ်မှတ်၍မရနိုင်ကာ၊ အကြောင်းမှာ အလုပ်သမားများ၏မိသားစုများက ပုံမှန်ကန်ထရိုက်အစီအစဉ်များရှိကြောင်းကို ပြောပြသည်။ သို့သော် မှတ်သားထားသည့်အတိုင်း အထည်ချုပ်စက်ရုံအလုပ်သမားများသည် ရန်ကုန်နှင့်အခြားဦးတည်ရာနေ ရာများမှ ရွှေ့ပြောင်းခြင်းဆိုင်ရာဥပမာများ၏ ကြီးမားသောအစိတ်အပိုင်းဖြစ်သော်လည်း သုတေသီများအနေနှင့် တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်နိုင်ရန် ထိုအလုပ်သမားများအား လက်လှမ်းမီနိုင်ခြင်းမရှိသည့်အတွက် ဤအစီရင်ခံစာသည် သူတို့၏အသံများအား ကိုယ်စားပြုခြင်းမရှိပါ။

ရွှေ့ပြောင်းသူများအတွက် စာရွက်စာတမ်းများ လုံလောက်စွာမရှိခြင်း သို့မဟုတ် ဝန်ဆောင်မှုများ လက်လှမ်းမမီခြင်းတို့သည် စိန်ခေါ်မှုများဖြစ်သည်ဆိုသည်နှင့် ပတ်သက်၍ လတ်တလော ရွှေ့ပြောင်းသူများနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းပွဲများတွင် သက်သေအထောက်အထား အနည်းငယ်မျှသာရှိသော်လည်း ၎င်းအချက်က ၎င်းတို့၏အလုပ်အကိုင်များစွာ၏ တရားမဝင်သော သဘာဝကို ဖော်ပြလျှက်ရှိသည်။[၃၀] **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များသည် လုပ်အားခပိုမိုရရှိရန်နှင့် ပိုမိုပုံမှန်ဖြစ်သည့် အလုပ်အကိုင်များရရှိရန်အတွက် ရွှေ့ပြောင်းသူများအား ပံ့ပိုးပေးပြီး၊ ဆိုလိုသည်မှာ တိုးတက်မှုအတွက် ရွှေ့ပြောင်းခြင်းအပေါ် ပံ့ပိုးခြင်းသည် ရွှေ့ပြောင်းခြင်းကို အခွင့်အလမ်းများအတွက် "ထွက်ခွာ" ခြင်းအတွက် နည်းလမ်းအဖြစ် အသုံးပြုသည့် **LIFT** ၏ မဟာဗျူဟာနှင့် ပို၍ နီးစပ်မှုရှိသည်။ လျင်မြန်စွာ မြို့ပြအသွင်သို့ ပြောင်းခြင်းနှင့် ဆက်စပ်သည့် ဒေသတွင်းအတွေ့အကြုံများက မီးမောင်းထိုးပြသည်မှာ စာရွက်စာတမ်းများ မရှိခြင်းသည် ဝန်ဆောင်မှုများ လက်လှမ်းမီရေးအတွက် အားကောင်းသည့် အဟန့်အတားတစ်ရပ် ဖြစ်နေကြောင်းပင် ဖြစ်သည်။ ကျေးရွာ ခေါင်းဆောင်တစ်ဦးက ၎င်း၏ ကျေးရွာမှ ရွှေ့ပြောင်းသူများအတွက် ၎င်း၏စိုးရိမ်မှုများအား ရှင်းပြသည့်အခါတွင် ၎င်းနှင့် ပတ်သက်ပြီး ထပ်မံပြောဆိုအတည်ပြုခဲ့သည်။

**လက်ခံသည့် နေရာများတွင် ရောက်ရှိခြင်းနှင့်ပေါင်းစည်းခြင်း**

လက်ရှိရွှေ့ပြောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ရာတွင် များသောအားဖြင့် မြို့ပြဒေသများ၌ ဝန်ဆောင်မှုများ လက်လှမ်းမီနိုင်ခြင်းမရှိကြောင်း ဖော်ပြသည်။ လေ့လာမှုအတွင်းရှိ ဖြေဆိုသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းခြင်း အတွေ့အကြုံအတွင်း၌ ဝန်ဆောင်မှုများမရှိခြင်းအား အဓိကစိန်ခေါ်မှုတစ်ခုအနေဖြင့် ပြတ်သားစွာပြောဆိုခြင်း မရှိပေ။ သို့သော်လည်း ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍများကဲ့သို့ အများပြည်သူဝန်ဆောင်မှုများအား ထိတွေ့ ပိုင်ဆိုင်ခွင့် မရှိခြင်းက မြန်မာနိုင်ငံ၏ မြို့ပြအဖြစ်ပြောင်းလဲမှု ဖြစ်ထွန်းချိန်တွင် ရွှေ့ပြောင်းသူများအတွက် သိသာထင်ရှားသည့် အားနည်းမှုများ ဖြစ်ပေါ်စေမည်။ အနီးအနားရှိ နိုင်ငံများ၏ အတွေ့အကြုံများတွင် ကျေးလက်မှ မြို့ပြထံသို့ အရှိန်အဟုန်ဖြင့်ပြောင်းခြင်းသည် သင့်တော်သည့်နေရာ စီစဉ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းများမ ပြုလုပ်ဘဲ ဖြစ်ပွားသွားသောကြောင့် လူသားဖွံ့ဖြိုးမှုရလဒ်များမရှိသည့် ဆင်းရဲသားရပ်ကွက်များ ပေါ်ထွက်လာသည် (ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ **kampung** များ)။ ဗီယက်နမ်နိုင်ငံကဲ့သို့သော ပြည်တွင်းရွှေ့ပြောင်းမှု၏ အစောပိုင်းပုံစံများတူညီသည့်နိုင်ငံများတွင် ဒေသခံများ အကာအကွယ်မဲ့ခြင်းဖြစ်လာသည်ထက် မြို့ပြဆင်းရဲမှုများ ပိုမိုဖြစ်ပွားလာနိုင်ပြီး၊ ဥပမာအားဖြင့် ဟိုချီမင်းမြို့တွင် ၎င်းတို့သည် မြို့ပြဆင်းရဲမှု၏ ၇၂.၉ ရာခိုင်နှုန်းရှိသည်။[၃၂] ဗီယက်နမ်မြို့များ၏ ပြဿနာများအား ပိုမိုဆိုးရွားစေသည်မှာ အခြေချနေထိုင်သူအဆင့်ရှိသည့် ဆင်းရဲသည့်အိမ်ထောင်စုဝင်များအား ပံ့ပိုးပေးသည့် လူမှုရေးဝန်ဆောင်မှုများထဲတွင် ရွှေ့ပြောင်းသူများအား စနစ်တကျဖယ်ရှား ထားခြင်းဖြစ်သည်။ ထိုစိန်ခေါ်မှုများအား ဖြေရှင်းရန်အတွက် ဗီယက်နမ်နိုင်ငံရှိ ရွှေ့ပြောင်းသူများသည် ဈေးပေါပြီးကျဉ်းကြပ်ကာ မိလ္လာစနစ်အား ဝေငှသုံးစွဲရသည့် အိမ်ခြေများတွင် နေထိုင်ကြရသည်။ [၃၃]

---

[၃၂] ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)**၊ ၂၀၁၀။ ဟနွိုင်းနှင့်ဟိုချီးမင်းမြို့ မြို့ပြဆင်းရဲနွမ်းပါးမှုအကဲဖြတ်ခြင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် - ဟနွိုင်းမြို့။

[၃၂] **UNDP**၊ ၂၀၁၀။

မြန်မာနိုင်ငံတွင် အထွေထွေကိစ္စရပ်များ၌ အခြေခံများပြည့်သူဝန်ဆောင်မှုများ၏ လက်လှမ်းမီမှုနှင့် အရည်အသွေးရှိမှုတို့သည် ဆက်လက်ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများဖြစ်သော်လည်း ဦးတည်ရာ နေရာများရှိ မြို့နယ်အဆင့် ဒေသခံအစိုးရအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုအပေါ် အခြေခံ၍ ယခုအချိန်တွင် ရွှေ့ပြောင်းသူလူဦးရေများနှင့် ပတ်သက်ပြီး မြို့ပြအစီအစဉ်ရေးဆွဲခြင်းတွင် အထူးကြီးမားသည့် လစ်ဟာမှုတစ်ရပ်ရှိသည်။ ဦးတည်ရာနေရာများတွင် ရွှေ့ပြောင်းသူ အရေအတွက် သိသာထင်ရှားသည့် ပမာဏအနေနှင့်ရှိခြင်းကို ဤသုတေသနက မီးမောင်းထိုး ပြသည်။ သို့သော်လည်း ဤလေ့လာမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံအစိုးရအရာရှိများထံတွင် ထိုရွှေ့ပြောင်းသူများသည် မည်သူဖြစ်သည်၊ မည်သည့်နေရာတွင် နေထိုင်ကြသည်၊ ၎င်းတို့ ဘာတွေလိုအပ်သည်နှင့် ၎င်းတို့အား မည်ကဲ့သို့ကူညီပံ့ပိုးနိုင်မည်တို့နှင့် ပတ်သက်ပြီး အချက်အလက် အနည်းအကျဉ်းသာ ရှိပုံရသည်။ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးများတစ်ဝန်းရှိ အရာရှိအားလုံးက လက်ခံသည်မှာ ရွှေ့ပြောင်းခြင်းသည် ၎င်းတို့၏ အလုပ်များ - မြို့ပြစီမံကိန်းရေးဆွဲခြင်းဖြစ်စေ၊ ကျန်းမာရေးဖြစ်စေ သို့မဟုတ် ပညာရေးဖြစ်စေ - တို့အပေါ် များစွာသက်ရောက်မှုရှိသည့် အရေးကြီးသောဖြစ်စဉ်တစ်ခုဖြစ်သော်လည်း ၎င်းတို့ ဖော်ပြသည်မှာ ၎င်းတို့၏လက်ဝယ်တွင် ရွှေ့ပြောင်းသူများ၏အရေအတွက် သို့မဟုတ် ၎င်းတို့အား မည်ကဲ့သို့ ပံ့ပိုးနိုင်မည်တို့နှင့် ပတ်သက်သည့် မည်သည့်အချက်အလက်မှမရှိပါ။

အခြေခံဝန်ဆောင်မှုများအား ရွှေ့ပြောင်းသူများကို ပေးရန်အတွက် ပံ့ပိုးမှုနည်းလမ်းများ၏ ကနဦး ခြေလှမ်းအနေဖြင့် **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအနေဖြင့် စီးပွားရေး အသွင်ကူးပြောင်းမှုတွင် ရွှေ့ပြောင်းခြင်း၏ သွားလာမှုအပေါ် အစိုးရ၏နားလည်မှုအား ပိုမို ကောင်းမွန်လာစေသည့် ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ ထိုအထဲတွင် ပါဝင်နိုင်သည်မှာ ဒေသတွင်းရှိ အမျိုးသားအဆင့်နှင့် ၎င်းအောက်အဆင့် အတွေ့အကြုံများမှ ရရှိသော သင်ခန်းစာများဖြစ်ပြီး အကြောင်းမှာ ဗီယက်နမ်နှင့် တောင်ကိုရီးယား တို့ကဲ့သို့သော နိုင်ငံများ၏ အသွင်ကူးပြောင်းရေး အတွေ့အကြုံများနှင့် တူညီနေသောကြောင့် ဖြစ်သည်။ ကာလလတ်နှင့် ကာလရှည် စိန်ခေါ်မှုများဆိုင်ရာ အချက်အလက်များကို မူဝါဒချမှတ်သူများထံ တင်ပြနိုင်ရန်နှင့် ဤလေ့လာမှုအတိုင်းအတာထက် ကျော်လွန်သည့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုအပေါ် ဝိုင်းဝန်းကြံဆရန် အလို့ငှာ **LIFT**နှင့် အခြား ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် အတွေ့အကြုံတူသော သူများအကြား အပြန်အလှန် သင်ယူမှုတို့သည် အရေးကြီးသော နည်းလမ်းတစ်ရပ် ဖြစ်နိုင်သည်။

ရွှေ့ပြောင်းသူများအနေနှင့် ကာလရှည် အလုပ်အကိုင်များဆီသို့ ကူးပြောင်းရန်အတွက် ရုန်းကန်ရ သည့် ဖြစ်ရပ်များစွာကိုလည်း ဤလေ့လာမှုက ဖော်ထုတ်ခဲ့သည်။ အများစုမှာ ၎င်းတို့အနေနှင့် လိုအပ်သည့် ကျွမ်းကျင်မှုများ မရှိသောကြောင့်ဖြစ်သည်။ ၎င်းအား ကိုင်တွယ်ဖြေရှင်းရန်အတွက် **LIFT** နှင့် အခြားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဘက်များသည် ထိုအလုပ်အကိုင်များရရှိနိုင်ခြင်းကို အထောက်အကူပြုနိုင်သည့် ကျွမ်းကျင်မှုများ ဖော်ထုတ်မြှင့်တင်ရန်အတွက် ဦးတည်ရာနေရာ များတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းစင်တာများ ထူထောင်ခြင်း၏ ဖြစ်နိုင်ခြေအား စူးစမ်းသင့်သည်။ ရွှေ့ပြောင်းသူအများစုမှာ ၎င်းတို့၏အိမ်များမှ ထွက်ခွာသည့်အချိန်၌ ကျွမ်းကျင်မှု များမရှိသည့်အပြင် လုပ်အားဈေးကွက်တွင် လိုအပ်သည့် ကျွမ်းကျင်မှုများအကြောင်း မသိရှိကြ သေးသောကြောင့် ၎င်းကျွမ်းကျင်မှုများကို ရွှေ့ပြောင်းမှု အတွေ့အကြုံအတွင်း ရယူနိုင်ခြင်း ရှိ မရှိက ၎င်းတို့၏ အောင်မြင်မှုအား အဆုံးအဖြတ်ပေးမည့် အဓိက အကြောင်းရင်း ဖြစ်သည်။ လက်ရှိ ရွှေ့ပြောင်းသူများနှင့် ပြန်ရောက်ရှိလာသည့်

ရွှေ့ပြောင်းသူများက ဖော်ထုတ်သည်မှာ အချက်အပြုတ်အတတ်ပညာ ကဲ့သို့သော အလုပ်ရရှိနိုင်သည့် ကျွမ်းကျင်မှုများအား ဖော်ထုတ်ရန် အခွင့်အလမ်းသည် ရွှေ့ပြောင်းခြင်း ရလဒ်များ၏ အဓိကအသုံးအဖြတ်ပေးသည့် အချက်ဖြစ်သည်။ လုပ်ငန်းအတွင်း ချက်ပြုတ်ခြင်း သို့မဟုတ် အုတ်စီခြင်းကဲ့သို့သော အခြေခံကျွမ်းကျင်မှုများ သင်ကြားပေးသည့် အလုပ်အကိုင်များအား ရရှိသော ရွှေ့ပြောင်းသူများအနေနှင့် ကြာရှည်စွာလုပ်ကိုင်နိုင်သည့် အလုပ်အကိုင်များ ပိုမိုရရှိနိုင်ခြေရှိသည်။ ၎င်းနှင့်ဆန့်ကျင်၍ ထိုကဲ့သို့သောကျွမ်းကျင်မှုများ မဖော်ထုတ်နိုင်သည့်ရွှေ့ပြောင်းသူများအနေနှင့် ယာယီကျပန်းအလုပ်အကိုင်များ၏ သံသရာထဲတွင် ပိတ်မိနေမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိနိုင်သည့် နေရာများထံသို့ ပုံမမှန်သည့်အပြန်အလှန် ရွှေ့ပြောင်းခြင်းများ ပြုလုပ်နေရမည်ဖြစ်သည်။ ထိုသို့သောသူများ ရရှိနိုင်သည့် အလုပ်အကိုင် များသည် လုပ်အားခနည်းပြီး ကာယအား ပိုစိုက်၍ လုပ်ကိုင်ကြရကာ ငွေစုဆောင်းရန်နှင့် ရင်းနှီးမြှုပ်နှံရန်အတွက် အခွင့်အလမ်းများအလွန်နည်းပါးသည်။ ရလဒ်အနေဖြင့် ထိုအုပ်စုများတွင် ပါဝင်သည့်ရွှေ့ပြောင်းသူများသည် ပိုမိုတရားဝင်ဖြစ်ပြီး တည်ငြိမ်ကာ လုပ်အားခများသည့် အလုပ်အကိုင်များထံသို့ ကူးပြောင်းနိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။ အဖြစ်အပျက်အများအပြားတွင် ၎င်းတို့ အနေဖြင့် လုံခြုံမှု မရှိသည့်အပြင် ထပ်ခါထပ်ခါ ရွှေ့ပြောင်းရသည့်အဖြစ်နှင့်သာ ကြုံစေမည့် ယာယီအလုပ်များအတွက် ညှိနှိုင်းပြီးရင်း ညှိနှိုင်း ဖြစ်နေကြရသည်။

Ackah, C., and D. Medvedev. 2010. “Domestic Migration in Ghana: Determinants and Welfare Impacts.” Policy Research Working Paper Series No. 5273, World Bank, Washington, DC.

Adams, R.H., Jr., A. Cuecuecha, and J. Page. 2008. “The Impact of Remittances on Poverty and Inequality in Ghana.” Policy Research Working Paper Series No. 4732, World Bank, Washington DC.

Beegle, K., J. de Weerdt, and S. Dercon. 2011. “Migration and Economic Mobility in Tanzania: Evidence from a Tracking Survey." Review of Economics and Statistics, 93(3), 1010–33.

Conway, Dennis and Jeffrey Cohsen. 1998. “Consequences of Migration and Remittances for Mexican Transnational Communities.” Economic Geography 74(1), 26–44.

De Brauw, A., V. Mueller, and T. Woldehanna. 2013. "Does Domestic Migration Improve Overall Well being in Ethiopia?” IFRPI Ethiopia Strategy Support Program Working Paper No. 55, Washington DC.

Deshingkar, Priya. 2006. “Domestic Migration, Poverty, and Development in Asia.” Institute of Development Studies background paper for “Asia 2015: Promoting Growth, Ending Poverty.”

Du, Yang, Albert Park, and Sangui Wang. 2005. “Migration and Rural Poverty in China.” Journal of Comparative Economics, 33, 688–709.

Halliday, Timothy. 2010. “Intra-Household Labor Supply, Migration, and Subsistence Constraints in a Risky Environment: Evidence from Rural El Salvador.” IZA DP No. 4903.

International Organization for Migration (IOM). 2014. “Migration, Livelihoods, and the Impacts on Myanmar: Analysis of Assessment Findings.” Draft presentation, 14 February 2014.

2013. "Assessing Potential Changes in the Migration Patterns of Myanmar Migrants."

International Monetary Fund (IMF) and World Bank. 2013. Global Monitoring Report 2013. IMF and World Bank.

Knight, John. 2013. "Inequality in China: An Overview." Policy Research Working Paper No. 6482, World Bank, Washington DC.

LIFT. 2012. Baseline Survey Results. LIFT, Yangon. http://lift-fund.org/lift-in-action/content/lift-baseline-survey-results-2012

Lucas, Robert. 2015. "Domestic Migration in Developing Economies: An Overview." World Bank KNOMAD Working Paper No. 6.

2014. "Internal Migration in Developing Economies: An Overview." Draft document, 20 April 2014.

Munshi, Kaivan. 2003. "Networks in the Modern Economy: Mexican Migrants in the U.S. Labor Market." The Quarterly Journal of Economics, 549–99.

Ozden, Caglar and Maurice Schiff. 2005. International Migration, Remittances, and the Brain Drain. Washington, DC: World Bank.

Pritchett, Lant. 2006. Let Their People Come: Breaking the Gridlock on Global Labor Mobility. Washington, DC: Center for Global Development.

Scott, James. 1976. The Moral Economy of the Peasant. New Haven, CT: YUP.

United Nations Development Programme (UNDP). 2010. Urban Poverty Assessment in Hanoi and Ho Chi Minh City. Hanoi: United Nations Development Programme.

Unicef. 2012. For a Better Inclusion of Domestic Migrants in India. Domestic Migration in India Initiative Policy Briefs.

World Bank. 2015. "Qualitative Social and Economic Monitoring: Round 4." World Bank, Myanmar.

2014a. Risk and Opportunity: Managing Risk for Development. World

Development Report, World Bank.

2014b. “Qualitative Social and Economic Monitoring: Round 3.” World Bank, Myanmar.

2014c. “Myanmar Country Partnership Framework.” World Bank, Myanmar.

2014d. “Myanmar Systematic Country Diagnostic.” World Bank, Myanmar.

2012. “Gaining from Migration: Migration Trends and Policy Lessons in the Greater Mekong Sub-region.” Paper No. 70732, World Bank.

## နောက်ဆက်တွဲများ

ဤနောက်ဆက်တွဲသည် အရည်အသွေးနှင့်အရေအတွက် ဆန်းစစ်လေ့လာမှုသုတေသန နည်းလမ်းများအား ဖော်ထုတ်ပေး သည့် အဓိကသုတေသန မေးခွန်းများအား အကြမ်းဖျင်းဖော်ပြထားသည်။ အိမ်ထောင်စုစစ်တမ်းများအပါအဝင် ပြည့်စုံ သည့်သုတေသန နည်းလမ်းများအား တောင်းဆိုပါက ဖြည့်ဆည်းပေးမည်ဖြစ်သည်။

နောက်ဆက်တွဲ (၁) **အဓိကသုတေသနမေးခွန်းများ**

| | **အဓိကသုတေသနမေးခွန်းများ** | **အဓိကသုတေသနနည်းလမ်းများ** |
|---|---|---|
| ၁ | ဘယ်သူတွေ ရွှေ့ပြောင်းကြသလဲ။ | |
| | ●ဘယ်သူတွေရွှေ့ပြောင်းကြသလဲ။ ဘယ်နေရာကိုလဲ။ ပြီးတော့ဘာအလုပ်အတွက်လဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းသူများ၏အဓိကထူးခြားသည့်ပင်ကိုလက္ခဏာတွေကဘာတွေလဲ။ ၎င်းတို့ရဲ့အဓိကကျွမ်းကျင်မှုတွေက ဘာတွေလဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| | ●မူလနေရာများ၏အဓိကထူးခြားသည့်ပင်ကိုလက္ခဏာတွေက ဘာတွေလဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းမှု၏ကြာမြင့်သည့်ကာလ မည်မျှလဲနှင့် မည်သည့်ရာသီအလိုက်ပုံသဏ္ဍာန်များအား တွေ့မြင်နိုင်သလဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| ၂ | လူများသည် ရွှေ့ပြောင်းရန် အဘယ်ကြောင့်ရွေးချယ်ကြသနည်း။ | |
| | ●တွန်းအားပေးသည့်အကြောင်းရင်းများ သို့မဟုတ် ဆွဲဆောင်သည့် အကြောင်းရင်းများက ရွှေ့ပြောင်းမှုကို ပိုပြီးလှုံ့ဆော်သလား။ | နှစ်ခုစလုံး |
| | ●လူများသည် ရွှေ့ပြောင်းခြင်းကိုပြုလုပ်ရန် စဉ်းစားရာတွင် မည်သည့် တွန်းအားပေးသည့်အကြောင်းရင်းများက အရေးပါဆုံးဖြစ်သလဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| | ●လူများရွှေ့ပြောင်းရန် လွှမ်းမိုးရာတွင် မည်သည့်ဆွဲဆောင်သည့် အကြောင်းရင်းများက အရေးပါဆုံးဖြစ်သလဲ။ | အရေအတွက်အားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းရန် မည်သူတွေက ဆုံးဖြတ်ချက်ချသလဲနှင့် ထိုဆုံးဖြတ် ချက်များအား မည်သို့ပြုလုပ်သလဲ။ | နှစ်ခုစလုံး |

| | | |
|---|---|---|
| ၃ | ရွှေ့ပြောင်းမှုနည်းဗျူဟာတွေက ဘာတွေလဲ။ | |
| | ●လူများသည် ရွှေ့ပြောင်းခြင်းအခွင့်အလမ်းများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များအား မည်သို့ရရှိသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●လူများသည် မထွက်ခွာမီ ၎င်းတို့၏ရွှေ့ပြောင်းမှုကို မည်သို့စီစဉ်သလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●မရွှေ့ပြောင်းမီ မည်သည့်ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာ လိုအပ်သလဲနှင့် လူများအနေဖြင့် ထိုအရင်းအမြစ်များအား မည်သို့ရရှိသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●အောင်မြင်သည့် သို့မဟုတ် အနည်းငယ်သာအောင်မြင်သည့် ရွှေ့ပြောင်းခြင်းအတွေ့အကြုံများမှ မည်သည့်အကြောင်းရင်းများ သင်ယူနိုင်သလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းခြင်းလုပ်ငန်းစဉ်တွင်ရှိသောအန္တရာယ်များအား လူများအနေဖြင့် မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းသလဲနှင့် ရွှေ့ပြောင်းသူများနှင့် ၎င်းတို့၏မိသားစုများသည် ထိုအန္တရာယ်များအား မည်ကဲ့သို့တုံ့ပြန်သလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းခြင်းအခွင့်အလမ်းများအား ဖော်ထုတ်ရန်အတွက် မည်သည့်ကွန်ရက်များသည် အလွှမ်းမိုးဆုံးဖြစ်သလဲ။ | နှစ်ခုစလုံး |
| | ●ငွေလွှဲပြောင်းမှုများအား မည်ကဲ့သို့ပြုလုပ်သလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●ရွှေ့ပြောင်းသူများနှင့်ပို့လွှတ်သည့်နေရာများအကြား အနှောင်အဖွဲ့များအား မည်ကဲ့သို့ထိန်းသိမ်းထားသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●အန္တရာယ်များအား လျော့ပါးစေရန် သို့မဟုတ် ရွှေ့ပြောင်းခြင်းလုပ်ငန်းစဉ်အတွင်း ကိစ္စရပ်များအား ကိုင်တွယ်ရန်အတွက် လူမှုကွန်ရက်များအား မည်ကဲ့သို့အသုံးပြုသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| ၄ | မူလနေရာများ၏လူမှုရေးဆက်နွယ်မှုများအပေါ် ရွှေ့ပြောင်းမှု၏သက် ရောက်မှုများ မည်ကဲ့သို့ရှိသလဲ (ရပ်ရွာလူထုအသိုင်းအဝိုင်းအဆင့်)။ | |
| | ●ရွှေ့ပြောင်းခြင်းသည် မူလနေရာများ၏လူနေမှုဘဝများအား မည်ကဲ့သို့ သက်ရောက်မှုရှိသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●ကျား-မဆိုင်ရာအခန်းကဏ္ဍများတွင် ဖြစ်ပေါ်သည့်ပြောင်းလဲမှုများအပါအဝင် ကျန်ခဲ့သူများ၏ အလုပ်အကိုင်အမျိုးအစားများအပေါ် ရွှေ့ပြောင်းမှုသည် မည်ကဲ့သို့ပြောင်းလဲစေသလဲ။ | နှစ်ခုစလုံး |
| | ●လူငယ်အသင်းအဖွဲ့များ၊ ရပ်ရွာလူထုဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးစောင့် ရှောက်မှုတို့အပါအဝင် မူလကျေးရွာများရှိ လူမှုရေးဆိုင်ရာ အင်စတီကျူးရှင်းများအပေါ် ရွှေ့ပြောင်းမှုသည် မည်ကဲ့သို့သက်ရောက်မှုရှိသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| ၅ | အိမ်ထောင်စုအဆင့်တွင် ကျန်ခဲ့သူများအပေါ် ရွှေ့ပြောင်းမှုသည် မည်သည့်သက်ရောက်မှုများ ဖြစ်ပေါ်စေသလဲ။ | |
| | ●မူလမိသားစုများအတွက် ငွေလွှဲပြောင်းမှုများသည် မည်ကဲ့သို့သက် ရောက်မှုများရှိသနည်း။ လွှဲပြောင်းငွေများအား မည်ကဲ့သို့အသုံးပြုမည်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များ မည်ကဲ့သို့ပြုလုပ်သလဲ။ | နှစ်ခုစလုံး |
| | ●ကျား-မဆိုင်ရာအခန်းကဏ္ဍများအပါအဝင် မူလကျေးရွာများရှိ အိမ်ထောင်စုဝင်များ၏အခန်းကဏ္ဍများအပေါ် ရွှေ့ပြောင်းမှုက မည်ကဲ့သို့ပြောင်းလဲစေသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |
| | ●အိမ်ထောင်စုများအတွင်းရှိ လူမှုရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံတို့ အပေါ်ပြန်ရောက်ရှိလာသည့်ရွှေ့ပြောင်းသူများက မည်ကဲ့သို့သော သက်ရောက်မှုများဖြစ်ပေါ်စေသလဲ။ | အရည်အသွေးအားဆန်းစစ်လေ့လာမှု |

| တိုင်းဒေသကြီး | နမူနာမြို့နယ် | နမူနာကျေးရွာအုပ်စု | နမူနာကျေးရွာ |
|---|---|---|---|
| **မကွေး** | မကွေး | ကရင် (ကန်ရင်) | ကရင် (ကန်ရင်) |
| | မကွေး | အင်းတိုင်ကြီး | ကဒေါင်းကြီး |
| | ပခုက္ကူ | မြင်ဝင်း | မြင်ဝင်း |
| | ပခုက္ကူ | ကု | ရေကြည် |
| **ဧရာဝတီ** | မော်လမြိုင်ကျွန်း | ပြာမွတ်ရှောချောင်း | ကွန်လတာဝ |
| | မော်လမြိုင်ကျွန်း | ကြက်လျှာ | ကျွန်းချောင်း |
| | လပွတ္တာ | အမတ် | အမတ် |
| | လပွတ္တာ | ကျူတော | ချောင်းငွေကြီး |

| တိုင်းဒေသကြီး | ယူနစ် | ယူနစ်အရေအတွက် | ရွေးချယ်မှုနည်းစနစ် |
|---|---|---|---|
| အခြေခံအဆင့်နမူနာယူနစ် | ကျေးရွာ | ၄၀ | ဒေသအတွင်းမှ ကျပန်းကောက်ယူခြင်း |
| ဒုတိယအဆင့်နမူနာယူနစ် | အိမ်ထောင်စု | ၂၀ | ကျေးရွာရှိ အိမ်ထောင်စုများစာရင်းမှ ကျပန်းကောက်ယူခြင်း |
| ဒေသတစ်ခုရှိ စုစုပေါင်းအိမ်ထောင်စုများ | | ၈၀၀ | |
| နမူနာယူသည့် စုစုပေါင်းကျေးရွာများ | | ၈၀ | |
| နမူနာယူသည့် စုစုပေါင်းအိမ်ထောင်စုများ | | ၁၆၀၀ | |

ခရိုင်အနှံ့တွင် ကျေးရွာများခွဲဝေပုံ

| တိုင်းဒေသကြီး | ခရိုင် | ကျေးရွာအရေအတွက် | အိမ်ထောင်စုအရေအတွက်စုစုပေါင်း |
|---|---|---|---|
| မကွေး | ဂန့်ဂေါ | ၈ | ၁၆၀ |
| | မကွေး | ၈ | ၁၆၀ |
| | မင်းဘူး | ၈ | ၁၆၀ |
| | ပခုက္ကူ | ၈ | ၁၆၀ |
| | သရက် | ၈ | ၁၆၀ |
| ဧရာဝတီ | ဟင်္သာတ | ၇ | ၁၄၀ |
| | လပွတ္တာ | ၆ | ၁၂၀ |
| | မအူပင် | ၇ | ၁၄၀ |
| | မြောင်းမြ | ၆ | ၁၂၀ |
| | ပုသိမ် | ၇ | ၁၄၀ |
| | ဖျာပုံ | ၇ | ၁၄၀ |

ရွှေ့ပြောင်းခြင်းဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသည့် အကြောင်းရင်းများ

တွန်းအားပေးမှုများ

**မူရင်းနေရာများရှိ လုပ်အားခများ** - မူလနှင့်ဦးတည်ရာနေရာများအကြားရှိ လုပ်အားခများ မတူညီမှုများသည် အလားအလာရှိသည့်တွန်းအားပေးမှုများဖြစ်နိုင်ပြီး ဒေသတွင်း လုပ်အား ရွေးချယ်စရာများမှတစ်ဆင့် တိုးပွားလာနိုင်သည့် ဝင်ငွေထက်ကျော်လွှန်ရန်အလားအလာရှိသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံတွင် ဦးတည်ရာနေရာရှိလုပ်အားခများနှင့် ပတ်သက်ပြီး အချက် အလက်များအား အားကိုး၍မရနိုင်ပါ။ သို့သော် လုပ်ငန်းကျဆင်းသည့်ရာသီတွင် မူလနေရာများရှိ လုပ်အားခများ (အရေအတွက်အား ကွင်းဆင်းလေ့လာသည့်ဆန်းစစ်မှု ဆောင်ရွက်သည့် ကာလ) တွင် မူလနေရာများရှိ လုပ်အားခများသည် လုပ်အားခမတူညီမှုများ အတွက် ကောင်းမွန်သော ကိုယ်စားပြုအချက်အလက်တစ်ရပ် ဖြစ်ခဲ့သည်။ လုပ်အားခများသည် အိမ်ထောင်စုများအတွက် မလုံလောက်သည့်အခါ အခြားတစ်နေရာသို့အခွင့်အလမ်းများထွက်၍ ရှာဖွေရန် အလားအလာ များသည်။ ထို့အပြင် အလယ်တန်းအောက်ရှိသော ပညာရေးအဆင့်များသည် ပိုမြင့်သည့် လုပ်အားခများရရှိရန်အတွက် အခွင့်အလမ်းများအပေါ် သက်ရောက်နိုင်သည်။

**မူရင်းနေရာများတွင် အလုပ်အကိုင်ရရှိနိုင်မှု** - အိမ်ထောင်စုများသည် အလုပ်ပေါများသည့်ရာသီတွင် စိုက်ပျိုးရေးလုပ်သားများအဖြစ် မကြာခဏလုပ်ကိုင်ပြီး (၎င်းတို့၏ကိုယ်ပိုင်မြေမှတစ်ဆင့် သို့မဟုတ် အလုပ်သမားများအနေနှင့် သို့မဟုတ် ကန်ထရိုက်တာများအနေဖြင့်)၊ ကျဆင်းသည့်ရာသီတွင် ကျပန်းလုပ်သားများအဖြစ် လုပ်ကိုင်ကြသည်။ အလုပ်အကိုင်ရရှိနိုင်မှုဆိုင်ရာအချက်အလက်များ မရရှိနိုင်သော်လည်း မူရင်းနေရာများရှိလုပ်အားခများသည် ကောင်းမွန်သော ကိုယ်စားပြု အချက်အလက်များဖြစ်နိုင်သည်။ အကြောင်းမှာအလုပ်အကိုင်များရရှိနိုင်မှုကျဆင်းသည့်အချိန်တွင် လုပ်အားခလည်း ကျဆင်းသွားမည်ဖြစ်သောကြောင့် ရွှေ့ပြောင်းခြင်းသည် ပိုမိုဆွဲဆောင်သည့် အစီစဉ်တစ်ခု ဖြစ်လာနိုင်သည်။ ထို့အပြင် အလယ်တန်းအောက်ရှိသောပညာရေးအဆင့်များသည် အလုပ် အကိုင်အခွင့်အလမ်းများအပေါ် သက်ရောက်နိုင်ပြီး - ပညာအရည်အချင်း နိမ့်သည့်သူများ အတွက် အလုပ်အကိုင်ရရှိနိုင်မှုသည် ပို၍နည်းသည်။

**ဝင်ငွေစီးဆင်းမှုများ၏ပြောင်းလဲနိုင်မှု** - အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလုပ်အကိုင်ရရှိနိုင်မှုနှင့် လုပ်အားခရရှိမှုအဆင့်များသည် လုပ်ငန်းကျဆင်းသည့်ရာသီများတွင် သိသာထင်ရှားစွာပြောင်းလဲပြီး ပိုင်ဆိုင်မှုအကန့်အသတ်နှင့်သာရှိသောအိမ်ထောင်စုများအား အန္တရာယ်သို့တွန်းပို့မည့် အလားအလာ ရှိသည်။ မြေ၊ စိုက်ပျိုးရေးလုပ်ငန်းမဟုတ်သည့် အလုပ်အကိုင် သို့မဟုတ် ဘာရေးရင်းမြစ်များအား လက်လှမ်းမီသည့်အိမ်ထောင်စုများသည် ဝင်ငွေစီးဆင်းမှု အန္တရာယ်ကို ကျော်လွှန်ရန် ပိုကောင်းသည့်အနေအထားတစ်ခုတွင် ရှိကြသည်။ ထိုသို့သောပိုင်ဆိုင်မှုများ မရှိသူများသည် ရွှေ့ပြောင်းမှုမှတစ်ဆင့်ဝင်ငွေစီးဆင်းမှုများအား အမျိုးအစားစုံလင်စေရေး ကြိုးပမ်းနိုင်သည်။

**တုန်လှုပ်ဖွယ်အခြေအနေများ** - အနုတ်သဘောဆောင်သည့် တုန်လှုပ်ဖွယ်အခြေအနေများ။ အစားအစာဖူလုံမှုဆိုင်ရာ ပြဿနာများ သို့မဟုတ် ကြွေးမြီအလွန်များပြားစွာရှိသော အိမ်ထောင်စုများအနေဖြင့် ဝင်ငွေစီးဆင်းမှုပြောင်းလဲနိုင်မှု သို့မဟုတ် အလုံးစုံဝင်ငွေအဆင့်များအရ ပိုကြီးမားသည့်အန္တရာယ်အား ရင်ဆိုင်ရရန် အလားအလာရှိပြီး အထက်ပါတွန်းအားပေးသည့် အကြောင်းရင်းများသည် ပိုမိုဆိုးရွားစေသည် (လုပ်အားခများ၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် ဝင်ငွေစီးဆင်းမှုများ ပြောင်းလဲနိုင်မှု)။

**လူနေမှုပုံစံအကြောင်းရင်းများ** - ကျေးလက်ဒေသများတွင်မနေဘဲ လူနေမှုပုံစံပြောင်းလဲမှုများနှင့် အသက်မွေးဝမ်းကျောင်းရွေးချယ်စရာများအတွက် အခြား အထူးသဖြင့် မြို့ပြနေရာများတွင် အခွင့်အလမ်းများရှာဖွေနေသော ပုဂ္ဂိုလ်များအတွက်၊ တည်နေရာများက ရွှေ့ပြောင်းခြင်း ဆုံးဖြတ်ချက်များအတွက် တွန်းအားပေးနိုင်သည်။ ပညာရေးအဆင့်များနှင့် အိမ်ထောင်စု ချမ်းသာကြွယ်ဝမှုတို့သည် အခြားသောရွေးချယ်စရာလူနေမှုပုံစံတစ်ခုအား ရှာဖွေ ခြင်း၏ အခြေခံ အချက်များဖြစ်သည်။ ယင်တို့ရှာဖွေခြင်းသည် အိမ်ထောင်စု၏ သာယာဝပြောမှုနှင့် စပ်လျဉ်းပြီး စဉ်းစားဖွယ်အချက်များနှင့် တိုက်ရိုက် ဆက်နွယ်ခြင်းမရှိပါ။

ရွှေ့ပြောင်းခြင်းဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသည့် အကြောင်းရင်းများ

**လူမှုကွန်ရက်များ** - အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးတည်ရာနေရာများတွင် အိမ်ထောင်စုများ အလေးထားရမည့် အဓိကပူပန်စရာမှာ အလုပ်အကိုင်နှင့် နေရာထိုင်ခင်း ရရှိနိုင်ရန်ဖြစ်သည်။ ကျေးရွာတစ်ခုတွင် ရွှေ့ပြောင်းသူများ၏ အရေအတွက်များလာသည်နှင့်အမျှ အလုပ်အကိုင်များ ရရှိနိုင်ခြင်းနှင့် ဦးတည်ရာနေရာများရှိ စားဝတ်နေရေး ကုန်ကျစရိတ်များနှင့် စပ်လျဉ်းသည့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိလာနိုင်ခြေရှိပြီး တိကျ နိုင်ခြေလည်း ရှိလာမည်။

**သယ်ယူပို့ဆောင်စရိတ်နှင့်ဆက်သွယ်ရေးစရိတ်များ နည်းပါးခြင်း** - အချက်အလက်များက ပြသသည်မှာ ရွှေ့ပြောင်းခြင်း နှင့်ဆက်နွယ်သည့်ကုန်ကျစရိတ်များမှာ နည်းပါးပြီး ထိုအထဲတွင် နေရာဒေသအသစ်ထံသို့ရွှေ့ပြောင်းခြင်းနှင့် မိသားစုဝင်များနှင့် ဆက်သွယ်ခြင်းတို့ပါဝင်ကာ မိုဘိုင်းဖုန်းများသုံး၍ ပုံမှန်ဆက်သွယ်နိုင်သည့်အပြင် မူလကျေးရွာများထံသို့ အလည်အပတ် သွားရောက်နိုင်သည်။ ထိုကုန်ကျစရိတ်များအား ထည့်သွင်းစဉ်းစားရမည့်အတိုင်းအတာအား အိမ်ထောင်စု၏ သာယာဝပြောရေးဆောင်ရွက်မှုများတွင် တွေ့ရှိနိုင်ပြီး ဤအဖြစ်အပျက်တွင် တစ်ဦးချင်းလစဉ်ကုန်ကျစရိတ်ဖြစ်သည်။

**လုပ်အားရရှိနိုင်မှု** - အလုပ်အကိုင်လုပ်နိုင်သည့် အသက်အရွယ်ရှိသော လူကြီးများ၏အချိုးသည် မှီခိုသူများ (ကလေးနှင့် သက်ကြီးရွယ်အိုများ) ထက် ပို၍များသောအိမ်ထောင်စုများအနေဖြင့် ရွှေ့ပြောင်းခြင်းနည်းဗျူဟာအား ထည့်သွင်းစဉ်းစားနိုင်ခြေပို၍များပြီး အကြောင်းမှာ ၎င်းတို့အနေနှင့် ဝင်ငွေစီးဆင်းမှုအား ပြောင်းလဲရန်အတွက် အခွင့်အရေးပိုများပြီး တည်ရှိနေသော လုပ်အား အရင်းအမြစ်များသည်လည်း မှီခိုသူများအားပြုစုစောင့်ရှောက်သွားနိုင်မည်။ ထို့အပြင်အိမ်ထောင်စု များအနေဖြင့် အမျိုးသမီးများအား လုံခြုံမှုဆိုင်ရာနှင့် မိသားစုတာဝန်များနှင့်ပတ်သက်ပြီး အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အဟန့်အတားများပိုရှိသောကြောင့် အိမ်ထောင်စုအတွင်း အလုပ် လုပ်နိုင်သည့် အရွယ်ရောက်သောအမျိုးသားများ ရှိခြင်းသည် အမျိုးသမီးများရှိခြင်းထက် ရွှေ့ပြောင်းမှုဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှုပို၍ရှိနိုင်သည်။

### အဟန့်အတားများ

**ငွေကြေးကုန်ကျစရိတ်များ** - ဖြစ်မြောက်စေသည့်အကြောင်းရင်းများ အောက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်သည့် ကုန်ကျစရိတ်မှာ နည်းပြီး အဟန့်အတားတစ်ခုအနေဖြင့် ဖြစ်နိုင်ခြေမရှိပါ။ ထိုကုန်ကျစရိတ်များအား ထည့်သွင်းစဉ်းစားရမည့် အတိုင်းအတာသည် အိမ်ထောင်စု သာယာဝပြောရေး ဆောင်ရွက်မှုများနှင့် ဆက်စပ်လျှက်ရှိသည်။ ဤ အဖြစ်အပျက်တွင် တစ်ဦးချင်းလစဉ် ကုန်ကျစရိတ်အပြင် ကြွေးမြီအဆင့်အား တစ်ဦးချင်း လစဉ်ကုန်ကျစရိတ် ရာခိုင်နှုန်းအနေနှင့် တွက်ချက်၍ရနိုင်သည်။

**ဘေးကင်းမှုနှင့်လုံခြုံမှု** - အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘေးကင်းမှုနှင့်လုံခြုံမှုအား ထည့်သွင်းစဉ်းစားခြင်းသည် အမျိုးသားများအတွက်လည်း အရေးပါသေးသည့် အကြောင်းအရာ တစ်ခုဖြစ်သော်လည်း အမျိုးသမီးများအတွက် ပို ၍ပူပန်စရာများဖြစ်သည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်ရှိသော အိမ်ထောင်စုဝင် အမျိုးသားများ၏အချိုးနှင့် အလုပ်လုပ် ကိုင်နိုင်သည့်အသက်ရှိသော အိမ်ထောင်စုဝင်အမျိုးသမီးများ၏အချိုးအား ကြည့်ခြင်းဖြင့် ထိုအကြောင်းရင်းများအား တွေ့ရှိနိုင်သည်။

အကျဉ်းချုပ် — အောက်ဖော်ပြပါဇယားသည် အကြောင်းရင်းများ၏စာရင်းဖြစ်ပြီး ၎င်းတို့၏အလားအလာရှိသော သက်ရောက်မှုများနှင့် ပိုင်းခြားစိတ်ဖြာမှုတွင်အသုံးပြုခဲ့သော သီးသန့်တိုင်းတာသည့် အချက်အလက်များအား ဖော်ပြထားသည် (သက်ဆိုင်ရာ အသေးစိတ်ဖော်ပြချက်တွင် အသုံးပြုသောအမည်များအား စာလုံးမည်းဖြင့်ဖော်ပြထားသည်)။

| အကြောင်းရင်း | သက်ရောက်မှု | တိုင်းတာသည့်အချက်အလက်များ |
|---|---|---|
| အကြောင်းရင်း | လုပ်ငန်းကျဆင်းသည့်ရာသီတွင် နည်းသည့်လုပ်အားခများ သို့မဟုတ် မခန့်မှန်းနိုင်သည့်လုပ်အားခများသည် ဦးတည်ရာနေရာတွင် ပိုမြင့်သည့် လုပ်အားခများ ရှာဖွေရန် မက်လုံးများကိုဖန်တီးပေးခြင်း (ရာသီအလိုက် သို့မဟုတ် အမြဲတမ်း) | လုပ်အားခ - အိမ်ထောင်စုတစ်စုချင်းရှိ တစ်ဦးချင်းအလိုက် လစဉ်ပျမ်းမျှအသုံးစရိတ်၏ ရာခိုင်နှုန်းဖြင့် ပြသသည့်လုပ်ငန်းကျဆင်းသည့် ရာသီတွင် ကျေးရွာအဆင့်လုပ်အားခ |
| အလုပ်အကိုင်ရရှိနိုင်မှု | လုပ်ငန်းအားကောင်းသည့်ရာသီရှိ အလုပ် (ကိုယ်ပိုင်မြေပေါ်တွင် သို့မဟုတ် အလုပ်သမား တစ်ဦး သို့မဟုတ် ကန်ထရိုက်တာကဲ့သို့) ကို ဖြည့်ဆည်းပေးရန် လုပ်ငန်းကျဆင်းသည့်ရာသီ တွင်လုပ်ကိုင်သည့်ကျပန်းလုပ်သာများအား ရှာရန်ခက်ခဲခြင်း | လုပ်အားခ - အိမ်ထောင်စုတစ်စုချင်းရှိ တစ်ဦးချင်းအလိုက် လစဉ်ပျမ်းမျှအသုံးစရိတ်၏ ရာခိုင်နှုန်းဖြင့် ပြသသည့်လုပ်ငန်းကျဆင်းသည့် ရာသီတွင် ကျေးရွာအဆင့်လုပ်အားခ |
| ဝင်ငွေစီးဆင်းမှုများ၏ပြောင်းလဲနိုင်မှု | ရရှိနိုင်သည့်ဝင်ငွေစီးဆင်းမှု နည်းလေလေ လုံလောက်မှုနှင့်ပတ်သက်ပြီး အိမ်ထောင်စုတစ်စု အနေဖြင့် အန္တရာယ်ရင်ဆိုင်ရနိုင်မှု များလေလေ ဖြစ်သည်။ ရွှေ့ပြောင်းခြင်းသည် အိမ်ထောင်စု၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာမဟာဗျူဟာများ ကို အမျိုးမျိုးပြောင်း၍ပြုလုပ်နိုင်ရန်အတွက် နည်းဗျူဟာတစ်ခုဖြစ်သည်။ ပိုင်ဆိုင်မှုများ (မြေ၊ ပညာရေး၊ အရင်းအနှီး) သည် အန္တရာယ်၏ အဓိကတွန်းအားပေးသူများဖြစ်ခြင်း | မြေ - မြေပိုင်ဆိုင်မှု (ဧက)<br><br>ပညာရေး - အလုပ်လုပ်နိုင်သည့်အသက်ရှိသော အရွယ်ရောက်သူများ၏ ပျမ်းမျှပညာသင်နှစ်များ၊ စုစုပေါင်းအိမ်ထောင်စုဝင်များတွင် အလယ်တန်း အထက်ပညာရေးရှိသည့် အလုပ်လုပ်နိုင်သည့် အသက်ရှိသော အရွယ်ရောက်သူများ၏အချိုး<br><br>သုံးစွဲမှု - လစဉ်တစ်ဦးချင်းသုံးစွဲမှု<br><br>အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများ၏ ကွဲပြားမှု - ကိုယ်ပိုင်မြေတွင်စိုက်ပျိုးခြင်း သို့မ ဟုတ် မွေးမြူရေးလုပ်ငန်းတွင် မွေးမြူခြင်း၊ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးအတွက် လုပ် ကိုင်ခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း သို့မဟုတ် လယ်ယာမဟုတ်သည့်ကဏ္ဍအတွက် လုပ်ကိုင် ခြင်းအပါအဝင် အလုပ်အမျိုးအစားအရ ဝင်ငွေ ရင်းမြစ်များ၏အရေအတွက် |
| တုန်လှုပ်ဖွယ်အခြေအနေများ | ဝင်ငွေပြောင်းလဲနိုင်မှု၊ အလုပ်အကိုင်ရရှိနိုင်မှုနှင့် လုပ်အားခများဆိုင်ရာ ပြဿနာများအား ပိုမိုဆိုးရွားစေခြင်း | အစားအစာ - လွန်ခဲ့သော ၁၂လအတွင်း အစားအစာမဖူလုံမှုဖြစ်ရပ်<br>ကြွေးမြီ - ကြွေးမြီရှိ<br>တုန်လှုပ်ဖွယ်အခြေအနေ - လွန်ခဲ့သော ၁၂လ အတွင်း အန္တရာယ်ဖြစ်စေသော တုန်လှုပ်ဖွယ် အခြေအနေ |
| လူနေမှုပုံစံ | ပိုမိုမြင့်သည့်ပညာရေးနှင့်ငွေကြေးပိုင်ဆိုင်မှုများ ရှိသူများသည် မြို့ပြနေရာများတွင် ပိုမြင့်သည့် ဝင်ငွေများရှိသူတို့ရရှိနိုင်သည့် လူနေမှုပုံစံ နှင့်/သို့မဟုတ် သက်မွေးမှုလုပ်ငန်း အခွင့်အလမ်းများ ရှာဖွေကြခြင်း | ပညာရေး - အလုပ်လုပ်နိုင်သည့်အသက်ရှိသော အရွယ်ရောက်သူများ၏ ပျမ်းမျှပညာသင်နှစ်များ၊ စုစုပေါင်းအိမ်ထောင်စုဝင်များတွင် အလယ်တန်း အထက်ပညာရေးရှိသည့် အလုပ်လုပ်နိုင်သည့် အသက်ရှိသော အရွယ်ရောက်သူများ၏အချိုး<br><br>သုံးစွဲမှု - လစဉ်တစ်ဦးချင်းသုံးစွဲမှု |
| လူမှုကွန်ရက်များ | ပို၍ကြီးမားသော ယခင်ရွှေ့ပြောင်းမှုနှုန်းများသည် ကျေးရွာအတွက် ဦးတည်ရာနေရာများရှိ ကုန်ကျစရိတ်များနှင့်အလုပ်အကိုင်ရရှိနိုင်မှုတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိမှုအတိုင်းအတာကိုလည်း ပို၍မြင့်တက်လာစေပြီး ရွှေ့ပြောင်းခြင်းနည်းဗျူဟာအပေါ် ကျရောက်နိုင်သည့်အန္တရာယ်များအား လျော့ပါးစေခြင်း | ရွှေ့ပြောင်းသူများ၏ကျေးရွာ - ကျေးရွာရှိ လက်ရှိရွှေ့ပြောင်းသူများရှိသောအိမ်ထောင်စုများ အရေအတွက် |

| | | |
|---|---|---|
| ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး | သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကုန်ကျစရိတ်များသည် ဝင်ငွေနည်းပြီး သုံးစွဲမှုအဆင့်နိမ့်သော အိမ်ထောင်စုများအတွက် ပိုမိုကြီးမားသည့် ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်စေခြင်း | သုံးစွဲမှု - လစဉ်တစ်ဦးချင်းသုံးစွဲမှု |
| လုပ်သားရရှိနိုင်မှု | အလုပ်လုပ်ကိုင်နိုင်သောအသက်ရှိသည့် အရွယ်ရောက်သူများ ပိုမိုရရှိနိုင်မှုသည် အထက်တွင် ဖော်ပြထားသည့်အကြောင်းရင်းများနှင့်ဆက်နွယ် ၍ ရွှေ့ပြောင်းခြင်းအား နည်းဗျူဟာတစ်ခုအနေ နှင့် အသုံးပြုခြင်း၏ဆွဲဆောင်မှုအား ပိုမိုတိုးမြင့် စေခြင်း | အမျိုးသားအချိုး - အိမ်ထောင်စုအတွင်းရှိ အလုပ်လုပ်နိုင်သည့် အသက်ရှိသည့်အရွယ်ရောက်သူများ (၁၅ - ၁၆)နှင့် အလုပ်မလုပ်နိုင်သည့် အသက်ရှိသောအရွယ်ရောက်သူများအချိုး |
| ဘေးကင်းမှုနှင့်လုံခြုံမှု၊ လူမှုရေးဆိုင်ရာဆုံးရှုံးမှု | အမျိုးသမီးအိမ်ထောင်စုဝင်များသည် စီးပွားရေးမဟုတ်သည့်အကြောင်းပြချက်များအတွက် ရွှေ့ပြောင်းရန် အလားအလာနည်းခြင်း | အမျိုးသားအချိုး - အလုပ်လုပ်နိုင်သည့်အသက်ရှိသောအမျိုးသားများနှင့် အိမ်ထောင်စုဝင်များ၏ အရေအတွက်အချိုး |
| ဘဏ္ဍာရေးကုန်ကျစရိတ် | ရွှေ့ပြောင်းခြင်း၏ကုန်ကျစရိတ်များသည် ဝင်ငွေနည်းပြီး သုံးစွဲမှုအဆင့် နိမ့်သော အိမ်ထောင်စုများအတွက် ပိုမိုကြီးမားသည့် ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်စေခြင်း | သုံးစွဲမှု - လစဉ်တစ်ဦးချင်းသုံးစွဲမှု |

**ပုံစံနမူနာ** ရွှေ့ပြောင်းခြင်းအပေါ် ဆုံးဖြတ်ချက်ချခြင်း၏ ပုံစံနမူနာအား မကွေးနှင့်ရောဝတီနှစ်ခုစလုံးအတွက် အောက်ဖော်ပြပါ အသေးစိတ်ဖော်ပြချက်များအား အခြေပြု၍ တွက်ချက်ထားခြင်းဖြစ်သည်။[၃၄]

**(1) M = a + b1 (Consumption) + b2 (Wage) + b3 (Land) + b4 (Education) + b5 (Food) + b6 (Debt) + b7 (Shock) + b8 (Dep Ratio) + b9 (Male Ratio) + b10 (Migrants_Village) + b11 (Strategies) + vx1 + e**

[၃၄] အိမ်ထောင်စုတစ်စုတွင် ရွှေ့ပြောင်းသူတစ်ဦးရှိပါက "M" သည် ၁ ဖြစ်ပြီး မရှိပါက "M" သည် "ဝ" ဖြစ်သည်။ "a" သည် **intercept** ဖြစ်ပြီး "**bn**" သည် ဆက်နွယ်သည့်သီးခြားပြောင်းလဲနိုင်သည့်အရာများအတွက် ခသန်ခေနေညအများ ဖြစ်သည်။ "**vx**" သည် ကျေးရွာအဆင့်ရှိ ပုံသေသက်ရောက်မှုများဖြစ်ပြီး "**e**" သည် အမှားကို ဖော်ဆောင်သည်။ ခန့်မှန်းချက်များအားပြုလုပ်ရန်အတွက် **logit** နမူနာပုံစံအား အသုံးပြုသည်။ ပုံမှန် **error** များအား ကျေးရွာအဆင့်တွင် စုထားသည်။

ရလဒ်များ

မကွေးတွင် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်ချခြင်းအပေါ် သက်ရောက်သည့်အကြောင်းရင်းများ

| ပြောင်းလဲနိုင်သောအကြောင်းအရာများ | P-တန်ဖိုး | သက်ရောက်မှု၏ ဦးတည်ချက် |
|---|---|---|
| ပိုင်ဆိုင်သည့်မြေ (ဧက) | ၀၀ ・ ၇၉၂ | |
| အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများ ကွဲပြားမှု | ၀ ・ ၂၅၃ | |
| ကြွေးမြီ | ၀ ・ ၀၀၉ | + |
| လွန်ခဲ့သော ၁၂ လအတွင်း အစားအစာဖူလုံမှုဖြစ်ရပ် | ၀ ・ ၀၃၇ | |
| လွန်ခဲ့သော ၁၂ လအတွင်း အနှုတ်သဘော ဆောင်သည့် | | |
| စီးပွားရေးအရ တုန်လှုပ်ဖွယ် အခြေအနေ | ၀ ・ ၃၇၆ | + |
| ကျေးရွာအတွင်းရှိ ရွှေ့ပြောင်းသူများရှိသောအိမ်ထောင်စုများ | ၀ ・ ၀၀၀ | + |
| အလုပ်လုပ်နိုင်သည့် အသက်ရှိသူများနှင့် အိမ်ထောင်စုအရွယ်အစားတို့၏ အချိုး | ၀ ・ ၀၀၀ | + |
| အမျိုးသားများနှင့် အိမ်ထောင်စုအရွယ်အစားတို့၏ အချိုး | ၀ ・ ၀၀၀ | |
| လစဉ်တစ်ဦးချင်းသုံးစွဲမှု | ၀ ・ ၂၃၁ | |
| ပျမ်းမျှပညာသင်နှစ်များ | ၀ ・ ၈၉၄ | |
| လုပ်ငန်းကျဆင်းချိန်အတွင်း ကျေးရွာလုပ်အားခနှင့် တစ်ဦးသုံးစွဲမှုတို့၏အချိုး | ၀ ・ ၇၈၅ | |

၁၀ ရာခိုင်နှုန်းအဆင့်ရှိသည့် သိသာထင်ရှားသောရလဒ်များအား စာလုံးမည်းဖြင့်ဖော်ပြထားသည်။ ၁၀ ရာခိုင်နှုန်းအဆင့်မရှိသော သိသာထင်ရှားခြင်းမရှိသည့်ပြောင်းလဲနိုင်သောအကြောင်း အရာများအတွက် သက်ရောက်မှု၏ဦးတည်ချက်များအား ဖော်ပြထားခြင်းမရှိပါ။

ရောဝတီတွင် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်ချခြင်းအပေါ် သက်ရောက်သည့်အကြောင်းရင်းများ

| ပြောင်းလဲနိုင်သောအကြောင်းအရာများ | P-တန်ဖိုး | သက်ရောက်မှု၏ ဦးတည်ချက် |
|---|---|---|
| ပိုပိုင်ဆိုင်သည့်မြေ (ဧက) | ၀ ・ ၀၂၀ | - |
| အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများ ကွဲပြားမှု | ၀ ・ ၀၀၀ | - |
| ကြွေးမြီ | ၀ ・ ၁၃၅ | |
| လွန်ခဲ့သော ၁၂ လအတွင်း အစားအစာဖူလုံမှုဖြစ်ရပ် | ၀ ・ ၀၀၁ | + |
| လွန်ခဲ့သော ၁၂ လအတွင်း အနှုတ်သဘော ဆောင်သည့် | | |
| စီးပွားရေးအရ တုန်လှုပ်ဖွယ်အခြေအနေ | ၀ ・ ၆၄၉ | + |
| ကျေးရွာအတွင်းရှိ ရွှေ့ပြောင်းသူများရှိသောအိမ်ထောင်စုများ | ၀ ・ ၀၄၃ | + |
| အလုပ်လုပ်နိုင်သည့်အသက်ရှိသူများနှင့်အိမ်ထောင်စုအရွယ်အစားတို့၏ အချိုး | ၀ ・ ၀၀၁ | + |
| အမျိုးသားများနှင့်အိမ်ထောင်စုအရွယ်အစားတို့၏အချိုး | ၀ ・ ၀၁၆ | |
| လစဉ်တစ်ဦးချင်းသုံးစွဲမှု | ၀ ・ ၃၆၇ | |
| ပျမ်းမျှပညာသင်နှစ်များ | ၀ ・ ၀၃၅ | - |
| လုပ်ငန်းကျဆင်းချိန်အတွင်း ကျေးရွာလုပ်အားခနှင့် တစ်ဦးသုံးစွဲမှုတို့ ၏အချိုး | ၀ ・ ၂၈၅ | |

၁၀ ရာခိုင်နှုန်းအဆင့်ရှိသည့် သိသာထင်ရှားသောရလဒ်များအား စာလုံးမည်းဖြင့်ဖော်ပြထားသည်။ ၁၀ ရာခိုင်နှုန်းအဆင့်မရှိသော သိသာထင်ရှားခြင်းမရှိသည့်ပြောင်းလဲနိုင်သောအကြောင်း အရာများအတွက် သက်ရောက်မှု၏ဦးတည်ချက်များအား ဖော်ပြထားခြင်းမရှိပါ။

အသက်မွေးဝမ်းကျောင်းအုပ်စုများအတွက် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်ချခြင်းအား အကဲဖြတ်ခြင်း

၎င်းတို့ပိုင်ဆိုင်သော မြေ၊ ပညာရေးနှင့် ချမ်းသာကြွယ်ဝမှုပိုင်ဆိုင်မှုများအားအခြေပြု၍ အိမ်ထောင်စုများအား အသက် မွေးဝမ်းကျောင်းအမျိုးအစားလေးမျိုး ခွဲထားသည် -

- မြေယာမဲ့
- အသေးစားမြေယာပိုင်ဆိုင်မှု < ၅ ဧက
- အလတ်စားမြေယာပိုင်ဆိုင်မှု < ၅-၁၂ ဧက

ဆင်းရဲနွမ်းပါးမှုမရှိ - ၁၂ ဧကအထက် ပိုင်ဆိုင်သောအိမ်ထောင်စုများ၊ တက္ကသိုလ်ဘွဲ့ရရှိသည့် အိမ်ထောင်စုဝင်တစ် ဦးနှင့်/သို့မဟုတ် ဒေသအတွင်းတွင် သုံးစွဲမှုခွဲဝေခြင်း၏ ထိပ်ဆုံး ၁၀ ရာခိုင်နှုန်းတွင်ရှိသော အိမ်ထောင်စုများ

အသက်မွေးဝမ်းကျောင်းအမျိုးအစားအရ အိမ်ထောင်စုများ၏ခွဲဝေမှု

| တိုင်တာသည့်အချက်အလက် | မကွေး<br>အိမ်ထောင်စု % | အိမ်ထောင်စု<br>အရေအတွက် | ရောဝတီ<br>အိမ်ထောင်စု % | အိမ်ထောင်စု<br>အရေအတွက် |
|---|---|---|---|---|
| မြေယာမဲ့ | ၂၇·၄% | ၂၁၉ | ၄၈ · ၅% | ၃၈၃ |
| အသေးစားပိုင်ဆိုင်မှု | ၃၅·၉% | ၂၈၇ | ၁၆ · ၁% | ၁၂၇ |
| အလတ်စားပိုင်ဆိုင်မှု | ၁၆·၉% | ၁၃၅ | ၁၆ · ၅% | ၁၃၀ |
| အကြီးစားပိုင်ဆိုင်မှုနှင့်<br>ဆင်းရဲနွမ်းပါးမှုမရှိ | ၁၉·၉% | ၁၅၉ | ၁၉ · ၀% | ၁၅၀ |

ရလဒ်များ

ပထမဆုံးအနေဖြင့် အထက်ပါ (၁) ရှိ အသေးစိတ်ဖော်ပြချက်များမှ ပိုင်ဆိုင်မှုအခြေပြုသည့် တိုင်းတာသည့်အချက်များအား ဖယ်ရှားပြီး (ပညာသင်နှစ်များ၊ လစဉ်တစ်ဦးချင်းသုံးစွဲမှုနှင့် မြေပိုင်ဆိုင်မှု) နှင့် အသက်မွေးဝမ်းကျောင်း အုပ်စုများအတွက် အမျိုးအစားတစ်ခုချင်းစီ၏ **binary variable** များကိုထည့်တွင်းသည်။ ထို့နောက် ကျွန်ုပ်တို့သည် အထက်ပါ (၁) တွင်ရှိသည့် အဆိုပါ အသေးစိတ်ဖော်ပြချက်အား ခန့်မှန်းရာတွင် သီးခြားရပ်တည်သော တိုင်းတာသည့်အချက် တစ်ခုချင်းစီအတွက် သက်ရောက်သည့် အဆိုပြုချက်များအပါအဝင် အသက်မွေးဝမ်းကျောင်း အမျိုးအစားလေးခုအတွက် **binary variable** များအသုံးပြုသည်။

[၃၅] တိုင်းတာသည့်အချက် တစ်ခုချင်းစီအတွက် **Binary variables** နှင့် **interaction terms** တို့အား အသေးစိတ်ဖော်ပြချက်ထဲတွင် ထည့်သွင်းဖော်ပြထားသည်။ သိသာထင်ရှားသည့်တွေ့ရှိချက်များကိုသာ ဤတွင်ဖော်ပြထားခြင်း ဖြစ်သည်။

မကွေးတွင် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်ချခြင်းများအပေါ် အသက်မွေးဝမ်းကျောင်းအမျိုးအစား၏ သက်ရောက်မှု

| မကွေး | P-တန်ဖိုး | သက်ရောက်မှု၏ ဦးတည်ချက် | ရောဝတီ | P-တန်ဖိုး | သက်ရောက်မှု၏ ဦးတည်ချက် |
|---|---|---|---|---|---|
| ၅ ကေအောက် | ၀ ・ ၀၃၈ | - | ၅ ကေအောက် | ၀ ・ ၀၂၅ | - |
| ၅-၁၂ ကေ | ၀ ・ ၆၂ | | ၅-၁၂ ကေ | ၀ ・ ၀၂၃ | - |
| ဆင်းရဲနွမ်းပါးမှုမရ | ၀ ・ ၁၄၅ | | ဆင်းရဲနွမ်းပါးမှုမရှိ | ၀ ・ ၀၂၉ | - |

၁၀ ရာခိုင်နှုန်းအဆင့်ရှိသည့် သိသာထင်ရှားသောရလဒ်များအား စာလုံးမည်းဖြင့်ဖော်ပြထားသည်။ ၁၀ ရာခိုင်နှုန်းအဆင့်မရှိသော သိသာထင်ရှားခြင်းမရှိသည့်ပြောင်းလဲနိုင်သောအကြောင်းအရာများအတွက် သက်ရောက်မှု၏ဦးတည်ချက်များအား ဖော်ပြထားခြင်းမရှိပါ။ သက်ရောက်မှု၏ဦးတည်ချက်သည် မြေယာမဲ့အမျိုးအစားနှင့်ဆက်စပ်သည်။

ရောဝတီတွင် ရွှေ့ပြောင်းခြင်းဆိုင်ရာဆုံးဖြတ်ချက်ချခြင်းများအပေါ် အသက်မွေးဝမ်းကျောင်းအမျိုးအစား၏ သက်ရောက်မှု

| ရောဝတီ | | P-တန်ဖိုး | သက်ရောက်မှု၏ ဦးတည်ချက် |
|---|---|---|---|
| အစားအစာဖူလုံမှုဖြစ်ရပ် | ၅ ကေအောက် | ၀・၀၈၆ | - |
| | ၅-၁၂ ကေ | ၀・၀၃၂ | - |
| | ဆင်းရဲနွမ်းပါးမှုမရှိ | ၀・၆၁၆ | - |
| အလုပ်လုပ်နိုင်သည့်အသက်ရှိသူများနှင့်အိမ်ထောင်စု အရွယ်အစားတို့၏ အချိုး | ၅ ကေအောက် | ၀・၇၆၉ | |
| | ၅-၁၂ ကေ | ၀・၀၀၅ | - |
| | ဆင်းရဲနွမ်းပါးမှုမရှိ | ၀・၈၀၁ | |
| အမျိုးသားများနှင့်အိမ်ထောင်စုအရွယ်အစားတို့၏အချိုး | ၅ ကေအောက် | ၀・၁၀၂ | - |
| | ၅-၁၂ ကေ | ၀・၂၁၇ | - |
| | ဆင်းရဲနွမ်းပါးမှုမရှိ | ၀・၉၈ | |

၁၀ ရာခိုင်နှုန်းအဆင့်ရှိသည့် သိသာထင်ရှားသောရလဒ်များအား စာလုံးမည်းဖြင့်ဖော်ပြထားသည်။ ၁၀ ရာခိုင်နှုန်းအဆင့်မရှိသော သိသာထင်ရှားခြင်းမရှိသည့်ပြောင်းလဲနိုင်သောအကြောင်းအရာများအတွက် သက်ရောက်မှု၏ဦးတည်ချက်များအား ဖော်ပြထားခြင်းမရှိပါ။ သက်ရောက်မှု၏ဦးတည်ချက်သည် မြေယာမဲ့အမျိုးအစားနှင့်ဆက်စပ်သည်။

WORLD BANK GROUP

**The World Bank Myanmar**

No 57, Pyay Road, (Corner of Shwe Hinthar Road)
61/2 Mile, Hlaing Township,
Yangon, Republic of the Union of Myanmar

www.worldbank.org/myanmar
www.facebook.com/
myanmar@worldbank.org